ဂု ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com




အတွဲ(၁၁)၊ အမှတ်(၅၁) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၂၈ ၊ ၂၀၁၃)




ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင်အများပြည်သူကိုပြသရန်မြန်မာ့လေကြောင်းမှနှစ်၃၀သက်တမ်းရှိဖော်ကာအက်ဖ်-၂၇လေယာဉ်အားကမ္ဘာအေးဘုရားလမ်းအတိုင်းသယ်ဆောင်လာသည်ကိုရွှေဂုံတိုင်လမ်းဆုံအနီး Excel Treasure ဟိုတယ်ရှေ့၌ ဖေဖော်ဝါရီ ၂၃ရက် နံနက် ၁ နာရီဝန်းကျင်က တွေ့ရစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ပို့ကုန်သွင်းကုန် ၃၁၈ မျိုး လိုင်စင်မလိုဘဲ ပို့နိုင်၊သွင်းနိုင်ပြီ

**ပြည့်သိမ်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၅**

ပြည်ပပို့ကုန် ၁၅၂ မျိုး၊ သွင်းကုန် ၁၆၆ မျိုး စုစုပေါင်း ပို့ကုန်သွင်းကုန်အမယ် ၃၁၈ မျိုးကို မတ် ၁ ရက်မှစ၍ လိုင်စင်လျှောက်စရာမလိုဘဲ လွတ်လပ်စွာ ရောင်းဝယ်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

လိုင်စင်မလိုဘဲ တင်ပို့ခွင့်ပြုသည့် ကုန်စည်များတွင် လယ်ယာထွက်ကုန်ပစ္စည်းများ၌ ပဲမျိုးစုံ၊ ပြောင်းဖူးစေ့တို့ အပါအဝင်အမျိုးပေါင်း ၄၃ မျိုး၊ ရေထွက်ကုန် ၁၁ မျိုး၊

စာ(၁၂)သို့

## ငွေလဲနှုန်းကို မျက်ကွယ်ပြုနေသော အစိုးရအား သူရဦးရွှေမန်း မေးခွန်းထုတ်

**သန်းထူး**

**နေပြည်တော်၊ဖေဖော်ဝါရီ-၂၅**

အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ တရားဝင်လဲလှယ်ခွင့်ပြုခဲ့သည့်အချိန်မှ ယနေ့အထိ တစ်ဒေါ်လာလျှင် ၈၅၀ကျပ်ဝန်းကျင်သာရှိနေပြီး အစိုးရက ပြည်သူများအကျိုးရှိသောနှုန်းသို့ရောက်အောင် ထိန်းညှိပေးခြင်း မရှိသည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်တွင် မေးခွန်းထုတ် ဆွေးနွေးခဲ့သည်။

"နိုင်ငံ့ဝန်ထမ်းနှင့် အလုပ်သမားများ၏ တစ်ဦးချင်းဝင်ငွေကို နိုင်ငံခြားငွေဖြင့် ဖော်ပြရာမှာ အမြင်ကောင်းကောင်း ကိန်းဂဏန်းများအောင် တစ်ဒေါ်လာငွေလဲနှုန်း ၈၅၀ ကျပ်ဝန်းကျင်မှာပဲ ထားနေတာလား။ ၉၅၀၊ ၁၀၀၀ ကျပ်ဝန်းကျင်ထားရှိမှ နိုင်ငံနဲ့ ပြည်သူအတွက် ကောင်းမှာကို သိလျက်နဲ့ မျက်ကွယ်ပြုနေတာလား"ဟု သူရဦးရွှေမန်းက ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်တွင်ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံစီးပွားရေးကောင်းစေရန် ငွေလဲနှုန်းကို သင့်လျော်သကဲ့သို့ ထိန်းညှိပေးပြီး

စာ(၁၂)သို့

## ဘုန်းတော်ကြီး ဒတ်စမွန်တူးတူး မြန်မာနိုင်ငံသို့ လာရောက်

**အားမာန်၊ကျော်မျိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၅**

ကမ္ဘာ့ခေါင်းဆောင်များနှင့် ကျော်ကြားသူများ မကြာခဏလာရောက်နေသော မြန်မာနိုင်ငံသို့ တောင်အာဖရိကမှ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်ဘုန်းတော်ကြီး ဒတ်စမွန်တူးတူးသည် ဖေဖော် ဝါရီ ၂၅ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာသည်။

အသက်၈၂နှစ်အရွယ်ရှိ ဘုန်းတော်ကြီးဒတ်စမွန်တူးတူး သည် အမေရိကန် တက္ကသိုလ် ကျောင်းသား၊ကျောင်းသူ အများစုလိုက်ပါလာသော အပျော်စီးသင်္ဘော MV Explorer ISEဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာပြီး

အချပ်ပို(B)သို့



မီးလင်းရေးဖြေရှင်းစဉ် ရဲတပ်ဖွဲ့နှင့် ဒေသခံကြား ရန်းရင်းဆန်ခတ်ဖြစ်

အချပ်ပို(C)သို့

မြန်မာကျောက်မျက်တင်သွင်းမှု ပိတ်ပင်ခြင်းရုပ်သိမ်းရန် ကန် စတင်ညှိနှိုင်း

စာ(၄)သို့

## တက္ကသိုလ်အဆောင်များ ပြန်ဖွင့်ရန် စီစဉ်နေ

**ပြည့်သိမ်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၄**

တက္ကသိုလ်များတွင် ကျောင်းသူ၊ ကျောင်းသားများနေထိုင်ရန် အဆောင်များပြန်လည်ထားရှိရေး နိုင်ငံတော်သမ္မတက စီစဉ်နေကြောင်း သမ္မတရုံးဝန်ကြီးဌာန (၃) ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားသည်။

"အဆောင်တွေဆောက်ပါ၊ ပြန်ထားပေးမယ်လို့ သမ္မတကြီးက မှာထားတယ်။ ဒီအဆောင်တွေမှာ ထမင်းလည်းကျွေးချင်ကျွေးမှာပေါ့။

အချပ်ပို(D)သို့







ဆက်သွယ်ရန်။ ။ တိုက် - (၁၄)၊ အခန်း - (၄)၊ စံပယ်လမ်း၊ ယုဇနပလာဇာအနောက်ဘက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

Ph : 01-296030, 201943, 8619152, 8619187

ပုသိမ်မြို့ အဝေးပြေးခရီးသည်တင်ယာဉ်ရပ်နားစခန်း အဆင့်မြှင့် တည်ဆောက်ရေးစီမံကိန်း





စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ရင်းနှီးမြှုပ်နှံမှုအတွက် ခိုင်မာမှုအရှိဆုံး နှင့် ရာသက်ပန်လုပ်ငန်းလုပ်ပိုင်ခွင့်

- ခိုင်မာမှု အရှိဆုံးတည်ဆောက်မှု
- လှပဆန်းသစ်သော ဒီဇိုင်း
- ကောင်းမွန်သောစေတနာ

ဤမှုများကို အဓိကထား၍ ဝယ်ယူအားပေးသော စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် အကောင်းမွန်ဆုံး နှင့် အခိုင်ခံ့ဆုံးဖြစ်အောင် စတင်တည်ဆောက် ရောင်းချနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပုသိမ်မြို့၊ အဝေးပြေး ခရီးသည်တင် ယာဉ်ရပ်နားစခန်း အဆင့်မြှင့် တည်ဆောက်ရေးစီမံကိန်း
ဆက်သွယ်ရန် - အဝေးပြေးကားဂိတ် ရှင်းလင်းဆောင် နှင့် အရောင်းပြခန်း ၊ ပုသိမ်မြို့။

Ph : 042 - 23790, 09 - 44900 3807, 09 - 43171519

7DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# အစိုးရဝန်ထမ်းများအား လစာတိုးပေးရန် သူရဦးရွှေမန်း ထပ်မံတိုက်တွန်း

**အိမ့်ဖြူလွင်၊ မင်းဟိန်းကျော်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၅**

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းများအား လစာတိုးပေးနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် တိုက်တွန်းပြောကြားသည်။

ယမန်နှစ်က ထပ်ဆောင်းပေးအပ်ထားသည့်ထောက်ပံ့ငွေများကို လစာငွေအဖြစ် ပြောင်းလဲပြီး သာမန်အသုံးစရိတ်များမှ ထောက်ပံ့ငွေချီးမြှင့်ပေးနိုင်ရန် သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းပြောကြားခဲ့သည်။

“အောက်ခြေဝန်ထမ်းတစ်ယောက်သည် သူနှင့် သူ့မိသားစု စားဝတ်နေရေး၊လူမှုရေးအဆင်ပြေအောင်ဘယ်လိုလုပ်မလဲ၊ဘယ်လိုနေမလဲ ဆိုတာကို စဉ်းစားကြည့်ဖို့လိုသလို အောက်ခြေဝန်ထမ်းဦးစီးမှူးတစ်ယောက်အတွက်လည်းရုံးလုပ်ငန်းများပုံမှန်လည်ပတ်ရေးနှင့်ဂုဏ်သိက္ခာရှိစွာ ရပ်တည်ဆောင်ရွက်နိုင်ရေးအတွက် စဉ်းစားပေးဖို့လိုမှာဖြစ်ပါတယ်။ ယနေ့အချိန်အခါ၊ အခြေအနေနှင့် ယှဉ်တွဲစဉ်းစားသုံးသပ်ကြည့်ရင် ဘယ်လိုဖြစ်နေကြမလဲ။ ဒါကိုစိစစ်စဉ်းစားသုံးသပ်ကြဖို့လိုပါတယ်” ဟု သူရဦးရွှေမန်းက ပြောသည်။

ပြည်ထောင်စုလွှတ်တော်တွင် မကြာမီ စတင်ဆွေးနွေးတော့မည့် ဘတ်ဂျက်ဆိုင်ရာဆွေးနွေးမှုများ မပြုလုပ်မီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးသင့်သည့်အချက်များကို ပြောကြားခဲ့သည်။

**စာ(၁၂)သို့**

# မစ္စမြန်မာ အင်တာနေရှင်နယ်ဆု မန္တလေးသူ ဂုဏ်ရည်အေးကျော် ဆွတ်ခူး

**ကြူကြူဟန်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၅**

ပြိုင်ပွဲဝင်များ၏ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုမှုတွင် ပရိသတ်ဝေဖန်သံညံခဲ့သော မစ္စမြန်မာအင်တာနေရှင်နယ် ၂၀၁၃ ပြိုင်ပွဲတွင် အင်္ဂလိပ်စကားပြော ကောင်းမွန်စွာဖြင့် အကောင်းဆုံးဖြေဆိုနိုင်ပြီး စောင်းတီးခတ်စွမ်းရည်ပြခဲ့သော မန္တလေးသူ ဂုဏ်ရည်အေးကျော်က ဆုကို ဆွတ်ခူးရရှိသွားသည်။

အဆိုပါပွဲကိုဖေဖော်ဝါရီ၂၄ရက်တွင် မြန်မာကွန်ဗန်းရှင်းစင်တာ၌ ကျင်းပခဲ့ပြီး ဂုဏ်ရည်အေးကျော်မှာပြိုင်ပွဲဝင် ၂၀ ဦးအနက် နောက်ဆုံး ဆန်ခါတင်ငါးဦးထဲ၌ ပါဝင်ခဲ့ကာ "Miss Myanmar International 2013" ဆုကို ရရှိခဲ့သည်။ အသက် (၂၂) နှစ်ရှိပြီ ဖြစ်သော ၎င်းသည် ဖြေဆိုသမျှ မေးခွန်းတိုင်းတွင် အကောင်းဆုံးဖြေဆိုနိုင်ခဲ့သဖြင့် ပရိသတ်လက်ခုပ်သံအများဆုံးရရှိခဲ့သူဖြစ်သည်။

ဂုဏ်ရည်အေးကျော်သည် B.A(English)ဘွဲ့ ရရှိထားပြီး မိခင်ဖြစ်သူနှင့်အတူ မန္တလေးမြို့တွင် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။

ပြိုင်ပွဲဝင်တစ်ချင်းစီ၏ အရည်အသွေး ထုတ်ဖော်ပြသမှုတွင် လက်ဝှေ့ထိုး အလှပြခြင်း၊ ကျွမ်းဘားထိုးခြင်း၊ မျက်လှည့်ပြခြင်း၊ ရုပ်သေးရုပ်ကပြခြင်း၊ စောင်းတီးခြင်း၊ သီချင်းသီဆိုခြင်းနှင့် ရိုးရာအကများ ကပြခြင်းတို့ကိုပရိသတ်များ နှစ်သက်ကျေနပ်ခဲ့သော်လည်း ဉာဏ်စမ်းမေးခွန်းများ၊ အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုမှုတွင် ကောင်းစွာဖြေဆိုနိုင်သူ နည်းပါးသဖြင့် နိုင်ငံတကာပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဝင်များအတွက် ပရိသတ်များက အားမလိုအားမရ ဖြစ်ခဲ့ကြသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

“အန်ဆင်းမေးခွန်းတွေ ဖြစ်နေတာဆိုတော့ တချို့ကျတော့လည်း စိုးရိမ်စိတ်တွေကြောင့် အဖြေသိပေမယ့် မဖြေနိုင်တာလည်း ရှိတယ်။ တချို့ကျတော့ မေးခွန်းအဓိပ္ပာယ်နားမလည်တာလည်းပါတယ်” ဟု ဒိုင်အဖြစ် ဆောင်ရွက်သူ သရုပ်ဆောင်နိုင်နိုင်က ပြောသည်။

Miss Myanmar International 2012 ဆုရှင် နန်းခင်ဇေယျာကလည်း ပြိုင်ပွဲဝင်များနှင့် ပတ်သက်ပြီး “Top 20 က မေးခွန်း ဖြေတာတချို့တော်တဲ့သူတွေလည်း တွေ့ရတယ်။ မတော်တဲ့ သူတွေလည်းတွေ့ရတယ်။ တချို့မေးခွန်း နားမလည်တာလည်း တွေ့ရတယ်။ ညီမထင်တယ် သူတို့ကိုလေ့လာဖို့အချိန်ပိုပေးရင် ပိုဖြေနိုင်မယ်လို့ ထင်တယ်။ အန်ဆင်းမေးခွန်းတွေ ခက်သွားတာလည်းပါတယ်” ဟု ပြောကြားသည်။

“အန်ဆင်းမေးခွန်းမေးပြီး အခက်အခဲဖြစ်အောင်၊ ဒုက္ခရောက်အောင်လုပ်တာ မဟုတ်ပါဘူး။ မေးတဲ့မေးခွန်းတွေက အဖွင့်မေးခွန်းတွေပါ။

**အချပ်ပို(B)သို့**



*မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားအနီးရှိ သုဓမ္မာဇရပ်တော် မူလနေရာဟောင်း*

# ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးသွားသော အဆောက်အအုံသုံးခု ပြန်ဆောက်မည်

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ-၂၅**

မန္တလေးမြို့တည် နန်းတည် ခုနစ်ဌာနမှ ဒုတိယ ကမ္ဘာစစ်ကြောင့် ပျက်စီးခဲ့ရပြီး ပြန်လည်တည်ဆောက်နိုင်ခြင်း မရှိသေးသော ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော်နှင့် ပဋ္ဌာန်းမဟာသိမ်တော်တို့ကို မန္တလေးမြို့မှ အလှူရှင်တစ်ဦးတည်း၏ မတည်လှူဒါန်းမှုဖြင့် ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သတင်းရရှိသည်။

အဆောက်အအုံသုံးခု ပြန်လည်တည်ဆောက်မှုအတွက် ငွေကျပ်သိန်းတစ်သောင်းခွဲခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပြီး ယင်းအဆောက်အအုံများကို သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ကြီးကြပ်တာဝန်ယူ၍ ရှေးမူမပျက် တည်ဆောက်မည်ဖြစ်ကြောင်း ဗိသုကာပညာရှင် ဦးဝင်းမောင်(တမ္ပဝတီ) က ပြောသည်။

“မိဘကျေးဇူးကို ရည်မှန်းပြီး ကျေးဇူးဆပ်တာပါ။ သာသနိက အဆောက်အအုံတွေ ဖြစ်တဲ့အတွက် သာသနာတော်အဓွန့်ရှည် ပြန့်ပွားဖို့လည်း ရည်ရွယ်ပါတယ်။ ပြီးတော့ ရှေးဘုရင်တွေ လက်ထက်ကတည်းက တည်ရှိခဲ့တဲ့ ယဉ်ကျေးမှု အမွေအနှစ်ကို ပြန်လည်ဖော်ထုတ်တာပါ” ဟု မန္တလေးမြို့ မန်းမြေရာဇာ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ အလှူရှင် ဦးကျော်ဝင်းက ပြောသည်။

ယင်းအဆောက်အအုံများမှာ မန္တလေးတောင်ခြေတွင်ရှိပြီး မူလအဆောက်အအုံ အတိုင်းအထွာ၊ ဓာတ်ပုံမှတ်တမ်းများ အတိုင်း ပြန်လည်တည်ဆောက်မည်ဖြစ်ပြီး အလှူရှင်၏ ဆန္ဒအတိုင်း အဆောက်အအုံ သုံးခုအတွက် ပန္နက်တင်ခြင်းကို တစ်ပြိုင်တည်း ပြုလုပ်မည်ဖြစ်သည်။ လာမည့်နှစ်လခန့်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်မည်ဖြစ်ပြီး တည်ဆောက်ချိန် တစ်နှစ်ခွဲခန့် ကြာမည်ဖြစ်ကြောင်း တမ္ပဝတီဦးဝင်းမောင်က ပြောသည်။

မန္တလေးမြို့တည်နန်းတည် နှစ် ၁၅၀ ပြည့်ပွဲတော် ကျင်းပစဉ်ကတည်းက ယခုအဆောက်အအုံများ ပြန်လည်တည်ဆောက်ရန် စီစဉ်ခဲ့သော်လည်း ငွေကြေးအခက်အခဲကြောင့် မဆောက်နိုင်ခဲ့ပေ။ သတ္တခုနစ်ဌာနလုံး ပြန်လည်ပြည့်စုံသွားမည်ဖြစ်၍ ဝမ်းမြောက်မိသလို သုဓမ္မာဇရပ်တန်းနှင့် သုဓမ္မာဇရပ်တော်ကြီးကို လွဲမှားစွာ ပြောဆိုရေးသားသုံးနှုန်းနေမှုများလည်း အဆုံးသတ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့မှ စာပေအနုပညာရှင် ဆရာဆူးငှက်က မှတ်ချက်ပေးသည်။

မင်းတုန်းမင်းကြီးက တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ပန္နက်တင်ကာ တည်ဆောက်ခဲ့သည့် ရတနာပုံ မန္တလေးရွှေမြို့တော် မြို့တည်နန်းတည် သတ္တခုနစ်ဌာနမှာ ရွှေမြို့ရိုးတော်၊ ကျုံးတော်၊ ကုသိုလ်တော်စေတီ၊ အတုမရှိကျောင်းတိုက်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော်နှင့် ပဋ္ဌာန်းမဟာသိမ်တော်ကြီးတို့ ဖြစ်သည်။ ဆိုးရွားစွာ ပျက်စီးခြင်းမရှိခဲ့သည့် ကုသိုလ်တော်စေတီမှလွဲ၍ ကျန်အဆောက်အအုံခြောက်ခုမှာ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးသင့်မီးလောင်ပျက်စီးခဲ့သည်။

7DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

## CRIME မှုခင်း သတင်း CORNER

### ကျူးကျော်တဲနေ အမျိုးသမီးကြီးတစ်ဦး ဆွဲကြိုးချသေဆုံးမှု ဖြစ်ပွား

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ - ၂၄**

ကျူးကျော်နေအိမ်များတစ်ပတ်အတွင်း ဖျက်သိမ်းပေးရမည်ဟူသော သတင်းကြောင့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် ၂ရပ်ကွက်အတွင်းကျူးကျော်တဲတွင်နေထိုင်သူ၄၆နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦးသည် ဖေဖော်ဝါရီ ၁၈ ရက်က ဆွဲကြိုးချသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှူးရုံးမှ သတင်းရရှိသည်။

သေဆုံးသူ အမျိုးသမီးကြီးမှာ မြေစိုက်ထရံကာ လမ်းဘေးကျူးကျော်နေအိမ်အတွင်း ယောဂီပဝါအား ကြိုးအဖြစ် အသုံးပြုကာ ဆွဲကြိုးချ သေဆုံးနေခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

သေဆုံးသူ အမျိုးသမီးကြီးမှာ သားသမီးငါးဦးနှင့်အတူ မန္တလေးမြို့ မဟာမြိုင် ၂ရပ်ကွက်၊ ၆၁ လမ်း၊ ၄၃ လမ်းနှင့် သိပ္ပံလမ်းကြား၊ လမ်းဘေးတွင် ကျူးကျော်တဲဆောက်လုပ်ကာ နေထိုင်သူဖြစ်ကြောင်း၊ ခင်ပွန်းသည်နှင့် ကွဲကွာနေသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်ပြီး နေအိမ်အတွင်း ဘုရားရှိခိုးနေစဉ် ပတ်ဝန်းကျင်မှ ကျူးကျော်တဲများ တစ်ပတ်အတွင်းဖျက်သိမ်းပေးရမည်ဟူသော သတင်းကြားသိရ၍ ကြိုးဆွဲချသေဆုံးခြင်းဖြစ်သည်ဟု သားသမီးများက အမှုစစ်ရဲအရာရှိများအား ပြောပြကြောင်း၊ ၎င်းအမှုကို မန္တလေးမြို့အမှတ် ၉ ရဲစခန်းတွင် သေမှုသေခင်း အမှတ်စဉ် ၄/ ၂၀၁၃ ဖြင့် စစ်ဆေးလျက်ရှိကြောင်း တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များအတွင်း လမ်းမဘေးများ၊ လူနေထိုင်ခြင်းမရှိသော မြေကွက်များကို တဲထိုးကျူးကျော်နေထိုင်သူများ ရှိနေသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျူးကျော်တဲများ ရှင်းလင်းခြင်းကို ၂၀၁၂ခုနှစ်အတွင်းက မကြာခဏ ဆောင်ရွက်ခဲ့သည်။

လူမနေသေးသော မြေကွက်များတွင် ကျူးကျော်တဲထိုးနေထိုင်ခြင်းများ မရှိစေရန်နှင့် မြို့သာယာလှပရေးဆောင်ရွက်နိုင်ရန် မြေကွက်ပိုင်ရှင်များအနေဖြင့် သုံးလအတွင်း ဝင်းခြံခတ်ကာရံထားကြရန်နှင့် တစ်နှစ်အတွင်း အဆောက်အအုံဆောက်လုပ်ရန် ဆောင်ရွက်ခြင်းမရှိသော မြေကွက်များအား မန္တလေးစည်ပင်ပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း မန္တလေးစည်ပင်မှ ယခုနှစ် ဇန်နဝါရီလမှ စတင်ကာ ကြေငြာချက်ထုတ်ပြန်ထားသည်။

### ပုဂံညောင်ဦးတွင် နိုင်ငံခြားခရီးသွားများထံမှ ပစ္စည်း လုသူများမှာ အထက်တန်းကျောင်းသားများ ဖြစ်နေ

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ - ၂၄**

ပုဂံညောင်ဦးတွင် ကမ္ဘာလှည့် ခရီးသည်များထံမှ ပစ္စည်းလုသူများမှာအသက် ၁၅နှစ် ၁၆နှစ်အရွယ် အထက်တန်းကျောင်းသားများဖြစ်နေကြောင်း မန္တလေးတိုင်းဒေသ ကြီး မှုခင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ပုဂံညောင်ဦးတွင် စက်ဘီးစီး လည်ပတ်နေသောတရုတ်၊ ဂျာမန် အမျိုးသမီးများကို ဆိုင်ကယ်စီးလူငယ်များက လုယက်မှု (၁၀) ရက်အတွင်း သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း ဖေဖော်ဝါရီ၆ရက်၊ (၁၄)ရက် နှင့် (၁၆) ရက်များတွင် စက်ဘီးရှေ့ခြင်းအတွင်းထည့်ထားသော ကျောပိုးအိတ်များအား ဆိုင် ကယ်စီးလူငယ်များက ဆွဲယူထွက်ပြေးသွားမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖေဖော်ဝါရီ (၁၈) ရက်တွင် ညောင်ဦးမြို့နေသူတစ်ဦးထံ ကျောင်းသားလူငယ်သုံးဦးက အက်ပဲလ် အမှတ်တံဆိပ်လက်ကိုင်ဖုန်းလာရောက်ရောင်းချနေကြောင်း သတင်းပေးမှုအရ ရဲတပ်ဖွဲ့ဝင်များစစ်ဆေးရာ ၎င်းကျောင်းသားလူငယ်များက နိုင်ငံခြားသူများထံမှ ဆက်တိုက် ဆိုင်ကယ်ဖြင့်ပစ္စည်းလုယူသည်ကို ဝန်ခံထွက်ဆိုကြောင်း သိရသည်။

ဆိုင်ကယ်စီးပြီးပစ္စည်းလုယူသူ အထက်တန်းကျောင်းသားသုံးဦးကို ညောင်ဦးရဲစခန်းတွင် (ပ) ၂၄/ ၂၀၁၃ ပြစ်မှုပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း သတင်းရရှိသည်။

## မြန်မာ့ကျောက်မျက်ထွက်ကုန်များ တင်သွင်းမှု ပိတ်ပင်ထားခြင်း ရုပ်သိမ်းရန် အမေရိကန်စတင်ညှိနှိုင်း

**သန်းထူး**

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၂၁**

မြန်မာနိုင်ငံမှ ကျောက်စိမ်း ကျောက်မျက် တင်ပို့မှုကို တားမြစ်ပိတ်ဆို့ထားသော အမေရိကန်အစိုးရက ယင်းပိတ်ပင်ထားမှုကို ရုပ်သိမ်းရန် ခြေလှမ်းတစ်ခုအနေဖြင့် ဖေဖော်ဝါရီ ၂၁ရက်တွင် အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ စွမ်းအင်ရေးရာ အထူးသံတမန်နှင့် ညှိနှိုင်းရေးမှူးဖြစ်သူ H.E Mr. Carlos Pascual နှင့် လွှတ်တော်ကော်မတီမှ တာဝန်ရှိသူများ တစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးခဲ့ပြီး အထက်ပါ အကြောင်းအရာအတွက် ဆွေးနွေးခဲ့ကြောင်း ကော်မတီ အတွင်းရေးမှူး ဦးလှဆွေ (မကွေး-၁၂) က ပြောကြားသည်။

"ဒီပိတ်ဆို့ထားမှုကို ရုပ်သိမ်းရေးအတွက် သမ္မတကို သူတင်ပြပါမယ်တဲ့။ ဥပဒေရှိနေတော့ သမ္မတမှာ လုပ်ရကိုင်ရ ခက်နေတယ်။ ဒါကြောင့် မစ္စတာအိုဘားမားအနေနဲ့ ဥပဒေကို ပြုပြင်ဖို့ တင်ပြပေးမယ်လို့ သူ (မစ္စတာ Carlos) က ပြောသွားပါတယ်။ ဒါကလည်း ကော်မတီအနေနဲ့ ဒီလွှတ်တော်မှာ တိုက်တွန်းခဲ့မှုရဲ့ ရလဒ်ပဲလို့ သုံးသပ်ပါတယ်"ဟု ဦးလှဆွေက ပြောကြားသည်။

အမေရိကန်အနေဖြင့် မြန်မာနိုင်ငံတွင် ကျောက်စိမ်း၊ ကျောက်မျက်အပြင် ရေနံ၊ သဘာဝဓာတ်ငွေ့စသည့် သယံဇာတများကို လာရောက်လုပ်ကိုင်လိုပြီး နည်းပညာ အထောက်အပံ့များလည်း ပေးလိုကာ အထူးသဖြင့် ပိုက်လိုင်းဆက်သွယ်ခြင်းနှင့် သတ္တုတူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းစေမည့်နည်းပညာများ ထောက်ပံ့လိုကြောင်းမစ္စတာCarlos က ပြောခဲ့ကြောင်း သတင်းရရှိသည်။

သို့သော်လည်း အမေရိကန်ကုမ္ပဏီများ လာရောက်လုပ်ကိုင်ခြင်း မပြုမီ ပိတ်ဆို့ထားမှုများ ရုပ်သိမ်းပေးရန် ကော်မတီက တိုက်တွန်းခဲ့ကြောင်း ဦးလှဆွေက ပြောသည်။ ယင်းပိတ်ဆို့မှုကြောင့် ကျောက်မျက်နှင့် သတ္တုလုပ်ငန်းများ၊ ဘိန်းစိုက်ပျိုးမှုဆီ ကူးပြောင်းသွားခြင်းဖြစ်ကြောင်း၊ ကျောက်မျက်လုပ်ငန်း ဖွံ့ဖြိုးလာလျှင် ဘိန်းစိုက်ပျိုးမှု လျော့နည်းသွားနိုင်ကြောင်း ၎င်းကဆိုသည်။

မစ္စတာCarlosကလည်းပိတ်ဆို့မှု ရုပ်သိမ်းရန်အတွက် လုပ်ငန်းအတော်များများ လုပ်ဆောင်ထားပြီးဖြစ်ကာ ဥပဒေအရကြေညာရန် တစ်ခုလောက်သာ ကျန်ရှိတော့ကြောင်း ပြောကြားခဲ့သည်ဟု ဦးနေဝင်းထွန်းက ဆက်လက်ပြောသည်။

လက်ရှိအချိန်တွင် ပိတ်ဆို့ထားမှုများ ရှိနေသော်လည်း မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်များသည် မှောင်ခိုလမ်းကြောင်းများမှတစ်ဆင့် ပြည်ပရောက်ကာ "Made in China, Made in Thailand" ဟူသည့် တံဆိပ်များဖြင့် ကမ္ဘာ့ဈေးကွက်သို့ ရောက်ရှိနေရသည်။

ယနေ့ လာရောက်သော အထူးသံတမန်နှင့် ညှိနှိုင်းရေးမှူးဖြစ်သူ မစ္စတာ Carlos Pascual သည် လာမည့် နိုဝင်ဘာတွင် မြန်မာနိုင်ငံသို့ ရောက်လာမည်ဖြစ်ပြီး ကော်မတီနှင့် ထပ်မံ တွေ့ဆုံမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ကော်မတီအဖွဲ့ဝင်များကိုလည်း အမေရိကန်သို့ လေ့လာရေးခရီးအဖြစ် ဖိတ်ခေါ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်အစိုးရမှကျောက်မျက်ထွက်ကုန်များ ပိတ်ပင်ထားမှုကို ရုပ်သိမ်းရန် မြန်မာ့ကျောက်မျက်အသင်းထိပ်ပိုင်းတွင် တာဝန်ယူထားသော ခရိုနီများ ရာထူးစွန့်လွှတ်သင့်ကြောင်းတိုက်တွန်းသည့် အဆိုကို ဦးလှဆွေ (ကော်မတီအတွင်းရေးမှူး)က ယခုဆဋ္ဌမအကြိမ် အမျိုးသားလွှတ်တော် ပထမနေ့တွင် တင်သွင်းခဲ့သည်။

## ရဲမဖမ်းသော်လည်း မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲသူများ နေရာပြောင်း



*တရုတ်သချိုင်းအနီး မူးယစ်ဆေးသုံးစွဲနေသူများကို ဖေဖော်ဝါရီတတိယပတ်ကတွေ့ရစဉ်*

ဓာတ်ပုံ-TR7

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

ကချင်ပြည်နယ် ဟိုပင်မြို့ သဲဖြူချောင်းတွင် မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲသူများသည် ရဲမဖမ်းသော်လည်း ယခုရက်ပိုင်းအတွင်း ဟိုပင်မြို့ တရုတ်သင်္ချိုင်းသို့ နေရာပြောင်းရွှေ့ ရောင်းဝယ်သုံးစွဲနေကြောင်း မိုးညှင်းမြို့နယ် မူးယစ်ဆေးဝါးကင်းစင် ပပျောက်ရေးအဖွဲ့ကပြောသည်။

"ပြီးခဲ့တဲ့ အပတ်က အင်တာနက်သတင်းတွေနဲ့ ဂျာနယ်တွေမှာ ပါလာလို့နေရာပြောင်းသွားတာ။ ရဲကတော့မဖမ်းဘူး"ဟုမိုးညှင်းမြို့နယ် မူးယစ်ဆေးဝါးကင်းစင် ပပျောက်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဟိုပင် တရုတ်သင်္ချိုင်းတွင် မူးယစ်ဆေးဝါး ရောင်းချသော ဒိုင်သုံးဦးရှိပြီး မူးယစ်ဆေးဝါး ရှူသည့် အခန်း သုံးခန်းရှိကြောင်း ၎င်းက ဆက်ပြောသည်။

"ဘိန်းရှူရင်တော့ လုံတဲ့အခန်းထဲမှာပဲ ရှူကြတယ်။ ဆေးထိုးတဲ့သူတွေကတော့ ဂူတွေကြားထဲမှာပဲ ထိုးကြတယ်"ဟု ဟိုပင်မြို့ ဒေသခံတစ်ဦးက ပြောသည်။

ယခုအခါ ကချင်ပြည်နယ်တွင် မူးယစ်ဆေးဝါး သုံးစွဲသူ လူငယ်များ ၈၀ ရာခိုင်နှုန်းအထိ ရှိနေကြောင်း

စာ(၁၂)သို့

7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုချိန်တွင် ဒေသအသီးသီး၌ လျှပ်စစ်မီးပေးနိုင်ရန်စီစဉ်နေဟုဆို

**မိုးညို၊ ဆွေမွန်၊ မောင်တာ**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၄**



*ရန်ကုန်မြို့လယ်ရှိ ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပနေစဉ်*
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် မတ်လ ၁ ရက်မှ စတင်ကာ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် လျှပ်စစ်မီးအပြည့်အဝရရှိအောင် ဖြန့်ဖြူးပေးသွားရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်ကပြောသည်။

ယင်းကာလတွင် ရေအားလျှပ်စစ်စက်ရုံများမှဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်ခြင်း၊ သဘာဝဓာတ်ငွေ့လောင်စာဖြင့်လည်ပတ်လျက်ရှိသော နိုင်ငံပိုင်စက်ရုံများအားရပ်နားထားခြင်းများ ပြုလုပ်၍ လိုအပ်သည့် လျှပ်စစ်ပမာဏများကိုလူနေရပ်ကွက်များအတွင်းသို့ အပြည့်အဝဖြန့်ဖြူးပေးရန် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

သို့သော်စာမေးပွဲကာလ နီးကပ်လာချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆင်ခြေဖုံးရပ်ကွက်အများစုမှာ ညအချိန်များအတွင်း လျှပ်စစ်မီးပြတ်တောက်မှုမှာ အသိသာဆုံးဖြစ်ကြောင်း ယင်းရပ်ကွက်များတွင်နေထိုင်သူများက ဆိုသည်။

မန္တလေးတိုင်းဒေသကြီးတွင်လည်း စာမေးပွဲရာသီချိန် ကျောင်းသားများစာကျက်ချိန်ဖြစ်သည့် ညနေငါးနာရီမှ ညဆယ့်တစ်နာရီအတွင်း လျှပ်စစ်မီးပြတ်တောက်မှု မရှိစေဘဲ ပေးဝေနိုင်ရန် စီစဉ်လုပ်ကိုင်နေကြောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရေးလုပ်ငန်း(မန္တလေးတိုင်းဒေသကြီး)မှ ဒု- တိုင်းအင်ဂျင်နီယာမှူးကပြောသည်။

ပြည်ထောင်စုမှ ရရှိသည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ လုပ်ပိုင်ခွင့် အတွင်း အကောင်းဆုံး စီမံခန့်ခွဲကာ စာမေးပွဲရာသီကျောင်းသားများ စာကျက်ချိန်အခက်အခဲမရှိစေရန်အဓိကထားပေးမည်ဖြစ်ပြီး လက်ရှိ မန္တလေးတိုင်းဒေသကြီး အတွက် (၆) အုပ်စုခွဲကာတစ်ရက်လျှင် (၁၅) နာရီ လျှပ်စစ်မီးပေးနေကြောင်း ၎င်းကပြောသည်။

သို့သော်ဒေသခံများက မီးဖြတ်ချိန်တွင် ပုံမှန်မီးပျက်ပြီး မီးလာချိန်တွင်လည်း မကြာခဏ မီးပြတ်တောက်မှုကြုံနေကြောင်း ပြောသည်။လျှပ်စစ်မီးပျက်လိုက်လာလိုက်ဖြစ်နေ၍ သုံးစွဲရသည်မှာ အဆင်မပြေဘဲ မီးပေးချိန်တွင် ပြတ်တောက်မှုမရှိဘဲ အဆင်ပြေသလို သုံးစွဲလိုကြောင်း မန္တလေးမြို့ခံများကပြောသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအများစုတွင်မူ စာမေးပွဲကာလအတွင်း လျှပ်စစ်ဓာတ်အားအပြည့်အဝဖြန့်ဖြူးပေးနိုင်ရေးအတွက် ညွှန်ကြားချက်တစ်စုံတစ်ရာ မရောက်ရှိသေးကြောင်းဖေဖော်ဝါရီ ၂၂ ရက်နေ့က မေးမြန်းမှုများအရသိရသည်။

"ညွှန်ကြားချက်ကတော့ မလာသေးဘူး။ အခုဆိုရင် အလှည့်ကျပေးနေရတဲ့ ကြားထဲက ညဘက်တောင်တစ်နာရီစီဖြတ်နေရတာမျိုးတွေ ရှိတယ်။ **စာ(၁၂)သို့**

# Farmer Channel ရုပ်သံလိုင်းသစ် ထုတ်လွှင့်ရန်စီစဉ်

**သန်းထူး**
**နေပြည်တော်၊ဖေဖော်ဝါရီ- ၂၃**

နိုင်ငံလူဦးရေ၏ သုံးပုံနှစ်ပုံရှိသော ကျေးလက်ပြည်သူလူထုအတွက် လယ်ယာစိုက်ပျိုးရေး၊ သားငါးနှင့် သစ်တောကဏ္ဍပညာပေး အစီအစဉ်များ ထုတ်လွှင့်မည့် Farmer Channel ရုပ်သံလိုင်းကို ယခု နှစ်ဝက်ကာလအတွင်း ထုတ်လွှင့်နိုင်ရန် စီစဉ်လျက်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ဒီနှစ် ဇွန်လောက်မှာ လွှင့်နိုင်ဖို့ ရည်မှန်းထားပါတယ်။ လောလောဆယ် ဒီလထဲမှာလည်း သင်တန်းပေးသွားဦးမှာပါ။ ဒါက သမ္မတကြီးရဲ့ ရွှေဘိုခရီးစဉ်မှာ ပြောခဲ့တဲ့ဟာကို အကောင်အထည် ဖော်တာပါ" ဟု အဆိုပါဝန်ကြီးဌာန၏ သတင်းပြန်ကြားရေးတာဝန်ရှိသူ ဦးဝင်းလှိုင်ဦးက ပြောကြားသည်။ ရုပ်သံလိုင်းအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်မည် (သို့)ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မည်ကိုမူ အတည်မပြုနိုင်သေးကြောင်း ၎င်းကဆက်လက် ပြောသည်။ ရုပ်သံအစီအစဉ်တွင် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းသာမက မွေးမြူရေးကဏ္ဍနှင့် သစ်တောကဏ္ဍများအတွက်လည်း ပါဝင်မည်ဖြစ်သောကြောင့် အဆိုပါဝန်ကြီးဌာနများနှင့်လည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရုပ်သံအတွက် စတူဒီယိုကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် တည်ထောင်သွားရန် ရှိကြောင်း သတင်းရရှိသည်။

အဆိုပါရုပ်သံနှင့်ပတ်သက်ပြီး နေပြည်တော် အရှေ့ခြမ်း လက်ပံတန်းကျေးရွာမှ လယ်သမား တစ်ဦးကမူ ကျေးလက်လူထုကိုရည်ရွယ်ပေမယ့် ကျေးလက်မှာက လျှပ်စစ်မီးမှမရတာ၊ ရုပ်သံက မီးမရှိဘဲ ဘယ်လိုကြည့်မလဲ။ မီးရအောင် ဘယ်လိုလုပ်ပေးမလဲ။ ဒါလေးကို ထည့်စဉ်းစားပေးရင်တော့ ကောင်းမှာပါ" ဟု ကျေးလက်ဒေသ၏ အခြေအနေကို ပြောကြားသည်။

လယ်/ဆည်နှင့် ဆက်စပ်သည့် အခြားသတင်းတစ်ရပ်အရ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုစိုက်ပျိုးရေးသိပ္ပံကျောင်းအား စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ကချင်ပြည်နယ်တွင်လည်း စိုက်ပျိုးရေးသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးခင်ဇော်က အမျိုးသားလွှတ်တော်တွင် ဖေဖော်ဝါရီ ၂၀ ရက်က ပြောကြားခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013




*ပြည်သူ့ရင်ပြင်တွင်ပြသမည့် လေယာဉ်သယ်ဆောင်လာသည်ကို ရွှေဂုံတိုင်လမ်းဆုံအနီးတွင် တွေ့ရစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ပြည်သူ့ ရင်ပြင်တွင် လေယာဉ်ဟောင်းတစ်စီးပြသမည်

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

မြန်မာ့လေကြောင်းမှ နှစ် ၃၀ သက်တမ်းရှိဖော်ကာ F 27 အမျိုးအစား လေယာဉ်အား အများပြည်သူများ လေ့လာနိုင်ရန် ပြည်သူ့ရင်ပြင်တွင် ထားရှိပြသသွားမည်ဖြစ်ကြောင်း မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ပြောသည်။

"လေယာဉ် F-27 ကိုမြန်မာပြည်မှာ နှစ် ၃၀ လောက် မောင်းခဲ့တယ်။ သက်တမ်းကုန်ပြီဖြစ်လို့ ပြည်သူတွေ ပြသဖို့အတွက် ပါပဲ" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် အဆိုပါလေယာဉ်ကို ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ရဦးမည်ဖြစ်ပြီး နောက်ပိုင်းတွင်လည်း ထိုကဲ့သို့လေယာဉ်များထားရှိသွားရန်လည်း ရှိကြောင်း သတင်းရရှိသည်။

ပြည်သူ့ဥယျာဉ်ဝင်းအတွင်း နက္ခတာရာပြခန်းအနီးရှိ ယခင်ရှေးဟောင်းမီးရထားစက်ခေါင်း၊ ရှေးဟောင်းတင့်ကားများထားရှိရာနေရာအနီး အလုံလမ်းဘက်ခြမ်းတွင်ပြသရန်လေယာဉ်ဟောင်းကိုပို့ဆောင်ထားပြီး ယမန်နေ့ ဖေဖော်ဝါရီ ၂၂ရက်ညက မင်္ဂလာဒုံရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ သယ်ယူလာခြင်းဖြစ်သည်။

အဆိုပါဖော်ကာ F-27 (XY-AOZ) လေယာဉ်ကို ၁၉၇၈ ခုနှစ်က စတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး သက်တမ်းကြာရှည်အသုံးပြုပြီး ၂၀၁၀ ခုနှစ် ခုနစ်လပိုင်းတွင် အသုံးပြုမှု ရပ်နားခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့လေကြောင်းမှ လေယာဉ်မှူးဦးသန်းထိုက်က ပြောသည်။

# မြွေတောင်ဒေသတွင် တရုတ်ကုမ္ပဏီတစ်ခု နီကယ်နှင့်သံရိုင်းတူးဖော်မည်

## အဆိုပါစီမံကိန်းစတင်ပါက ချင်းပြည်နယ်တွင် ပထမဆုံးနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြစ်မည်

**နိုင်ချို**

**ဟားခါး၊ဖေဖော်ဝါရီ-၂၁**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မြွေတောင်ဒေသအတွင်းမှ နီကယ်သတ္တုနှင့် သံရိုင်း တန် ၄၂ သန်းကျော် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ သတ္တုတူးဖော်မှုကို တရုတ်ကုမ္ပဏီတစ်ခုဖြစ်သော North Mining Investment ကုမ္ပဏီက လုပ်ကိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရ၏ တရားဝင်ခွင့်ပြုချက် ရရှိထားပြီးဖြစ်ကြောင်း ယင်းကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ မစ္စတာ Xu Dinglai က ပြောသည်။

သတ္တုတူးဖော်မှုများပြုလုပ်ရန်အတွက် သုတေသနလုပ်ငန်းများကို ၂၀၁၂ ခုနှစ် ဇွန် ၆ ရက်မှစတင်လုပ်ဆောင်ခဲ့ကာ ယခုနှစ် ဇူလိုင်တွင် စတင်လုပ်ကိုင်ရန်လျာထားကြောင်းသိရသည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီတွင် တူးဖော်မှုပြီးစီးအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း အထက်ပါကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူဦးလင်းမြင့်က ပြောသည်။

အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်လူမှုစီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်နိုင်မှုအခြေအနေနှင့် ကာကွယ်ထိန်းသိမ်းရေး အစီအစဉ်ပါဝင်သော အစီရင်ခံစာကို ၂၀၁၃ ခုနှစ်မတ်လ တတိယပတ်အတွင်း ပြုစုတင်ပြမည်ဖြစ်သည်ဟု ၎င်းကပင် ဆက်လက်ပြောသည်။

"သတ္တုတူးဖော်မှုလုပ်ငန်းက ချင်းပြည်နယ်ရဲ့ စီးပွားရေးတိုးတက်စေဖို့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခေါ်လာတဲ့ သဘောပဲ။ ရရှိလာမယ့် ဝင်ငွေနဲ့ အကျိုးအမြတ်က ချင်းပြည်နယ်လူထုအတွက်ပဲ" ဟု

**စာ(၁၂)သို့**



# စစ်ဘေးဒုက္ခသည်များအား ကုလအကူအညီပေးရာတွင် စာရင်းဇယားကွာဟမှုကြောင့် အခက်တွေ့ဟုဆို

**အောင်နိုင်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၂**

ကချင်စစ်ဘေးဒုက္ခသည် စခန်းများကို အကူအညီပေးရာတွင် စာရင်းဇယားများကွာဟမှုကြောင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း ဒုက္ခသည်များကိုကူညီစောင့်ရှောက်နေသော အသင်းအဖွဲ့များထံမှ သတင်းရရှိသည်။

ပထမဆုံးအကြိမ် ရောက်ရှိလာသောကုလအဖွဲ့၏အကူအညီများကို ဖြန့်ဝေရာတွင် အစိုးရ၏ ဒုက္ခသည်ဦးရေ စာရင်းနှင့် စခန်းများရှိ ဒုက္ခသည်ဦးရေတို့ ကွာခြားချက်ကြောင့် အခက်အခဲများ ရှိခဲ့ခြင်းဖြစ်သည်။

"ယူအင်န်ကလူ ၇,၀၀၀ အတွက် တစ်လစာ သယ်လာတယ် ပြောပါတယ်။အစိုးရရဲ့ စာရင်းနဲ့ အပြင်ကဦးရေက ကွာခြားတော့ တချို့စခန်းတွေက ၁၈ ရက်စာပဲရတယ်။ တချို့က တစ်လစာရပါတယ်" ဟု ကချင်နှစ်ခြင်းအသင်းတော် အတွင်းရေးမှူး(နယ်) က ပြောသည်။

အစိုးရစာရင်းနှင့်ယှဉ်လျှင် စစ်ဘေးရှောင်စခန်းများတွင်တိမ်းရှောင်သူ ပိုမိုများပြားပြီးနေအိမ်များတွင် တိမ်းရှောင်နေသူများ ပါဆိုလျှင် စာရင်းပိုမိုကွာဟနိုင်ကြောင်း ဒေသခံ အကူအညီပေးရေးအဖွဲ့ များက ပြောကြသည်။

ဖားကန့်ဒေသရှိ စစ်ဘေးဒုက္ခသည်များကို ကချင်နှစ်ခြင်းအသင်းတော်၊ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများနှင့်ဒေသတွင်းလူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များက ကူညီစောင့်ရှောက်မှုများ ပေးနေပြီး နိုင်ငံတကာအကူအညီနှင့် အလှူရှင်များကို လိုအပ်နေဆဲဖြစ်သည်။ ဖားကန့်ဒေသတွင် စစ်ဘေးရှောင်စခန်း(၃၆) ခုရှိပြီး နေအိမ်များတွင် တိမ်းရှောင်နေသူများ အပါအဝင် ဒုက္ခသည်တစ်သောင်းခန့်ရှိမည်ဟု အကူအညီပေးရေး အဖွဲ့များက ခန့်မှန်းထားသည်။ ကမ္ဘာ့ကုလအဖွဲ့က ကချင်ပြည်နယ်သို့ပထမဆုံးအကြိမ်ပေးပို့သောစားနပ်ရိက္ခာနှင့်ထောက်ပံ့ရေးပစ္စည်းများမှာ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဖားကန့်ဒေသသို့ ရောက်ရှိခဲ့သည်။ ထပ်မံ၍ အကူအညီများကို ပေးအပ်ရန် ဆောင်ရွက်နေပြီး လက်ရှိအကူအညီများ ပေးအပ်ရာတွင် အခက်အခဲများကြားမှ ပေးပို့ရခြင်းဖြစ်ကြောင်း ရန်ကုန်ရှိကမ္ဘာ့ကုလအဖွဲ့ရုံးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

"သိမ်သိမ်မွေ့မွေ့ ဆောင်ရွက်ရတာတွေရှိတယ်။ အကူအညီတွေပေးဖို့ ဆောင်ရွက်ညှိနှိုင်းနေပါတယ်" ဟု ရန်ကုန်ရှိ ကမ္ဘာ့ကုလရုံးခွဲမှ သတင်းနှင့် ပြန်ကြားရေးအရာရှိက ပြောသည်။

နိုင်ငံတကာအဖွဲ့အစည်းများက ကချင်ဒုက္ခသည်စခန်းများသို့ အကူအညီများ ပေးပို့ရာတွင် ဒေသခံဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဆက်သွယ်ပြီး ဆောင်ရွက်စေလိုကြောင်း၊ အကူအညီများ လိုအပ်နေသော ဒုက္ခသည်စခန်းများကို ထောက်ပံ့ရေးပစ္စည်းများပေးပို့ရာတွင်လည်း ပိုမိုထိရောက်စေရန် ဒုက္ခသည်စာရင်းကြိုတင်ဆက်သွယ်ကောက်ခံစေလိုကြောင်း ဒုက္ခသည်များအား အကူအညီပေးနေသော ဒေသခံအဖွဲ့များက ပြောကြားသည်။



# မန္တလေးတိုင်းဒေသကြီးအတွင်း တရားဝင်နေထိုင်သော နိုင်ငံခြားသားငါးထောင်ကျော်ရှိ

**မောင်တာ**

**မန္တလေး၊ဖေဖော်ဝါရီ-၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်း တရားဝင်နေထိုင်သောပြည်တွင်းနေနိုင်ငံခြားသားဦးရေငါးထောင်ကျော်ရှိကြောင်းမန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီးလွှတ်တော်ပထမအကြိမ်ပဉ္စမပုံမှန်အစည်းအဝေးသို့တင်သွင်းသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

မန္တလေးတိုင်းအတွင်းပြည်တွင်းနေ နိုင်ငံခြားသားများတွင် အိန္ဒိယနှင့် တရုတ်လူမျိုးများ အများဆုံးဖြစ်ပြီး အိန္ဒိယ နိုင်ငံသား ၁,၈၅၉ဦး၊တရုတ်နိုင်ငံသား၁,၃၂၅ ဦး၊ဘင်္ဂလားဒေ့ရှ်နိုင်ငံသား၈၈၉ ဦး၊ပါကစ္စတန်နိုင်ငံသား၁၀၃ဦးနှင့် အခြားနိုင်ငံများ၂,၄၇၂ဦး၊စုစုပေါင်း၅,၈၄၈ဦးရှိကြောင်းငင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ငင်းတို့ကို နှစ်စဉ်ဒီဇင်ဘာလတွင် အခွန်ဆောင်စေခြင်း၊ ခရီးသွားလာမှုကြီးကြပ်ခြင်း၊ မွေးဖွားမှု၊ သေဆုံးမှုတို့ကို အချိန်နှင့်တစ်ပြေးညီလျှောက်ထားစေခြင်း၊ အသက်(၁၂)နှစ်ပြည့်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံခြားသားမှတ်ပုံတင်ပြုလုပ်ပေးခြင်းတို့ကိုဆောင်ရွက်ပေးနေသည်ဟု ဆိုသည်။ မန္တလေးတိုင်းဒေသကြီးတွင်အစိုးရသစ်လက်ထက်အတွင်း သတ်မှတ်ဥပဒေနှင့် အညီ နေထိုင်သောနိုင်ငံခြားသားများအနက် နိုင်ငံသား ခွင့်ပြုခွင့် လက်မှတ်ရရှိသူ ၁၄၁ ဦး၊ ဧည့်နိုင်ငံသားလက်မှတ်ရရှိသူ လေးဦး၊ နိုင်ငံသား လက်မှတ်ရရှိသူ ၁၅ ဦးရှိသည်။ ပြည်တွင်းနေ နိုင်ငံခြားသားများ၏ စည်းကမ်းဖောက်ဖျက်မှုများကို စိစစ်ဖော်ထုတ်၍ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံခြားသားမှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ-၅(၁) အရ တရားစွဲဆိုမှုများရှိခဲ့ပြီး ကိုးဦးကို အရေးယူနိုင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အလားတူပင် အစိုးရသစ်လက်ထက် မန္တလေးတိုင်းဒေသကြီးအတွင်း ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ လက်မှတ်ထုတ်ပေးမှုစာရင်းအရဧည့်နိုင်ငံသား ၁၆၆ ဦး၊ နိုင်ငံသားပြုခွင့်လက်မှတ် ၃၁၇ ဦးတို့ဖြစ်ကြောင်း သတင်းရရှိသည်။



## ၂၀၁၃ ဖေဖော်ဝါရီ ၂၇မှ မတ် ၅ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် သာယာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်နိုင်ခြေ မရှိသေးပါ။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

တနင်္သာရီကမ်းရိုးတန်းနဲ့ကမ်းလွန်ဒေသများတွင် လှိုင်းအသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၂ ပေမှ ၃ ပေခန့်အထိ ရှိနိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်မှာတော့ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေခန့် ရှိနိုင်ပါတယ်။

**ညအပူချိန်များ အခြေအနေ**

တစ်ပြည်လုံးတွင် ဆက်လက်ပြီး အအေးပေါ့နိုင်ပါတယ်။ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတွေမှာ ၁၀ ဒီဂရီ စင်တီဂရိတ် အောက်အထိ ညအပူချိန်များ ကျဆင်းနိုင်သေးပေမယ့် တစ်ပြည်လုံးမှာတော့ ၁၀ မှ ၂၀ ဒီဂရီစင်တီဂရိတ်အထိ ရှိနိုင်ပါတယ်။

**မြူအခြေအနေ**

ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ နံနက်ပိုင်းအချိန်ခါများမှာ မြူများ အနည်းငယ် ဆက်လက်ကျဆင်းနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

နေ့အပူချိန်များ တစ်ပြည်လုံးတွင်လည်း ပုံမှန်ထက်ပိုနိုင်။ အထူးသဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ သိသိသာသာ ပြန်လည်မြင့်တက်လာနိုင်။ အထူးသဖြင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နဲ့ ပဲခူးတိုင်းမြောက်ပိုင်းတို့မှာ နေ့အပူရှိန်များ ပုံမှန်ထက် သိသိသာသာပိုကာ အမြင့်ဆုံးရှိနိုင်။ UV index တန်ဖိုးများ နေ့ (၁၁)နာရီမှ (၁)နာရီအတွင်း တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ နေပြည်တော်တို့တွင် အများဆုံးဖြစ်နိုင်ပြီး အညွှန်းကိန်း ၁၀-၁၁ အထိ ရှိနိုင်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့တွင် UV index တန်ဖိုးများ ၉-၁၀အထိ ရှိနိုင်။ ကျန်မြန်မာပြည်ဒေသများတွင် ၇-၈ အထိ မြင့်တက်နိုင်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ။**

တစ်ပြည်လုံးတွင် မိုးတိမ်တောင်များ ဖြစ်နိုင်ခြေ လျော့နည်းသွားနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။**

စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ် တောင်ပိုင်းစွန်းနဲ့ မွန်ပြည်နယ်တောင်ပိုင်းစွန်းတို့မှာ နေရာကွက်ကျား (၂)ရက်မှ(၃)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး (၂၄)နာရီအတွင်း မိုးအနည်းငယ်(၁-၅ မီလီမီတာခန့်) ရွာသွန်းနိုင်။ တနင်္သာရီတိုင်းမှာတော့ နေရာကျဲကျဲ (၄) ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး၊ (၂၄)နာရီအတွင်း မိုးရေချိန် (၁၅-၂၀ မီလီမီတာခန့်) ရွာသွန်းနိုင်။ ရွာရန် ၆၀ ရာခိုင်နှုန်းရှိ။ ကျန်တစ်ပြည်လုံးတွင် သာယာပါ့မယ်။ **ဒေါက်တာထွန်းလွင်**

# ပျောက်ဆုံးသင်္ဘောသား ၁၄ဦး ရှာဖွေမှုရပ်ဆိုင်း

**နိုင်နိုင်စိုး**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၂၂**

ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ပျောက်ဆုံးလျက်ရှိသည့် မြန်မာလူမျိုး သင်္ဘောသား ၁၄ ဦးအား ဖိလစ်ပိုင်ကမ်းခြေစောင့် တပ်ဖွဲ့မှ ရှာဖွေမှုရပ်ဆိုင်းလိုက်ပြီဖြစ်သည်။

"နိုင်ငံတကာရေကြောင်း သတ်မှတ်ချက်အရ ရှာဖွေမှုရပ်ဆိုင်းတာ၊ လေးရက် ရှာဖွေမှု ပြုလုပ်ပြီး ရပ်ဆိုင်းလိုက်တာ"ဟု ရေကြောင်း ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းကြိုင်က ပြောသည်။

ရှာဖွေမှုကို ရပ်ဆိုင်းလိုက်သော်လည်း ၎င်းတို့မှာသေဆုံးပြီဟု မပြောနိုင်သေးကြောင်း၊ သင်္ဘောနစ်မြုပ်ရာတွင် ပါဝင်ခဲ့သူများအတွက် လျော်ကြေးရရှိရန် သက်ဆိုင်ရာသင်္ဘောကုမ္ပဏီနှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ မြန်မာသင်္ဘောသား ၂၄ ဦး ပါဝင်သည့် MV.HARITY BAUXITE သင်္ဘောသည် ဖိလစ်ပိုင်နိုင်ငံ ပန်ဂါစီနန်ပြည်နယ်ကမ်းလွန်ပြင်၌ နစ်မြုပ်ခဲ့ရာ မြန်မာသင်္ဘောသားတစ်ဦး သေဆုံးပြီး ၁၄ ဦးပျောက်ဆုံးကာ ဒဏ်ရာရရှိသူနှစ်ဦးအပါအဝင်ကိုးဦးကိုတရုတ်သင်္ဘောတစ်စီးမှကယ်ဆယ်နိုင်ခဲ့သည်။

# ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လုပ်ငန်းကို အများပိုင်ကုမ္ပဏီတည်ထောင်လုပ်ကိုင်ရန်စီစဉ်

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၂၂**

ရန်ကုန်မြို့အတွင်းပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများကို အများပိုင်ကုမ္ပဏီများထူထောင်၍ ယာဉ်လုပ်သားများအား လစာပေးသောစနစ်ဖြင့် ပြေးဆွဲနိုင်ရန် မိမိတို့အနေဖြင့် ရည်မှန်းဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌဦးလှအောင်က ပြောသည်။

"နိုင်ငံတကာမှာဆောင်ရွက်နေတဲ့စနစ်အတိုင်းဖြစ်ဖို့မျှော်မှန်းလုပ်ဆောင်နေပါတယ်။ လတ်တလောမှာတော့ သယ်ယူပို့ဆောင်ရေးဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန က ရေးဆွဲနေပါပြီ။ အဲဒီဥပဒေပေါ်လာပြီးတဲ့နောက်မှာ အများပိုင်ကုမ္ပဏီတွေဖြစ်လာဖို့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေကို လခနဲ့ ပေးနိုင်တဲ့စနစ်ကျင့်သုံးဖို့ကို တစ်ဆင့်ချင်းလုပ်ဆောင်သွားမှာပါ"ဟု အဆိုပါပုဂ္ဂိုလ် ကပြောသည်။

လက်ရှိတွင် ခရီးသည်တင်ယာဉ်လိုင်းအများစုမှာ ပုဂ္ဂလိကတစ်ဦးချင်းပိုင်ဆိုင်မှုအများဆုံးဖြစ်ပြီး ကုမ္ပဏီအစုအဖွဲ့ဖြင့်လုပ်ကိုင်နေသော ယာဉ်လိုင်းများမှာ ဇမ္ဗူလ၊ မေတ္တာလှိုင်း၊ ရွှေညော့်သည် ယာဉ်လိုင်းများဖြစ်ကြောင်း မထသ(ဗဟို)မှ ထုတ်ပြန်သောစာရင်းများတွင် ဖော်ပြထားသည်။

ရန်ကုန်မြို့တွင်း၊ မြို့ပြင်ပြေးဆွဲနေသောခရီးသည်တင်ယာဉ်လိုင်းများရှိ ယာဉ်များတွင် နေ့စဉ်ရရှိသောဝင်ငွေအရ ယာဉ်ပိုင်ရှင်မှ ၇၀ ရာခိုင်နှုန်း၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များမှ၃၀ရာခိုင်နှုန်းခန့်ခွဲဝေခံစားခွင့်များသောအားဖြင့် အသုံးပြုကြကြောင်း မထသ(မြို့တွင်း) လက်အောက်တွင် ပြေးဆွဲလျက်ရှိသော (၃၁) ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

"ဝင်ငွေအပေါ်ခွဲဝေမှုကတော့ သတ်မှတ်ထားတာမရှိဘူးဗျ။ ဒရိုင်ဘာ၊ စပယ်ယာတွေနဲ့ ညှိပြီး အဆင်ပြေသလိုခွဲကြတာပဲ။ ပုံသေမဟုတ်ဘူးလေ။ ကားတွေကအကြမ်းဖျင်းတစ်ယောက်တစ်စီးလောက်ပိုင်တာဆိုတော့စနစ်တွေကလည်း အမျိုးမျိုးပေါ့"ဟု ၎င်းက ပြောသည်။

အထက်ပါစနစ်များကိုကျင့်သုံးသောကြောင့် ခရီးသည်တင်ယာဉ်အများစုမှာဝင်ငွေများများရရှိရေးကိုသာရှေးရှုကြသဖြင့် ယာဉ်မကြာခဏ တိမ်းမှောက်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုများ များပြားလာခြင်းများဖြစ်ပေါ်လာကြောင်း မထသ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယာဉ်ဝန်ထမ်းများအား လခပေးသောစနစ်ကို ကျင့်သုံးလိုလျှင် ယာဉ်တစ်စီး၏ နေ့စဉ်ရရှိသော ဝင်ငွေကို မှန်မှန်ကန်ကန်သိရှိရန် လိုကြောင်း၊ သို့ဖြစ်၍ i-pay ကတ်သုံးစွဲသည့်စနစ်ကို စတင်အစပျိုးပေးခဲ့သော်လည်း လက်တွေ့တွင် ထင်သလောက် တိုးတက်မှုမရှိသေးကြောင်း ဦးလှအောင်က ပြောသည်။

# လယ်သမားများစပါးတင်း၁၀၀လျှင် ကျပ်သုံးသိန်းအောက် လျှော့မရောင်းရန် သတိပေး

**ပြည်သိမ်း**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ -၂၃**

ပြည်ပသို့ ဆန်တင်ပို့မှုကောင်းနေသဖြင့် တောင်သူလယ်သမားများ နွေစပါးကြိုတင်ရောင်းချရာတွင် တင်း၁၀၀ကို ကျပ်သုံးသိန်းအောက်လျှော့မရောင်းရန် မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းမှ သတင်းထုတ်ပြန်သည်။

လက်ရှိအချိန်တွင် ပြည်ပသို့ တင်ပို့ရန်ဆန်သင်္ဘောခြောက်စီးဖြင့် ဆန်တန်ချိန် တစ်သိန်းကျော်တင်ပို့ရန်ရှိနေပြီး တရုတ်နိုင်ငံကလည်း အခြေခံစပါးဈေးနှုန်းအား ၁၂ ရာခိုင်နှုန်းတိုးမြှင့်လိုက်ခြင်းတို့ကြောင့် ပြည်တွင်းစပါးဈေးမှာ ကျဆင်းစရာမရှိကြောင်း အထက်ပါ အသင်းမှ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ရှင်းပြသည်။

"ဒီဈေးနှုန်းအတိုင်းဆိုရင် နွေစပါးစိုက်တဲ့ လယ်သမားတွေ အသက်ရှူချောင်လာနိုင်တယ်။မိုးစပါးကတော့လယ်သမားအများစုမှာ မကျန်တော့ဘူး" ဟု ပန်းတနော် ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းကဆိုသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြည်တွင်း၌စပါး၊ ဆန်ကြမ်းဈေးမှာ ယခုလကုန်ပိုင်းတွင် တင်း၁၀၀လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲကြားရှိနေသည်။ယခုနှစ်ဆန်ပြည်ပသို့ ဆန်နှင့်စကွဲ တင်ပို့မှုမှာ တန်ချိန်တစ်ဆယ့်သုံးသိန်းကျော်ရှိပြီး ပြည်တွင်း၌လက်ကျန်နည်းနေသည့်အတွက် ဆန်ဈေး၊စပါးဈေးမှာရှေ့ဆက်တက်ရန်သာရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ဦးမျိုးသူရက ပြောသည်။

အာဖရိကတွင် ယခုနှစ်သီးနှံအထွက်မကောင်းသဖြင့် မြန်မာ့ဆန်ပြည်ပသို့တင်ပို့မှုမှာအလားအလာကောင်းနေသည်။ ၂၀၁၂ တွင်မြန်မာနိုင်ငံမှတရုတ်တစ်နိုင်ငံတည်းသို့ တန်ချိန်ရှစ်သောင်းကျော် တင်ပို့နိုင်ခဲ့သည်။



# Life

7 DAY NEWS JOURNAL

Vol.11, No.51 • FEBRUARY 28 , 2013





ပျောက်ဆုံးနေသော
မိသားစုဘဝများ
ဆောင်းပါး-စာ(၁၀)သို့




ကြည့်မြင်တိုင်ညဈေးအနီး ရောင်းချနေသော ဘေထုပ်ဆိုင်များ

ဓာတ်ပုံ-ကျော်ဇင်သန်း

# တစ်ပတ်ရစ်အထည်များရဲ့ တန်ဖိုး

ထွန်းနိုင်

**တန်ဖိုးကြီးမားလှသည့် ကမ္ဘာကျော် အမှတ်တံဆိပ် အဝတ်အစားများကို ပိုင်ဆိုင်ရန်အတွက် ဝင်ငွေနည်းပါးလွန်းလို့ စိတ်ညစ်နေပါသလား။**

**ရန်ကုန်မှာတော့ နေရာအချို့ကိုသွားပြီး စိတ်ရှည်ရှည်နဲ့ အချိန်အနည်းငယ်ပေးလိုက်မယ် ဆိုရင် ဒီပြဿနာ ပြေလည်နိုင်ပါသည်။**

အသစ်နီးပါး ကောင်းမွန်သည့် ကမ္ဘာကျော်အမှတ်တံဆိပ်များလည်း ရရှိနိုင်သည့် ရန်ကုန်မြို့ရှိ ဘေထုပ်ခေါ် နိုင်ငံခြားဖြစ် တစ်ပတ်ရစ် အဟောင်းထည်ဈေးကွက်သည် ဝင်ငွေနည်း လူတန်းစားများအတွက် စိတ်ကျေနပ်စရာ ဖြစ်ခဲ့သည်။

အချိန်သာ အနည်းငယ်ပေးပြီး စိတ်ရှည်ရှည်ဖြင့် ရှာဖွေမည်ဆိုလျှင် ယင်းနေရာတွင် ပြင်သစ်နာမည်ကျော်တံဆိပ်ဖြစ်သည့် Lacoste ၊ ဟောင်ကောင်နာမည်ကြီးတံဆိပ် Bossini ၊ ဂျာမနီထုတ် Hugo Boss ၊ အမေရိကန်နာမည်ကျော်ထုတ်ကုန် Levi's Jeans အပါအဝင် အရည်အသွေးမြင့် ကမ္ဘာကျော်အမှတ်တံဆိပ်များ၏ ပစ္စည်းအစစ်အမှန်များကို ဈေးသက်သက်သာသာဖြင့် ရနိုင်သည်။

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးလမ်းအတွင်းရှိ ဘေထုပ်ခေါ် တစ်ပတ်ရစ် နိုင်ငံခြားဖြစ် အဝတ်အထည် ဈေးသည်လည်း ဈေးသက်သက်သာသာဖြင့် အဝတ်အစား ကောင်းကောင်းရနိုင်သော နေရာဖြစ်သောကြောင့် အမြဲလိုလို လူစည်ကားလေ့ရှိသည်။ နေ့စဉ်နေ့တိုင်း ညနေ ငါးနာရီခန့်မှစတင်ပြီး အဝတ်အစား လာရောက်ရွေးချယ်သူ အရွယ်စုံ၊ ဆိုဒ်စုံက အလုအယက် သူ့ထက်ငါ ဦးအောင် ရွေးချယ်နေကြသည်။

လမ်းမကြီး၏ တစ်ဖက်တစ်ချက်တွင် ခင်းထားသော မိုးကာစများပေါ်တွင် အင်္ကျီ၊ ဘောင်းဘီ အစရှိသည့် အဝတ်အစားများ တောင်လိုပုံနေသည်။ ဈေးသည်များလည်း သူ့ထက်ငါ အော်ဟစ်ကာ ဝယ်သူများကို အော်ခေါ်နေသည်။ ယင်း အဝတ်အစားရောင်းသူများထဲတွင် အသက် ၂၅ နှစ်အရွယ် ကိုမျိုးဦး တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

"ကျွန်တော်စရောင်းတုန်းက လူတွေက ဘေထုပ်ဝတ်ရတာ အရင်က ရှက်စရာလို့ ထင်ကြတယ်။ နောက်ပိုင်း ဒါမျိုးသိပ်မရှိတော့ပါဘူး"ဟု လွန်ခဲ့သော ငါးနှစ်ခန့်မှ စတင်ပြီး ဘေထုပ်များ ရောင်းချသော သူက ဝယ်သူများကို တစာစာခေါ်နေသည့်ကြားမှ ပြောသည်။

သူ၏ရှေ့တွင် အမျိုးသားဝတ်ရှပ်အင်္ကျီများမှာ အပုံလိုက်၊ တစ်ထည် ကျပ် ၈၀၀၊ နှစ်ထည်ယူ ကျပ် ၁,၅၀၀ ပဲပေးဟု သူ့ရှေ့က ဝယ်သူများကို အင်္ကျီပုံကို လက်နှစ်ဖက်ဖြင့်ဖွရင်း သူကပြောနေသည်။

"ဒါမျိုးတွေဆို မြို့ထဲက စတိုးဆိုင်တွေမှာကျပ်၄,၅၀၀၊၅,၀၀၀ အနည်းဆုံးပဲ"ဟု သူကဆက်ပြောသည်။

"တစ်ခါတလေဆိုရင် ရုပ်ရှင်သရုပ်ဆောင်တွေ၊ ဟာသကားထဲကလူတွေတောင် လာကြတယ်" ဟု ကိုမျိုးဦးက သူ့ဖောက်သည်များအကြောင်း ပြောသည်။

ခေါင်ထည်ဟုခေါ်သည့် နာမည်ကျော်တံဆိပ်များနှင့် အသစ်နှင့်မခြား အဝတ်အစားများကို ဘေထုပ်စတင်ဖောက်သည့်အချိန်တွင် ရန်ကုန်မြို့ရှိ စတိုးဆိုင်ကြီးအချို့မှပင်တကူးတကလာရောက်ရွေးချယ်ဝယ်ယူလေ့ရှိကြောင်း ဘေထုပ်ထည်ရောင်းချသူများကဆိုသည်။ ဘေထုပ်ထည်များတွင် စတိုးဆိုင်ကြီးအချို့က Levis ၊ True Religion ၊ Diesel ၊ Calvin Klein ၊ Riders Jeans အစရှိသည့် ကမ္ဘာ့နာမည်ကြီး အမှတ်တံဆိပ်များကို အလေးထားရွေးချယ်လေ့ရှိကြောင်း ၎င်းတို့ကဆိုသည်။

"အထုပ်စဖောက်ချင်း အထည် ၁၀၀ ယူမယ်။ ဈေးက ဘယ်လောက်ဆိုပြီး ကြိုညှိတာရှိတယ်။ အဲဒီခေါင်ထည်တွေကိုပြန်ရောင်းရင် သောင်းချီမြတ်တယ်"ဟု မင်္ဂလာမွန်ဈေးရှိ ဘေထုပ်ထည် ရောင်းချသူတစ်ဦးကဆိုသည်။

ဘေထုပ်များသည် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော်မှ စတင်ပြီး မြန်မာနိုင်ငံ၏ ဈေးကွက်တွင် တဖြည်းဖြည်း နေရာရလာကြောင်း လက်ကားရောင်းချသူတစ်ဦးဖြစ်သည့် ဦးသန်းထွန်းစိုးကပြောသည်။ အာရှ၏ ချမ်းသာသည့်နိုင်ငံများဖြစ်သော ဂျပန်၊ ကိုရီးယား၊ စင်ကာပူတို့မှ ဝင်ရောက်သော ဘေထုပ်ထည်များကို လူကြိုက်များပြီး အာဆီယံနိုင်ငံများဖြစ်သည့် ထိုင်းနှင့် မလေးရှားနိုင်ငံတို့မှလည်း ဝင်ရောက်လေ့ရှိကြောင်း ဘေထုပ်အထည် လုပ်ကိုင်သည့် သက်တမ်း ၁၅ နှစ်ခန့်ရှိပြီဖြစ်သည့် ၎င်းကပြောသည်။

"ဂျပန်လိုနိုင်ငံမျိုးကျ ချမ်းသာတော့ ဒီဇိုင်းဟောင်းသွားရင် မသုံးတော့တာပေါ့။ ကျွန်တော်တို့ဆီမှာတော့ အသစ်နီးပါးပဲပေါ့။ ကားတွေလိုပေါ့ဗျာ"ဟု ၎င်းကဆိုပါသည်။

နှစ်စဉ်အောက်တိုဘာမှ ဇန်နဝါရီအထိ ကာလများသည် ဘေထုပ်ထည်များ ရောင်းအားအကောင်းဆုံးဖြစ်သည်။ ယင်းလများတွင် တစ်ရက်လျှင် ဘေထုပ်ထည်ရာနှင့်ချီပြီး ပါဝင်သည့် အထုပ်ပေါင်း ၂၀ မှ ၃၀ အထိ ရောင်းရကြောင်း ၎င်းကပြောသည်။ ယင်းပမာဏကို ရန်ကုန်တစ်မြို့လုံးရှိ ဒိုင်များရောင်းအား၏ အထည်အရေအတွက်နှင့် တွက်ကြည့်လျှင် တစ်ရက်လျှင် အထည်ပေါင်း ၇,၀၀၀ မှ ၁၀,၀၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

"အရင်ကတော့ ဘေထုပ်ဆိုရင် လူသေတွေဝတ်တာ။ ရောဂါရမယ်ဆိုပြီး အစွဲကြီးခဲ့တယ်။ နောက်ပိုင်းတော့ အဲဒီအစွဲမရှိတော့ဘူး။ တကယ်တော့ ဟိုကစက်ရုံတွေက သေချာပိုးသတ်၊ လျှော်ဖွပ်ပြီးမှ ထုပ်ပိုးပြီး တင်ပို့တာ"ဟု ဦးသန်းထွန်းစိုးက ပြောသည်။


နိုင်ငံခြားမှ တင်သွင်းသူများထံမှ ဦးသန်းထွန်းစိုးတို့ကဲ့သို့သော လက်ကားဒိုင်ကြီးများက ဝယ်ယူပြီး မြန်မာနိုင်ငံအနှံ့ ဖြန့်ချိကြသည်။


စာ(၃၀)သို့






## ပင်လယ်စာမှိုချဉ်စပ်



ဒီတစ်ပတ်တော့ဝိုက်ဖီကပင်လယ်စာကိုခပ်စပ်စပ်လေးချက်ထားပါတယ်။ ပြည်ကြီးငါး မှိုချဉ်စပ်ဟင်းတစ်ခွက်ပြင်ဆင်ထားပါတယ်။ ဒီဟင်းလေးချက်ဖို့ပြည်ကြီး ငါးအနေတော် ငါးကောင်လောက်၊ ရှီတာကီမှိုနှစ်ပွင့်၊ ကြွက်နားရွက်မှိုငါးပွင့်နဲ့ ကြာဆံချက်ထဲထည့်ချက်တဲ့ ပန်းခြောက်အနည်းငယ်၊ ငရုတ်သီးစိမ်းတို့ပဲလိုပါတယ်။ ပြည်ကြီးငါးကို သေချာဆေးကြောသန့်စင်ပြီးရင် ဘာမှမနယ်ဘဲ အကောင်လိုက်ထားပါမယ်။ ကြွက်နားရွက်မှို၊ ရှီတာကီမှိုနဲ့ ပန်းခြောက်တို့ကိုရေစိမ်ထားပါမယ်။ မှိုကိုတော့ခပ်ပါးပါးလှီးထားပါ။ ပထမဆုံး နနွင်းမှုန့်အနည်းငယ်နဲ့ ကြက်သွန်ဖြူ ချင်းကို ဆီသတ်ပါမယ်။ ပြီးရင်ပြည်ကြီးငါးတွေ အကောင်လိုက်ထည့်ပါ။ နှစ်မိနစ်လောက် ဆီသတ်ထဲမှာ ထည့်မွှေပေးပြီးရင် အသင့်ပြင်ထားတဲ့မှိုတွေနဲ့ပန်းခြောက်တွေထည့်ပါမယ်။ ပြီးရင် ရေနည်းနည်းထည့်ပြီးအုပ်ထားပါ။ ရေထည့်မအုပ်ခင် ငရုတ်သီးစိမ်းထက်ခြမ်းလှီးထားတာလေးတွေကိုပါထည့်အုပ်ရပါမယ်။ တစ်ရေခန်းသွားရင်ပဲသုံးဆောင်လို့ရပါပြီ။ တကယ်လို့ ဆီကျန်ရေကျန်လေးစားချင်တယ်ဆိုရင်တော့ ရေမခန်းခင်နံနံပင်လေးအုပ်ပြီး မီးဖိုပေါ်က နေချလို့ ရပါပြီ။ ဒါဆိုရင်တော့ မှိုပင်လယ်စာဟင်းတစ်ခွက်ရပြီပေါ့။




7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# ပျောက်ဆုံးနေသော မိသားစုဘဝများ

**ရဲနောင်**

တိုင်လေးတိုင်ထူ၊ ဓနိမိုး၊ ထရံကာ အလုပ်သမားတန်းလျားလေးများ ရှိသည့် ကျောက်ရေမြောင်းပုပ် အနံ့အသက် ဆိုးရွားလှသည့် ရပ်ကွက်အတွင်း ညစ်ပေသော လမ်းကျဉ်းလေးများပေါ်တွင် ဆော့ကစားနေသော ကလေးများ၏ အသံများဖြင့် ဆူညံနေသည်။



*လှိုင်သာယာအဆင့်မြင့်(၅)ရပ်ကွက်အတွင်း ဆော့ကစားနေသော ကလေးငယ်များ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရှိသမျှကလေးများလမ်းပေါ်ထွက် ဆူညံဆော့ကစားနေသည့်မြင်ကွင်းက ထိုရပ်ကွက်များအတွက်တော့ အဆန်းမဟုတ်။ ယခုလို အချိန်များတွင် ရပ်ကွက်ထဲ၌ ကလေးငယ်များနှင့် အသက်အရွယ်ကြီးရင့်သူများသာ ရှိကြသည်။ လူရွယ်၊ လူလတ်ပိုင်းများမှာ အလုပ်သွားနေကြခြင်း ဖြစ်သည်။ အမျိုးသမီးအများစုက စက်မှုဇုန်၊ အထည်ချုပ်စက်ရုံများတွင် မိုးလင်းမိုးချုပ်အလုပ်ဆင်းကြသည်။ အမျိုးသားများမှာ မိသားစုစားဝတ်နေရေးအတွက် နေ့စားအလုပ်သမားဘဝဖြင့် ကြုံရာကျပန်း လုပ်ကိုင်ကြသည်။

“ကလေးတွေကတော့ ဒီလိုပဲ လမ်းပေါ်မှာ တစ်နေကုန် ဆော့နေကြတာ။ မိဘတွေကလည်း အလုပ်သွားကြတော့ အိမ်ကိုဂရုစိုက်နိုင်တာမဟုတ်ဘူး။ နီးစပ်ရာ နဲ့ပဲ ထားခဲ့ကြတာ” ဟု လှိုင်သာယာ အဆင့်မြင့် (၅) ရပ်ကွက် အလုပ်သမားတဲတန်းလျားလေးများကို လက်ညှိုးထိုးရင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ကိုခင်မောင်လွင်က ပြောသည်။

ရန်ကုန်မြို့ဆင်ခြေဖုံး လူနေရပ်ကွက်သစ်များတွင် နေထိုင်ကြသော အခြေခံလူတန်းစားများသည်မြို့ပြလူနေမှုစားဝတ်နေရေး အခက်အခဲများကြောင့် ၎င်းတို့ပိုင်ဆိုင်ထားသော မိသားစုဘဝများပျောက်ဆုံးကာ မိသားစုတာဝန်များပါ လစ်ဟင်းမှုများ ရှိနေသည်။

“မိသားစုဆိုတာ သွေးသားတော်စပ်မှုတစ်ခုတည်းနဲ့ တိုင်းတာမဟုတ်ပါဘူး။ တစ်ဦးနဲ့တစ်ဦး လိုအပ်တဲ့အချိန်မှာ နွေးထွေးမှု၊ အားပေးကူညီမှုတွေ ရှိရပါမယ်” ဟူသည့် အနောက်တိုင်းဆိုရိုးစကားတစ်ခုရှိသည်။

“ရန်ကုန်ရောက်တာ တစ်နှစ်ကျော်နေပြီ။ တစ်ရက်မှ အလုပ်မနားရဲဘူး။ နားလိုက်ရင် မိသားစုသုံးယောက်လုံး ထမင်းဘယ်လိုသွားစားမလဲ” ဟု ဖယောင်းတိုင်မီးမှိန်မှိန်အောက်တွင် အိပ်ပျော်နေသော အသက် ခုနစ်နှစ်အရွယ် သမီးငယ်လေးအား ယပ်ခတ်ပေးရင်း ကိုအောင်ပြည့်က ပြောသည်။

အိမ်ခန်းငှားခ တစ်လသုံးသောင်း၊ သာရေးနာရေးနှင့် အခြားစရိတ်များပေါင်းလိုက်ပါက အထည်ချုပ်စက်ရုံတွင် သန့်ရှင်းရေးဝန်ထမ်းအဖြစ် လုပ်ကိုင်သော ၎င်း၏အမျိုးသမီးမယဉ်အေး၏ လခမှာလည်း ကုန်သလောက်နီးပါးရှိသည်ဟု ဆိုသည်။

ကိုအောင်ပြည့်တို့မိသားစုမှာ ဘဝရပ်တည်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ယခုနေထိုင်သော လှိုင်သာယာ အဆင့်မြင့် (၅) ရပ်ကွက်သို့ ရွှေ့ပြောင်းလာကြခြင်း ဖြစ်သည်။

သူတို့လိုအခြေခံလူတန်းစားများ၏ လုပ်ခလစာမှာ တစ်လလျှင် ခြောက်သောင်း၊ ခုနစ်သောင်းဝန်းကျင်သာရှိသည်။ ငွေကြေးအတွက်သာ ရုန်းကန်လှုပ်ရှားရသော သူတို့၏ ဘဝများတွင် ကိုယ့်ကိုယ်ကိုယ်လည်း ဂရုမစိုက်နိုင်၊ မိဘ၊ သားသမီးတို့ကိုလည်း အပြည့်အဝ မကြည့်ရှု မစောင့်ရှောက်နိုင်တော့ပေ။

“ခုတလော ကလေးပျောက်တာတွေ၊ အနိုင်ကျင့်တဲ့အမှုတွေ ခဏခဏကြားနေရတော့ သမီးလေးကို ဘယ်လိုမှ စိတ်မချဘူး။ ဘေးအခန်းက အဒေါ်ကြီးဆီ အပ်ခဲ့ပေမယ့် သူလည်း တစ်ချိန်လုံး လိုက်ကြည့်ပေးနိုင်တာမဟုတ်ဘူးလေ” ဟု မယဉ်အေးက သူမ၏ သမီးလေးအတွက် စိုးရိမ်စကားဆိုသည်။

ကလေးသူငယ်များ၏ ဘဝလုံခြုံမှုအတွက် မိဘနှစ်ပါးမှာ အရေးကြီးဆုံးဖြစ်သော်လည်း တစ်နေ့လုပ်မှ တစ်နေ့စားရသော သူတို့ဘဝက ရွေးချယ်စရာမရှိ ဖြစ်နေသည်။

သားသမီးများနှင့် အတူတိရစ္ဆာန်ဥယျာဉ်ကိုလည်းပတ်ကြရင်း ဆင်ကြီး “မိုမို” ကို လိုက်ပြချင်သည်။ ထို့အတူ Happy World ကစားကွင်းကို လိုက်ပို့ချင်သည်။ ပြည်သူ့ရင်ပြင်ထဲက ရေလွှာလျှောစီးကစားစေချင်သည်။ ရုပ်သံကြော်ငြာများတွင် မကြာခဏပြ နေသည့် ရေခဲကမ္ဘာသို့လည်း လိုက်ပို့လိုသည်။ သားသမီးနှင့် ပျော်ပျော်ပါးပါး နေချင်သည့် ဆန္ဒများက စားရေး၊ နေရေးလုံးပန်းရင်း သူတို့အတွက်တော့ အိပ်မက်သာ ဖြစ်နေသည်။

ရန်ကုန်ရောက်သည်မှာ တစ်နှစ်ကျော်ခန့်ရှိသော်လည်း ရွှေတိဂုံသို့ တစ်ကြိမ်သာရောက်သေးသည်ဟု မယဉ်အေးက ပြောသည်။ အများပြည်သူ ရုံးပိတ်ရက်ဖြစ်သော တနင်္ဂနွေနေ့မျိုးတွင်ပင် ဘုရားကျောင်းကန်ကို သူတို့မသွားနိုင်။ ရုပ်ရှင်ကြည့်ချင်သော်လည်း ကုန်ကျမည့်ငွေကြေးနှင့် အလုပ်ပျက်မည့်နေ့တွက်ခက သူတို့ကို ခြောက်လှန့်နေသည်။ “ဝဋ်ကြွေး” ရုပ်ရှင်ကား ရုံတင်နေသည်ကို သူတို့မသိ။ “အထာသစ်နှင့် နှစ်ခါချစ်မယ်”၊ “ဟော့ရှော့” စသည့် ဇာတ်ကားများကိုတော့ အများစကားမှတစ်ဆင့် နားရည်ဝရုံသာ။

မိသားစုဘဝ အပျော်အပါးများတွင်သာ မဟုတ်။ မိသားစု အချင်းချင်း နေထိုင်မကောင်း ဖြစ်လျှင်ပင် တစ်ဦးနှင့်တစ်ဦး ဂရုစိုက်ချိန် သိပ်မရှိပေ။ မိုးချုပ်အလုပ်မှ ပြန်လာလျှင် ရေခပ်၊ အဝတ်လျှော်၊ ထမင်းဟင်းချက်စသည့် အိမ်အလုပ်များကို အပြေးအလွှားလုပ်ကြရသည်။ ညထမင်းကို ၁၀ နာရီကျော်မှ စားကြရ၏။ ပင်ပင်ပန်းပန်းနှင့် တစ်ဦးကိုတစ်ဦး စကားမဆိုနိုင်ကြတော့ပေ။ တစ်နေ့တာ နာရီပေါင်း ၂၄ နာရီတွင် မိသားစုဝင်များတွေ့ဆုံချိန်မှာ ၈ နာရီခန့်ပင်ရှိသည်။ ထို ၈ နာရီအနက် အိပ်ချိန် ခြောက်နာရီကိုနုတ်လျှင် မိသားစုမြင်၊ တွေ့၊ စကားပြောချိန်က နှစ်နာရီသာ ကျန်တော့သည်။

“နေမကောင်းဖြစ်ပြီဆိုရင် အလုပ်က ပြန်လာကတည်းက လမ်းထိပ်ကဆိုင်မှာ ဆေးဝယ်စပ်ခဲ့တာ။ အိမ်ရောက်၊ ထမင်းစားပြီး သောက်လိုက်တာပဲ” ဟု ကိုအောင်ပြည့်က ပြောသည်။

မျှော်လင့်ချက်များစွာဖြင့် ရန်ကုန်သို့ အခြေချလာရောက်နေထိုင်ကြသော ဆင်းရဲသား ဆင်ခြေဖုံးရပ်ကွက်များတွင် လူရွယ်၊ လူငယ်များက နေ့ခင်းဘက် အလုပ်သွားကြသဖြင့် မိဘရှိသူများက မိဘများကို ဒီအတိုင်းထားခဲ့ရ၊ သားသမီးရှိသူများကလည်း အိမ်နီးချင်းများနှင့် အပ်သူကအပ်။ အကြီးကအငယ်ကိုထိန်း အစရှိသဖြင့် မျက်စိစုံမှိတ်၍ ထားခဲ့ရခြင်း ဖြစ်သည်။

“ဟိုတစ်လောက ရပ်ကွက်ထဲမှာ မီးလောင်တုန်းကဆိုရင် အိမ်မှာ ကျွန်မအမေနဲ့ ကလေးပဲ ရှိတယ်။ ကိုယ်ကလည်း အိမ်ကိုပြန်မရောက်သေးတော့ အရမ်းစိတ်ပူသွားတယ်” ဟု အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသော အမျိုးသမီးတစ်ဦးက ပြောသည်။

အကြီးမားဆုံးလိုအင်ဆန္ဒဖြစ်သည့် ဘဝလုံခြုံမှုအတွက် ကြိုးစားကြရင်း ကျောတစ်ခင်းစာ၊ ဝမ်းတစ်ထွာစာအတွက် ရုန်းကန်ကြရင်း နွေးထွေးသော မိသားစုဘဝများ ပျောက်ဆုံးကုန်သည်။

“လင်မယားနှစ်ယောက် စကားများများပြောတဲ့အချိန်ဆိုလို့ ရန်ဖြစ်တဲ့ အချိန်လေးပဲရှိတယ်” ဟု အိမ်ထောင်သက် ရှစ်နှစ်ရှိ ကိုအောင်ပြည့်က ရယ်သွမ်းသွေး၍ ပြောသည်။



# ကျန်းမာရေးကော်မတီ ဒီချုပ်ဖွဲ့စည်း

**ရဲနောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၁**

ပြည်တွင်းကျန်းမာရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)က ကျန်းမာရေးကော်မတီ တစ်ရပ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖွဲ့စည်းခဲ့သည်။

ကျန်းမာရေးကော်မတီတွင် ဒေါက်တာတင်မျိုးဝင်း၊ ဒေါက်တာသန်းအေး၊ ဒေါက်တာဒေါ် ရွှေပုံ၊ ဒေါက်တာကျော်စွာဦး၊ ဒေါက်တာမြသော်စသည့်ကော်မတီဝင်ငါးဦး ပါဝင်သည်။

ကော်မတီအနေဖြင့် အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးကွန်ရက်တစ်ခု ဖွဲ့စည်းသွားမည်ဖြစ်ပြီး အခမဲ့ဆေးကုသခြင်း၊ လူထုကျန်းမာရေးနှင့် ကျောင်းကျန်းမာရေး ပညာပေးခြင်း၊ အရေးပေါ်ကုသရေးအတွက် ပညာပေးခြင်း၊ နယ်များသို့ ရွေ့လျားဆေးအခမဲ့ကုသပေးခြင်းတို့ကိုမတ်လမှစ၍ ဆောင်ရွက်သွားမည့်အပြင် ဆရာဝန်များ စဉ်ဆက်မပြတ် လေ့လာရေးနှင့် အရည်အသွေးမြင့်မားရေးတို့အတွက် ဆေးပညာသင်တန်းများ ဖွင့်လှစ်ပေးသွားဖွယ်ရှိသည်ဟု ဒေါက်တာကျော်စွာဦးက ပြောသည်။



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး တစ်လုံးအသိအကျိုးရှိ၏

## သုခဝေဒနာ


ကျုပ်တို့၊ ခင်ဗျားတို့ ခန္ဓာ ထဲမှာ ဝေဒနာ ခြောက်မျိုးရှိတယ်။ အင်း . . ဒါတွေက နေ့မအား၊ ညမအား သုခဝေဒနာတွေလေ။ ကျန်းမာတုန်း ကြိုးစားလုပ်ပေး၊ ကျန်းမာတုန်း ကြိုးစားလုပ်ပေးတဲ့။ အင်း. . ဝေဒနာက ခိုင်းတာပါ။ သုခဝေဒနာပါ။ ဩော် . . . ကျန်းမာတုန်း ကျွန်သပေါက်လုပ်တာ သုခဝေဒနာပဲ။

ကျန်းမာတုန်းတော့ လုပ်ရလိမ့်ဦးမယ်၊ ကိုင်ရလိမ့်ဦးမယ်။ နောင်မကျန်းမာတော့ မခက်ဘူးလား။ အံမလေး ကျန်းမာတုန်း ကျွန်ဖြစ်နေတာတော့ သူအခက်ရယ် လို့မသိဘူး။ ကျန်းမာတုန်း နေ့မအား၊ ညမအားနဲ့ ထမင်းနှစ်ထပ်ကို တစ်ထပ်တည်းပေါင်းစားဟေ့၊ အိပ်တာလည်း လျှော့အိပ်ဟေ့၊ အအိပ်တွေ၊ အနေတွေလျှော့၊ လသာတုန်းဗိုင်းငင်ရတုန်းလုပ်ရတာတဲ့၊ အငတ်ထားများခိုင်းလိုက်သေးတယ် သုခဝေဒနာလို့မှတ်ပါ။ ဒီလို မသိပြီဆိုမှဖြင့် မသိတာ အခက်ဆုံးပဲ၊ မသိတော့ကို ခိုင်းတဲ့အရှင်သခင်ကို ကျုပ်တို့က ပြန်မသတ်တတ်ဘူး၊ ပြန်မသတ်တတ်တော့ ကျွန်သပေါက်အဖြစ်နဲ့ သေရုံပဲရှိတယ်။ သူခိုင်းတာလုပ်ပြီး သူက မင်္ဂတား၊ ဖိုလ်တားခိုင်းတယ်၊ သေတဲ့အထဲ တွန်းချလည်း

ဩော် . . ကံမကောင်းလို့ထင်တယ်၊ ဘယ် ဟုတ်လိမ့်မတုံးဗျ ကြီးပွားချင်တဲ့ ဝေဒနာကခိုင်းတာပဲ။



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး



ဓာတ်ပုံ-ချေမောင်မောင်(အမေရိကန်)

# ရွှေတိဂုံစေတီတော် နောက်ခံနှင့် ပြည်သူ့ရင်ပြင်တွင် ညစာပွဲများ ပြုလုပ်နိုင်

**အိမ့်မွန်ကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

ရွှေတိဂုံစေတီတော် နောက်ခံနှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ Love အထိမ်းအမှတ်ကျောက်စာတိုင် မြက်ခင်းပြင်ရှေ့တွင် ကုမ္ပဏီအသင်းအဖွဲ့အချို့နှင့် မင်္ဂလာစုံတွဲများအတွက် ညစာစားပွဲများ ပြုလုပ်ကျင်းပနိုင်ကြောင်း သတင်းရရှိသည်။

"ညစာစားပွဲက အဲဒီတစ်နေရာတည်း မဟုတ်ပါဘူး။ ပန်းခြံ၊ ကစားကွင်းအနီးကြိုက်တဲ့ နေရာမှာလုပ်လို့ရပါတယ်"ဟု ဈေးကွက်မန်နေဂျာဒေါ် အေးအေးအောင်ကပြောသည်။

ညစာစားပွဲ ကျင်းပရန် လိုအပ်သော စားပွဲ၊ ကုလားထိုင်စသော ပစ္စည်းများအပြင် ကာရာအိုကေနှင့် တီးဝိုင်းများလည်း စီစဉ်ပေးမည်ဖြစ်သည်။ အစားအစာအတွက်လည်း မှာယူလိုပါက မှာပေးမည်ဖြစ်ပြီး မိမိတို့စိတ်ကြိုက်လည်း ပြုလုပ်နိုင်သည်ဟု သိရသည်။

ညစာစားပွဲအတွက် ကုန်ကျစရိတ်များမှာ ပြုလုပ်သည့် ပွဲအမျိုးအစားနှင့် လူဦးရေပေါ် မူတည်၍ ကွာခြားမှုရှိသည်ဟု ၎င်းက ဆိုသည်။

ရုပ်ရှင်၊ ဗီဒီယို၊ ဓာတ်ပုံ၊ ကြော်ငြာစသော ရိုက်ကူးရေးအဖွဲ့များအား ရိုက်ကူးခွင့် အခမဲ့ပေးထားပြီး ဝင်ကြေးသာပေးဆောင် ရသည်။ သို့ရာတွင် ရိုက်ကူးလိုပါက ကုမ္ပဏီသို့ စပေါ် တင်ထားရမည်ဖြစ်ပြီး အခွေထွက်ပါက အခွေနှင့် ဘောက်ချာပြ၍ တင်ထားသော ငွေ ပြန်အမ်းပေးမည်ဟု သိရသည်။

# သီလဝါ အထူးစီးပွားရေးဇုန်တွင်နေထိုင်သူများ အခက်အခဲများကို ဂျပန်အစိုးရထံတင်ပြရန် စီစဉ်

**ထွန်းနိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

သီလဝါအထူးစီးပွားရေးဇုန်မြေနေရာအတွင်းကျရောက်နေပြီး ရွှေ့ပြောင်းပေးရန်ဖိအားပေးခံနေရသည့် လက်ရှိနေထိုင်သူများသည်၎င်းတို့ ကြုံတွေ့နေရသည့် အခြေအနေများကို မြန်မာနှင့်ဂျပန်အစိုးရများထံသို့တင်ပြသွားမည်ဖြစ်ကြောင်း ဒေသခံများက ပြော သည်။

စီမံကိန်းနယ်မြေအတွင်းရှိ ဖလမ်း၊ အလွမ်းဆွတ်၊ သီလဝါ၊ တပ်ရာကုန်း၊ ကရပ်နှင့် ဘုရားကုန်းအစရှိသည့် ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံများသည် ၎င်းတို့၏လူမှုဘဝအခြေအနေအသေးစိတ်ကို ယနေ့တွင်စစ်တမ်းကောက်ယူနေပြီဖြစ်ကြောင်းဒေသခံများက ပြောသည်။

"ဒီကလူတွေရဲ့နေ့စဉ်ဘဝနဲ့ ဖယ်ပေးရလို့ နေရာအစားမရရင် နောက်ဆက်တွဲဘာတွေဖြစ်နိုင်လဲ ဆိုတာလေ့လာမယ်"ဟု အလွမ်းဆွတ်ရွာမှ ဦးမြင့်လှိုင်က ပြောသည်။

ထွက်ပေါ် လာသည့်အသေးစိတ်ရလဒ်များကို မြန်မာအစိုးရ၊ လွှတ်တော်ဘက်မှ တာဝန်ရှိသူများနှင့်ရန်ကုန်အခြေစိုက် ဂျပန်သံရုံး စီမံကိန်းတွင်အဓိကအကူအညီပေးရန်ကမ်းလှမ်းထားသည့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ၊ စီမံကိန်းတွင် အဓိကရင်းနှီးမြှုပ်နှံမည့် ဂျပန်ကုမ္ပဏီတို့ထံပေးပို့သွားမည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံကျော် အကုန်အကျခံကာ ဂျပန်-မြန်မာပူးပေါင်းဆောက်လုပ်မည့် မြေအကျယ် ၂၄၀၀ ဟတ်တာကျယ်ဝန်းသော အဆိုပါစီမံကိန်းနယ်မြေအတွင်းတွင်လက်ရှိနေထိုင်သူများနှင့် အစိုးရအကြားမြေနေရာချထားမှုနှင့် ပတ်သက်ပြီး အငြင်းပွားလျက်ရှိသည်။

**Fortune Joyce International Company Limited**

ဝန်ထမ်းအမြန်အလိုရှိသည်။

၁။ သူနာပြုဆရာမ (၃၀) ဦး
(လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်)

၂။ တရုတ်/မြန်မာ စကားပြန် (၂၀) ဦး
(အသက် ၂၀ မှ ၃၅ အတွင်း)

၃။ Graphic Designer (၅) ဦး
(လုပ်ငန်းကျွမ်းကျင်သူ)

၄။ ဆေးဝါးကျွမ်းကျင် (၅) ဦး

အထက်ဖော်ပြပါလျှောက်ထားလိုသူများသည် CV Form၊ မှတ်ပုံတင်၊ ဓာတ်ပုံ၊ အထောက်အထားအပြည့်အစုံ ပါရှိရမည်။

ဖုန်း- ၀၉-၅၂၀၀၅၂၉၉၉ ၊ ၀၉-၅၃၀၀ ၅၄၆၆

**Farmer Auto ၏မော်တော်ယာဉ်ဝယ်ယူသူများအတွက်သတင်းကောင်း**

- မော်တော်ယာဉ်မျိုးစုံအစီး (၃၀၀)ကျော်ပါဝင်သော ၂၀၁၃၏ဒုတိယကားသင်္ဘော ဖေဖော်ဝါရီလလယ်တွင်ရောက်ရှိမည် ဖြစ်ပါသည်။
- မော်ဒယ်မြင့်၊ ဆီစားသက်သာပြီး၊ parking ထိုးရလွယ်သော Toyota Vitz, Passo, Toyota bB, Belta,Ractis, Suzuki Swift, Honda Fit(GD1,GE6),Honda Civic, Honda Partner, Insight, Mazda Demio, Nissan Tiida Latio, Mitsubishi Colt ကားများနှင့် မိသားစုသုံး၊ လုပ်ငန်းသုံး Toyota Probox, Succeed, AD Van, Mazda Van များပါရှိပါသည်။
- လုပ်ငန်းသုံး Pick Up နှင့် Truck များဖြစ်သော Toyota Dyna, Town Ace, Lite Ace, Mazda Bongo, Vanette, Canter, Isuzu, Suzuki Carry, Hijet ကားများလည်းပါသည်။
- ဝိဝိ၏ အမည်ပေါက် AA Taxi အတွက် Toyota Probox ကားလည်းရှိပါသည်။

(၁) - အမှတ်(၆၄)၊ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်။ ဖုန်း - ၅၄၂၅၄၄ ၊၅၄၆၃၅၅ ၊ ၅၄၆၆၆၅

(၂) - အမှတ်(၁၉)၊ပြည်လမ်း(Ocean Centre ရှေ့)၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်။ ဖုန်း - ၆၆၁၅၀၀

Website - www.farmerautos.com

7 DAY NEWS JOURNAL
Vol.11, No.51 ▪ FEBRUARY 28 , 2013

စာ(၃)မှ

## အစိုးရဝန်ထမ်းများကို လစာတိုးပေးရန် သူရဦးရွှေမန်း ထပ်မံတိုက်တွန်း

စာသင်ကျောင်းများတွင် ပြည်သူလူထုငွေကြေးဖြင့် ခန့်အပ်သင်ကြားပေးနေသော ဆရာ၊ ဆရာမများကို စိစစ်အတည်ပြု၍ ထိုက်သင့်သော ထောက်ပံ့ချီးမြှင့်မှုပေးရန်၊ အလုပ်သင် ဆရာဝန်များအား လိုအပ်ချက်အရ လုပ်ငန်းခွင်သို့ ဦးစွာစေလွှတ်ပြီးမှသာ လိုအပ်သည့် သင်တန်းများကို တက်ရောက်နိုင်ရန်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပြည်သူလူထုထံမှ ကောက်ခံမည့် အခွန်ဥပဒေများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး လွှတ်တော်အဆုံးအဖြတ်ဖြင့် ဥပဒေပြုနိုင်ရန် စသည့် အချက်များကို လုပ်ဆောင်ပေးနိုင်ရန် တိုက်တွန်းပြောဆိုခဲ့သည်။

ယခု ဘဏ္ဍာနှစ်အတွင်း သုံးစွဲရန် တင်ပြလာသည့် အသုံးစရိတ်များသည် ပြန်လည်ထူထောင်ရေးကာလအတွင်း မဖြစ်မနေ သုံးစွဲရမည့် အသုံးစရိတ်များသာ ဖြစ်သော်လည်း အမှန်တကယ် အသုံးပြုရန် လိုအပ်သည့် နေရာများတွင်သာ သုံးစွဲနိုင်ရေးကို လွှတ်တော်မှ ဆုံးဖြတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သူရဦးရွှေမန်းက ပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းများ၏ ထောက်ပံ့ကြေးများကို လာမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်ကာ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ပေးနိုင်တော့မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ယခုလ ၁၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သည့် နှစ်သစ်ကူးသဝဏ်လွှာ၌ ဖော်ပြထားသည်။

သို့သော် ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လာမည့် ဘတ်ဂျက်နှစ်များအတွင်း နိုင်ငံ့ဝန်ထမ်းများအား လစာတိုးပေးရန် အစီအစဉ်မရှိသေးကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

သူရဦးရွှေမန်းသည် ယမန်နှစ် ဖေဖော်ဝါရီလ ဘတ်ဂျက်ဆွေးနွေးပွဲများမစတင်မီကာလကလည်း နိုင်ငံ့ဝန်ထမ်းများ လက်ရှိရရှိနေသည့် လုပ်ခ၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများသည် ယနေ့ခေတ်ကာလနှင့် လိုက်လျောညီထွေမရှိသောကြောင့် အလျင်အမြန်တိုးပေးရန် လိုအပ်ကြောင်း ပြည်ထောင်စုလွှတ်တော်တွင်ပြောကြားခဲ့သေးသည်။

မျက်နှာဖုံးမှ

## ငွေလဲနှုန်းကို မျက်ကွယ်ပြုနေသော အစိုးရအား သူရဦးရွှေမန်း မေးခွန်းထုတ်

ကိုယ့်နိုင်ငံငွေ မလိုအပ်ဘဲ တန်ဖိုးမမြင့်အောင်လုပ်ပြီး စီးပွားရေးတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သော နိုင်ငံများကိုတွေ့မြင်နေရပါလျက်

မိမိနိုင်ငံက ထိုနိုင်ငံများကဲ့သို့ဘာကြောင့်မကျင့်သုံးနိုင်သည်ကိုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုငွေလဲနှုန်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လက်ခစား CMP လုပ်သားများ အခက်အခဲဖြစ်နေကြောင်း၊ သက်ဆိုင်ရာအနေဖြင့် တာဝန်ယူရန်၊ တာဝန်ခံရန် အခက်အခဲရှိနေလျှင်လည်း လွှတ်တော်က တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရန် လိုသည်ဟုလည်းဆိုသည်။ အကယ်၍ ဆောင်ရွက်ရမည်ဆိုပါက လိုအပ်သောညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်မှုများ အမြန်လုပ်ဆောင်ရန်လိုအပ်ကြောင်း ယင်းက တင်ပြပြောကြားသည်။

ငွေလဲနှုန်းသည် ၉၅၀ နှင့် ၁,၀၀၀ ကျပ်ဝန်းကျင်တွင် သင့်လျော်ပြီး ယင်းသို့ဖြစ်လာရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ယမန်နှစ်က ပြုလုပ်သော အခမ်းအနား တစ်ခုတွင် ပြောကြားခဲ့ဖူးသည်။

ငွေလဲလှယ်နှုန်းသည် ယမန်နှစ်အစောပိုင်းက ၈၂၀ ကျပ်ဝန်းကျင်နှုန်း ရှိခဲ့ပြီး နှစ်ဝက်ကာလတွင်မူ ၈၈၀ ကျပ်အထိ ရောက်ရှိခဲ့ကာ ထို့နောက်ပိုင်းတွင် တဖြည်းဖြည်း ပြန်လည်ကျဆင်းပြီး လောလောဆယ်တွင် ကျပ် ၈၆၀ ကျော်ရှိသည်။

အောက်စ်ဖို့တက္ကသိုလ်မှ ပညာရှင်များက မြန်မာ့စီးပွားရေးပြန်လည်ဦးမော့ရန်မြန်မာနိုင်ငံသို့ လာရောက်လေ့လာပြီး ငွေလဲနှုန်းကို တစ်ဒေါ်လာလျှင် ၁,၀၀၀ ဝန်းကျင်နှင့်အထက်သတ်မှတ်ရန်လွန်ခဲ့သည့်နှစ်အနည်းငယ်က အကြံပြုခဲ့သည်။ ထို့ပြင် နိုင်ငံတကာငွေကြေးနှင့် ဘဏ်ပညာရှင်များကလည်း အလားတူ အကြံပြုခဲ့ဖူးသည်။

ကျပ်ငွေတန်ဖိုး မာသောကြောင့် ပို့ကုန်လုပ်ငန်းများ အားလုံးရသော ဒေါ်လာတန်ဖိုးနည်း၍ ဆန်၊ ပဲမျိုးစုံ၊ ရေထွက်ကုန် စသောကုန်စည်များဈေးကျခြင်းနှင့် ရင်ဆိုင်ရကြောင်း ပို့ကုန်လုပ်ငန်းရှင်များက ဆိုသည်။ ဒေါ်လာတန်ဖိုးကျသော်လည်း သွင်းကုန်အများစုမှာ ဈေးမကျသည့်အတွက် ပြည်သူများမခံစားရဟု လုပ်ငန်းရှင်များက ထောက်ပြသည်။

နေပြည်တော်ရှိ ဆန်စက်လုပ်ငန်းရှင် ကိုနေစိုးက "မြန်မာက ဆန်တင်ပို့ကုန်ကို အများကြီးပြောနေပေမယ့် ဈေးမရှိတော့ လယ်သမားတွေအတွက် မက်လုံးမရှိဘူးဖြစ်နေတယ်။ ဒေါ်လာဈေးကောင်းလို့ စပါးဈေးမြောက်လာရင်တော့ လယ်ယာထွက်ကုန်တိုးလာမှာပဲ။ အခြားအကျိုးသက်ရောက်မှုတွေကိုတော့ ကျွန်တော်မပြောလိုပါဘူး"ဟု ပြောသည်။

မျက်နှာဖုံးမှ

## ပို့ကုန်သွင်းကုန် ၃၁၈ မျိုး လိုင်စင်မလိုဘဲ ပို့နိုင်၊သွင်းနိုင်ပြီ

သစ်တောထွက်ပစ္စည်း ၁၉ မျိုး၊ တိရစ္ဆာန်ထွက်ပစ္စည်းများတွင် သိုး၊ ဆိတ်၊ ဝက်အရှင်တို့ အပါအဝင် လေးမျိုး၊ စက်မှုလက်မှုနှင့် အခြားပို့ကုန်များတွင် လက်ခစားအမယ် လုပ်ငန်း ထုတ်ကုန်ပစ္စည်းများအားလုံးနှင့် ပို့ကုန်အမယ်(၇၄)မျိုး ခွင့်ပြုထားကြောင်း ကုန်သွယ်ရေးညွှန်ကြားရေးမှူးဦးစီးဌာန၏ စာရင်းများတွင် ဖော်ပြထားသည်။

"လိုင်စင်မရှိတော့ ပြည်ပကိုတရားဝင် ရောင်းဝယ်လို့ ရတာပေါ့။ ပြီးတော့ နှစ်ရင်းရင်းရတာနဲ့ စင်ကာပူဘဏ်တွေကိုပွဲစားခပေးရတာ သက်သာတာပေါ့"ဟု ပြည်ပသို့ ပြောင်းဖူးစေ့ တင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယခင်က ပြည်ပတင်ပို့ရန် လိုင်စင်လျှောက်ရာတွင် လိုင်စင်ဈေးနှုန်းတစ်ခု သတ်မှတ်ပြီး ငွေသွင်း၍ ရောင်းချရသည်။ မြန်မာနိုင်ငံက ပြည်ပသို့ ကုန်ပစ္စည်းများရောင်းချရာတွင် အများအားဖြင့် သင်္ဘောပေါ် ရောက်စနစ် (FOB) ဖြင့်သာ ရောင်းချရသည်။ ၎င်းစနစ်ကြောင့် ဝယ်ယူသည့် နိုင်ငံကသူ့နိုင်ငံဆိပ်ကမ်းရောက်လိုအပ်လျှင် အခက်အခဲဖြစ်ရကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက ဆိုသည်။

လိုင်စင်မလိုဘဲ တင်သွင်းခွင့်ပြုထားသည့် သွင်းကုန် (၁၆၆) မျိုးတွင် တီဗီ၊ ရေခဲသေတ္တာ၊ အဲကွန်း စသည့် ဇိမ်ခံပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည် ပိတ်စအမျိုးမျိုးနှင့် ခွင့်ပြုထားသော သစ်သီးအစိုများ ပါဝင်သည်။

ယခင်က သွင်းကုန်လုပ်ငန်းများတွင်လည်း လိုင်စင်လျှောက်ပါက ပြည်ပပို့ကုန်ရငွေရှိမှ တင်သွင်းခွင့်ရှိသည်။ ယခုကဲ့သို့ လိုင်စင် မလိုအပ်တော့ပါက ရှုပ်ထွေးမှုများ ဖြေလျှော့သွားမည်ဖြစ်ကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ပြောရက်တွင် လိုင်စင်မလိုဘဲ ပို့နိုင်သွင်းနိုင်သော ကုန်အမယ်များ ထပ်တိုးပေးမည်ဟုလည်း သတင်းရရှိသည်။

စာ(၄)မှ

## ရဲမဖမ်းသော်လည်း မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲသူများ နေရာပြောင်း

အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဂျေယောဝူက ပြောသည်။

"တစ်ပြည်နယ်လုံး သုံးစွဲနေကြတာ၊ ဖမ်းတာကလည်း ရောင်းတဲ့ဆိုင်ကြီးတွေကို မဖမ်းဘဲ အောက်က အသေးစားတွေကိုပဲ ဖမ်းနေတာ"ဟု ဦးဂျေယောဝူကပြောသည်။

အဆိုပါတရုတ်သချိုင်းတွင် မူးယစ်ဆေးဝါးဆေးထိုးလျှင် ကျပ် ၁,၀၀၀ ဖိုးမှ စတင်ထိုးနိုင်ပြီး ဘိန်းရှူလိုလျှင် ကျပ် ၅,၀၀၀ ဖိုးမှ စတင်ဝယ်ယူရကာ ရောင်းဝယ်သုံးစွဲနေကြသူများမှာ သဲဖြူချောင်းမှာကဲ့သို့ စည်ကားနေပြီး ကျောင်းသားများအပါအဝင် နေ့စဉ်လူဦးရေ ရာနှင့်ချီ ရောင်းဝယ်သုံးစွဲနေကြောင်း ဒေသခံအချို့ကပြောသည်။

၂၀၁၂ ခုနှစ်တွင် ဟိုပင်မြို့၌ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိမှု ၆၈ မှု ဖမ်းဆီးရရှိပြီး၊ ၂၀၁၃ ဇန်နဝါရီလတွင် သုံးမှု၊ ဖေဖော်ဝါရီလတွင်တစ်မှု ဖမ်းဆီးရရှိထားကြောင်း ဟိုပင်မြို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲစခန်းမှူးဦးမျိုးမြင့်ဦးက ပြောသည်။

အဆိုပါ မူးယစ်ဆေးဝါးများ ရောင်းချသော တရုတ်သချိုင်းသို့ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအဖွဲ့မှ နေ့စဉ် ဆေးထိုးအပ်အချောင်း ၁၅၀၀ ဝန်းကျင် သွားရောက်ပို့ဆောင်ပေးနေရကြောင်း သတင်းရရှိသည်။

အဆိုပါတရုတ်သချိုင်းသည်ယခင်ရောင်းချသော သဲဖြူချောင်းနှင့် တစ်မိုင်ဝန်းကျင်သာ ကွာဝေးသည်။

စာ(၅)မှ

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုချိန်တွင် ဒေသအသီးသီး၌လျှပ်စစ်မီးပေးနိုင်ရန်စီစဉ်နေဟုဆို

ပိုတောင်ဆိုး လာသေးတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နှစ်စဉ်နွေကာလတွင် လျှပ်စစ်မီးအပြည့်အဝမရရှိသည့် စီးပွားရေးမြို့တော် ရန်ကုန်၌ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ပေးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံလေးရုံခန့် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်ခဲ့သော ပြည်ထောင်စုလွှတ်တော်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြောကြားခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ ၂၀၁၃ ခုနှစ် မတ်၊ ဧပြီ၊ မေတို့တွင် နိုင်ငံတစ်ဝန်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်သည်မဂ္ဂါဝပ်ပေါင်း ၂၀၆၀ခန့်အထိရှိမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

မန္တလေးတိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှု ၃၇၅မဂ္ဂါဝပ်ခန့်သာ သုံးစွဲသော်လည်း နွေရာသီတွင် မန္တလေးတိုင်း လျှပ်စစ်သုံးစွဲမှုအတွက် မဂ္ဂါဝပ်(၄၀၀)ခန့်ဖြန့်ဝေပေးနိုင်ရန် လိုအပ်ကြောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မန္တလေးတိုင်းအင်ဂျင်နီယာမှူး ဒေါ်အေးအေးမင်းကပြောသည်။

စာ(၆)မှ

## မြွေတောင်ဒေသတွင် တရုတ်ကုမ္ပဏီတစ်ခု နီကယ်နှင့်သံရိုင်းတူးဖော်မည်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဟားခါးမြို့၌ကျင်းပသော ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပြည်သူလူထုနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

ပြည်နယ်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းများမှာ ဒေသခံများအနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် စီမံကိန်းများမှာ အရေးပါသောကြောင့် ပြည်သူအချို့ နစ်နာမှုမရှိပါက လက်ခံသင့်ကြောင်း ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ပြောသည်။

ယင်းစီမံကိန်းနှင့်ပတ်သက်၍ ဟားခါးမြို့မှ မြို့ခံတစ်ဦးက "ကာယလုပ်သားတွေက ထိုက်သင့်တဲ့ လုပ်ခ၊ လစာရနိုင်မယ်၊ လက်လုပ်လက်စားသမားတွေက အခုထက်ပိုပြီး အဆင်ပြေမယ်ဆိုရင် ဒီစီမံကိန်းက လက်မခံနိုင်စရာမရှိပါဘူး" ဟု ပြောသည်။

သတ္တုတူးဖော်မှု ဆောင်ရွက်ပါက ရရှိလာမည့် အမြတ်ငွေများမှာ တစ်နှစ်လျှင် ဒေါ်လာငါးသိန်းနှင့် ရရှိသည့် အကျိုးအမြတ် နှစ်ရာခိုင်နှုန်းအား ပြည်နယ်အစိုးရ၏ လမ်းညွှန်ချက်ဖြင့် ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဦးလင်းမြင့်က ပြောသည်။

လုပ်ငန်းများ ဆောင်ရွက်စဉ်ကာလတွင် စီမံကိန်းဧရိယာ၏ ငါးကီလိုမီတာအကွာတွင် ရှိသော ကျေးရွာ ငါးရွာအား ၁၅ ကီလိုဝပ်ရှိ လျှပ်စစ်ဓာတ်အားကို တစ်နှစ် အခမဲ့ ဖြန့်ဖြူးပေးမည်ဖြစ်ပြီး ကျန်နှစ်များတွင် သက်ဆိုင်ရာ ပြည်နယ်အစိုးရ၏ သတ်မှတ်နှုန်းထားအတိုင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ် ကြောင်း ၎င်းက ပြောသည်။

အဆိုပါစီမံကိန်းကို အထက်ပါကုမ္ပဏီက အမေရိကန်ဒေါ်လာ ၄၈၆ ဒသမ ၆၇၄ သန်း အကုန်အကျခံ ဆောင်ရွက်မည်ဖြစ်ကာ စီမံကိန်းဧရိယာမှာ ၅၅ စတုရန်းကီလိုမီတာ သတ်မှတ်ထားပြီး သတ္တုသန့်စင်စက်ရုံနှစ်ရုံ တည်ဆောက်မည်ဖြစ်သည်။

ယခုစီမံကိန်းအား အကောင်အထည်ဖော်ဖြစ်ပါက ချင်းပြည်နယ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်ဆောင်ရွက်သော ပထမဆုံး စီမံကိန်းဖြစ်လာမည်ဖြစ်သည်။

သို့ /
နိုင်ငံကျော်ထမင်းဆိုင်
ချိုင့်ဆွဲပို့ဆောင်ရေး



တို့အုပ်စု ပြီးခဲ့တဲ့အပတ်က မောင်ရင်တို့ဆိုင်ကိုရောက်တယ် . . .
တို့အုပ်စုဆိုတာ အငြိမ်းစားကြီးတွေပေါ့ . . . ။
ကျောင်းအုပ် ၊ ဆရာဝန် ၊ စစ်ဗိုလ်၊ ပါမောက္ခ ၊ ညွှန်ချုပ်၊ အကုန်ပါတယ် . . . ။
မြန်မာကြက်မှစားတဲ့သူ၊ မွေးမြူရေးငါးခူမစားတဲ့သူ၊ ငါးမြင်းစစ်စစ်
ပဲဆီသန့်သန့်မှ စားချင်တဲ့သူ . . .
အချိုမှုန့်ကြောက်တဲ့သူ . . . အားလုံးလူနုံပဲ . . . ။
အိမ်ချက်လက်ရာ စားချင်တယ်၊ သန့်သန့်နေရာမှာ ကောင်းကောင်းစားချင်တယ်ဆိုလို့
မောင်ရင်တို့ဆိုင်ကို ရွေးခဲ့တာ။ အဆင်ပြေတယ်ဟေ့ !
အားလုံးကြိုက်ကြတယ် . . . ကျေးဇူးတင်လို့ စာရေးလိုက်တာ . . . ။
ကိုးများတဲ့တို့အုပ်စု မောင်ရင်တို့ဆိုင်မှာပြန်ဆုံဖို့ ချိန်းထားတယ် . . . စနေရားချစ်ဆွေသီချင်းတွေ
ရှာထားပေးပါအုံး။

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့် ဝေဠုဝန်လမ်းထောင့်၊ ပါရမီရုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ - ၅ မိုင်ခွဲ၊ ပြည်လမ်း၊ မာလာဆောင်မှတ်တိုင်၊ ကမ္ဘာ့ဘဏ်ဘေး၊
ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး။ ဖုန်း- ၀၁ ၅၄၄၂၈၊ ၀၉ ၄၂၀၀၆၀၅၅
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။

Health
7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# လှိုင်သာယာနှင့်တောင်ဒဂုံစက်မှုဇုန်တို့မှ စွန့်ပစ်ဒြပ်စင်များကြောင့် အနီးရှိ မြစ်ရေသုံးသူများ အဆိပ်သင့်ရောဂါများဖြစ်ပွားနိုင်

**ဝတ်ရည်အောင်**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၁**

လှိုင်သာယာနှင့် တောင်ဒဂုံစက်မှုဇုန်ရှိ စက်ရုံများမှ စွန့်ထုတ်လိုက်သည့် ရေထဲတွင် ဒြပ်စင်ပမာဏ ခွင့်ပြုထားသည်ထက်ပိုမိုပါဝင်နေသဖြင့် စွန့်ထုတ်လိုက်သော မြစ်ရေအသုံးပြုသည့် အနီးအနားတွင် နေထိုင်သူများမှာ စွန့်ပစ်ဒြပ်စင်များကြောင့် အဆိပ်သင့်ရောဂါများဖြစ်ပွားလာနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သတင်းရရှိသည်။

ဆေးသုတေသနဦးစီးဌာနကပြုလုပ်ထားသည့် သုတေသနအရ ထိုစက်မှုဇုန် နှစ်ခုမှစွန့်ပစ်လိုက်သည့် ရေထဲတွင် သံဓာတ်၊ မဂ္ဂနိ(စ်)နှင့် ကော့ပါးတို့မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည်ထက် ပိုမိုပါဝင်နေပြီး ထိုဒြပ်စင်များ လူ့ခန္ဓာကိုယ်အတွင်းရောက်ရှိသွားပါက ခန္ဓာကိုယ်အရိုးအဆစ်များအတွင်း အနည်ထိုင်ကာ ခန္ဓာကိုယ်အား ဒုက္ခပေးနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးဒေါက်တာ မြတ်ဘုန်းကျော်ကပြောသည်။

လှိုင်သာယာစက်မှုဇုန်မှ ထွက်ရှိသည့် စွန့်ပစ်ရေများသည် လှိုင်မြစ်အတွင်းစီးဆင်းသွားပြီး ထိုမြစ်ရေအား သုံးရေအဖြစ် လှိုင်မြစ်တဖက်ကမ်းမှလူများစွာလည်း သုံးစွဲနေကြသည်ဟု သိရသည်။

"ဟိုဘက်ကမ်းမှာဆိုရင် ညနေမှာ ကလေးတွေရေကူးနေကြတာ။ တကယ်လို့သာ ရေကူးရင်း ပါးစပ်ထဲ အဲဒီရေတွေဝင်မိတာများလာရင် အဆိပ်သင့်တဲ့အခြေအနေအထိရောက်လာမယ်"ဟု ထိုသုတေသနတွင်ပါဝင်ပြုစုခဲ့သည့် ဒေါက်တာမိုးမိုးဟန် ကပြောသည်။



*လှိုင်သာယာစက်မှုဇုန်အတွင်းရှိ စက်ရုံတစ်ရုံမှ စွန့်ပစ်ရေထွက်မြောင်းတစ်ခု*
ဓာတ်ပုံ-ကျော်ဇင်သန်း

စက်ရုံများ၏ စွန့်ပစ်ပစ္စည်းများတွင် လူကို အန္တရာယ်မဖြစ်စေသည့်အနေအထားရောက်သည်အထိ သန့်စင်ပြီးမှ စွန့်ပစ်ရန်သတ်မှတ်ထားသော်လည်း ကုန်ကျစရိတ်လျှော့ချလိုသည့်အတွက်နှင့် ထိုကဲ့သို့အန္တရာယ်ကြီးမှုကို မသိရှိကြခြင်းကြောင့် ပြည်တွင်းရှိစက်ရုံအများစုတွင် သန့်စင်ပြီး စွန့်ပစ်မှု မလုပ်ကြကြောင်း လုပ်ငန်းခွင်ကျန်းမာရေးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြည်လွင်ဦးက သုံးသပ်ပြောကြားသည်။

"သေချာတာကတော့ ဓာတုပစ္စည်းတွေ ခန္ဓာကိုယ်ထဲရောက်ရင် အဆိပ်အတောက်ဖြစ်မယ်။ ဒီကိစ္စကနောက်မျိုးဆက်အတွက် အရေးအကြီးဆုံးကိစ္စထဲမှာပါတယ်။ ရေရှည်မှာ သက်ရောက်မှုရှိမယ့် ဒီအဆိပ်အတောက်က လူငယ်တွေကို ရောဂါတွေဖြစ်စေတော့မှာ"ဟုဒေါက်တာကြည်လွင်ဦး က ဆက်လက်ပြောသည်။

ကုန်ကျစရိတ်များပြားသည့်အတွက် အမှန်တကယ်သန့်စင်ပေးနိုင်သည့်စက်ပစ္စည်းများ အသုံးမပြုကြဘဲ စစ်ဆေးမှုများအား ရှောင်လွဲနိုင်ရန် သန့်စင်သည့်စက်များသာ အများစုက အသုံးပြုကြသည်များလည်းရှိကြောင်း သိရသည်။

ဆေးသုတေသနဦးစီးဌာနသည် စွန့်ပစ်ပစ္စည်းများကိုသာ သုတေသနပြုလုပ်နိုင်ခဲ့ပြီး လူအများအပေါ် အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ သုတေသနမရှိသေးသဖြင့် အနီးအနားတွင်နေထိုင်သူများ မည်သို့အကျိုးသက်ရောက်မှုရှိနေမည်ကို မသိနိုင်သေးကြောင်း ဒေါက်တာမြတ်ဘုန်းကျော် ကပြောသည်။

စက်ရုံများမှ စွန့်ထုတ်သည့် ရေဆိုးရေညစ်များ၏ ဒြပ်စင်ပမာဏ နှင့်ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မှ သတ်မှတ်စံနှုန်းသတ်မှတ်ချက်ရှိပြီး ထိုအန္တရာယ်ဖြစ်ပွားစေမည့် စွန့်ပစ်မှုများမဖြစ်စေရန် စီမံကိန်းများရှိနေသော်လည်း ထိရောက်သည့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ မရှိသေးကြောင်းသိရသည်။

ဒြပ်စင်များမှအဆိပ်သက်ရောက်မှုသည် ရေရှည်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ထိုအဆိပ်ဖြစ်စေသည့် ရေများအသုံးပြုခြင်း၊ ထိုရေထဲမှ သား၊ ငါးများစားသုံးမိခြင်း စသည့်နည်းလမ်းများစွာဖြင့် ဖြစ်ပွားနိုင်သည်။

စာ(၁၄)သို့

## အိမ်သုံးဆေးကို မူးယစ်ဆေးအသွင် သုံးရာမှ ဆေးလွန်သေဆုံးမှုများ ရှိလာ

**အေးသူစံ**
**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၃**

အိမ်သုံးဆေးဝါးများကို မူးယစ်ဆေးဝါးအသွင် တွဲဖက်သုံးစွဲရာမှ ဆေးလွန်သေဆုံးမှုများ ဖြစ်ပေါ်နေကြောင်း မူးယစ်ဆေးဝါးဆေးစွဲရောဂါကာကွယ်ကုသရေးစီမံချက်မန်နေဂျာ စိတ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာလှဌေးကပြောသည်။

ဆေးဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် အိမ်သုံးဆေးဝါးများကို ယခုနောက်ပိုင်းတွင် လူငယ်များက မူးယစ်ဆေးဝါး အသွင်ဖြင့် တွဲစပ်သုံးစွဲမှု များပြားလာခြင်းကြောင့် ပညာပေးဟော ပြောမှုများကိုပြုလုပ်နေရကြောင်း ၎င်းကပြော သည်။

"လူငယ်တွေ အများဆုံးသုံးတာ ချောင်းဆိုး ပျောက်ဆေးပဲ။ ချောင်းဆိုးပျောက်ဆေးတွေမှာပါတဲ့ ဘိန်း၊ အကိုက်အခဲ ပျောက်ဆေးနဲ့ ဒက်စတိုမီသာ ဖန်ဇုန်း (methamphetamine) ဓာတ်တွေကို လိုချင်လို့ ဆေးများများသုံးလို့ ဆေးလွန်ပြီး ရောက်လာတဲ့ တက္ကသိုလ်ကျောင်းသားတွေအများကြီးပဲ" ဟု ဒေါက်တာလှဌေးကပြောသည်။

လူငယ်အများစု သုံးစွဲနေသည့် ချောင်းဆိုးပျောက်ဆေးများတွင် ဘိန်း၊အကိုက်အခဲပျောက်ဆေး စသည့် ပါဝင်ပစ္စည်းများမှာ မီလီဂရမ်အနည်းငယ်ပါဝင်ရာ ယင်းပါဝင် ပစ္စည်းများ၏ သက်ရောက်မှုကို များများလိုချင်သောကြောင့် ချောင်းဆိုးပျောက်ဆေးများကိုတစ်ချိတည်းဖြင့် အများကြီးသောက်သုံးနေကြကြောင်း သိရသည်။

"ခုနောက်ပိုင်း ချောင်းဆိုးပျောက်ဆေးလုံးလေးတွေ အများကြီး လာလာဝယ်တယ်။ လာလိုက်ရင်လည်း လူငယ်တွေချည်းပဲ။ သိပ်အများကြီး မရောင်းရဲတော့ဘူး" ဟု သာကေတမြို့နယ်၊ ၃ ရပ်ကွက်အတွင်းမှ ဆေးဆိုင်တစ်ဆိုင်ကပြောသည်။

ယင်းသို့အလွယ်တကူဝယ်ယူနိုင်သည့် အိမ်သုံးဆေးဝါးများကို တွဲဖက်သုံးစွဲရာမှတစ်ဆင့်တက်၍ စိတ်ကြွရူးသွပ်ဆေးနှင့် အခြားသော မူးယစ်ဆေးဝါးများကို သုံးစွဲရန် ပိုမိုနီးစပ်လွယ်ကူနိုင်သောကြောင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့်တွဲ၍ ပညာပေးအစီအစဉ်များ ပြုလုပ်နေရကြောင်း သတင်းရရှိသည်။

"သူတို့လိုချင်တဲ့ ဆေးအဆအလိုက် တခြားပါဝင်ပစ္စည်းတွေရဲ့ ဘေးထွက်ဆိုးကျိုးခံရတာတွေကြောင့် အစာအိမ်ပေါက်တယ်။ တချို့ ဝက်ရူးပြန်သလိုဖြစ်တယ်။ ဆရာဝန်တွေကလည်း ဝက်ရူးပြန်တယ်ထင်ပြီး ခါးကိုဖောက်တယ်။ ဦးနှောက်ထိတယ်ထင်လို့ဦးနှောက်ကိုစကင်ရိုက်ရတယ်။ အဖြေက ဆေးလွန်လို့ဖြစ်တာ" ဟု ဒေါက်တာလှဌေးကရှင်းပြသည်။







## ပြည်ပမှဆေးဝါးတင်သွင်းမှုလုပ်ငန်းစဉ်များဖြေလျှော့မည်ဟုဆို

**ဝတ်ရည်အောင်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ - ၂၂**

ပြည်ပမှဆေးဝါးတင်သွင်းရောင်းချသူများ၏ လုပ်ငန်းအဆင့်ဆင့်ကို ဖြေလျှော့ကာ လိုင်စင်မလိုဘဲ တင်သွင်းရောင်းချခွင့်ရရှိရန်အထိဆောင်ရွက်ရန်စီစဉ်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့ပြုလုပ်သည့်မြန်မာ့ကျန်းမာရေးပြပွဲတွင် ပြောကြားခဲ့သည်။

ဝန်ကြီးဌာနများတွင် မကုန်သင့်သည့်ကုန်ကျမှု များပြားနေခြင်းနှင့် လုပ်ငန်းစဉ်များအဆင့်ဆင့်များပြားမှုကြောင့် အခက်အခဲများဖြစ်ပေါ်နေခြင်းကြောင့် စီစဉ်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားခဲ့သည်။

ယခင်က FDA မှ သတ်မှတ်ထားသည့်နမူနာပစ္စည်းပါမစ်ဖြင့် စစ်ဆေးခွင့်ပြုချက်ရရှိပြီးပါကဆေးဝါးတင်သွင်းခွင့်ရရှိခဲ့ပြီး လွန်ခဲ့သည့် တစ်နှစ်ခန့်မှ စတင်ပြီး FOC လိုင်စင်အဆင့်တိုးမြှင့်လိုက်ခြင်းဖြစ်သည်။

ဆေးဝါးတင်သွင်းရောင်းချသူများအတွက် FOC လိုင်စင်ပြုလုပ်ရန် နေပြည်တော်သို့သွားရောက်ရသည့် ကုန်ကျစရိတ်အပြင် လုပ်ငန်းအဆင့်ပိုမိုလာသည့်အတွက် အချိန်ကြာမြင့်သဖြင့် လိုင်စင်ရုပ်သိမ်းခြင်းသည် ပြည်ပမှ ဆေးဝါးတင်သွင်းရောင်းချသူများအတွက် ပိုမိုအဆင်ပြေသည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း လမ်းမတော်မြို့နယ်အတွင်းမှ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီတစ်ခုက ပြောသည်။

"လိုင်စင်ဖြေလျှော့တာတော့ ကုမ္ပဏီတွေအတွက်အကောင်းဆုံးပေါ့။ လိုင်စင်မရှိတော့ရင် အကြောင်းအမျိုးမျိုးကြောင့် ကြာသွားလို့လိုင်စင်သက်တမ်းပြန်တိုးနေရတဲ့အတွက်ဆေးတင်သွင်းခွင့်မရှိလို့ တစ်ခါတစ်ရံဈေးကွက်ထဲမှာ ဆေးပြတ်တာမျိုးတွေ မရှိနိုင်တော့ဘူးပေါ့"ဟု Sun Farmer ဆေးကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် အသုံးပြုနေသည့်ဆေးဝါးများအား ပြည်ပမှ အဓိကမှာယူတင်သွင်းကာ ၂၀၀၉-၂၀၁၀ တွင် အမေရိကန်ဒေါ်လာသန်း ၁၅၀ ကျော်ဖိုးဆေးဝါးတင်သွင်းခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဒေါ်လာသန်း ၂၄၄ ဖြစ်လာကြောင်း သိရသည်။

နယ်စပ်များမှ တရားမဝင်နှင့် ဆေးအာနိသင်မပြည့်ဝသည့်ဆေးဝါးများတင်သွင်းမှုလည်း များပြားနေဆဲပင်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသွားသည်။

## မန္တလေးတိုင်းဒေသကြီးတွင် ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူများလာ

**ရဲနောင်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ - ၂၂**

၂၀၁၂ခုနှစ်အတွင်း ခွေးရူးပြန်ရောဂါကြောင့်လူအများဆုံးသေဆုံးခဲ့သောမန္တလေးတိုင်းဒေသကြီးတွင် ထိုရောဂါကြောင့်လူ၅၀ဦးသေဆုံးခဲ့ရာ ယင်းမှာတစ်နိုင်ငံလုံးတွင် အများဆုံးဖြစ်ခဲ့သည်။ ၂၀၁၂ တွင် လူ ၂၄၀ ခန့် သေဆုံးခဲ့ကြောင်း ဒေါက်တာခင်မောင်ထွေးက ပြောကြားသည်။

"ဒါတောင် ဆေးရုံရောက်တဲ့ဖြစ်စဉ်တွေပဲရှိသေးတယ်။ ရွာတွေကနေ ဆေးရုံကို မရောက်ဘဲ သေဆုံးသွားတဲ့ စာရင်းတွေ မပါသေးဘူး"ဟု ဒေါက်တာခင်မောင်ထွေးက ပြောသည်။

တိရစ္ဆာန်ဆေးကုသ ဆရာဝန်များအဖွဲ့ (မန္တလေး)အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ပရဟိတလူမှုရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ၂၀၁၂ ဇွန်မှ စတင်ကာ ဘာသာရေးဆိုင်ရာနေရာများ၊ စာသင်ကျောင်းများနှင့် ရပ်ကွက်ကျေးရွာများရှိ အိမ်မွေးခွေးများအား ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးပေးလျက်ရှိသည်။

ခွေးကိုက်ခံရသည့်လူအများမှာ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးရန် ငွေကြေးမတတ်နိုင်ကြသဖြင့် ယခုကဲ့သို့ ခွေးများအားကာကွယ်ဆေးကြိုထိုးခြင်းကို ပိုမိုလုပ်ဆောင်သင့်သည်ဟုတိရစ္ဆာန်ဆရာဝန်များအသင်း(မန္တလေး)မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ခွေးလေခွေးလွင့် ပြဿနာသည်လည်း စည်ပင်သာယာရေးဌာနကသာ ကိုင်တွယ်ဖြေရှင်းနေရပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းနေသေးသည်ဟု မွေးမြူရေးနှင့် ကုသရေးဝန်ကြီးဌာနမှ အငြိမ်းစားဆရာဝန်တစ်ဦးက ပြောသည်။

ခွေးရူးရောဂါကြောင့် ကမ္ဘာပေါ်တွင် ၁၅ မိနစ်လျှင် လူတစ်ဦးနှုန်း၊ တစ်နှစ်လျှင် လူ ၅၅,၀၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိပြီး ကလေးသူငယ်များတွင် ခွေးကိုက်ခံရမှုနှင့် ခွေးရူးပြန်ရောဂါ ဖြစ်ပွားနိုင်ခြေ အများဆုံးဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ကထုတ်ပြန်ထားသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ခန့်မှန်းတွက်ချက်မှုများအရ မြန်မာနိုင်ငံရှိ ခွေး ၇၅ ရာခိုင်နှုန်းမှာ ခွေးရူးရောဂါပိုး တွေ့ရသည်ဟု ဆိုသည်။

စာ(၁၃)မှ

### လှိုင်သာယာနှင့်တောင်ဒဂုံစက်မှုဇုန်တို့မှ စွန့်ပစ်ဒြပ်စင်များကြောင့် အနီးရှိ မြစ်ရေသုံးသူများ အဆိပ်သင့်ရောဂါများဖြစ်ပွားနိုင်

ဒြပ်စင်များပျော်ဝင်နေသည့်မြစ်အနီးအနားတွင်နေထိုင်သူများအတွက် အသုံးပြုစရာရေအ အခက်အခဲရှိသော်လည်း အန္တရာယ်မဖြစ်စေရန် မြစ်ချောင်းအတွင်းရေကူးခြင်း၊ ထိုရေဖြင့်အစားအသောက်များ ချက်ပြုတ်ခြင်း စသည့်ဖြင့် မိမိတို့အလေ့အကျင့်များကို ဂရုပြုဆင်ခြင်ခြင်းဖြင့် လက်တွေ့ လိုက်ပါဆောင်ရွက်ရန်လည်း အဓိကဖြစ်ကြောင်း ဒေါက်တာမြတ်ဘုန်းကျော်ကပြောသည်။

"သန့်စင်မှုမရှိတဲ့ စွန့်ပစ်ရေတွေက ပတ်ဝန်းကျင်က လူတွေအပြင် ရေထဲက သတ္တဝါတွေပါ သေသွားစေတဲ့ နမူနာတွေလည်းရှိခဲ့တယ်။ နောက်ပိုင်းဥပဒေတွေ၊ နည်းဥပဒေတွေ အသက်ဝင်လာတဲ့အခါအဲဒီလို ရေဆိုးရေညစ်တွေ၊ အနံ့တွေ၊ စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျမစွန့်ပစ်တာ တရားစွဲပြီး အရေးယူတာတွေဖြစ်လာနိုင်တယ်" ဟု အောင်ပင်လယ်မဂ္ဂဇင်း အယ်ဒီတာချုပ် ဒေါ်ဒေဝီသန့်စင်ကမှတ်ချက်ပြုပြောကြားသည်။







DIETHELM TRAVEL

Diethelm Travel Ltd. a leading tourism company based in Yangon has vacancies for the following positions:

1) Reservation Senior Staff - 1 Post
2) Operation Supervisor /Senior Staff - 2 Posts
3) Sales Senior Staff - 1 Post
4) Receptionist - 1 Post

Applicants should be motivated, creative, hardworking, great communicator with good written and spoken English, and fully computer literate in MS Office.

For 1, Applicants must have at least 3 years experience in having worked in tourism.
For 2, Applicants must have at least 2 years experience in having worked in tourism.
For 3 & 4, Applicants must have at least 1 years experience in related field.

Please send your CV with your motivation letter to:

Diethelm Travel Myanmar Ltd.
No.412, Merchant Street, Corner of 45th Street, Botahtaung Township, Yangon
Tel: 01-8610 458 to 460 and 01-203 751 to 753

Email: maypyonewin.n@mm.diethelmtravel.com

# Regional

7DAY NEWS JOURNAL

Vol.11, No.51 • FEBRUARY 28 , 2013


## အညာဒေသအချို့တွင် လေလံစုကြေးကြောင့် တောင်သူများ အကြွေးပိ

**မျိုးမင်းဦး**

**မုံရွာ၊ဖေဖော်ဝါရီ-၂၃**

မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်များ အတွင်းရှိ ကျေးရွာများ၌ ပြီးခဲ့သည့်နှစ်များမှစ၍ ပုဂ္ဂလိက လေလံစုကြေးစနစ်များဖြင့် ငွေကြေးစုဆောင်းသူများတွင် ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အကြွေးတင်သူ ပိုများပြားလာကြောင်း အဆိုပါဒေသခံတောင်သူများက ပြောသည်။

"ပုဂ္ဂလိက လေလံစုကြေးတွေကို ပြီးခဲ့တဲ့ နှစ်တုန်းက စစုကြတာ။ အစပိုင်းတုန်းကတော့ ငွေစုတဲ့သူလည်း မှန်တယ်။ ငွေကိုင်တဲ့ သူကလည်း ပေးရမယ့်အချိန်ရောက်ရင် အပြည့်အဝပေးတယ်။ ဒီနှစ်ဆန်းမှာ ဒိုင်တွေကလည်း ထွက်ပြေးကုန်ပြီ။ ငွေစုတဲ့သူတွေကလည်း ကောက်ပဲသီးနှံမရတော့ ငွေချေးထည့်ကြတာလေ။ စုကြေးအတွက် အကြွေးပိုတင်ကုန်ပြီ။ ခြံစိုက်တောင်သူတွေက လစဉ်ဝင်ငွေရှိတော့ စုကြေးအတွက် အကြွေးယူမထည့်ရပေမယ့် ဒိုင်ပြေးလို့ ရမယ့်ငွေကဆုံးပြီ" ဟု မုံရွာမြို့နယ် ဇီးဖြူကုန်းကျေးရွာဒေသခံ လုပ်ငန်းရှင် ကိုအောင်ကျော်မျိုးက ပြောကြားခဲ့သည်။

"စုကြေးကိုင်တဲ့သူတွေ အားလုံးနီးပါးပြေးကုန်ပြီ။ ဒီရွာတစ်ရွာတည်းစုကြေးကိုင်သူတွေက ဆယ်ဦးကျော်မှာ ဒိုင်ပြေးတော့ ခက်ပြီ။ စုကြေးဒိုင်တွေ မလျော်လို့ တိုင်ချင်တဲ့သူတွေ အများကြီး ရဲစခန်းက လက်မခံလို့ မတိုင်ရဲကြဘူး။ တစ်ဦးကတော့ ငွေကြေးရလိုမှုနဲ့ မုံရွာတရားရုံးမှာ ဦးတိုက်လျှောက်ပြီး တိုင်တယ်။ အချို့စုကြေးထည့်သူတွေဆို ကျပ်သိန်းရာဂဏန်းအထိ ပါသွားတဲ့ သူ လေးငါးဦးရှိတယ်" ဟု မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာဒေသခံ တောင်သူဦးဌေးက ဆိုသည်။

ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် ဒေသခံတောင်သူတစ်ဦးကလည်း "စုကြေးပေါက်ရင် လှူရအောင်ဆိုပြီး စုထားတာ။ ပြီးခဲ့တဲ့နှစ်တုန်းက စုကြေးထည့်မယ့်အချိန် ငွေလိုလို့ နွေစပါးပေါ် ချိန်ပေးမယ်ဆိုပြီး ငွေချေးထည့်ထားတာ။ ဒီနှစ် နွေစပါးက ဆည်ရေမရလို့ မစိုက်နိုင်တော့ ချေးခဲ့တဲ့ငွေက ပြန်မဆပ်နိုင်ဘူး။ တောင်သူတော်တော်များများ ပုဂ္ဂလိက စုကြေးတွေကြောင့် အကြွေးပိုတင်တယ်" ဟု ဆိုသည်။

လွန်ခဲ့သောနှစ်များအတွင်း ကျေးရွာများတွင် နှစ်လုံးထီ၊ သုံးလုံးထီများကြောင့် တောင်သူများ အကြွေးတင်သူများရှိခဲ့ပြီး ယခုနှစ်တွင် ပုဂ္ဂလိက လေလံစုကြေးများလာသည်။ စုကြေးများတွင် တစ်လလျှင် တစ်ကြိမ်၊ ကျပ်သုံးသောင်းမှသိန်းဂဏန်းအထိ အသင်းဝင်များက စုကြေးထည့်ဝင်ရသည်။

ထို့နောက် လစဉ်စုကြေးကို လေလံစနစ်ဖြင့် အသုံးပြုခွင့်ရသူကို ရွေးချယ်သည်။ စုကြေးဒိုင်များ ထွက်ပြေး၍ ကျပ်သိန်းဆယ်ဂဏန်းမှ ထောင်ဂဏန်းထိ ဆုံးရှုံးကြပြီး၊ အများဆုံး ဆုံးရှုံးကြသူများမှာ ပဲ၊ နှမ်းစိုက်တောင်သူများဖြစ်ကြသည်။

## ရှေးထိုင်းဘုရင့်အုတ်ဂူဟောင်း ရှာဖွေတွေ့ရှိပါက အမှတ်တရနေရာတစ်ခုအဖြစ် ဆောင်ရွက်မည်

**ညီညီဇော်**

**မန္တလေး၊ဖေဖော်ဝါရီ-၂၃**

အမရပူရမြို့နယ် လင်းဇင်းကုန်းသုသာန်တွင် ရှေးထိုင်းဘုရင်ဟောင်း၏ အုတ်ဂူအစစ်အမှန်ကို ရှာဖွေတွေ့ရှိပါက ယင်းနေရာကို အမှတ်တရ နေရာတစ်ခုအဖြစ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက ပြောသည်။

ရှေးထိုင်းဘုရင်အုတ်ဂူဟုတ်၊ မဟုတ်ကိုထိုင်းနိုင်ငံမှရှေးဟောင်းသုတေသီပညာရှင်၊ ဗိသုကာ ပညာရှင်ပေါင်း ၂၀ ကျော်သည် မြန်မာနိုင်ငံအစိုးရ ခွင့်ပြုချက်ဖြင့် ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ကာ လာရောက်သုတေသနပြုလုပ်နေပြီး ရက်ပေါင်း ၄၀ ခန့်ကြာမြင့်နိုင်ကြောင်း The Association of Siamese Architect အဖွဲ့ ဒုဥက္ကဋ္ဌ Micky Heart က ပြောသည်။



*အမရပူရလင်းဇင်းကုန်းသုသာန်တွင် တွေ့ရသည့် အုတ်ဂူဖြစ်နိုင်သော အုတ်တိုင်တွင် စေတီပုံစငယ်*

ဓာတ်ပုံ-ညီညီဇော်

ယခုအစီအစဉ်သည် ထိုင်း-မြန်မာချစ်ကြည်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် အထောက်အကူပြုသွားမည်ဟု မြို့တော်ဝန်က ဆိုသည်။ အမရပူရမြို့ လင်းဇင်းသုသာန်တွင် ထိုင်းဘုရင်အုတ်ဂူဖြစ်နိုင်သည့် အုတ်တိုင်နှင့် စေတီပုံသဏ္ဌာန် အဆောက်အအုံတို့ရှိနေပြီး မည်သည့်အရာက အုတ်ဂူအစစ်အမှန်ဖြစ်သည်ကို လေ့လာသွားမည်ဖြစ်သည်။ ၎င်းအဆောက်အအုံများမှ သက်သေအထောက်အထားများကို ရှာဖွေရာတွင် အုတ်တစ်ချပ်မျှပင် အပျက်အစီးခံမည်မဟုတ်ကြောင်းလည်း တာဝန်ရှိသူက ဆိုသည်။

၁၈ ရာစုအတွင်းက ထိုင်းနိုင်ငံကို စစ်အောင်နိုင်လာခဲ့သည့် ဆင်ဖြူရှင်မင်းမှာ ထိုင်းမိသားစုပေါင်းနှစ်သိန်းကျော်ကိုခေါ်ဆောင်လာခဲ့ပြီး မင်းမျိုးမင်းနွယ် နှစ်ထောင်ကျော် ပါဝင်လာခဲ့သည်။ မင်းမျိုးမင်းနွယ်ထဲတွင် ထိုင်းဘုရင် Udombhara (Dok Dua) သည် ရဟန်းဝတ်ဖြင့်ပါလာခဲ့သည်။ ၎င်းမှာ ဘိုးတော်ဘုရား လက်ထက်တွင် နတ်ရွာစံပြီး လင်းဇင်းကုန်းသုသာန်၌ သဂြိုဟ်ကာ အုတ်ဂူတည်ထားခဲ့သည်ဟု သမိုင်းအထောက်အထားများ တွေ့ရှိထားကြောင်း ဒုဥက္ကဋ္ဌ Micky Heart က ပြောသည်။

ထိုင်းဘုရင့် အုတ်ဂူကို တွေ့ရှိခဲ့ပါက ထိုင်းသို့ ပြန်လည်ယူဆောင်သွားမည်မဟုတ်ဘဲ အရိုးပြာသို့မဟုတ် အရိုးအနည်းငယ်ကိုသာ ထိုင်းပြည်သူများ ပူဇော်လိုပါက မြန်မာအစိုးရခွင့်ပြုချက်ဖြင့် ယူ ဆောင်သွားမည်ဖြစ်ကြောင်း၊ အုတ်ဂူအစစ်အမှန်ဖြစ်ပါက ယခုနေရာတွင် အထိမ်းအမှတ် အဆောက်အအုံတစ်ခု ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## ချင်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို လူထုသဘောတူမှ ဆောင်ရွက်မည်ဟုဆို

**နိုင်ချို**

**ဟားခါး၊ ဖေဖော်ဝါရီ - ၂၁**

ချင်းပြည်နယ်အတွင်း ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းလုပ်ငန်းများအား ပြည်သူ့ဆန္ဒဖြင့်သာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက ဟားခါးမြို့ရှိ ပြည်သူလူထုနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

"ချင်းပြည်နယ်မှာလာရောက်ရင်းနှီးမြှုပ်နှံမှုတွေကို ပြည်သူလူထုသဘောတူမှလုပ်မယ်။ သဘောမတူရင် မလုပ်ဘူး။ ကျွန်တော်တို့အနေနဲ့ အတင်းလုပ်ယူစရာ မလိုဘူး။ ပြည်သူလူထုရဲ့ သဘောတူညီမှုယူတာ ပထမဆုံး ပဲ။ အရင်ကဒါမျိုးမရှိဘူး" ဟု ဦးဝင်းထွန်းက ပြောသည်။

ချင်းပြည်နယ်တွင် လုပ်ကိုင်မှုနည်းပါးသည့် ပိုးစာပင်စိုက်ပျိုးခြင်း၊ ပိုးချည်ထုတ်လုပ်ခြင်း၊ ထင်းရှူးဆီထုတ် စက်ရုံတည်ဆောက်ခြင်း၊ ထင်းရှူးပင် စိုက်ခင်းများတည်ထောင်ခြင်းစသည့်လုပ်ငန်းများကို ပြည်သူလူထု သဘောတူညီချက် ရရှိပါက တရုတ်နိုင်ငံ အခြေစိုက် CIFG(China International Forest Group) အဖွဲ့နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ချင်းပြည်နယ်က ထင်းရှူးဆီ ထုတ်လုပ်မှု အားကောင်းနိုင်တယ်။ ပိုးစာပင် စိုက်ပျိုးရေးလုပ်ငန်းကလည်း ဒီပြည်နယ်ရာသီဥတုနဲ့ ကိုက်ညီတယ်။ ကျွန်တော်တို့ ဘက်က အရင်းအနှီး၊ နည်းပညာပံ့ပိုးပြီး ဒေသခံတွေကို လုပ်ကိုင်ခွင့်ပေးမှာပါ" ဟု CIFG မှ ဥက္ကဋ္ဌ မစ္စတာ Zheng Shan Hong က ပြောသည်။

ယခုကဲ့သို့ပွင့်လင်းမြင်သာမှုရှိလာသော အချိန်တွင် ပြည်သူများအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရရှိထားပြီး၊ ယခုရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များတွင် ပြည်ထောင်စု အစိုးရအနေဖြင့် လာဘ်လာဘကို မျှော်ကိုး၍ လုပ်ဆောင်ခြင်းမျိုး မဟုတ်ဘဲ ရရှိလာသော အကျိုးအမြတ်များကို ပြည်နယ်အတွက်သာ အသုံးပြုမည်ဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။ တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကိစ္စများကို ပြည်သူ့ဆန္ဒမပါပါက ပြည်ထောင်စု အစိုးရအနေဖြင့် လက်ခံမည်မဟုတ်ဘဲ ဒေသခံပြည်သူများက လက်ခံမှသာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ "ချင်းပြည်နယ်အတွက် အကျိုးအမြတ်ရှိမယ်။ လက်လုပ်လက်စားတွေ ပုံမှန်ဝင်ငွေရမယ်ဆိုရင် ချင်းလူထုအနေနဲ့ စဉ်းစားသင့်တယ်" ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ချင်းပြည်နယ်မှာ ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံး ပြည်နယ်တစ်ခုဖြစ်ပြီး သဘာဝအရင်းအမြစ်များ ထုတ်လုပ်သော လုပ်ငန်းများ လုပ်ကိုင်သည့် စီမံကိန်းကြီးများ မရှိသည့် ပြည်နယ်လည်း ဖြစ်သည်။

## ချင်းပြည်နယ်တွင် သယံဇာတများ တူးဖော်ခြင်းကို စိုးရိမ်ကြောင်း ချင်းအမျိုးသားပါတီ ကြေညာချက်ထုတ်

**ရန်မျိုးနိုင်၊ အောင်နိုင်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၂**

ချင်းပြည်နယ်အစိုးရက ပြည်နယ်အတွင်းရှိမြေပေါ်မြေအောက် သဘာဝသယံဇာတများကို အတိုင်းအတာတစ်ခုအထိ စီမံခန့်ခွဲခွင့်မရှိသေးသည့် အချိန်တွင် တူးဖော်လုပ်ကိုင်ခြင်းကို ချင်းအမျိုးသားပါတီမှ အထူးစိုးရိမ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှု အမြင့်မားဆုံးဖြစ်သော ချင်းပြည်နယ်တွင် လူဦးရေ ငါးသိန်းကျော်နေထိုင်ပြီး တွင်းထွက်သတ္တုများအဖြစ် ကြေးနီ၊ ကြေးဝါနှင့် ရွှေအနည်းငယ်ထွက်ရှိကြောင်း ချင်းပြည်နယ် သစ်တောနှင့် သတ္တုတွင်း ဝန်ကြီးဌာနမှ သိရသည်။

၆၅ နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ယင်းကြေညာချက်အား ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ချင်းပြည်နယ်အတွင်းရှိသဘာဝသယံဇာတများ ထုတ်လုပ်မှုတွင် ပြည်သူများ ထင်သာမြင်သာရှိအောင် ဆောင်ရွက်စေလိုကြောင်း ချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇိုဇမ်က ပြောသည်။

ထို့အပြင်ချင်းပြည်နယ်မှထွက်ရှိသော သယံဇာတများကို ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်စီမံခန့်ခွဲနေခြင်းသည် ပြည်နယ်အား ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် အားနည်းချက်တစ်ခုဖြစ်စေကြောင်း ၎င်းက ဆိုသည်။

ပြည်နယ်အတွင်း လုပ်ကိုင်ဆောင်ရွက်သော စီမံကိန်းများကို ပြည်ထောင်စုအစိုးရအား တင်ပြခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု နည်းအောင်ဆောင်ရွက်နေသည့်အပြင် ဒေသခံပြည်သူများကိုပါ ရှင်းလင်းခြင်းများကို ဆောင်ရွက်နေကြောင်း ချင်းပြည်နယ် သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်ငြိမ်းက ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး မတ်လ ၁၄ ပြန်စမည်

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ - ၂၃**

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမအကြိမ် ဆဋ္ဌမပုံမှန်အစည်းအဝေးကို လာမည့်မတ်လ ၁၄ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံမှ သတင်းရရှိသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင် မေးမြန်းမည့်မေးခွန်းများနှင့်အဆများကို လွှတ်တော်ရုံးသို့ ကြိုတင်ပေးပို့ရန် ဖိတ်ကြားစာများ ပေးပို့ထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ရုံး တာဝန်ခံက ပြောသည်။

ယခုကျင်းပမည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ၂၀၁၃-၁၄ ဘတ်ဂျက်ကို အဓိကထား ဆွေးနွေးဖွယ်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

မြို့လူထုစိတ်ဝင်စားမှုများသည့် စည်ပင်သာယာ ဥပဒေနှင့် မန္တလေးတိုင်းဒေသကြီး၏ လျှပ်စစ်နှင့် စွမ်းအင်ကိစ္စများနှင့် သက်ဆိုင်သည့်ဥပဒေတို့ကို အတည်ပြုနိုင်ရန် ဥပဒေကြမ်း ကော်မတီက ကြိုးစားနေပြီး ယခုလွှတ်တော်အစည်းအဝေးတွင် အတည်ပြုနိုင်မည်ဟု အတတ်မပြောနိုင်သေးကြောင်း ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းလှက ပြောသည်။

ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်သော ပုံနှိပ်မှင်အကြောင်း အစီရင်ခံစာနှင့် အမျိုးသမီးများ ဝတ်စားဆင်ယင်မှုနှင့် သက်ဆိုင်သည့် မေးခွန်းများကို အဓိကထား မေးမြန်းမည်ဖြစ်ကြောင်း ချမ်းအေးသာစံ မြို့နယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်မာက ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလကုန်ပိုင်းတွင် ကျင်းပခဲ့သည့် ပဥ္စမပုံမှန်အစည်းအဝေး၌ ရေးရာကော်မတီ(၁၁) ရပ် ဖွဲ့စည်းခဲ့ရာ ယခုဆဋ္ဌမ ပုံမှန်အစည်းအဝေးတွင် ရေးရာကော်မတီများမှ သက်ဆိုင်ရာ နယ်ပယ်အလိုက် အစီရင်ခံစာများ တင်သွင်းခြင်းများ ရှိလာနိုင်ပြီး လွှတ်တော်၏ လုပ်ငန်းများ လုပ်ဆောင်ရာတွင် ယခင်ထက် ပိုမိုအားကောင်း ကျယ်ပြန့်စွာ လုပ် ဆောင်မည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဆို သည်။

သက်တမ်း နှစ်နှစ်ရှိပြီဖြစ်သည့် မန္တလေးတိုင်းလွှတ်တော်တွင် ပုံမှန်အစည်းအဝေး ငါးကြိမ်၊ အထူးအစည်းအဝေး နှစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်ကာ ဥပဒေ ၁၃ ရပ် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်က ဒီဇင်ဘာလအတွင်းက ပြောသည်။

# မောင်တောမြို့ ရခိုင်ရိုးရာရထားဆွဲပွဲ ယခုနှစ်တွင် မကျင်းပနိုင်

**မောင်ကံ**

**မောင်တော၊ ဖေဖော်ဝါရီ- ၂၃**

နှစ်စဉ်တပို့တွဲလတွင် ကျင်းပလေ့ရှိသည့် ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို မောင်တော နယ်စပ်ဒေသ၌ ယခုနှစ်တွင် မကျင်းပနိုင်ကြောင်း သတင်းရရှိသည်။

ဇွန်လတွင် စတင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် မောင်တောနယ်စပ်ဒေသတွင် လုံခြုံရေးကို တိုးမြှင့်ချထားရပြီး ညမထွက်ရအမိန့်ပုဒ်မ(၁၄၄)ကို ည ၁၀ နာရီမှ နံနက် ၄ နာရီထိ သတ်မှတ်ထားသည့်အတွက် ညအချိန်တွင် ကျင်းပရသည့် ရထားဆွဲပွဲကို ကျင်းပရန် အခက်အခဲရှိနေခဲ့ကြောင်း သိရသည်။

"ဇွန်လ ၈ ရက်ဖြစ်ပြီးနောက်ပိုင်း ဆက်ပြီးတော့ ကျေးရွာအချို့မှာ ဆူပူအကြမ်းဖက်မှုတွေဖြစ်နေတာကြောင့် ဒေသခံအများစုက ပွဲလုပ်ရင်တောင်ပါဝင်ဆင်နွှဲကြမှာ မဟုတ်ပါဘူး။ ပြီးတော့ ရထားပွဲက ညအချိန်ကျင်းပရတာဖြစ်တဲ့အတွက် ထုတ်ပြန်ထားတဲ့ ပုဒ်မ ၁၄၄ နဲ့ဆိုရင် မကိုက်ညီဖြစ်နေပါတယ်။ နောက်နှစ်လောက်မှပဲ ကျင်းပနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ရထားပွဲကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောပြသည်။

ရခိုင်ရိုးရာရထားဆွဲပွဲမှာ ရခိုင်တိုင်းရင်းသားများ၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တပို့တွဲလတွင် ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ပြီး ရထားဆွဲခြင်းအားဖြင့် တိုင်းပြည်အေးချမ်းသာယာခြင်း၊ ရာသီဥတုမျှတခြင်း၊ ဆန်ရေစပါးပေါများခြင်းစသည့် အကျိုးကျေးဇူးများရရှိကြောင်း ယုံကြည်ကြသည်။



၂၀၁၁ ခုနှစ်က ရခိုင်ရိုးရာရထားဆွဲပွဲတော်ကျင်းပစဉ်
ဓာတ်ပုံ - မောင်ကံ

# မောင်တောဒေသတွင် ရင်းနှီးမြှုပ်နှံမှုများဝင်လာရန် ကြိုးပမ်းမည်ဟု လွှတ်တော်အမတ်ပြော

**အောင်နိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

မောင်တောဒေသတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်နိုင်ရန် စီစဉ်ပေးရေးအဆိုမအောင်မြင်သော်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဟုဒေါ်ခင်စောဝေက ပြောသည်။

ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးလာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြခြင်း၊ လွှတ်တော်တွင် အဆိုများတင်သွင်းခြင်းနှင့် စိတ်ဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များကို ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အစိုးရကလည်း ပူးပေါင်းပါဝင်မည်ဟုမျှော်လင့်ကြောင်း အထက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

"အခု ရခိုင်တိုင်းရင်းသားတွေ ကိုယ့်ဒေသမှာ မနေတာ ဘာမှ လုပ်စရာမရှိလို့ပါ။ စီးပွားရေးဖွံ့ဖြိုးလာရင် ကျွန်မတို့ ပြန်ကြမှာပါ" ဟု ဆိုသည်။

ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မောင်တောမြို့နယ်အလယ်သံကျော်ဒေသနှင့် အခြားမြို့နယ်များတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်နိုင်ရန် စီစဉ်ပေးရေးအဆိုကို ရသေ့တောင် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေက တင်သွင်းခဲ့ သည်။ ယင်းအဆို အားစက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က အခြေခံအဆောက်အဉီများ ပြည့်စုံရန် လိုအပ်ချက်များ ရှိနေသေးသဖြင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ရန် အစီအစဉ်မရှိသေးကြောင်း ဖြေကြားခဲ့သည်။

မောင်တောဒေသတွင် ရခိုင်နှင့် အခြားတိုင်းရင်းသား ဦးရေမှာ ငါးရာခိုင်နှုန်းသာရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် ဒေသမှ ထွက်ခွာသူဦးရေများပြားနေခြင်းတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးရန် ဖိဖိစီးစီးဆောင်ရွက်သင့်ပြီဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်မြကျော်က သုံးသပ်သည်။

"မောင်တောမှ မဟုတ်ဘူး။ ရခိုင်မြောက်ပိုင်းမှာ စက်မှုဇုန် တစ်ခုမှ မရှိဘူးလေ။ အစိုးရက သေချာစနစ်တကျ စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်သင့်တယ်။ ဒါမှ ဖွံ့ဖြိုးမှုမြန်ဆန်မှာ"ဟု ပြောသည်။

ရခိုင်ပြည်နယ်တွင် အလုပ်အကိုင် အခွင့်အလမ်းပေါများလာပါက တိုင်းရင်းသားများ အခြေချနေထိုင်မှုများပြားလာပြီး တိုင်းပြည်၏ အနောက်ဘက် တံခါးကိုကာကွယ်ပြီးသား ဖြစ်မည်ဟု စစ်တွေမြို့မှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

# မောင်တောမြို့ရှိ စက်သုံးဆီဆိုင်များကို မြို့ပြင်ပြောင်းရွှေ့

**မောင်ကံ**

**မောင်တော၊ ဖေဖော်ဝါရီ- ၂၂**

ပွင့်လင်းရာသီရောက်ရှိလာသဖြင့် မီးဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မောင်တောမြို့တွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များကို မြို့ပြင်ပြောင်းရွှေ့ရောင်းချရန် သက်ဆိုင်ရာမှ ညွှန်ကြားထားကြောင်း စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ယခင်က မောင်တောနယ်စပ်ဒေသတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီများကို မြို့တွင်းတွင် ရောင်းချနေကြပြီး ဖေဖော်ဝါရီလ ၁၇ ရက်က စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင် မီးလောင်ကျွမ်းမှုဖြစ်ပွားပြီးနောက်ပိုင်း စက်သုံးဆီ အရောင်းဆိုင်အားလုံးကို မြို့ပြင်သို့ ပြောင်းရွှေ့ရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဆီဆိုင်တွေကို အခုလို မြို့ပြင်ကို ပြောင်းရွှေ့လိုက်တာကောင်းပါတယ်။ မြို့တွင်းမှာဆိုရင် အရမ်းအန္တရာယ်များပါတယ်။ မြို့ပြင်ဆိုပေမယ့် သိပ်မဝေးတဲ့အတွက် ဆီသွားထည့်ရတာ သိပ်အခက်အခဲတော့ မရှိပါဘူး" ဟု ဆိုင်ကယ်စီးနင်းသူတစ်ဦးက သူ၏အမြင်ကို ပြောပြသည်။ ဖေဖော်ဝါရီလ ၁၇ ရက်က မောင်တောမြို့ အောင်မြေဗောဓိကျေးရွာရှိ စက်သုံးဆီအရောင်းဆိုင် နေအိမ်တစ်လုံးမှာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး၊ ယင်းမီးလောင်ကျွမ်းမှုကြောင့် လူသုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



# ကလေးမြို့ရှိ မှောင်ခိုရေနံဖိုများနှင့် တရားမဝင် ရောင်းဝယ်မှုများ အရေးယူမည်

**ကျော်ကျော်အောင်**

**ကလေး၊ ဖေဖော်ဝါရီ - ၂၃**

ကလေးမြို့နယ်အတွင်းရှိ မှောင်ခိုရေနံချက်ဖိုများနှင့် တရားမဝင်ဝယ်ယူရောင်းချမှုများအား မကြာမီကာလအတွင်း အရေးယူမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးသစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်က ဖေဖော်ဝါရီ ၁၇ ရက်တွင်ပြုလုပ်သောရေနံကုမ္ပဏီများ၊ ကျင်းပိုင်လုပ်သားများနှင့် ရေနံချက်ဖိုလုပ်ငန်းရှင်များ တွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်က နိုင်ငံတော် အခွန်သည် လျော့ထားသည့်နှုန်းထက် နိမ့်ကျနေသည့်အတွက်တရားမဝင်ရေနံချက်ဖိုများ၊ ရေနံမှောင်ခိုသယ်ယူမှုများကို ထိန်းချုပ်နိုင်မှသာ နိုင်ငံတော်ဘတ်ဂျက် ပြည့်မီနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ရေနံမှောင်ခိုသယ်ယူနေမှုများသည် ကလေးမြို့နယ်အတွင်း၌ ဆိုင်ကယ်များနှင့် ရောင်းဝယ်နေကြသဖြင့် မီးဘေးအန္တရာယ်လည်း စိုးရိမ်ရသည့်အတွက် မလိုလားအပ်သောပြဿနာများ မဖြစ်ပွားမီ တားဆီးရန်လိုအပ်နေခြင်းတို့ကြောင့် အရေးယူမှုများ မပြုလုပ်မီ ရေနံကုမ္ပဏီများ၊ ရေနံလုပ်သားများ၊ ရေနံချက်ဖိုများ သိရှိနိုင်အောင် အသိပေးညှိနှိုင်း ဆွေးနွေးရခြင်းဖြစ်ကြောင်း၎င်းက အဆိုပါပွဲတွင် ပြောကြားခဲ့သည်။

"အခု ရေနံမှောင်ခိုချက်နေတဲ့ ရေနံချက်ဖိုတွေကိုလည်း တရားဝင် အခွန်ဆောင်ပြီး ရေနံချက်ဖို ဇုန်မှာပဲ တစ်ပေါင်းတစ်စည်းတည်း ပြုလုပ်ဖို့ ရေနံကယ်ရီသယ်ယူသူတွေကိုလည်းဆိုင်ကယ်နဲ့ သယ်ယူတာ ဖြစ်တဲ့အတွက် မီးဘေးအန္တရာယ်စိုးရိမ်တာရယ်၊ တရားမဝင်ဖြစ်တာရယ် ကြောင့် အရေးယူဆောင်ရွက်မယ် ဆိုပြီး ဝန်ကြီးက ပြောကြားခဲ့ ပါတယ်" ဟုအဆိုပါ ဆွေးနွေးပွဲသို့တက်ရောက်ခဲ့သူ ဦးမျိုးမင်းကျော်က ပြောကြားသည်။

ကလေးမြို့နယ်သည်မြန်မာနိုင်ငံရှိရေနံထွက်အားကောင်းရာဒေသတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ရေနံမှော်ပေါင်း ၂၀ ကျော်ရှိသည့်အနက် မှော်အသီးသီး၌ ရေနံကုမ္ပဏီများက ရေနံလုပ်သားများထံမှ ရေနံစိမ်း ဈေးနှိမ်ဝယ်မှုများကြောင့် ၂၀၁၂ ခုနှစ်အတွင်းတွင် မကြာခဏဆိုသလိုပင် ကုမ္ပဏီနှင့် ရေနံလုပ်သားများအကြား အငြင်းပွားမှုပြဿနာများ ဖြစ်ပွားခဲ့ သေးကြောင်းလည်း ဒေသခံ ရေနံလုပ်သားများထံမှ သတင်းရရှိသည်။

"အထူးသဖြင့် ရေနံမှောင်ခိုချက်ဖိုတွေကို အရေးယူဖို့ လိုတယ်။ မှောင်ခိုချက်ဖိုတွေဆိုရင် အခုဝန်ကြီး မလာခင်တုန်းက ဆိုရင် ကလေးမြို့နယ် နတ်ချောင်း၊ နတ်မြောင်းရွာတစ်ဝိုက်တွေမှာ ချက်ကြတယ်။ ဒါဟာဆိုရင် ရွာအနီးမှာ ချက်တဲ့အတွက် မတော်တဆ မီးလောင်သွားရင် တစ်ရွာလုံး ပြာကျမယ့် ကိစ္စရပ်ကြီးပါ။ ဒါကြောင့် ရေနံချက်ဖိုတွေကို သေချာလေးကြပ်မတ်ကိုင်တွယ်ဖို့လိုမယ်။ ဒါပြီး ရေနံကယ်ရီသမားတွေပဲ။ မြို့ထဲမှာ ရေနံဆီပုံးတွေတင်ပြီး ဆိုင်ကယ် တဗျင်းဗျင်းနဲ့ မောင်းကြတယ်။ ဆိုင်ကယ်တစ်စင်းကို ဆီ ဆယ်ဂါလန်လောက်ဆံ့တဲ့ ပုံးတွေနဲ့ မြို့ထဲမှာ ဖြတ်ရင် ဆီလေးပုံးလောက် တင်မောင်းကြတယ်" ဟု ဒေသခံတစ်ဦးက ဆိုသည်။

# ယခုနှစ် မန္တလေးသင်္ကြန်အတွက် မဏ္ဍပ် လျှောက်လွှာများ စတင်လက်ခံ

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ - ၂၃**

မကြာမီ ရောက်ရှိတော့မည့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့ ကျုံးဘေးပတ်လည်၊ ကန်တော်ကြီး ပတ်လည်နှင့် မြို့တွင်းတွင် အတာသင်္ကြန် အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ် ဆောက်လုပ်လိုသူများအတွက် လျှောက်လွှာများ စတင်လက်ခံနေပြီဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သတင်းရရှိသည်။



၂၀၁၀ ခုနှစ် မန္တလေးသင်္ကြန်မြင်ကွင်း

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

သင်္ကြန်မဏ္ဍပ် ဆောက်လုပ်ခွင့် လျှောက်လွှာများကို မတ်လ ၈ ရက်နေ့အထိ မန္တလေးစည်ပင်အခွန်ဌာနသို့ လာရောက်လျှောက်ထားနိုင်ကြောင်း၊ ကျုံးဘေးပတ်လည်တွင် မဏ္ဍပ်ဆောက်လုပ်လိုပါက ငွေကျပ်ငါးသိန်းကို မန္တလေးစည်ပင်သို့ ပေးသွင်းရမည်ဖြစ်ပြီး မန္တလေးကန်တော်ကြီးပတ်လည်နှင့် မြို့တွင်းတွင် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်မည်ဆိုပါက ငွေပေးသွင်းရန် မလိုကြောင်း မန္တလေးစည်ပင်အခွန်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သင်္ကြန်မဏ္ဍပ် ဆောက်လုပ်မည့် နေရာနှင့်ပတ်သက်၍ ဌာနဆိုင်ရာများကို အဓိကဦးစားပေးမည်ဖြစ်ပြီး ကျုံးပတ်လည်တွင် ခွင့်ပြုသည့် အရေအတွက်ထက် မဏ္ဍပ်ဆောက်လုပ်လိုသူများပါက မဲနှိုက်ရွေးချယ်ပေးမည်ဖြစ်ကြောင်း ကျုံးတစ်မျက်နှာတွင် အနည်းဆုံး မဏ္ဍပ်ဆယ်ခုဆောက်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း မန္တလေးစည်ပင်မှ သိရသည်။

သင်္ကြန်မဏ္ဍပ်များကိုမတ်လ ၁၅ ရက်တွင် စတင်ဆောက်လုပ်နိုင်ပြီး သင်္ကြန်အပြီး ဧပြီ ၂၃ ရက်နောက်ဆုံးထား ဖျက်သိမ်းရမည်ဖြစ်သည်။ သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ရာတွင် ယာယီ အိမ်သာ၊ ၁၀ ပေ အကျယ် အမှိုက်ကန်နှင့် စီစီတီဗီ ကင်မရာများ တပ်ဆင်ပါရှိရမည်ဖြစ်ပြီး တီးဝိုင်းမပါသော မဏ္ဍပ်အတွက် ပေ ၈၀ နှင့် တီးဝိုင်းပါသော မဏ္ဍပ်များအတွက် ပေ ၁၂၀ ခွင့်ပြုပေးမည်ဖြစ်ကြောင်း မန္တလေးစည်ပင်မှ သိရသည်။ "ဒီနှစ်သင်္ကြန်အတွက် ကန်တော်ကြီးမှာ ရေစုထားတယ်။ အဲဒါကြောင့်ဒီနှစ်တော့ကန်တော်ကြီးဘက်မှာလည်း သင်္ကြန်မဏ္ဍပ်တွေ ရှိလာနိုင်တယ်" မန္တလေးစည်ပင်အခွန်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ် မန္တလေးကန်တော်ကြီး ပတ်လည်တွင် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်သူ မရှိခဲ့ဘဲ မြို့တွင်း၌ မဏ္ဍပ်နှစ်ခုနှင့် ကျုံးဘေးအရှေ့ဘက်ခြမ်း ၆၆ လမ်းပေါ်တွင်မဏ္ဍပ် ၁၂ ခု၊ ကျုံးတောင်ဘက်ခြင်း ၂၆ လမ်းပေါ်တွင် ၁၀ ခု၊ ကျုံးအနောက်ဘက်ခြမ်းလမ်း ၈၀ ပေါ်တွင် လေးခု ဆောက်လုပ်ခဲ့ပြီး ယခင်နှစ်က မန္တလေးသင်္ကြန်တွင် မဏ္ဍပ် ၃၇ ခု ဆောက်လုပ်ခဲ့ကြောင်း မန္တလေးစည်ပင်မှ သိရသည်။

မြန်မာကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်မှ ၁၃၇၅ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာရိုးရာနှစ်ကူး သင်္ကြန်တွင် မန္တလေးသင်္ကြန်ကို ထီးမူနန်းဟန် မပျက်ကျင်းပနိုင်ရေး အကြံဉာဏ်ပေးသွားမည်ဖြစ်ကြောင်း မကြာခင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသည့် မန္တလေးစည်ပင် အကြံပေး အဖွဲ့ခေါင်းဆောင် ဦးပိုမြင့်က ပြောသည်။

# ရန်ကုန်နာရေးကူညီအသင်း မောင်တောနယ်စပ်ရှိ ဒုက္ခသည်များအတွက် လာရောက်လှူဒါန်း

**မောင်ကံ**

**မောင်တော၊ ဖေဖော်ဝါရီ-၂၃**

မောင်တောနယ်စပ်ရှိ ဒုက္ခသည်များအတွက် စားနပ်ရိက္ခာရရှိမှုမှာ ယခင်ကာလများထက် နည်းပါးလာပြီး စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့လျက်ရှိရာ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ စားနပ်ရိက္ခာနှင့် လယ်ယာသုံးပစ္စည်း သိန်း ၁၈၀ ကျော်ဖိုး လာရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

"ဇွန်လ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပွားပြီးနောက် အခုတစ်ခေါက်ဆိုရင် မောင်တောကို လှူဒါန်းတာ တတိယအကြိမ်ဖြစ်ပါပြီ။ အဓိကတော့ စားနပ်ရိက္ခာတွေဖြစ်တဲ့ ဆန်၊ ပဲ၊ ငါးခြောက်တွေကို လှူဒါန်းပေးထားပါတယ်။ ပြီးတော့ ဒုက္ခသည်အများစုက လယ်ယာနဲ့ သီးနှံလုပ်ကိုင်စားသောက်ကြသူတွေဖြစ်တဲ့အတွက် လယ်ယာသုံး လက်တွန်းထွန်စက် နှစ်စီး၊ ထော်လာဂျီ နှစ်စီးနဲ့ ရေစုပ်စက် ၁၀ လုံးကို မောင်တောခရိုင် အမျိုးသားကူညီစောင့်ရှောက်ရေး ဖောင်ဒေးရှင်းအဖွဲ့နဲ့ ပူးပေါင်းလှူဒါန်းပေးခဲ့ပါတယ်" ဟု နာရေးကူညီမှုအသင်း အဖွဲ့ဝင် ဦးကျော်ဝင်းက ပြောပြသည်။







**TRADEMARK CAUTION**

Oriental and Motolite Marketing Corporation., a company incorporated in philippines at 80-82 RAMCAR Center, Roces Avenue, Diliman, Quezon City, Philippines is the Owner and Sole Proprietor of the following Trademarks:-

MOTOLITE

Reg:No.4/3958/2009

SUPERCHARGE

Reg:No.4/3959/2009

In respect of : Int'l Class 09: Automotive Batteries.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 28.Feb.2013

**အမြန်ငှားရမ်းလိုသည်။**

**Ercavator Long Boom (၂) စီး**

**ဆက်သွယ်ရန်ဖုန်း**

**၀၉–၈၆၂၅၀၂၂၊ ၀၉–၅၁၃၃၈၆၅**

7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013



# ထိုင်းရောက်မြန်မာလုပ်သားများ အသင်းအဖွဲ့တရားဝင်မဖွဲ့စည်းနိုင်ဟုဆို

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇**

ထိုင်းနိုင်ငံတွင်း ရာသီအလိုက် ပြောင်းရွှေ့လုပ်ကိုင်သောမြန်မာ အလုပ်သမားများ၏ အလုပ်ရှင်များမှာတစ်ဖက်နိုင်ငံသားဖြစ်သဖြင့် ၂၀၁၁ခုနှစ်အလုပ်သမားအဖွဲ့အစည်း ဥပဒေအတိုင်း အသင်းအဖွဲ့အဖြစ် တရားဝင်ဖွဲ့စည်းခွင့်မရှိကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုဝန်ကြီးဦးမြင့်သိန်းက ပြောသည်။

“ထိုင်းက အလုပ်ရှင်ဖြစ်တဲ့အတွက် လောလောဆယ် ပြည်တွင်းမှာ အလုပ်သမားအဖွဲ့အစည်း ဖွဲ့ခွင့်မရှိဘူး။ အထောက်အထားထုတ်ပေးဖို့ ကိစ္စကလည်း ညှိတုန်း၊ ညှိဆဲပေါ့”ဟု ဒုဝန်ကြီး ဦးမြင့်သိန်းက ပြောသည်။

ထိုင်းနိုင်ငံအတွင်းနှစ်ရှည်လုပ်ကိုင်သည့် အထောက်အထားမဲ့ ရွှေ့ပြောင်းလုပ်သားများအား ထိုင်းအစိုးရက သုံးလသက်တမ်းဖြင့် ယာယီနိုင်ငံကူးလက်မှတ်များကို ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ထုတ်ပေးလျက်ရှိသည်။

ထိုင်းအစိုးရက ထိုင်းအလုပ်ရှင်ထံအလုပ်သမားများ စာရင်းကောက်ခံရာ၌ လွဲချော်မှုမရှိစေရန် မြန်မာအစိုးရဘက်မှလည်း ထိုင်းနိုင်ငံအတွင်းရှိ အင်န်ဂျီအိုအဖွဲ့အစည်းများနှင့် ပူးပေါင်းဝိုင်းဝန်း ကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



*ထိုင်းနိုင်ငံ မဟာချိုင်ရှိ ရေလုပ်ငန်းတစ်ခုတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာလုပ်သားများ*

ဓာတ်ပုံ - www.aawl.org.au

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ်ရှိ ရာသီအလိုက် ရွှေ့ပြောင်းလုပ်ကိုင်သော မြန်မာအလုပ်သမား ၃၀ ဦးသည်ပြီးခဲ့သည့် နှစ်မေလပိုင်းအတွင်း၌ အလုပ်သမားအဖွဲ့အစည်းဖွဲ့စည်းရန် မှတ်ပုံတင်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာအလုပ်သမားသုံးသန်းဝန်းကျင်ရှိမည်ဟု ထိုင်းရောက် မြန်မာလုပ်သားများကို ကူညီပေးနေသော အဖွဲ့အစည်းများက ခန့်မှန်းထားသည်။

၂၀၀၉ ခုနှစ်မှစ၍ ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးလျက်ရှိရာ ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမား ၁ ဒသမ ၃ သန်းခန့်အား အထောက်အထားများထုတ်ပေးခဲ့သည်။

ထို့အပြင် ကျန်ရှိနေသေးသည့် မြန်မာအလုပ်သမား တစ်သန်းကျော်အား ယခုလ ၁၅ မှ မေလ ၁၅ ရက်ထိ ထုတ်ပေးမည်ဖြစ်ပြီး လိုအပ်ပါက သက်တမ်းများ ထပ်မံတိုးမြှင့်ပေးမည်ဟုသတင်းရရှိသည်။

---

## Free Classified | ဝန်ထမ်းအလိုရှိသည် | အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

1. Eduction Officer/Customer Services Officer
2. Receptionist
3. Education Editor
4. Marketing Executive/Assistant
5. Secretary
6. Course/Teaching Assistant
7. Admin Exeutive/Assistant

Recruitment
Regent Education Group
အမှတ် (ဘီ-၁၃+၂၃)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ (ရွှေကောင်းဟော့ပေါ့အရှေ့)၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်။

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

လုံခြုံရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ကျား (၅၀)၊ မ (၁၀) ဦး
ကွမ်း၊ ဆေးလိပ်၊ အရက်သေစာ၊ မူးယစ်ဆေးဝါးကင်းရှင်းသူဖြစ်ရမည်။
Vertex Security Services Co.,. Ltd.
အမှတ် (၂၅၄)၊ ၄ လွှာ၊ သပြေလမ်း၊ ဝေဠုဝန်/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph: 01-523043, 09-425293429

---

**ဝန်ထမ်းအလိုရှိသည်**

လောကနတ် စားသောက်ဆိုင်
၁။ ကွန်ပျူတာ(ကျွမ်းကျင်) ကျား (၂) ဦး
၂။ အကြော်ဆရာ ကျား (၁) ဦး
၃။ Waiter ကျား (၅) ဦး
ပြည်လမ်း၊ ပဒုမ္မာပန်းခြံဝင်း၊ မြေနီကုန်း မှတ်တိုင်အနီး၊ စမ်းချောင်းမြို့နယ်။
ဖုန်း-၀၁-၅၁၈၄၁၃

---

**ဝန်ထမ်းအလိုရှိသည်**

၁။ အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
အသက် (၂၀-၃၅) နှစ်၊ အခြေခံပညာအထက်တန်းဆင့်
၂။ ယာဉ်မောင်းကျွမ်းကျင် ကျား (၂) ဦး
(အသက် ၂၅-၄၀) နှစ်၊ အခြေခံပညာအထက်တန်းအဆင့်)
အမှတ်(၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း-၀၉-၇၃၀၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**

၁။ Marketing ကျား (၁) ဦး၊ မ (၂) ဦး
၂။ Site Engineer ကျား (၁) ဦး၊ မ (၂) ဦး
အမှတ် ၁၇၈၊ မော်လမြိုင်လမ်း၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံ။
ဖုန်း-၀၉-၄၉၂၆၈၂၇၄

---

**ဝန်ထမ်းအလိုရှိသည်**

Marketing Supervisor မ(၂)ဦး
အသက်(၃၀)နှစ်ထက်မကြီးရ၊ သွက်လက်စွာပြောဆိုလုပ်ကိုင်နိုင်ပြီး၊ ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။ ကြော်ငြာလုပ်ငန်း အတွေ့အကြုံရှိသူဦးစားပေးမည်။
ဖုန်း-၀၉ ၇၃ ၂၄၃၈၈၀

---

**ဝန်ထမ်းအလိုရှိသည်**

ပညာရေးဝန်ဆောင်မှုလုပ်ငန်း အခြေခံပညာ၊ အလယ်တန်း၊ အထက်တန်းတစ်ခုတွင် တာဝန်ထမ်းဆောင်ရန်
၁။ အဆောင်မှူး ကျား /မ
၂။ ဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချနိုင်သူ
၃။ Study Guides
၄။ ကျောင်းစာရေး
၅။ အိမ်လုပ်ငန်းအတူ
အမှတ် ၁၇၆၊ ၆ လွှာ (အေ)၊ ဗဟိုလမ်းနှင့် ဖျာပုံလမ်းထောင့်၊ စမ်းချောင်း။
ဖုန်း-၀၉-၇၃၀၃၈၈၂၁

---

**ဝန်ထမ်းအလိုရှိသည်**

UCS (အမြန်ချော-စာပို့)
စာဝေစာသိမ်း (ရန်ကုန်) ကျား (၁၀) ဦး
အမှတ် ၇၅၊ အုတ်ပုံဆိပ်ကမ်း၊ တံတားကလေးလမ်းဆုံ၊ မရမ်းကုန်း။
ဖုန်း ၀၉-၇၃၀၇၃၀၉၉၊ ၆၅၂၅၂၂

---

**ဝန်ထမ်းအလိုရှိသည်**

1. Management employment M (10) posts
2. Vehicle maintenance man M (5) post
3. Chinese-Myanmar-English translator M/F (5) posts
4. Admin officer F (5) posts
5. Accountant M/F (3) posts

E-Mail - rita235163@gmail.com
catherine.girl@gmail.com
Ph : 09-43161005

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Toyota Corolla Fielder, 1800 cc AA Taxi (ခတ်ဆီ) တစ်လက်ကိုင်နေ့မောင်း အလိုရှိသည်။
ဖုန်း-၀၁-၅၅၈၈၉၄၊ ၀၉-၅၁၇၃၁၉၁၊ ၀၉-၄၂၀၀၀၂၂၇၄

---

**ဝန်ထမ်းအလိုရှိသည်။**

Beauty Land (Beauty Saloon)
၁။ ညှပ် မ (၂) ဦး
၂။ ဆိုး၊ ကောက်၊ ဖြောင့် မ (၂) ဦး
၃။ လျှော်/ဆေး မ (၂) ဦး
၄။ အလုပ်သင် မ (၂) ဦး
အမှတ် (၉)၊ စလင်းလမ်း၊ ကြည့်မြင်တိုင်။
ဖုန်း-၀၉-၄၃၀၉၃၂၅၀၊ ၀၉-၅၁၀၁၉၇၂

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ကွန်ပျူတာ၊ အီးမေးလ် ကျွမ်းကျင် တစ်ဦး (ကျား) - ၁၀ တန်းအောင်
၂။ Secretary (ကျား) တစ်ဦး - ဘွဲ့ရ
၃။ Marketing (ကျား) တစ်ဦး -ဘွဲ့ရ
ဖုန်း-၀၉-၅၄၁၄၉၃၄

---

**ဝန်ထမ်းအလိုရှိသည်**

Loi Hein Co., Ltd.
1. HR Asministrator M/F 1 post
2. Mgt Accountant M/F 1 post
3. Sales Supervisor M (2) posts
4. Sales Man M (2) posts

အမှတ် ၁၁၇၊ ဝါးတန်းလမ်း(ကလီလမ်း) လမ်းမတော်။ ဖုန်း-၀၁-၂၂၉၉၅၇၊ ၂၂၉၉၅၃၊ ၀၉-၅၅၀၄၃၁၉

---

**ဝန်ထမ်းအလိုရှိသည်**

Zawgyi House Boutique
1. Boutique Manager-Merchandiser မ (၁) ဦး
2. Sales Girl မ (၂) ဦး

Zawgyi House Cafe
1. Waiter/Waitress ကျား/မ (၈)ဦး
2. Cook ကျား (၅) ဦး

Zawgyi House Cafe အမှတ် ၃၇၂၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ (FMI Center ဘေး)
ဖုန်း-၃၈၀၃၉၈၊ ၀၉-၄၂၁၁၂၅၈၆၀

---

**ဝန်ထမ်းအလိုရှိသည်**

စတီးဝရိန် (အာဂွန်) ကျွမ်းကျင်ဝန်ထမ်းနှင့် Sted Fruniture (အာဂွန်) ကျွမ်းကျင်ဝန်ထမ်း အလိုရှိသည်။
ဖုန်း-၀၉-၅၁၆၁၆၃၂၊ ၀၉-၇၃၀၁၄၃၅၂

---

**ဝန်ထမ်းအလိုရှိသည်**

Assistance English Language Teacher Cum Co-ordinator (1) post Female.
ဖုန်း-၀၁-၂၂၁၆၇၇၊ ၀၉-၅၀၇၉၈၉၆

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

ဆံပင်အကောက်၊ အဖြောင့်၊ အညှပ် ကျွမ်းကျင် မ (၁) ဦး
ဖုန်း-၀၈၅-၂၈၃၉၈၊ ၀၉-၅၀၂၆၁၈၄၄၄

---

**ဝန်ထမ်းအလိုရှိသည်။**

Junction Square တွင် ခန့်အပ်ရန်အတွက် ဝန်ထမ်းအလိုရှိသည်။
ရတနာရွှေဆိုင်အတွက် ကျွမ်းကျင် အရောင်းဝန်ထမ်း ကျား/မ (၅) ဦး
ဖုန်း-၀၁-၂၃၀၄၃၄၄၊ ၂၃၀၄၃၄၅၊

---

**ဝန်ထမ်းအလိုရှိသည်**

Marketing ကျား/မ (၅) ဦး
Myanmar Professional Services Co., Ltd. အမှတ် ၂၃၊ ၆ လွှာ၊ ကျောင်းကုန်းလမ်း၊ စမ်းချောင်း။ ၀၉-၄၃၀၈၁၇၂၀

---

**ဝန်ထမ်းအလိုရှိသည်**

Star Zone Travels & Tours Co., Ltd.
1. Intl' Ticketing & Reservation ကျား/မ (၄) ဦး
Abacus, Amadeus, Galileo Software ကျွမ်းကျင်၊ လစာ ၁၀၀,၀၀၀ မှ ၄၀၀,၀၀၀ ကြား
2. Operation Staff ကျား (၂) ဦး
Passport/သံရုံး /Visa အတွေ့အကြုံရှိသူ လစာ ၈၀,၀၀၀ မှ ၁၅၀,၀၀၀ ကြား
3. Marketing Staff မ (၃) ဦး
လစာ ၈၀,၀၀၀ မှ ၁၅၀,၀၀၀ ကြား
4. Domestic Ticketing & Reservation ကျား/မ (၄) ဦး
လစာ ၈၀,၀၀၀ မှ ၁၅၀,၀၀၀ ကြား
5. Accountant မ (၂) ဦး
လစာ - ၁၀၀,၀၀၀ မှ ၁၅၀,၀၀၀ ကြား
39/A, Ground Floor, 2nd Street, Lanmadaw Tsp, Yangon.
Ph: 01-2301511, 2301522, 226073
E-mail : info@starzonetravels.com

---

**အလိုရှိသည်**

Mans Secutiry Agency တွင် တာဝန်ထမ်းဆောင်ရန်
Seutrity Guard ကျား (၂၅) ဦး
အသက် ၁၈ နှစ်မှ ၅၀ နှစ်အတွင်း အခြေခံပညာ အလယ်တန်းအဆင့်၊ နယ်ဝန်ထမ်းများတွက် အဆောင်စီစဉ်ပေးမည်။
အမှတ် ၇၃၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေ
ဖုန်း-၀၉-၇၃၀၆၄၂၉၈၊ ၀၉-၄၂၀၀၀၄၅၀၆၊ ၀၉-၄၂၀၀၄၈၈၁၃

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

အရောင်းခန်းမဝန်ထမ်း ဘွဲ့ရမ (၁၀) ဦး
အမှတ် ၃၇၇၊ အခန်း ၂၃၊ ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်။ ၀၁-၂၄၃၆၄၄၊ ၀၁-၃၈၅၂၄၅၊ ၀၁-၃၈၉၈၅၄

---

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးဝတ် စက်ချုပ်ကျွမ်းကျင်
ဖုန်း-၀၉-၇၃၀၂၆၇၉၅၊ ၂၄၉၉၅၀

---

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးစက်ချုပ်ကျွမ်းကျင်ဝန်ထမ်းနှင့် လက်ချုပ်ဝန်ထမ်း အလိုရှိသည်။
Media moiselle Fashion
အမှတ် ၇၃၊ မြေညီထပ်၊ ရောဝတီလမ်း၊ အလုံမြို့နယ်။ ဖုန်း-၂၁၁၃၈၉၊ ၀၉-၅၁၃၉၅၂၄

---

**အမြန်အလိုရှိသည်**

သီရိတော်ဝင် ဖက်ရှင်ဆိုင်
ကျွမ်းကျင်ယာဉ်မောင်း (၁) ဦး
လှည်းတန်း(၇)လမ်း၊ -၀၉-၇၃၀၆၃၂၇၈

---

**ဝန်ထမ်းအလိုရှိသည်**

မူကြိုဆရာမ (၁) ဦး
ဖုန်း-၀၉-၇၃၁၀၅၀၇၀

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

Japanese Language Trainner 1 post.
B.L.ACTY Co., Ltd.
Room 506, 5th Floor, La Pyayt Wun Plaza, Dagon Tsp.
Ph : 09-425330685

---

**ဝန်ထမ်းအလိုရှိသည်**

စေတနာ အထွေထွေဝန်ဆောင်မှုလုပ်ငန်း
1. Accountant (LCCI-III) အောင် မ (၅) ဦး
2. Marketing/အရောင်း ကျား/မ (၅) ဦး
3. Computer Operator ကျား/မ (၅) ဦး
4. အရောင်း(နေ/စားငြိမ်း) ကျား/မ (၅) ဦး
5. Office Staff ကျား/မ (၅) ဦး
6. Sale Driver ကျား/မ (၅) ဦး
7. Sale Promoter ကျား/မ (၅) ဦး

အမှတ်၁၈၇(ခ)၊ ပထပ်၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၁-၂၄၃၈၁၉၊ ၀၉-၄၄၈၅၄၂၀၁၈

---

**ဝန်ထမ်းအလိုရှိသည်**

Global Hair Co., Ltd.
ကိုရီးယားနှင့် အင်္ဂလိပ်စကားပြော ကျွမ်းကျင် ကျား/မ (၂) ဦး
ဖုန်း-၀၁-၆၈၈၂၃၁၊ ၆၈၈၂၂၉၊ ၀၉-၇၃၀၉၉၈၆၈

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


“အိပ်မက်တွေနောက်ကိုလိုက်ပြီး
အကောင်းဆုံး လုပ်လိုက်ပါ”
htc Butterfly
バタフライ
သူဟာ ကမ္ဘာမှာရေပန်းစားနေတဲ့ smartphone brand တွေထဲကတစ်ခုဖြစ်တဲ့ HTC Company ရဲ့ CEOတစ်ယောက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သူနေခဲ့စဉ်ကတည်းကရှိခဲ့တဲ့ အိပ်မက်တစ်ခုကနေစပြီး ဒါတွေအားလုံးအစပြုခဲ့တာပါ။ ဦးဝင်းသန်းခေါ် Mr. Peter Chou ဟု လူသိများတဲ့သူဟာ မြန်မာနိုင်ငံဆီသို့ HTC ကို ခေါ်ဆောင်လာခဲ့ပါပြီ။ အခုအခါမှာ မြန်မာပြည်သူလူထုအတွက် ကမ္ဘာ့အကြီးမားဆုံး အခွင့်အလမ်းတွေပွင့်နေပြီဖြစ်ပါတယ်။ ကျွန်တော်ရဲ့အိပ်မက်က အဆင့်အမြင့်ဆုံးနည်းပညာတွေနဲ့အခွင့်အရေးတွေ ချိတ်ဆက်နိုင်ဖို့မြန်မာပြည်သူပြည်သားတွေကိုကူညီချင်တာပါ။ ဒီနည်းနဲ့ သူတို့ဘာသာသူတို့လည်း အိပ်မက်တွေကို အကောင်အထည်ဖော်လို့ ရနိုင်ပါပြီလို့ Mr. Peter Chou က ပြောကြားခဲ့ပါတယ်။
KMD တွင် ရရှိနိုင်ပါပြီ။
htc
quietly brilliant

7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

## အထက်တန်းပြီးဆုံးသော ကျောင်းသားများအတွက် အသက်မွေးပညာသင်တန်းများ လိုအပ်နေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၂**

နှစ်စဉ် အထက်တန်းပညာ ပြီးဆုံးထားသော ကျောင်းသား ၇၀ ရာခိုင်နှုန်းသည် တက္ကသိုလ်ပညာဆက်လက် သင်ကြားခွင့် မရှိသလို လုပ်ငန်းခွင်သို့ဝင်ရောက်ရာတွင် ထိုက်တန်သော လုပ်ငန်းခွင်အခြေအနေကို မရရှိနိုင် ကြောင်း မြန်မာနိုင်ငံ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး စာတမ်းတွင် ဖော်ပြထား သည်။

ထို့ကြောင့် တက္ကသိုလ်တက်ရောက်ခွင့် မရရှိသော ကျောင်းသားများအတွက် လုပ်ငန်းခွင်အကြိုသင်တန်းများ၊ သက်မွေးပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်၍ ကျောင်းသားများ အခွင့်အလမ်း မဆုံးရှုံးအောင် ဆောင်ရွက်သင့်ကြောင်း သုံးသပ်ထားသည်။

၂၀၁၀-၂၀၁၁ နှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ နှစ်စဉ်ကျောင်းသား၊ ကျောင်းသူ လေးသိန်းခြောက်သောင်းကျော် ဝင်ရောက်ဖြေဆိုခဲ့ကြပြီး နှစ်စဉ် ကျရှုံးသူ သုံးသိန်းကျော်ရှိခဲ့ကာ တက္ကသိုလ်ပညာရေးနှင့် အလှမ်းဝေးခဲ့ကြသည်။

အဆိုပါကျောင်းသား၊ကျောင်းသူများအတွက် အထက်တန်းပြီးဆုံးကြောင်း စာမေးပွဲစစ်ဆေးပြီး ရရှိလာသော လက်မှတ်ကို လုပ်ငန်းခွင်မှ သင့်တင့်လျောက်ပတ်သော အလုပ်နေရာတွင် လက်ခံပေးနိုင်ရန် မူဝါဒများ ချမှတ်ခြင်း၊ လုပ်ငန်းခွင်ကြိုသင်တန်းနှင့်သက်မွေးပညာကျောင်းများ ဖွင့်လှစ်ခြင်းနှင့် တက္ကသိုလ်ပညာသင်ယူလိုသူများအတွက် သီးခြားတက္ကသိုလ်ဝင်တန်း စာမေးပွဲ စစ်ဆေးပေးခြင်းတို့ ဆောင်ရွက်သင့်ကြောင်း စာတမ်းတွင် အကြံပြုထားသည်။

မြန်မာနိုင်ငံတွင်ဝန်ကြီးဌာန ၁၂ ခုအောက်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၆၈ ခု ဖွင့်လှစ်ထားပြီး ဘွဲ့ကြိုသင်တန်း၊ ဂုဏ်ထူးတန်း၊ ဒီပလိုမာသင်တန်း၊ မဟာဘွဲ့သင်တန်း၊ မဟာသုတေသနဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများ သင်ကြားနေသော်လည်း အလယ်အလတ် ကျွမ်းကျင်ပညာရှင်များ၊ အခြေခံလုပ်သားများအတွက် စက်မှုလက်မှုနှင့် အသက်မွေးပညာသင်တန်းများ သင်ကြားပို့ချမှုအတွက် လိုအပ်ချက်မြင့်မားနေခြင်းဖြစ်သည်။

## အမေရိကန်ပညာရေးဟောပြောပွဲများ လစဉ်ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၂**

အမေရိကန်နိုင်ငံတွင် ပညာသင်ယူလိုသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဆိုင်ရာဆွေးနွေးပွဲများကို မတ်လမှ စတင်၍ ရန်ကုန်မြို့ရှိ အမေရိကန်စင်တာတွင် လစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်ပညာရေးအခွင့်အလမ်းများအကြောင်း ရှင်းလင်းဆွေးနွေးပွဲများကို အမေရိကန်စင်တာတွင် ညနေပိုင်းအချိန်၌ ကျင်းပပြုလုပ်လျက်ရှိသလို မန္တလေးမြို့ရှိ ဂျက်ဖာဆင်စင်တာတွင်လည်း ဟောပြောပွဲပြုလုပ်နေသည်။

အမေရိကန်နိုင်ငံသည် မြန်မာကျောင်းသားများ လာရောက်ပညာသင်ကြားမှုမြှင့်တင်ရန် ပညာရေးအခွင့်အလမ်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် ပညာသင်ဆုအစီအစဉ်များ တိုးမြှင့်ခြင်းတို့ ဆောင်ရွက်နေသည်။

| | | | |
|---|---|---|---|
| မတ် | ၁၉ | Study in the USA Presentation | အမေရိကန်စင်တာ |
| ဧပြီ | ၉ | Financing Your Studies | အမေရိကန်စင်တာ |
| မေ | - | Overview Presentation | ဂျက်ဖာဆင်စင်တာ |
| ဇွန် | ၁၁ | Pre-Departure Oriention | အမေရိကန်စင်တာ |
| ဇူလိုင် | ၉ | Undergraduate Study | အမေရိကန်စင်တာ |
| ဩဂုတ် | ၆ | Graduate Study | အမေရိကန်စင်တာ |
| စက်တင်ဘာ | ၁၀ | Community Colleges | အမေရိကန်စင်တာ |
| အောက်တိုဘာ | ၈ | Completing Your Application Session | အမေရိကန်စင်တာ |
| နိုဝင်ဘာ | - | International Education week | - |
| ဒီဇင်ဘာ | ၁၀ | Pre-Departure Orientation | အမေရိကန်စင်တာ |

## ပုဂ္ဂလိကပညာရေး တိုးတက်လာဟု ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့် မှတ်ချက်ပြု

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၀**

ပုဂ္ဂလိက ပညာရေးလုပ်ငန်းများ ကျယ်ပြန့်လာမှုကို အပြုသဘောရှုမြင်ကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်က ပုဂ္ဂလိကကောလိပ်တစ်ခုတွင် ပညာသင်ယူနေသော မြေးဖြစ်သူ၏ ဒီပလိုမာသင်တန်း လက်မှတ်ပေးအပ်ပွဲသို့ တက်ရောက်ခဲ့စဉ် ၎င်း၏အမြင်ကို ပြောသည်။

"ပုဂ္ဂလိကပညာရေးလုပ်ငန်းတွေ အများကြီး ကောင်းလာပြီ။ တိုးတက်လာပြီ။ ပုဂ္ဂလိကကျောင်းတွေက ကမ္ဘာကိုပညာရေးခြေဆန့်တဲ့ ခရီးပဲ။ နိုင်ငံတော်အစိုးရကျောင်းကတော့ သူရဲ့စည်းကမ်းတွေ၊ သတ်မှတ်ချက်တွေ ရှိနေတဲ့အတွက် သူ့ရဲ့လုပ်ထုံးလုပ်နည်းအတိုင်းတော့ လုပ်နေကြတာပေါ့လေ။ ချက်ချင်းကြီးတော့ ပြောင်းလို့မရသေးဘူး။ သူကလည်း သူ့အစီအစဉ်နဲ့ သူတော့ ပြောင်းမှာပေါ့လေ။ ပြောင်းမယ်လို့လည်း ယုံကြည်တယ်။ မျှော်လင့်တယ်။ ပုဂ္ဂလိကကတော့ နိုင်ငံတော်က ဖွင့်ပေးလိုက်တဲ့အတွက် လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ရှိသွားတာပေါ့။ အဲဒီတော့ နိုင်ငံတကာကို ခြေဆန့်တဲ့နေရာမှာ ပိုပြီးမြန်မယ်" ဟု ဝန်ကြီးချုပ်ဟောင်းက ပြောသည်။


၎င်း၏မြေးဖြစ်သူသည် ပုဂ္ဂလိကပိုင်ဗစ်တိုးရီးယားတက္ကသိုလ်ကောလိပ်(Victoria University College)တွင် ကွန်ပျူတာဒီပလိုမာသင်တန်း တက်ရောက်ပြီးနောက် နိုင်ငံခြားပညာသင်ယူမှု အစီအစဉ်နှင့် ပတ်သက်၍ အဆိုပါကောလိပ်၏ အစီအမံအတိုင်း ဆောင်ရွက်သွားရန် မျှော်မှန်းထားကြောင်း ဝန်ကြီးချုပ်ဟောင်းကဆိုသည်။

" နိုင်ငံခြားပညာသင်သွားဖို့ကပညာသင်ပေးတဲ့ကျောင်းရဲ့အစီအမံပေါ် မူတည်ပြီးတော့ပဲဆောင်ရွက်မှာပါ။ ထူးထူးခြားခြား စိတ်ကူးထားတာတော့ ဘာမှမရှိသေးဘူး။ သင်ကြားပေးတဲ့ ကျောင်းရဲ့အစီအမံနဲ့ ဖြစ်ထွန်းသွားမယ်လို့ မျှော်မှန်းတယ်"ဟု ဦးခင်ညွန့်က ပြောသည်။


ထို့အပြင် ပုဂ္ဂလိကပညာရေးလုပ်ငန်းများသည် အစိုးရကျောင်းများထက် ပိုမိုပြောင်းလဲမှုရှိလာနေပြီး လွတ်လပ်စွာ လုပ်ကိုင်ခွင့် ပိုမိုရရှိလာကြကာ နိုင်ငံတကာတွင် ပညာရေးအခွင့်အလမ်း ကောင်းမွန်လာကြောင်း ၎င်းကဆိုသည်။

ဦးခင်ညွန့်သည် စစ်အစိုးရလက်ထက်တွင်မြန်မာနိုင်ငံ အမျိုးသားပညာရေးကော်မတီ ဥက္ကဋ္ဌအနေဖြင့် တာဝန်ယူခဲ့ဖူးပြီး ပညာရေးစီမံကိန်းများ ဆောင်ရွက်မှုတွင် အဓိက ပါဝင်လှုပ်ရှားခဲ့သူတစ်ဦး ဖြစ်သည်။

လည်းပင်း၊ ပုခုံး၊ ခါး၊ ခေါင်း၊အဆစ်အမြစ် ရောင်းရမ်းနာကျင် အထူးကု



အိပ်ထောင်ရေးသုခ ပန်းသေရောဂါ သုတ်လွှတ်မြန်ခြင်း အထူးကု




ကုသမှုအကျိုးရှိရန် အာမခံချက်ပေးသည်။

ဆေးခန်းဖွင့်ချိန် - နံနက် ၈ နာရီမှ ည ၈ နာရီထိ

ပိတ်ရက်မရှိ

နယူးဟောင်ကောင်ဆေးကုခန်း

နီလာ



အောင်ဇေယျာမင်း (တိုင်းရင်းအထူးကုဆေးခန်း)

# Technology

7DAY NEWS JOURNAL

Vol.11, No.51 • FEBRUARY 28 , 2013

## iPhone, iPad ကိုင်သူများ ဖေ့စ်ဘွတ်ခ်က အခမဲ့ ဖုန်းခေါ်ဆိုခွင့်ပေးမည်

**ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ - ၂၃**

အင်တာနက် လူမှုရေး ဝက်ဘ်ဆိုက် ဖေ့စ်ဘွတ်ခ်သည် iPhone နှင့် iPad များအတွက် အထူးရည်ရွယ်ထုတ်ဖော်ထားသော App ဖြင့် ဖေ့စ်ဘွတ်ခ်သုံးနေသော မိတ်ဆွေများထံ ဖုန်းခေါ်ဆိုခွင့် ပေးထားကြောင်း သိရသည်။

အက်ပဲလ်၏ မိုဘိုင်းဖုန်းများ၊ iPad များတွင် အသုံးပြုသော ဖေ့စ်ဘွတ်ခ် App တွင် သူငယ်ချင်းများ အွန်လိုင်းတက်လာသည်ကို ပြသနေမည်ဖြစ်ပြီး ၎င်းတို့ထံသို့ ဖုန်းခေါ်ဆိုလိုပါက ခေါ်ဆိုနိုင်ရန် စီမံထားသည်။

တယ်လီဖုန်းခေါ်ဆိုမှုများအား အင်တာနက်မှတစ်ဆင့် တယ်လီဖုန်းဝန်ဆောင်မှု အစီအစဉ်(သို့မဟုတ်) Wi-Fi Hotspots ဆက်သွယ်မှုများမှတစ်ဆင့် ခေါ်ဆိုနိုင်သည်။ ဖေ့စ်ဘွတ်ခ်သည်ပြီးခဲ့သည့် နှစ်ကလည်း ၎င်း၏ Messenger အစီအစဉ်တွင် ယင်းကဲ့သို့ ဖုန်းခေါ်ဆိုနိုင်သော အထူးအစီအစဉ်တစ်ရပ် ထည့်သွင်းခဲ့သည်။

ထို့အပြင် Facebook 5.5 app တွင် အွန်လိုင်းသတင်းများအား Like လုပ်ရန် ပိုမိုလွယ်ကူအောင် ဖန်တီးထားသလို မှတ်ချက်ပေးခြင်း လွယ်ကူအောင်လည်း စီမံထားသည်။

*—Ref: AFP*



*ဂူးဂဲလ်ကုမ္ပဏီမှ အသစ်ထုတ်လုပ်လိုက်သော Chromebook Pixel ကွန်ပျူတာအား ဂူးဂဲလ်ထုတ်ကုန်မန်နေဂျာ ကန်းလီက ဖေဖော်ဝါရီ ၂၁ ရက်က ဆန်ဖရန်စစ္စကိုမြို့တွင် ဖော်ထုတ်ပြသစဉ်*

**Photo - AFP**

## အဆင့်မြင့်လက်ပ်တော့ဖြင့် ဂူးဂဲလ်က အက်ပဲလ်ကိုစိန်ခေါ်

**ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ-၂၂**

ဂူးဂဲလ်ကုမ္ပဏီသည် အဆင့်မြင့် တစ်ကိုယ်ရေသုံး ကွန်ပျူတာ အသုံးပြုသူများအတွက် ရည်ရွယ်၍ တို့ထိမျက်နှာပြင်စနစ် နုတ်ဘွတ်ခ် ကွန်ပျူတာများ ထုတ်လုပ်ရောင်းချ၍ အက်ပဲလ်ကုမ္ပဏီနှင့် ၎င်းတို့၏ MacBooks ပီစီများကို စိန်ခေါ်လိုက်ကြောင်း သိရသည်။

Chromebook Pixel ကွန်ပျူတာများတွင် လက်ပ်တော့နှင့် သင်ပုန်းကွန်ပျူတာ နည်းပညာများ ပေါင်းစပ်ထားပြီး အဆင့်မြင့် အင်တဲလ်ချပ်စ်များနှင့် နည်းပညာမြင့် ဂရပ်ဖစ်သုံးနိုင်သော မျက်နှာပြင်ပါဝင်ကာ ယခုအခါ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့တွင် စတင်ရောင်းချနေပြီဖြစ်သည်။ ဈေးနှုန်းများမှာ ကန်ဒေါ်လာ ၁,၂၉၉ မှ စတင်မည်ဖြစ်သည်။

"လူတွေက ဒီကွန်ပျူတာသုံးဖို့ MacBook Air တွေကိုပစ်ပယ်ကြလိမ့်မယ်"ဟု Chrome ဒုတိယဥက္ကဋ္ဌဖြစ်သူ ဆွန်ဒါပီချိုင်က ယင်းကွန်ပျူတာများ စတင်ဖော်ထုတ်ပြသသော အခမ်းအနားတွင် ပြောကြားသည်။

Verizon မိုဘိုင်းအင်တာနက်စနစ်နှင့် ချိတ်ဆက်ထားသော Chromebook မော်ဒယ်လ်မှာ လာမည့်ဧပြီလတွင် ဈေးကွက်အတွင်း ဝင်ရောက်လာမည်ဖြစ်ပြီး ကန်ဒေါ်လာ ၁,၄၉၉ ဖြင့် စတင်ရောင်းချမည်ဟု ဂူးဂဲလ်ကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားသည်။

ဂူးဂဲလ်၏ကွန်ပျူတာမှာ သုံးစွဲချင်စရာ ကောင်းသော်လည်း အဓိကပြဿနာမှာ ဈေးနှုန်းအရ ယှဉ်ပြိုင်ခြင်းသာမက ယင်းကွန်ပျူတာနှင့် တွဲဖက်အသုံးပြုနိုင်သော အစီအစဉ်များ ရေးဆွဲပေးသူ (Developers)များပါ မွေးမြူရေးဖြစ်ကြောင်း GigaOm နည်းပညာဝက်ဘ်ဆိုက်က သုံးသပ်ထားသည်။

*—Ref: AFP*

## CUP ကတ်များ မတ်လ ၁ ရက်တွင် စတင် အသုံးပြုနိုင်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၃**

မြန်မာနိုင်ငံသို့ လာရောက်မည့် တရုတ်နိုင်ငံသားများအတွက် ယင်းနိုင်ငံ အခြေစိုက်ထုတ်လုပ်သည့် အီလက်ထရွန်နစ် ငွေပေးချေရေးကတ်ဖြစ်သော CUP (China Union Pay) ကတ်များကို လာမည့်မတ်လ ၁ ရက်မှစ၍ ပြည်တွင်း၌ အသုံးပြုနိုင်တော့မည်ဟု သတင်းရရှိသည်။

CUP ကတ်များကို မြန်မာနိုင်ငံ၏ MPU (Myanmar Payment Union) အဖွဲ့ဝင်ဘဏ်များ၏ အလိုအလျောက် ငွေထုတ်စက်များ (ATM) နှင့် POS (Point of Sale) စက်များတွင် ငွေသားများ ထုတ်ယူခြင်း၊ POS စက်များရှိသော ဈေးဝယ်စင်တာများ၊ ကုန်တိုက်များနှင့် စီးပွားရေးလုပ်ငန်းနေရာများတွင် ဈေးဝယ်ယူနိုင်ခြင်းတို့ကို လွယ်ကူစွာပြုလုပ်နိုင်မည့်စနစ်တစ်ခုဖြစ်ကြောင်း ကမ္ဘောဇဘဏ် အထွေထွေမန်နေဂျာ ဦးဇော်လင်းထွဋ်က ပြောသည်။

အမေရိကန်နိုင်ငံထုတ် ဗီဇာနှင့် မာစတာကတ်များသည် ၂၀၁၂ နှစ်ကုန်ပိုင်းအချိန်ကမှ စတင်ကာ ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်အချို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပြီး CUP ကတ်များသည် တတိယမြောက် ဝင်ရောက်လာသော အီလက်ထရွန်နစ်ကတ် ထုတ်လုပ်သည့်လုပ်ငန်းဖြစ်သည်။

တရုတ်နိုင်ငံ၏ CUP ကတ်များသည် လက်ရှိနိုင်ငံပေါင်း ၁၄၁ နိုင်ငံမှ လက်ခံသုံးစွဲနေသော အီလက်ထရွန်နစ် ငွေပေးချေရေးကတ်စနစ် ဖြစ်သည်။

ပြည်တွင်း၏ MPU ကွန်ရက်အတွင်း ATM စက်စုစုပေါင်း ၁၉၈ လုံးနှင့် POS စက်ပေါင်း ၄၆၅ လုံးကိုသုံးစွဲနေပြီ ဖြစ်သည်။

## ဆိပ်ကမ်းအီလက်ထရွန်နစ်စနစ် ဆိပ်ကမ်းအားလုံးတွင် အသုံးပြုမည်ဟုဆို

**နိုင်နိုင်စိုး**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၂**

နိုင်ငံတကာသင်္ဘောလိုင်းများ ဝင်ထွက်သွားလာနိုင်သည့် ဆိပ်ကမ်းများတွင် ဆိပ်ကမ်း အီလက်ထရွန်နစ်စနစ် (Port EDI) အသုံးပြုရန် ဂျပန်နိုင်ငံမှ အကူအညီပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဂျပန်က နည်းပညာ ကူညီပေးမယ်၊ ငွေကြေးကတော့ အစိုးရပိုင်းက လုပ်ဆောင်ရမှာ" ဟု မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ လက်ထောက်အထွေထွေမန်နေဂျာက ပြောသည်။

ဆိပ်ကမ်းအီလက်ထရွန်နစ်စနစ် (Electronic Data Interchange)သည် နိုင်ငံတကာ သင်္ဘောများဆိပ်ကမ်းသို့ ဝင်ရောက်ချိန်တွင် ဆိပ်ကမ်းအဝင်အထွက် လျှောက်လွှာ၊ သက်ဆိုင်ရာ အဆောက်အအုံများ သုံးစွဲခွင့်နှင့် ရုံးလုပ်ထုံးလုပ်နည်းများအရ အီလက်ထရွန်နစ်ဖြင့် အသုံးပြုသည့်စနစ်ဖြစ်သည်။

"သင်္ဘောတွေဆိုက်ကပ်တာ မနှစ်ကနဲ့ ဒီနှစ်အရေအတွက်ကကွာခြားသွားပါပြီ။ ဒီစနစ်ကို အချိန်မီဆောင်ရွက်ဖို့လိုတယ်" ဟု ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုညွှန်ကြားရေးမှူးက ပြောသည်။

မြန်မာနိုင်ငံ၏ ဆိပ်ကမ်းစနစ်သည် သင်္ဘောဝင်ရောက်ချိန်တွင် ဌာနပေါင်းစုံနှင့် ချိတ်ဆက်လုပ်ဆောင်ရသည့်အတွက် ကြန့်ကြာမှုများရှိနေပြီး ထိုအီလက်ထရွန်နစ်စနစ် အသုံးပြုပါက လုပ်ငန်းဆောင်တာများ လျှင်မြန်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"စနစ်က ဂျပန်က EDI စနစ်ကို တင်ပြတာတော့ ကောင်းပါတယ်။ ဒီစနစ်ကိုအသုံးပြုဖို့ကတော့ လိုဦးမယ်" ဟု မြန်မာ့စက်မှုဆိပ်ကမ်းမှ ဝန်ထမ်းတစ်ဦးက ပြောသည်။ Port EDI စနစ်ကို အသုံးပြုနိုင်ရန် ဂျပန်နိုင်ငံနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိပြီး ဆိပ်ကမ်းအားလုံးတွင် အသုံးပြုမည်ဟု သိရသည်။





# ဆမ်ဆောင်းက Galaxy Note 8.0 ကို ထုတ်ဖော်ပြသ

**မက်ဒရစ်၊ ဖေဖော်ဝါရီ - ၂၃**

Galaxy Note 10.1 သင်ပုန်းကွန်ပြူတာအနေဖြင့် ကြီးလွန်းသည်ဟုထင်မြင်ပြီး ငါးလက်မခွဲ Galaxy Note 2 မှာသေးလွန်းသည်ဟု ထင်မြင်သူများအတွက် ဆမ်ဆောင်းကုမ္ပဏီက ရှစ်လက်မ မျက်နှာပြင် Galaxy Note 8.0 ကို ကမ္ဘာ့မိုဘိုင်းကွန်ဂရက်တွင် ဖော်ထုတ်ပြသလိုက်သည်။

Galaxy Note 8.0 တွင် ဆော့ဖ်ဝဲကဏ္ဍအသစ်များလည်း ပါဝင်ပြီး iPad Mini များနှင့်နှိုင်းယှဉ်လျှင် ထင်ပေါ်နေမည်ဖြစ်သည်။ ဆမ်ဆောင်း၏ Galaxy Tab 7 ထက်အရွယ်အစားအနည်းငယ်ပိုကြီးပြီးလက်တစ်ဖက်တည်းနှင့်အသုံးပြုမှုလွယ်ကူရန်ရည်မှန်းထားသည်။

ဆမ်ဆောင်းသည် အန်းဒရွိုက်စနစ်သုံးသင်ပုန်းကွန်ပျူတာများကို၂၀၁၀ပြည့်နှစ်တွင်၇လက်မ မျက်နှာပြင်များဖြင့် စတင်မိတ်ဆက်ခဲ့ပြီး နောက်ပိုင်းတွင် အရွယ်အစားအမျိုးမျိုးစွမ်းဆောင်ရည် အမျိုးမျိုးတို့ဖြင့် ထုတ်လုပ်ရောင်းချခဲ့သည်။ အက်ပဲကုမ္ပဏီကလည်း မျက်နှာပြင်အကျယ် ၇ ဒသမ ၉ လက်မနှင့် iPad Mini အား ၂၀၁၂ နှောင်းပိုင်းတွင် စတင် ရောင်းချခဲ့သည်။

ယခု ဖော်ထုတ်လိုက်သော Galaxy Note 8.0 တွင် 1.6 GHz Quad-core ပရိုဆက်ဆာ၊ 2GB Ram နှင့် 1200x800 ပုံရိပ်ပြတ်သားမှုစနစ် ပါဝင်သည်။ ရှေ့ကင်မရာ 1.3 MP နောက်ကင်မရာ 5 Mega-pixal ပါဝင်သည်။ တစ်ကိုယ်ရေသုံးမှတ်စုစာအုပ် (သို့မဟုတ်) ဒိုင်ယာရီသဖွယ်လိုရာသို့သယ်ဆောင်သွားနိုင်သည်။

*—Ref: ABC News*




# စီဒီအမ်အေ ၈၀၀ အင်တာနက်လိုင်းများ ပုံမှန်မရ

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်မိုဘိုင်းဖုန်းလိုင်းများ၏ EVDO အင်တာလိုင်းများ ယခုရက်ပိုင်းအတွင်း အတက်အကျ မမှန်ဖြစ်နေပြီး ဂျီအက်စ်အမ်ဖုန်းလိုင်းများ EDGE လိုင်းများမှာမူ မြန်နှုန်းများ ယခင်ထက်ကောင်းမွန်နေသည်ဟု မိုဘိုင်းအင်တာနက်သုံးစွဲသူများက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းအင်တာနက်ဆက်သွယ်မှု ကွန်ရက်များ တည်ဆောက်မှု အခြေအနေသည် လက်ရှိ မိုဘိုင်းအင်တာနက် အသုံးပြုသူ ပမာဏနှင့် ညီမျှမှုမရှိခြင်းကြောင့်လည်းကောင်း၊ မကြာခဏဆိုသလို ဆက်သွယ်ရေးကွန်ရက်များ ပြင်ဆင်ရခြင်းကြောင့်လည်းကောင်း ယခုကဲ့သို့အင်တာနက်လိုင်းများ ကျဆင်းနေရခြင်းဖြစ်ကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

EVDO အင်တာနက်လိုင်းများ၏ မြန်နှုန်းများ အတက်အကျ မမှန်ဖြစ်နေခြင်းမှာ နေရာဒေသအလိုက် ကွာခြားကြောင်းလည်း စုံစမ်းသိရှိရသည်။

ယခင်က စီဒီအမ်အေဖုန်းလိုင်းများ၏ အင်တာနက်မြန်နှုန်းမှာ EDGE မြန်နှုန်းထက် ပိုမိုကောင်းမွန်သော်လည်း လက်ရှိအချိန်တွင်မူ ဂျီအက်စ်အမ်အင်တာနက်လိုင်းများက ပိုမိုကောင်းမွန်နေခြင်းဖြစ်သည်။

"ရန်ကုန်က နေရာတော်တော်များများမှာ ဒီရက်ပိုင်းအတွင်း စီဒီအမ်အေ အင်တာနက်လိုင်းက တော်တော်ကြီးကို ကျနေတယ်။ တချို့နေရာတွေတော့ကောင်းပါတယ်။ ဒါပေမဲ့ လိုင်းကျတဲ့နေရာက ပိုများနေတယ်။ မြန်မာ့ဆက်သွယ်ရေးကို စုံစမ်းလည်း ဘာမှမသိဘူး" ဟု ရန်ကုန်မြို့နေ မိုဘိုင်းအင်တာနက် အသုံးပြုသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ စီဒီအမ်အေ မိုဘိုင်းဖုန်းလိုင်းများ၏ အင်တာနက်မြန်နှုန်းများ အတက်အကျ မမှန်ဖြစ်နေခြင်းကြောင့် ဂျီအက်စ်အမ် အင်တာနက်လိုင်းများထက် တစ်မိနစ်လျှင် နှစ်ကျပ်ပိုမိုကျသင့်သောကြောင့် သုံးစွဲသူများ အဆင်မပြေဖြစ်နေသည်။

ပြည်တွင်း၌ မိုဘိုင်းအင်တာနက် သုံးစွဲသူများ နှစ်သိန်းကျော်အထိ တိုးတက်များပြားလာသော်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဆက်သွယ်ရေးကွန်ရက်များ တိုးမြှင့်ချိတ်ဆက်ပေးသည့်အပိုင်းတွင် အားနည်းနေဆဲ ဖြစ်သည်။




# ဟက်ကာများ တိုက်ခိုက်မှုတွင် မိုက်ကရိုဆော့ဖ်လည်း ပါဝင်လာ

**လန်ဒန်၊ ဖေဖော်ဝါရီ - ၂၃**

မကြာသေးမီကဖြစ်ပေါ်ခဲ့သော ဆိုက်ဘာတိုက်ခိုက်မှုများတွင် ဖေ့စ်ဘွတ်ခ်၊ အက်ပဲလ်စသော အမေရိကန်နည်းပညာကုမ္ပဏီကြီးများအပေါ် အဓိကပစ်မှတ်ထားခဲ့ရာ ယခုအခါမိုက်ကရိုဆော့ဖ်လည်း ပါဝင်လာကြောင်း သိရသည်။

မိုက်ကရိုဆော့ဖ်ကုမ္ပဏီ၏ ဘလော့ဂ်ပေါ်တွင် တင်ထားသော သတင်းတစ်ခုအရ ၎င်းတို့ကုမ္ပဏီ ကွန်ပျူတာ အချို့တွင် ဟက်ကာများက ဖျက်ဆီးရေးဆော့ဖ်ဝဲများရည်ရွယ်ချက်ရှိရှိ ထည့်သွင်းခဲ့သည်ဟု ပြောကြားသွားသည်။

ကုမ္ပဏီဖောက်သည်များ၏ အချက်အလက်များကိုရယူသွားသော အထောက်အထားမတွေ့ရဟု မိုက်ကရိုဆော့ဖ်က ပြောကြားသည်။ သို့သော် စုံစမ်းစစ်ဆေးမှုများဆက်လက်လုပ်ဆောင်နေကြောင်း ပြောသည်။

အက်ပဲလ်ကုမ္ပဏီက ၎င်းတို့ကုမ္ပဏီမှ ကွန်ပျူတာများကို ဟက်ကာများက တိုက်ခိုက်ခဲ့ကြောင်း လွန်ခဲ့သော ငါးရက်က ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းမတိုင်မီ တစ်ပတ်ကလည်း ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက ဟက်ကာများ၏တိုက်ခိုက်ခံရမှုအကြောင်း အသိပေးထုတ်ပြန်ခဲ့သည်။ ယင်းအုပ်စုနှစ်စုမှာ အတူတူပင်ဖြစ်သည်ဟု ၎င်းတို့ကဆိုပြီး ၎င်းတို့၏ ခြေရာခံစုံစမ်းမှုများအရ ယင်းတိုက်ခိုက်မှုများမှာ တရုတ်နိုင်ငံမှ လာခြင်းဖြစ်သည်ဟု ဖေ့စ်ဘွတ်ခ်က ထုတ်ဖော်ပြောကြားထားခဲ့သည်။ *—Ref: BBC*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# ဂန္ဓလရာဇ် ခရီးသည် (၁၃)

ကျော်ဝင်း

နောက်ဆုံးမြို့ (၉၊ နိုဝင်ဘာ ၂၀၁၂)

**■ ပေါင်ချိန်ရဲ့ဇာတိ**

ကျွန်တော်တို့ယခု ရောက်ရှိနေရာ ဟယ်ဖေးမှာ ကျွန်တော်တို့ ခရီးစဉ်၏ နောက်ဆုံးစခန်းပင်ဖြစ်သည်။ ဟယ်ဖေးသည် အန်းဟွေးပြည်နယ်၏ အလယ်တည့်တည့်လောက်တွင် ရှိသည်။ ပြည်နယ်အတွင်း အကြီးဆုံးမြို့ဖြစ်သလို ပြည်နယ်မြို့တော်လည်းဖြစ်သည်။

တရုတ်ပြည်မြို့ကြီး တော်တော်များများလိုပင် ဟယ်ဖေးတွင်လည်း ရှည်လျားသော သမိုင်းကြောင်း ရှိသည်သာဖြစ်ပါသည်။ မှတ်တမ်းများအရ ဟယ်ဖေးမှာ ဘီစီ ၈ ရာစုနှင့် ၆ ရာစုလောက်ကတည်းက ထိုခေတ် ထီးပြိုင်၊ နန်းပြိုင် မင်းငယ်လေးများ၏ မြို့တော်ဖြစ်ခဲ့ဖူးသည်ဟု ဆိုသည်။ အေဒီ သုံးရာစု၊ သုံးပြည်ထောင် စစ်ပွဲကာလကလည်း စစ်ရေးအချက်အချာ မြို့ကြီးတစ်မြို့ ဖြစ်ခဲ့ဖူးသည်။ ယခု မြို့တည်နေရာတွင် မြို့တော်ကြီးတစ်ခုအဖြစ် စတင်ဖြစ်တည်ခဲ့သည်မှာကား ဆွန်မင်းဆက်လက်ထက် (၉၆၀-၁၁၂၆) ရောက်တော့မှ ဖြစ်ပါသည်။

၁၉၄၉ မတိုင်မီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မတည်ထောင်မီက ဟယ်ဖေး၏ စီးပွားရေးမှာ စိုက်ပျိုးရေးသက်သက်မျှသာ ဖြစ်သည်။ ၁၉၄၉ နောက်ပိုင်းရောက်တော့မှ စက်မှုထူထောင်ရေးကို စတင်လုံးပန်းခဲ့သည်။ သို့တစေ ကြီးကြီးမားမားအောင်မြင်မှုများကား မရခဲ့။ ပြုပြင်ပြောင်းလဲရေးခေတ်ရောက်တော့မှ ပုဂ္ဂလိက ထုတ်လုပ်ရေးလုပ်ငန်းတွေ အားကောင်းမောင်းသန် ပေါ်ထွက်လာနိုင်ခဲ့သည်။ ယနေ့ ဟယ်ဖေးကား တရုတ်ပြည်၏ ထုတ်လုပ်ရေး ဗဟိုဌာနတစ်ခုဖြစ်နေချေပြီ။ ဟယ်ဖေးအခြေစိုက် ကျန်းဟွိုင်မော်တော်ကားကုမ္ပဏီဆိုလျှင် ရှန်ဟိုင်းစတော့ဈေးကွက်တွင် စာရင်းသွင်းထားသည့် ကမ္ဘာသိကုမ္ပဏီတစ်ခုဖြစ်သည်။

ထို့ထက် ဟယ်ဖေးမှာ ကျွန်တော်တို့ မြန်မာတီဗီပရိသတ်နှင့် ယဉ်ပါးပြီးဖြစ်သော သမာဓိ တရားရှင်ကြီး 'ပေါင်ချိန်' ၏မွေးရပ်ဇာတိလည်း ဖြစ်ပါသည်။

**■ ပေါင်ချိန်ကျောင်းတော်**

အမှန်စင်စစ် ပေါင်ချိန်မှာ တီဗီဇာတ်လမ်းထဲမှ အတုဇာတ်ကောင်မဟုတ်။ သမိုင်းထဲမှ တကယ့်လူဖြစ်သည်။ ခရစ်နှစ် ၉၉၉ မှ ၁၀၆၂ အထိ လူ့ဘဝကို ဖြတ်သွားခဲ့သော ဆွန်မင်းဆက်ခေတ် ဖြောင့်မတ်မှန်ကန်သော တရားရေးဝန်ထမ်းအရာရှိကြီး ဖြစ်သည်။ သူ၏ အဂတိကင်းသော ဂုဏ်သမာဓိသြဇာမှာ ယနေ့ထက်တိုင် တရုတ်လူထု အသည်းနှလုံးအကြားတွင် ရှင်သန်နေဆဲဟု ဆိုနိုင်သည်။ တရုတ်တို့အတွက်ကား ပေါင်ချိန်မှာ နတ်ဘုရားတစ်ပါးလိုပင်။ သူသည် ဟယ်ဖေးတွင် မွေးပြီး ဟယ်ဖေးမှာပင် ခေါင်းချသွားခဲ့သူဖြစ်သည်။ နှောင်းလူများက သူ့ကို ဂုဏ်ပြုသောအားဖြင့် ဟယ်ဖေးမြို့ ပေါင်မြစ်ဘေးတွင် 'ပေါင်ကျောင်းတော်' ကို တည်ဆောက်ခဲ့ကြသည်။ (တကယ်တော့ ပေါင်မြစ်ဆိုသည်မှာလည်း ပေါင်ချိန်ကို အစွဲပြုပေးထားသော အမည်ပင်ဖြစ်ပါသည်။) ကျွန်တော်တို့၏ မနက်ပိုင်း အစီအစဉ်မှာ အဆိုပါ 'ပေါင်ကျောင်းတော်' သို့ သွားကြဖို့ဖြစ်သည်။

ပေါင်ကျောင်းတော် မုခ်ဦးမှ မျှော်ကြည့်လိုက်လျှင် ဟယ်ဖေးမြို့ပြ နောက်ခံရေးရေးဖြင့် ပေါင်မြစ်ကို လှပစွာမြင်ရသည်။ မြစ်ကိုဖြတ်၍ တရုတ်ရိုးရာဟန် တံတားတစ်စင်းထိုးထားသည်။ မြစ်ကမ်းဘေးပန်းခြံကား ပေါင်ကျောင်းတော်၏ တည်ရာပင်။ ကျောင်းတော်နှင့် မနီးမဝေးတွင် ပေါင်မျိုးဆက်များ၏ သင်္ချိုင်းတော်လည်း ရှိသည်။ သင်္ချိုင်းတော်နှင့် ပတ်သက်သော ပေါင်ချိန်၏ အမှာစကားမှာ သတင်းကြီးလှသည်။ 'အဂတိမကင်းသူများ ငါ့မျိုးဆက်မဖြစ်စေရ။ ဤသင်္ချိုင်းတော်တွင် မမြှုပ်နှံရ။ ဆွေမျိုးစာရင်းမှ ပယ်ဖျက်ရမည်' စသဖြင့်။

ကျောင်းတော် ပရိဝုဏ်ထဲဝင်လိုက်သည်နှင့် ပထမဆုံး အဆောက်အအုံရှိရွှေပိန်းချပေါင်ချိန်ရုပ်တုကြီးက ဆီးကြိုနှင့်သည်။ သူ၏ ဘယ်ဘက်တွင် ကျန်းဟုန်၊ ကျောက်ဟူ။ ညာဘက်တွင်ကား ဝါချောင်၊ မာဟန့်။ သူတို့အားလုံးမှာ တီဗီဇာတ်လမ်းထဲက အတိုင်းပင်။ ဤတွင် မြန်မာအဖွဲ့ဝင်များက သီချင်းတစ်ပုဒ်ကို မတိုင်ပင်ပါဘဲနှင့် သံပြိုင်ဆိုလိုက်ကြသည်။ "ခိုင်ဖုန်ရုံးက ပေါင်ချိန်တန့် . . . ဝါချောင်နဲ့မာဟန့် မင်းနှမလင်" ဆိုလားပင်။ တရုတ်တေးသွားအလိုက် မြန်မာလူရွှင်တော်တွေ စာမြှောင်ကပ်ထားသော အပျော်အပျက်သီချင်း . . .။

သီချင်းအလိုက်ကို ကြားတော့ တရုတ်အိမ်ရှင်တွေ မျက်လုံးပြူးကုန်ကြသည်။ အရုပ်ကြီးတွေကို လက်ညှိုးထိုးပြီး တအံ့တသြမေးသည်။

"ဟင် . . ခင်ဗျားတို့က သူတို့ကို သိသလား . ."

"သိပ်သိတာပေါ့ . . . သူက ပေါင်ချိန်၊ ဒါက ကျန်းဟုန်နဲ့ ကျောက်ဟူ၊ ဟောဒါက ဝါချောင်နဲ့ မာဟန့် . . .။ နေဦး ကျန်ကျောင်းနဲ့ ကုန်းစွန်းရောမတွေ့ပါလား။ ဘယ်ရောက်နေလဲ"

သည်အခါ တရုတ်အိမ်ရှင်များ ရယ်ဖို့အလှည့်၊ ရယ်ရယ်မောမောနှင့်ပင် ရှင်းပြသည်။

"ခင်ဗျားတို့ပြောတဲ့ ကျန်ကျောင်းနဲ့ ကုန်းစွန်းက တကယ်မရှိပါဘူး။ တမင်ဖန်တီးထားတဲ့ ဇာတ်ကောင်တွေပါ"

"သြော် . . . ဒီလိုကိုး"

သမိုင်းဇာတ်ကောင်ထက် စိတ်ကူးဇာတ်ကောင်က လူ့အာရုံကို ပိုဖမ်းစားနိုင်သလားမသိ။ ကျန်ကျောင်းကား မြန်မာကလေးငယ်များ၏ ဟီးရိုးပင်။

ပြခန်းတော်တော်များများမှာ ပေါင်ချိန်ဇာတ်လမ်းတွဲများထဲမှ ဇာတ်ကွက်တွေကို ပန်းပုရုပ်လုံးများဖြင့် ဆင်ယင်ပြသထားသည်။ ပေါင်ချိန်၏ ပုံတူပန်းချီကားကိုလည်း တွေ့ရပါသည်။ တီဗီဇာတ်လမ်းထဲက ပေါင်ချိန်နှင့် မတူလှပါ။ ဇာတ်လမ်းထဲကလောက် မဝ။ မျက်နှာကြောမတင်း။ ပိုသွယ်လျသည်။ ပိုကရုဏာရိပ်လွှမ်းသည်။ မွေးဖွားချိန်မှ ကွယ်လွန်ချိန်အထိ ပေါင်ချိန်၏ ဘဝဖြစ်စဉ်ကို သရုပ်ဖော်ထားသော ပန်းချီကားတွဲ အရှည်ကြီးကိုလည်း တွေ့ရသည်။

တစ်နေရာတွင်တော့ စိတ်ဝင်စားဖွယ် သဘောကျနှစ်သက်ဖွယ်ရာ ထူးထူးခြားခြား တစ်စုံတစ်ရာကို တွေ့လိုက်ရသည်။ 'သစ္စာရေတွင်း'။ အဂတိမကင်းသူ တစ်ယောက်ယောက် ဤရေတွင်းမှ ရေကို သောက်မိလျှင် အနည်းဆုံး မူးဝေအော့အန်တတ်သည်။ အပြစ်ကြီးလျှင် အသက်ပင်ဆုံးပါးနိုင်သည်ဟု ဆိုပါသည်။ သို့အတွက် စာရေးသူက သစ္စာရေတွင်းဟု ကိုယ့်ဘာသာ အမည်ပေးလိုက်ခြင်းဖြစ်သည်။

ကမ္ဘာသိခေတ်ပြိုင်ပညာရှင်တစ်ဦးဖြစ်သူ ဖရန့်စစ်ဖူကူယားမားက ကွန်ဖြူးရှပ် ယဉ်ကျေးမှုထွန်းကားရာ လူ့အဖွဲ့အစည်းများတွင် 'မရစ်တိုကရေစီ' (Meritocracy) အစဉ်အလာအားကောင်းတတ်သည်ဟု ဆိုပါသည်။ မရစ်တိုကရေစီဆိုသည်မှာ အရည်အချင်းလိုက် မြှောက်စားသော စနစ်ဖြစ်သည်။ ဤသည်နှင့်ဆန့်ကျင်ဘက်မှာ 'လက်သင့်ရာစားတော်ခေါ်စနစ်' (Cronism) နှင့် 'သား၊ တူ၊ ညီများကောင်းစားရေး' (nepotism) တို့ဖြစ်သည်။ အဆိုပါမိစ္ဆာညီနောင်စနစ်နှစ်ရပ် ထွန်းကားသော လူ့အဖွဲ့အစည်းများတွင်မူ အဂတိလိုက်စားမှုများမှာ မတွေ့ချင်အဆုံးပင် ဖြစ်နေတော့သည်။ သစ္စာရေတွင်းသည် မရစ်တိုကရေစီ၏ မှတ်ကျောက်ဖြစ်ပေလိမ့်မည်။



**■ ဆင်ဖိုဆီယမ်**

ပေါင်ချိန်ကျောင်းတော်မှ အပြန်တွင် 'ကျန်းဟွိုင်မော်တော်ကားကုမ္ပဏီလီမိတက် (JAC) သို့ သွားကြသည်။ JAC ကို ၁၉၆၄ ခုနှစ်ကတည်းက တည်ထောင်ခဲ့သည်ဟု ဆိုပါသည်။ ယခုအခါတွင်ကား JAC မှာ တရုတ်ပြည်ကားထုတ်လုပ်ရေးစင်တာတစ်ခု ဖြစ်နေပါပြီ။ တရုတ် ဒဲ(ပ)ထရွိုက် ဆိုပါစို့။

မော်တော်ကားစက်ရုံထဲ ဝင်လိုက်သည်နှင့် ချီကျိုးတွင် မြင်ခဲ့ရသည်ထက် ပိုကြီးကျယ်ခမ်းနားသော စည်းပတ်လမ်းကြီးကို မြင်လိုက်ရသည်။ တစ်ဆင့်မက သုံးဆင့် သုံးထပ် လည်ပတ်နေသော သုံးထပ်ကွမ်း စည်းပတ်လမ်းဖြစ်သည်။ အောက်ဆုံးပတ်လမ်းက အင်ဂျင်၊ ဒုတိယ ပတ်လမ်းက အင်ဂျင်မှ အပဖြစ်သော အစိတ်အပိုင်းများ၊ အပေါ်ဆုံး တတိယထပ်တွင်မူကား ဘော်ဒီ။ သူ့အဆိုင်းနှင့်သူ အဆင့်ဆင့်ထုတ်လုပ်နေကြသည်။ အဆုံးတွင်တော့ ပတ်လမ်းသုံးခုပေါင်းစုံကာ အပျံစား မော်တော်ကားတွေ စီရရီ ထွက်လာလေတော့သည်။

JAC သည်ပြည်ပဈေးကွက် အတော်အတန်ရနေပြီဟု သိရသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများက ဈေးချိုသော JAC ကားတွေကို ဝယ်ယူအားပေးကြသည်။ တရုတ်ကားတွေမှာ ဂျပန်တက်ခ်နော်လော်ဂျီကို မမီတတ်သေးသော်လည်း အလွန်ချိုသော ဈေးနှုန်းကြောင့် ဈေးကွက်တွင် အဝယ်လိုက်နေသည်။ တကယ်တော့ပြည်တွင်း ဝယ်လက်နှင့်ပင် JAC ဈေးကွက်မှာ ခိုင်နေပြီဖြစ်ပါသည်။ တရုတ်တွေ သိသိသာသာကြီးကို ကားဝယ်စီးလာကြသည်။ လွန်ခဲ့သော ဆယ်နှစ်ဝန်းကျင်လောက်အထိ 'စက်ဘီးမြို့တော်' ဟု အမည်တွင်ခဲ့သော တရုတ်မြို့ကြီးတွေမှာ ယခုအခါ 'မော်တော်ကားမြို့တော်' ဖြစ်နေပါပြီ။

JAC တွင် ကြာကြာအချိန်ဖြုန်းခွင့် မရလိုက်ပါ။ အရေးကြီးသော အစည်းအဝေးတက်ဖို့ ရှိသည်။ တရုတ်ပြည် ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ နောက်ဆုံးတွေ့ဆုံကြရမည့် အစည်းအဝေးဖြစ်သည်။ နှစ်ဖက်ကိုယ်စားလှယ်အားလုံး မိမိတို့ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ပြီး အမြင်ချင်း ဖလှယ်ကြမည်ဖြစ်၍ 'ဆင်ဖိုဆီယမ်' သဘောဟု ဆိုနိုင်ပါသည်။ အစီအစဉ်စာရွက်တွင်လည်း Symposium ဟူ၍ပင် ရေးထားသည်။

အဆိုပါ ဆင်ဖိုဆီယမ် တက်ရန်အတွက် တည်းခိုဟိုတယ်သို့ ပြန်ခဲ့ကြသည်။ ကိုယ့်အခန်းပြန် ခေတ္တနားပြီးတော့ ဆင်ဖိုဆီယမ်တက်။ တရုတ်ကိုယ်စားလှယ်အဖွဲ့တွင် ကျွန်တော်တို့နှင့် ခရီးစဉ်တစ်လျှောက်လုံး လိုက်ပါလာသော မစ္စစ်လီ၊ ကျန်းယီနှင့် ကျန်းယင်းဟွာတို့ကို တွေ့ရသည်။ သူတို့သုံးယောက်လုံးမှာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်တွေဖြစ်မှန်း ခုမှပဲသိရတော့သည်။

မစ္စစ်လီကပင် ဆင်ဖိုဆီယမ်ကို စဖွင့်ပါသည်။ 'ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး' ဆိုသည်ကို အကြိမ်ကြိမ်ကြားရသည်။ ကိုလိုနီစနစ်သစ်ဆိုသောဝေါဟာရကိုလည်း မကြာမကြာသတိပြုမိသည်။ နောက်ဆုံး ဆုတောင်းသံနှင့် နိဂုံးချုပ်သည်။ "တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး" အဓွန့်ရှည်ပါစေ . . .။

နောက်မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဆရာဦးကိုကိုလှိုင်အလှည့်။ ဆရာက တရုတ်မြန်မာဆက်ဆံရေးသမိုင်းကို နောက်ခံထားကာ ယခု ပစ္စုပ္ပန်ကာလကို မီးမောင်းထိုးပြသည်။ အစိုးရချင်းဆက်ဆံရေး အထူးကောင်းမွန်ပါကြောင်း မှတ်ချက်ပြုသည်။ လူထုအချင်းချင်း ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်စေရန် အာရုံပြုဖို့လိုမည်ထင်ပါကြောင်း မှတ်ချက်ပြုသည်။

နောက်တော့ပါဝင်သူအားလုံး တစ်ယောက်ချင်း မိမိထင်မြင်ရာကို ပွင့်ပွင့်လင်းလင်း ပြောကြပါသည်။ ကျွန်တော့်မှာ မိတ်ဆွေများ၏ စကားကိုပင် အာရုံမသွင်းနိုင်။ မိမိပြောရမည့်စကားတွေကို တက်သုတ်ရိုက်စာစီနေရသည်။ နောက်ဆုံးယခုလို ပြောဖြစ်လိုက်သည်။

"ကျွန်တော်ဟာ ဒီအဖွဲ့မှာ လေ့လာသူအနေနဲ့လိုက်လာတဲ့ စာရေးဆရာပါ။ နိုင်ငံရေးသမားမဟုတ်သလိုပညာရှင်လည်းမဟုတ်ပါဘူး။ ဒါကြောင့် ဒီနေ့ကျွန်တော်တို့နှစ်နိုင်ငံကြားရှိနေတဲ့ အမြင်မတူမှုလေးတွေကို နိုင်ငံရေးအမြင်ပညာရေးအသိနဲ့ မပြောနိုင်ပါ။ မပြောတတ်ပါ။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့တစ်ခုပဲပြောပါရစေ။ မိတ်ဆွေတို့သိတဲ့အတိုင်းပဲ၊ ဒီနေ့ကျွန်တော်တို့နိုင်ငံမှာ အရေးကြီးတဲ့ အပြောင်းအလဲကြီးတစ်ခုဖြစ်နေပါတယ်။ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ဦးတည်လှည့်ပြောင်းနေတဲ့ ဖြစ်စဉ်ကြီးပါ။ ဒီစနစ်မှာ ပြည်သူလူထုရဲ့ ဆန္ဒဟာသိပ်အရေးကြီးမယ်လို့ ထင်ပါတယ်။ အစိုးရ ဆုံးဖြတ်ချက်တိုင်းလောက်ဟာပြည်သူလူထုရဲ့ ဆန္ဒမှာ အခြေခံရတယ်လို့ နားလည်ပါတယ်။ ဒီသဘောကို မိတ်ဆွေများက ကျွန်တော့်ထက် ပိုပြီးနားလည်သဘောပေါက်ကြမှာပါ။ ဒီတော့ နောက်ဆုံးအနေနဲ့ ဥက္ကဋ္ဌကြီးမော်ရဲ့ ဩဝါဒတစ်ခုနဲ့ နိဂုံးချုပ်ပါရစေ။ 'ပန်းပေါင်းတစ်ရာပွင့်ပါစေ၊ ဂိုဏ်းပေါင်းတစ်ထောင် ငြင်းခုံကြပါစေ၊ နောက်ဆုံးအဆုံးအဖြတ်ကတော့ ပြည်သူလူထုရဲ့ ဆန္ဒက လာပါလိမ့်မယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် . . . "

မစ္စစ်လီက ကျွန်တော့်ကိုငေးငေးငူငူကြီး ကြည့်နေသည်။ ပြုံးသလား၊ မပြုံးသလား ကျွန်တော်မသိ၊ ကျွန်တော်ကတော့ ပြုံးပြလိုက်ပါသည်။

**■ နောက်ဆုံးညစာ**

အစီစဉ်တွေကား မပြီးသေးပါ။ ဆင်ဖိုဆီယမ်ပြီးသည်နှင့် သုတေသနအင်စတီကျူ့ တစ်ခုသို့ အသော့နှင်ရသည်။ အန်းဟွေးပြည်နယ် Recycle Economy Research Institute ။

စာမျက်နှာ(၄၀)သို့

7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# အမေရိကန် သတင်းဌာနများကို တရုတ်တိုက်ခိုက်မှုမှရတဲ့ သင်ခန်းစာများ

နိုင်းနိုင်း (SEAPA)

The New York Times, The Washington Post နဲ့ The Wall Street Journal ဆိုတဲ့ သတင်းကုမ္ပဏီကြီးတွေလောက် တခြားဘယ်ကုမ္ပဏီမှ "သတင်းအချက်အလက် ဖောက်ထွင်းသူခိုး" (ဟက်ကာ-Hacker) တွေကို ဆွဲဆောင်နိုင်စွမ်းမရှိပါဘူး။ ဘယ်ကုမ္ပဏီမှလည်း သူတို့လောက် ငွေကုန်ကြေးကျခံပြီး အဆင့်မြင့်ကွန်ပျူတာလုံခြုံရေးအတိုင်ပင်ခံတွေ ခန့်ထားနိုင်တာမျိုး မရှိသေးပါဘူး။ ခုတလောကလေးမှာ ဖြစ်ပျက်သွားခဲ့တဲ့ The Times နဲ့ တခြားအဖောက်ထွင်းခံလိုက်ရသူတွေ လူသိရှင်ကြား ထုတ်ဖော်ပြောကြားချက်တွေအရ နေ့စဉ်သတင်းထောက်တွေနဲ့အယ်ဒီတာတွေ အနေနဲ့သူတို့ကိုယ်သူတို့ကာကွယ်နိုင်မယ့် နည်းလမ်း၊ သင်ခန်းစာတွေများ ထုတ်ယူနိုင်ဖွယ်ရှိနိုင်သလား။

တရုတ်နိုင်ငံရဲ့ အီးမေးလ်ဖောက်ထွင်းဝင်ရောက်မှု အကြိမ်ကြိမ်ကြုံခဲ့ဖူးတဲ့ နိုင်ငံတွေကနိုင်ငံခြားသားသတင်းထောက်တွေအဖို့တော့ The Times, The Post နဲ့ The Journal တို့ အင်တာနက်ပေါ်မှာ ဖောက်ထွင်းတိုက်ခိုက်ခံလိုက်ရတယ်ဆိုတဲ့ သတင်းဟာ အဆန်းတကြယ်ကိစ္စတစ်ခုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ The Times သတင်းဌာန ပင်မရုံးကို ဝင်ရောက်နိုင်တဲ့ ဟက်ကာတွေရဲ့ အဆင့်အတန်းနဲ့ နည်းပညာ အကြံပေးတွေရဲ့ ထုတ်ဝေမှုအသေးစိတ်တွေဟာ သိကောင်းစရာတွေဖြစ်တယ်။

ဟက်ကာတွေဟာဖွဲ့ကောင်းကောင်းနဲ့ လေးလဆက်တိုက် သူတို့ရဲ့ သတင်းစာမျက်နှာကို တိုက်ခိုက်ခဲ့တယ်လို့ The Times က ထုတ်ဖော် ပြောဆိုလိုက်တယ်။ တိုက်ခိုက်သူတွေဟာ တရုတ်ခေါင်းဆောင် ဝမ်ကျားပေါင်နဲ့ သူ့ဆွေမျိုးတွေရဲ့ ပိုင်ဆိုင်မှုတွေအကြောင်း သတင်းပေးပို့နေတဲ့ သတင်းထောက်တွေရဲ့ အီးမေးလ်နဲ့ သတင်းအဆက်အသွယ်တွေကို အဓိကဦးတည်တိုက်ခိုက်တာဖြစ်တယ်။ ဒီတိုက်ခိုက်မှုဟာ နိုင်ငံတော်က ကျောထောက်နောက်ခံပေးထားတဲ့ တိုက်ခိုက်မှုလို့ စွပ်စွဲနိုင်တဲ့ ရာဇဝတ်မှုဆိုင်ရာ အထောက်အထားလည်း မရှိဘူး။ ဒါပေမဲ့ The Times ရဲ့ လုံခြုံရေးကျွမ်းကျင်သူ မန်ဒီအန့် (Mandiant) က တိုက်ခိုက်ခံရတဲ့ ပစ်မှတ်၊ တိုက်ခိုက်တဲ့ နည်းပညာနဲ့ တိုက်ခိုက်တဲ့အချိန်တွေကို လေ့လာကြည့်ရင် တရုတ်စစ်တပ်ရဲ့ ထိန်းကွပ်မှုအောက်မှာရှိတဲ့ တရုတ်ဟက်ကာတွေက လုပ်ဆောင်နေတာဖြစ်တယ်လို့ ခိုင်မာတဲ့ အထောက်အထားတွေရှိကြောင်း ဝေဖန်သုံးသပ်ထားတယ်။

၂၀၁၁ ခုနှစ်မှာ The Post ကို စတင်ခဲ့တဲ့ တိုက်ခိုက်မှုဟာ ကုမ္ပဏီတစ်ခုတည်းကပဲပြုလုပ်ခဲ့တယ်ဆိုတာ နောက်ပိုင်းမှာ သတင်း ပေးပို့ခဲ့တယ်။ ၂၀၁၂ နှစ်လယ်ပိုင်းလောက်မှာ The Journal ရဲ့ အင်တာနက် လုံခြုံရေးကို တိုက်ခိုက်ခံရဖွယ်ရာရှိတယ်လို့ FBI က သတိပေးခဲ့တယ်။ စာစောင်ရဲ့ ပိုင်ရှင်ဖြစ်သူ ကုမ္ပဏီ ဥက္ကဋ္ဌ မစ္စတာ ရူးပေါ့တ်မာဒေါ့ခ် (Rupert Murdoch) က "တရုတ်တွေ ကျွန်တော်တို့စာစောင်ကို ဆက်လက်တိုက်ခိုက်နေတယ်" လို့သူ့တွစ်တာပေါ်ကနေ ပြောဆိုဖွင့်ချခဲ့တယ်။





ဓာတ်ပုံ- Newyork Time

*ရှန်ဟိုင်းမြို့ အပြင်ဘက်ရှိ တရုတ်တပ်မတော်၏ ဆိုက်ဘာတိုက်ခိုက်မှုများလုပ်ဆောင်ရာနေရာဟု မီဒီယာများတွင် ဖော်ပြနေသော အဆောက်အအုံ*

ပထမသင်ခန်းစာကတော့ အလုပ်ရှင်က ကွန်ပျူတာနဲ့ ပတ်သက်တဲ့ လုံခြုံရေးကို ဂရုစိုက်တတ်သူဖြစ်သည့်တိုင် (အများစုက ဂရုမစိုက်တတ်ပါ)၊ မိမိကွန်ပျူတာ လုံခြုံရေးကို ကိုယ်ပိုင်ကိစ္စတစ်ခုလို သဘောထားဆောင်ရွက်ပါ။ တိုက်ခိုက်သူဟာ အလျော့ရဲဆုံးနေရာကနေ ကိုယ်ကျင်လည်နေတဲ့ အလုပ်လမ်းကြောင်းထဲ ထိုးဖောက်ဝင်ရောက်နိုင်ဖို့ ကြိုးစားတတ်ကြတယ်။ ဟက်ကာတွေကတော့ ပုဂ္ဂလိက အတွင်းရေးကိစ္စလား၊ လုပ်ငန်းကိစ္စလားဆိုပြီး အထွေအထူးခွဲခြားနေမှာမဟုတ်ပါ။ အရင်ဆုံး ကြုံရမှာက Times အလုပ်သမားတွေရဲ့ ကွန်ပျူတာတွေထဲမှာ ရှိတဲ့ သူတို့ရဲ့ ကိုယ်ပိုင်လျှို့ဝှက်လုံခြုံရေးအချက်အလက်တွေ တောင်းတဲ့စာမျိုး လက်ခံရရှိတာပဲဖြစ်တယ်။ လူအများသိပြီးသား အချက်အလက်တွေနဲ့ သီးသန့်ထောက်လှမ်းခြင်းတွေကနေ ရရှိထားတဲ့ အချက်အလက်အသေးစိတ်တွေကို အသုံးပြုထားတာကြောင့် ဒီစာတွေဟာ ယုံကြည်စရာအတော်ကောင်းတယ်။ စာနဲ့အတူအတွဲလိုက်ပါလာတဲ့ ဖိုင်တွေကိုဖွင့်ရင်လည်း သတိထားရမယ်။ အသုံးပြုတဲ့ပစ္စည်းတွေထဲမှာ တစ်ခုက ကိုယ်ပိုင်အတွက်ဖြစ်ပြီး အခြားတစ်ခုက အလုပ်ကိစ္စအတွက် သီးသန့်စီခွဲပြီး သုံးတဲ့အခါမှာတောင် လုံခြုံရေးစကားဝှက်တစ်ခုကိုထပ်တူအသုံးမပြုသင့်ပါဘူး။ Times ရဲ့ ရုံးတွင်းစနစ်တွေကို ထိုးဖောက်ခံလိုက်ရတဲ့အခါ ဒီရုံးက အလုပ်သမားတွေရဲ့ပြင်ပ အီးမေးလ်စနစ်တွေကိုပါ အဖောက်ခံရနိုင်တဲ့အထိ ဖြစ်တတ်တယ်လို့ The Times က ဖြည့်စွက်အကြံပြုထားတယ်။

ဒုတိယ အချက်အနေနဲ့ ဖောက်ထွင်းသူတွေဟာ သူတို့ အဓိကလိုချင်တဲ့ ရည်မှန်းချက် မပြည့်ဝသည့်တိုင် တခြားအချက်အလက်တွေကိုရယူသွားနိုင်တယ်ဆိုတာ သိထားဖို့လိုပါတယ်။ The Times ဟက်ကာတွေက တရုတ်ထောက်လှမ်းမှုတွေကို တန်ပြန်ထောက်လှမ်းဖို့ ကြိုးစားကြည့်ခဲ့ပေမယ့် သူတို့ထပ်ဆောင်း မြှင့်တင်ထားတဲ့ လုံခြုံရေးကွန်ရက်ကို မကျော်လွှားနိုင်ဖြစ်ခဲ့ရတယ်လို့ သိရတယ်။ ဒါပေမဲ့ ဒီအုပ်စုရဲ့ တခြားအချက်အလက်ပေါင်း မြောက်မြားစွာဖြစ်တဲ့ နာမည်တွေ၊ စကားဝှက်တွေနဲ့တခြားသတင်းထောက်တွေရဲ့ ကိုယ်ပိုင်အချက်အလက်တွေကိုတော့ ရရှိလိုက်တယ်။ ဒီအချက်အလက်တွေကို နောက်ထပ် တိုက်ခိုက်မှုအတွက် အသုံးပြုနိုင်တယ်။ ဒါမှမဟုတ် တခြားရည်ရွယ်ချက်ရှိတဲ့ အုပ်စုတွေကို ရောင်းချလိုက်နိုင်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီ ပထမပတ်ထဲမှာပဲ တွစ်တာ (Twitter) ဟာ သူ့ရဲ့ အစောဆုံး အသုံးပြုသူတွေရဲ့ စကားဝှက်တွေနဲ့ အီးမေးလ်လိပ်စာတွေ သိမ်းဆည်းထားတဲ့ မှတ်တမ်းဌာနကို ထိန်းချုပ်မရတဲ့ ပြဿနာကြုံခဲ့ရသေးတယ်။ ဒီလို ပေါက်ထွက်သွားတဲ့ အချက်အလက်တွေဟာ ကုန်သွယ်လဲလှယ်လို့ရတဲ့ သတင်းအချက်အလက်တွေအဖြစ် အသုံးပြုနိုင်တယ်။ တွစ်တာ (Twitter) စကားဝှက်အတိုင်း တခြားနေရာတွေမှာ ပြန်သုံးထားတဲ့ သတင်းထောက်တွေဟာ နောက်ဆက်တွဲထိုးနှက်တိုက်ခိုက် ဖောက်ထွင်းခံရမှုတွေ ရင်ဆိုင်ရနိုင်တယ်။

လတ်တလောမှာတော့စံချိန်မီ အဆင့်မြင့်ပြီး ရှည်ကြာနေပြီဖြစ်တဲ့ တိုက်ခိုက်မှုတွေဟာ ဓနအင်အားရော၊ နည်းပညာအင်အားပါ တောင့်တင်းခိုင်မာပြီး ရှုပ်ထွေးပွေလီတဲ့ အစိုးရအဆင့် သူလျှိုစုံစမ်းထောက်လှမ်းခြင်း အမှုတွေဖြစ်တယ်။ ဟက်ကာတွေကို ဒီလိုကျူးလွန်ခွင့်ပေးထားတာဟာ သူတို့လိုချင်တဲ့ အချက်အလက်တွေနဲ့နည်းပညာတွေကိုကောက်ကျစ်စဉ်းလဲတဲ့ အာဏာရှင်ပေါက်စတွေဆီဖြန့်ဝေမပေးခင် အချိန်အထိပဲဖြစ်တယ်။

အဲဒီကနေ တတိယအချက်ကို ဖြစ်ပေါ်စေတယ်။ နိုင်ငံခြားရေးရာ နည်းဗျူဟာတစ်ရပ်အဖြစ် တရုတ်နဲ့ အမေရိကန်နှစ်နိုင်ငံစလုံးဟာ ကွန်ပျူတာတွေထဲကို တရားမဝင် နည်းလမ်းနဲ့ ထိုးဖောက်ဝင်ရောက်ပြီး သတင်းအချက်အလက်တွေကို ကူးယူနိုင်တဲ့ နည်းပညာတွေကို အသုံးပြုနေတယ်လို့ သံသယရှိနေခြင်း ခံနေရသူတွေ ဖြစ်တယ်။ တရုတ်က အမေရိကန်ရဲ့ သတင်းမီဒီယာကို အမြဲထောက်လှမ်းတယ်။ အမေရိကန်က စတပ်ဇ်နက် (StuxNet) ဆိုတဲ့ စနစ်တကျ စီမံထားတဲ့ တရားမဝင်ဆော့ဖ်ဝဲကို အသုံးပြုပြီး အီရန်ရဲ့ အဏုမြူစွမ်းအင် အစီအစဉ်ကို စောင့်ကြည့်တယ်။

ဒီလိုလုပ်ဆောင်မှုတွေကို စီမံကွပ်ကဲနိုင်မယ့် နိုင်ငံတကာ စံနှုန်းတော့ တိတိကျကျ မရှိသေးဘူး။ "တရုတ်နိုင်ငံရဲ့ ဥပဒေတွေက အချက်အလက် ဖောက်ထွင်းတိုက်ခိုက်ခြင်း အပါအဝင် အင်တာနက် လုံခြုံရေးကို ထိခိုက်နစ်နာမယ့် ကိစ္စမှန်သမျှကို တားမြစ်ထားတယ်" လို့ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက The New York Times ကို ပြောဆိုခဲ့တယ်။ ဒီလို ဥပဒေမျိုးဟာ အမေရိကန်နဲ့ အီရန်နိုင်ငံတွေမှာလည်း ပြဋ္ဌာန်းထားတယ်။ ဒါပေမဲ့ နိုင်ငံပေါင်းများစွာက အခြားနိုင်ငံတွေမှာ နောက်ဆက်တွဲ ဆိုးကျိုးအတွက် စိတ်ပူစရာမလိုဘဲ သူတို့တိုက်ခိုက်ချင်တဲ့ ပစ်မှတ်ကို တိုက်ခိုက်လာနိုင်တယ်။ ဒီလိုလုပ်ရပ်မျိုးတွေကို တရားဝင် လုပ်ခွင့်ရှိတယ်လို့ ယူဆလာနိုင်တယ်။ ဒီလို ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာပြီး နိုင်ငံတိုင်းက အချက်အလက် ဖောက်ထွင်း တိုက်ခိုက်တဲ့ လုပ်ရပ်ဟာ တိုင်းပြည်အတွက် လိုအပ်တဲ့ နည်းလမ်းလို့ ယူဆလာရင် သတင်းထောက်တွေဟာ အကာအကွယ်မဲ့နေတဲ့ အခြားအဖွဲ့ အစည်းတွေလိုပဲ အန္တရာယ်နဲ့ မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရတော့မှာ သေချာတယ်။

အဆုံးမှာတော့ ဒီလိုတိုက်ခိုက်မှုတွေကနေ သတင်းထောက်တွေ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မယ့် တစ်ခုတည်းသော လက်နက်ကတော့ အမြဲတမ်း သတိရှိရှိ နိုးနိုးကြားကြား စောင့်ကြည့်တတ်ဖို့ပဲ ဖြစ်တယ်။ နောက်အကောင်းဆုံး လက်နက်တစ်ခုကတော့ ပွင့်လင်းမြင်သာမှုကို အသုံးပြုခြင်းဖြစ်တယ်။ The New York Times, Washington Post နဲ့ The Wall Street Journal တို့ အားလုံး သူတို့ရင်ဆိုင်ကြုံတွေ့ရတဲ့ တိုက်ခိုက်မှုတွေကို လူထုသိအောင် ဖွင့်ချပြောဆိုပြီး အရေးကြီးတဲ့ အဆင့်ကို လှမ်းတက်ခဲ့တယ်။ ဒီဌာနကြီးတွေ အနေနဲ့ ဆက်ပြီး ကူညီနိုင်တာက သတင်းဌာန အငယ်လေးတွေနဲ့ သတင်းထောက်တွေတစ်ဦးချင်းစီအတွက် အသေးစိတ် အချက်အလက်တွေကိုစုဆောင်းထုတ်ဝေခြင်းနဲ့အစိုးရတွေရဲ့ နိုင်ငံတကာ ဆက်ဆံရေးလက်နက်အဖြစ်အင်တာနက်ပေါ်မှာ တိုက်ခိုက်မှုတွေကို ရပ်တန့်ဖို့ဖိအားပေးခြင်းတွေ ဖြစ်တယ်။

"Drawing lessons from Chinese attacks on US media" by Danny O'Brien (CPJ Internet Advocacy Coordinator)ကို "နိုင်းနိုင်း (SEAPA)"ကဆီလျော်အောင် မြန်မာပြန်ဆိုသည်။



## အယ်ဒီတာထံ ပေးစာ

### ဘယ်လိုအခွန်လဲ

ကျွန်တော်သည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်အတွင်း လျှပ်စစ်ပစ္စည်းပြုပြင်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော်တင်ပြလိုသည်မှာ ကျွန်တော်၏လုပ်ငန်းဖြင့်အခွန်ထမ်းဆောင်ရာတွင် နှစ်စဉ်ကျသင့်ငွေ၏ ၁၀ ရာခိုင်နှုန်းအား ဒဏ်ကြေးအဖြစ် ပေးဆောင်ရပါသည်။ ဒဏ်ကြေးနှင့်ပတ်သက်၍ မေးမြန်းသောအခါကြိုတင်ခွန်မဆောင်ထားသောကြောင့်ဟုပြောပါသည်။ ကျွန်တော့်လို အသေးစားလုပ်ငန်းများအတွက် ကြိုတင်ခွန်ဆိုသည်မှာ ဘာပါလဲ။ သူများအလုပ်အပ်မှ လုပ်ရမည့်ပျက်ပြင်လုပ်ငန်းများအတွက် အမြတ်ခွန်မည်သို့ ခန့်မှန်းပါမည်လဲ။ ဝင်ငွေခွန်ကိုလည်း မည်ကဲ့သို့ခန့်မှန်းပါမည်လဲ။ ခန့်မှန်း၍ ခက်သော အလုပ်အတွက် ဒဏ်ကြေးကောက်ခြင်းသည် မျှတပါရဲ့လား။ ကျွန်တော်ဆိုလျှင် ၁၉၉၅ ခုနှစ် လုပ်ငန်းစတင်ဖွင့်ကတည်းက နိုင်ငံတော်သို့ အမြတ်ခွန်နှစ်တိုင်း ယနေ့အထိ မပျက်မကွက် ပေးဆောင်နေသူတစ်ဦးဖြစ်ပါသည်။ အခွန်ရုံးမှ လူတွေ့သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ခေါ်ယူတိုင်း အမြဲသွားခဲ့ပါသည်။ နိုင်ငံသားတိုင်း နိုင်ငံတော်အတွက် အခွန်ပေးဆောင်ရခြင်းကို တာဝန်ကျေသည့် နိုင်ငံသားတစ်ယောက်ဟု ကျေနပ်စွာခံယူပါသည်။

သို့သော်လုပ်ငန်းစတင်သည့် ၁၉၉၅ မှ ၂၀၁၃ ခုနှစ်အထိ နိုင်ငံတော်အတွက် အခွန်ငွေထမ်းဆောင်နေသော အခွန် 'ဝန်' ထမ်းတစ်ဦးအတွက် နှစ်စဉ်ဒဏ်ကြေးပေးဆောင်နေရခြင်းမှာ ပြောင်းလဲလာသောခေတ်စနစ်ဖြင့်မကိုက်ညီဟု ယူဆသောကြောင့်တာဝန်ရှိသူများအနေဖြင့် သိရှိစေရန်တင်ပြအပ်ပါသည်။

**-ရဲဝင်းအောင်**

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.51 • FEBRUARY 28 , 2013

## ခုံရုံးဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဆိုပြုသည့် ဦးမြသိန်းအား တာဝန်ပေး

**သန်းထူး**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၂၅**

လစ်လပ်လျက်ရှိသော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့အား ပြန်လည် ဖွဲ့စည်းရာတွင်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း အဆိုပြုသည့် ဦးမြသိန်း(အငြိမ်းစား-ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)အားဥက္ကဋ္ဌအဖြစ် ခန့်အပ်ရန် ယနေ့ကျင်းပသောပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။

နိုင်ငံတော်၏ အမြင့်ဆုံး တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် ခုံရုံးဥက္ကဋ္ဌရာထူးအတွက် နိုင်ငံတော်သမ္မတက ဦးမြင့်ဝင်း (ငြိမ်း-ဒုတိယညွှန်ကြားရေးမှူးချုပ်၊ပြည်ထောင်စုရှေ့နေချုပ်) ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဦးတင်မြင့် (ငြိမ်း-ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)ကိုလည်းကောင်း အသီးသီးခန့်အပ်ရန် အဆိုပြုခဲ့သော်လည်း ဦးမြသိန်းကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် အထက်ပါ ကိုးဦးအနက် ဦးမြင့်ဝင်းအား တာဝန်ပေးအပ်လိုကြောင်း အဆိုပြုခဲ့သော်လည်း ဦးမြသိန်းအား ခုံရုံး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်လိုခြင်းကို သဘောတူပါကြောင်း ပြန်လည်သဝဏ်လွှာ ပေးပို့ထားသည်ဟုပြည်ထောင်စုလွှတ်တော် နာယကဦးခင်အောင်မြင့်က ပြောကြားသည်။

အသစ်ပြန်လည်ဖွဲ့စည်းသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးမြသိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြင့်ဝင်း၊ ဦးတင်မြင့်၊ ဦးသန်းကျော်၊ ဦးမြသိန်း၊ ဦးမျိုးချစ်၊ ဦးမြင့်လွင်၊ ဒေါ်လှမျိုးနွယ်၊ ဒေါ်ကျင်စန်းတို့အား တာဝန်ပေးအပ်သည်။

အစိုးရသစ်လက်ထက်တွင် ပထမဆုံးဖွဲ့စည်းခဲ့သော ဦးသိန်းစိုး(ဥက္ကဋ္ဌ)နှင့် အဖွဲ့ဝင်များအား "လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ် ဟုတ်၊ မဟုတ်" ဆုံးဖြတ်ခြင်းနှင့်ပတ်သက်၍ ရာထူးတာဝန်မှ နုတ်ထွက်ရန် လွှတ်တော်နှစ်ရပ်က စွပ်စွဲပြစ်တင်ခဲ့ပြီးနောက် ပထမဆုံး ဖွဲ့စည်းခဲ့သော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နုတ်ထွက်သွားကြခြင်းဖြစ်သည်။

## နိုင်ငံရေးအကျဉ်းသားစာရင်း ထပ်မံကောက်ယူမည်

**ရန်မျိုးနိုင်၊ မင်းဟိန်းကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

နိုင်ငံရေး အကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့် ပေးရာတွင် ကျန်ရှိခြင်း မရှိစေရန် လက်ရှိအကျဉ်းကျခံနေရသော နိုင်ငံရေး အကျဉ်းသားစာရင်းကို ထပ်မံကောက်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ စာရင်းကို ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၊ နိုင်ငံရေး အကျဉ်းသားဟောင်းများ အဖွဲ့နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့ချုပ်တို့မှ ကောက်ယူသွားမည် ဖြစ်သည်။

"တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံရေးနဲ့ ဆက်စပ်ပြီး ထောင်ကျတဲ့သူရဲ့ မိသားစုဝင်တွေ ကျွန်တော်တို့ဆီကို အကြောင်းကြားစေချင်တယ်" ဟု နိုင်ငံရေး အကျဉ်းသားဟောင်းများ အဖွဲ့မှ ကိုရဲအောင်က ပြောသည်။

မြန်မာနိုင်ငံ အနှံ့ရှိ ထောင်များ၌ အကျဉ်းကျခံနေရသော နိုင်ငံရေး အကျဉ်းသားစာရင်းကို သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းခေါင်းဆောင်သော နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးနိုင်ရေးအတွက် စိစစ်ရေးကော်မတီမှတစ်ဆင့် အစိုးရထံ တင်ပြသွားမည်။

ယင်းကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပခဲ့ရာ နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုမှု၌ အစိုးရဘက်နှင့် အဆင်ပြေခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၊ တွဲဖက်အတွင်းရေးမှူးကိုဘိုကြည်က ပြောသည်။

လက်ရှိအချိန်တွင် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ) နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ချုပ်တို့၏ စာရင်းများအရနိုင်ငံရေးအကျဉ်းသား ၂၃၀ ကျော် အကျဉ်းကျခံနေရဆဲဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ကိုရဲအောင်က ပြောသည်။

## ကလေးစစ်သား ၂၄ ဦး တပ်မတော်မှ နုတ်ထွက်ခွင့်ပြု

**အိဖြူလွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၁**

တပ်မတော်က ကလေးစစ်သား ၂၄ ဦးကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်မြို့၌ တရားဝင်နုတ်ထွက်ခွင့်ပေးလိုက်ကြောင်း သတင်းရရှိသည်။

ထိုသို့ တရားဝင်နုတ်ထွက်ခွင့်ပေးခြင်းကို ယူနီဆက်ဖ်က ကြိုဆိုလိုက်ပြီး ဆက်လက်၍ လွှတ်ပေးရန်လည်း တောင်းဆိုမည်ဟု သတင်းထုတ်ပြန်သည်။

ကလေးသူငယ်များနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂ နိုင်ငံအဆင့်လုပ်ငန်းအဖွဲ့ ပူးတွဲသဘာပတိနှင့် ဌာနေညှိနှိုင်းရေးမှူးက "အခုလို ကလေး ၂၄ ယောက်ကို တရားဝင် နုတ်ထွက်ခွင့်ပြုလိုက်တာဟာ လုပ်ငန်းစီမံချက်ကို အစိုးရရဲ့ အကောင်အထည်ဖော်မှုမှာ ကြိုဆိုရမယ့် ခြေလှမ်းပါ။ တပ်မတော်အနေနဲ့ အရှိန်မြှင့်ပြီး ကလေးအားလုံးကို တရားဝင် နုတ်ထွက်ခွင့်ပြုဖို့၊ နောက်ပြီး အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့တွေကလည်း အလားတူပဲ နုတ်ထွက်ခွင့်ပြုပေးကြဖို့တောင်းဆိုပါတယ်" ဟု ကလေးစစ်သားများကို နုတ်ထွက်ခွင့်ပြုသည့်အခမ်းအနားတွင် ပြောကြားသည်။

အခြေခံကျသော ကလေးသူငယ်အခွင့်အရေး ချိုးဖောက်မှု အခြေအနေကိုလေ့လာစောင့်ကြည့် အစီရင်ခံခြင်းဆိုင်ရာ ကုလသမဂ္ဂနိုင်ငံအဆင့် လုပ်ငန်းအဖွဲ့ CTFMR သည် မြန်မာအစိုးရနှင့် ကလေးများကို တပ်သားအဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုခြင်းဟူသော အခြေခံကျသည့် ကလေးအခွင့်အရေးများ ချိုးဖောက်မှု အဆုံးသတ်စေရန်အတွက် လုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။



*ကလေးစစ်သားတစ်ဦး*

အဆိုပါလုပ်ငန်းစီမံချက်ကို တပ်မတော်တစ်ရပ်လုံးရှိတပ်ရင်းတပ်ဖွဲ့ အသီးသီးတွင် အကောင်အထည်ဖော်နေမှုကို လေ့လာစောင့်ကြည့်ကာ အသက်(၁၈) နှစ်အောက် ကလေးများကို ပိုမိုထိရောက်စွာ ဖော်ထုတ်နုတ်ထွက်ခွင့် ပေးနိုင်ရေးတို့ကို တပ်မတော်နှင့် CTFMR တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

CTFMR တွင် UNICEF, UNHCR, ILO, UNOCHA, UNDP, WFP, UNFPA, Save The Children, World Vision တို့က ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးကို ဆိုးရွားစွာချိုးဖောက်ကျူးလွန်သော လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် အဖွဲ့အစည်းများရှိနေသည့် နိုင်ငံအဖြစ် ကုလသမဂ္ဂသတ်မှတ်ခြင်းခံရသော စာရင်းတွင် ပါဝင်သည်။

## ငြိမ်းချမ်းရေးအတွက် အထူးသံတမန်တစ်ဦး ဂျပန်အစိုးရခန့်အပ်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

မြန်မာနိုင်ငံရှိတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား ထောက်ပံ့ပေးနေသော နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာဆာဆာကာဝါအား ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အထူးသံတမန်အဖြစ် ဂျပန်အစိုးရက ဖေဖော်ဝါရီ၁၉ရက်တွင် ခန့်အပ်လိုက်ကြောင်း သတင်းရရှိသည်။

"အစိုးရအဖွဲ့ဝင်အတွင်းရေးမှူးက ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ထုတ်ပြောလိုက်တာ။ တရားဝင်ထုတ်ပြန်ချက်လည်းရပြီ" ဟု နီပွန်ဖောင်ဒေးရှင်းမှ မစ္စတာဆာဆာကာဝါ၏စကားပြန် ကိုထူးအောင်က ပြောသည်။

နီပွန်ဖောင်ဒေးရှင်း အနေဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများအတွက် ယခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၂၀ လျာထားကြောင်း နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာဆာဆာကာဝါက ပြောသည်။

"တိုင်းရင်းသားတွေ အနေနဲ့တော့ နီပွန်ဖောင်ဒေးရှင်းပေါ်မှာ ယုံကြည်မှု ရှိပါတယ်" ဟု မြန်မာငြိမ်းချမ်းရေးစင်တာမှ ဦးလှမောင်ရွှေက ပြောသည်။

နီပွန်ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၂ ဒီဇင်ဘာမှ ၂၀၁၃ ဒီဇင်ဘာအထိ တိုင်းရင်းသားဒေသများရှိ ဒုက္ခသည်များအား အစားအစာနှင့် ဆေးဝါးထောက်ပံ့ရန် အမေရိကန် ဒေါ်လာသုံးသန်းလျာထားပြီး မကြာသေးမီက မွန်ပြည်သစ်ပါတီ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ပအိုဝ်တိုင်းရင်းသား ဒေသများရှိ ဒုက္ခသည်များအား အစားအစာနှင့် ဆေးဝါးများ တရားဝင်ထောက်ပံ့ပေးခဲ့သည်။

နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ မစ္စတာဆာဆာကာဝါမှာ ငယ်စဉ်က အလွန်ဆင်းရဲပြီး အလုပ်ပင်ပင်ပန်းပန်း လုပ်ခဲ့ရကာ ချမ်းသာလာခဲ့၍ လက်ရှိတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံအား ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ကူညီပေးလျက်ရှိသည်။

## ကိုဖုန်းမော်နှင့် ကိုစိုးနိုင်ကျဆုံးခြင်း (၂၅)နှစ်မြောက် အခမ်းအနား တရားဝင် ကျင်းပရန် စီစဉ်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

လာမည့် မတ်လ ၁၃ ရက်တွင် ကျရောက်မည့် စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်နှင့် ကိုစိုးနိုင်ကျဆုံးခြင်း (၂၅)နှစ်မြောက် အခမ်းအနားကို စက်မှုတက္ကသိုလ်ဝင်းအတွင်း ကျင်းပသွားရန်ရှိကြောင်း သတင်းရရှိသည်။

"ကျောင်းပခွင့်ရအောင် သက်ဆိုင်ရာနဲ့ ညှိနှိုင်းဖို့ အစည်းအဝေးမှာဆုံးဖြတ်ထားတယ်" ဟု (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ် ကိုဖုန်းမော်၊ ကိုစိုးနိုင်ကျဆုံးခြင်းနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့ကျင်းပရေး ဦးဆောင်ကျင်းပရေးကော်မတီ အဖွဲ့ဝင် ကိုထွန်းကြည်က ပြောသည်။

ပြီးခဲ့သည့် (၂၄)နှစ်မြောက် အခမ်းအနားကိုမူ ရန်ကုန်မြို့ရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီအင်အားစုများ တက်ရောက်ခဲ့ကြသည်။

၁၉၈၈ ခုနှစ်မတ်လ ၁၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် စက်မှုတက္ကသိုလ် ကျောင်းသားများဖြစ်သော ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးခဲ့သောနေ့ကို ၁၉၈၉ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့အဖြစ် ဒီမိုကရေစီအင်အားစုများက သတ်မှတ်ခဲ့ကြသည်။

သို့သော် လွန်ခဲ့သော (၂၃) နှစ်တာ ကာလအတွင်း အဆိုပါနေ့ကို တရားဝင်ကျင်းပခွင့် မရရှိခဲ့သောကြောင့် ပြည်သူလူထုအတွင်း လူ့အခွင့်အရေးအကြောင်းအရာများကို ပျံ့နှံ့အောင်ဆောင်ရွက်သွားသင့်ကြောင်း အခမ်းအနားကျင်းပရေးနာယက ဦးသာဘန်းက ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013


သမီးဖြစ်သူကို မျှော်နေဆဲ ဒေါ်သိန်းမြင့်

# လမ်းမထက်တွင်နေဝင်သည်

မောင်တာ၊ညီညီဇော်

**ပုံမှန်နေ့တွေလို အိမ်ရှေ့မှ ဆိုင်ကယ်တွေ ဖြတ်သွားတိုင်း သမီးလေးများလားဟု ဒေါ်သိန်းမြင့် လှမ်းမျှော်ကြည့်နေမိသည်။ သတိလက်လွတ်ဖြစ်သွားတိုင်း ထွက်ထွက်ကြည့်မိသည်မှာ ခဏခဏ။ သူမ၏မြေးမလေး အိမ်ပြန်မလာနိုင်တော့သည်ကို ဒေါ်သိန်းမြင့် လက်ခံ၍မရနိုင်သေး။ အိမ်ထရံပေါ်မှာကတော့ သမီးလေးဓာတ်ပုံက လှပစွာရှိနေဆဲ။**

ဇန်နဝါရီ(၂၅) ရက်နေ့က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန် မြို့နယ်နေ အသက် ၁၉ နှစ်အရွယ် မတိုးတိုးဝင်းသည် နေ့စဉ် ပြုနေကျအတိုင်း ဆိုင်ကယ်စီးကာ ရတနာပုံတက္ကသိုလ်သို့သွားရန် ပြင်ဆင်နေခဲ့သည်။ ဒေါ်သိန်းမြင့်က နေ့စဉ်မှာနေကျအတိုင်း စိတ်ပူပန်စွာမှာသည်။ "သမီးလေး သတိထားစီးနော်။ဘေးကကပ်စီး။ ဖြည်းဖြည်းလည်းစီး"။ ထိုအရာများမှာ မြေးအဘွားနှစ်ယောက်၏ နေ့စဉ်ဖြတ်သန်းမှုပုံစံ ဖြစ်သည်။ အဘွားကို အမေလို သဘောထားကာ မိသားစုအပေါ် အနစ်နာခံ၊ စိတ်ရင်းစိတ်ထားဖြူစင်သော တိုးတိုးဝင်းလို မိန်းကလေးမျိုး သေမင်းက အလွယ်တကူခေါ်ယူမည်ဟု ထိုစဉ်က ဒေါ်သိန်းမြင့် ထင်မထားခဲ့ ။ နေ့လယ်ပိုင်းတွင် ကြားလိုက်ရသည်က ရတနာပုံ တက္ကသိုလ်နှင့်ကန်ပတ်လမ်းဆုံအနီးတွင် မတိုးတိုးဝင်း စီးလာသည့် ဆိုင်ကယ်နှင့် အခြားဆိုင်ကယ် တစ်စီး မတော်တဆတိုက်မိ၍ လဲနေချိန် ဝင်လာသည့်ကားကြီး တစ်စီးဖြင့် ထပ်မံတိုက်မိခဲ့ရာမှ ပြင်းထန်သော ဒဏ်ရာများဖြင့် ပွဲချင်းပြီး ဆုံးသွားပြီဆိုသည့် သတင်းပင်ဖြစ်သည်။ ဒေါ်သိန်းမြင့် ပဋ္ဌာမြေလူးခဲ့သည်။ "အမေကြီးတို့က အိုကြီးအိုမတွေပါ။ သူက ကျောင်းတစ်ဖက် တက်ရင်း အလုပ်လုပ်တယ်။ ညဘက်က လေးတွေ စာပြတယ်။ သူ့လုပ်စာ လေး မှီခိုပြီး စားနေရတာပါ ။ ခုလိုဖြစ်သွားတော့ လက်မောင်း နှစ်ဖက်စလုံး ပြုတ်တော့တာ ပါပဲကွယ်" ဟု ပြောရင်းဒေါ်သိန်းမြင့် ငိုသည်။ သင်္ချာအဓိကဖြင့် တတိယနှစ်တက် ရောက်နေသည့် အသက်(၁၉)နှစ် အရွယ်မတိုးတိုးဝင်းသည် ဘွဲ့ရပြီးလျှင် ကျောင်းဆရာမလုပ်မည့်အကြောင်း ကလေးတွေကိုလည်း ပျော်ရွှင်စေသောနည်းများဖြင့် စာသင်ကြားပေးချင်သည့် ရည်ရွယ်ချက်မျိုး ထားခဲ့ကြောင်း ဒေါ်သိန်းမြင့်က ပြောပြသည်။

မတိုးတိုးဝင်းကဲ့သို့ပင် မြန်မာနိုင်ငံ၏ ဒုတိယ အကြီးဆုံးနှင့်ဆိုင်ကယ်အစီးရေအများဆုံး မန္တလေးမြို့တွင် နေထိုင်သူများမှာ ယာဉ်အန္တရာယ်ကို ဆိုးရွားစွာကြုံတွေ့နေရသည်။ဆိုင်ကယ်မတော်တဆမှုကြောင့် သေဆုံးသူများထဲတွင် တက္ကသိုလ်မှ ပါမောက္ခချုပ်များ၊ နည်းပညာတက္ကသိုလ်နှင့် အခြားတက္ကသိုလ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ အစိုးရဝန်ထမ်းများ စသည်ဖြင့် လူကြီး လူလတ်၊ ယောကျ်ား၊ မိန်းမ အရွယ်စုံ ပါဝင်နေကြသည်။ မန္တလေးမြို့ပေါ်တွင် နေ့စဉ်ဖြစ်ပွားနေသော ယာဉ်တိုက်မှုများကြောင့် လူငယ်လူရွယ်များ သေဆုံးဒဏ်ရာရမှုများဖြစ်ပွားနေရာ လူသားအရင်းအမြစ်များ ဆုံးရှုံးနေရကြောင်း၊ မြို့လူထု ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်တိုက်မှုဖြစ်ပွားခြင်းများ လျော့နည်းအောင်လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းက ပြောသည်။

"ယာဉ်တိုက်မှုဖြစ်ပြီး မန္တလေးဆေးရုံကြီး အရေးပေါ်လူနာဌာနကို ရောက်လာတဲ့ လူဦးရေဟာ တစ်နေ့ပျမ်းမျှအယောက်ငါးဆယ်ကျော်တယ်" ဟု

စာ(၂၉)သို့



စာ(၂၈)မှ

မန္တလေးဆေးရုံကြီးအရေးပေါ်ဌာနတွင် တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့မှ မှူးခင်းအရာရှိကပြောသည်။ မန္တလေး၏ အားလပ်ရက်ဖြစ်သော အခါကြီးရက်ကြီး လပြည့်နေ့များတွင် အရေးပေါ်လူနာဌာနသို့ရောက်ရှိလာသူ လူအများစုမှာ အသက် (၂၀) နှင့် (၄၀) ကြားအရွယ် အများဆုံးဖြစ်ပြီး အချို့လူနာများမှာ ယာဉ်တိုက်မှုဖြစ်ချိန်တွင် အရက်သေစာသောက်စားထားသည်ကို တွေ့ရကြောင်း အထက်ပါ ရဲအရာရှိက ဆိုသည်။

ယခုရက်ပိုင်းအတွင်း ယာဉ်ထိန်းရဲအင်အားတိုးချဲ့ပြီးနောက် မန္တလေးမြို့အတွင်းတွင်စစ်ဆေးမှုများ ပိုမိုအရှိန်မြှင့် လုပ်ဆောင်လာသည်ကိုလည်းတွေ့ရသည်။ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ယာဉ်ထိန်းရဲ၊ မန္တလေးစည်ပင်၊ ပို့/ဆက်၊ က . ည . နစသည့် ဌာနဆိုင်ရာ ခုနစ်ခုဖြင့် ယာဉ် အန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ရန်ဖွဲ့စည်းထားသည့် ၎င်းအဖွဲ့က မန္တလေးမြို့ ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားစေသည့် အကြောင်းရင်းများမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းခြင်း၊ သတ်မှတ်ထားသည့် မိုင်နှုန်းထက်ပိုမိုကာ အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ အရက်သောက်စားမူးယစ်မောင်းခြင်း၊ တစ်ဖက်ယာဉ်ကြောကိုမကြည့်ဘဲ အရှိန်နှင့်ကျော်တက်ခြင်း၊ လမ်းကြောရှုပ်ထွေးခြင်း၊ စည်းကမ်း



*ဆိုင်ကယ်မတော်တဆမှုဖြစ်ပြီးတွေ့ရစဉ်*

ပျက်မောင်းနှင်သူများအား ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စနစ်တကျစည်းကမ်းကြပ်မတ်နိုင်မှု အားနည်းခြင်းနှင့် မန္တလေးမြို့၏ မြို့တည်ဆောက်ပုံအရလမ်းဆုံလမ်းခွပေါများခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ်သည်။

မန္တလေးမြို့ခံများအနေဖြင့် ယာဉ်တိုက်မှုများ အမြန်ဆုံးလျော့ကျသွားစေရန် ဆန္ဒရှိနေကြသည်။ အွန်လိုင်းလူမှုအဖွဲ့အစည်းတစ်ခုအသွင်ဖြစ်နေသော မန္တလေးသတင်းပုံရိပ်အဖွဲ့သားများကလည်း ယာဉ်တိုက်မှုများလျော့ကျစေရန်အတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ပညာပေးဆောင်ရွက်ရန် ကြိုးစားနေကြသည်။မန္တလေးမြို့ ရပ်ကွက်တိုင်းနီးပါးတွင် ဖွဲ့စည်းတည်ထောင်ထားသော လူမှုကူညီရေးအသင်းများတွင်နာရေးကားနှင့်အရေးပေါ်လူနာတင်ကားများ ဝယ်ယူထားရှိရပြီး နာရေးပို့ဆောင်ပေးရခြင်းတို့ကို အဓိက အကူအညီပေးရကြောင်း လူမှုကူညီရေး အသင်းအချို့က ဆိုသည်။ "တစ်ညကို ယာဉ်တိုက်လူနာ နှစ်ယောက်လောက်တော့ သွားကောက်ပေးရတယ်" ဟု မန္တလေးမြို့ဟောင်းဘူတာအနီးတွင် ရုံးခန်းဖွင့်လှစ်ထားသော ချမ်းမြသုခ လူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

လူဦးရေ တစ်သန်းကျော်နေထိုင်သည့် မန္တလေးမြို့တွင် သွားလာသယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကို အဓိက အားထားအသုံးပြုနေရပြီး မြို့နေ လူသုံးဦးလျှင် ဆိုင်ကယ်တစ်စီးနှုန်း ပိုင်ဆိုင်နေသည်။ မန္တလေးမြို့ပေါ်တွင် မော်တော်ဆိုင်ကယ်(၄၇၈,၃၂၃)စီးရှိသည်ဟု တိုင်း က. ည. နမှသိရသည်။

မန္တလေးမြို့ပေါ် ငါးမြို့နယ်နှင့် အမရပူရ၊ ပုသိမ်ကြီးမြို့နယ် အပါအဝင် မန္တလေးခရိုင်ခုနစ်မြို့နယ်တွင် ပြီးခဲ့သည့် ၂၀၁၂ခုနှစ်အတွင်း ယာဉ်တိုက်မှုများကြောင့် ပျမ်းမျှနှစ်ရက်လျှင် လူတစ်ဦးသေဆုံးနေပြီး တစ်ရက်လျှင် လူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိနေသည်ဟု မန္တလေးတိုင်းဒေသကြီးယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်သည်။ ယာဉ်တိုက်မှုကြောင့်ထိခိုက်ဒဏ်ရာရသေဆုံးသူအများစုမှာ အသက်(၄၀)နှင့် အသက်(၂၀) ကြားအမျိုးသားများအများဆုံးဖြစ်ပြီး ယာဉ်တိုက်မှု ဖြစ်ပွားချိန်မှာ ညနေ ၆ နာရီနှင့် ၁၂ နာရီကြား အချိန်အများဆုံးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ပြုစုထားသော စာရင်းဇယားများအရ သိရသည်။

"ယာဉ်တိုက်မှုတွေ လျော့ကျဖို့ ကျွန်တော်တို့ဘက်ကလည်း စနစ်တကျလုပ်ဆောင်နေပါတယ်။ ယာဉ်၊ လမ်းအသုံးပြုသူတွေအနေနဲ့လည်း စည်းကမ်းတကျ စီးနင်းအသုံးပြုကြဖို့လိုအပ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးလည်းဖြစ်သူ ဦးကျော်ဆန်းကဆိုသည်။

"မကျန်းမာလို့ ဖြစ်သွားရင် ဆေးကုပေးလိုက်ရတယ်ဆိုပြီး ဖြေလို့ရသေးတယ်။ ခုလိုအဖြစ်ဆိုးနဲ့ ကြုံရတော့ အမေကြီးသေရင်တောင် ဒီစိတ်နဲ့သေရတော့မယ်။ ရာသက်ပန် အသည်းမှာဒဏ်ရာရသွားပြီ" ဟု ဒေါ်သိန်းမြင့်က ပြောသည်။

မန္တလေးမြို့တွင် ဆိုင်ကယ်စီးကာ အိမ်မှ ထွက်ခွာသွားသူများအား ဒေါ်သိန်းမြင့်လို မိခင်များနှင့် ချစ်သူခင်သူ မိသားစုဝင်များကတော့ သူတို့အိမ်ပြန်မရောက်မချင်း အိမ်ပေါက်ဝမှ ထိုင်ကာစောင့်မျှော်နေကြရဦးမည် ဖြစ်ပါသည်။ ။






# မန္တလေးကျောက်ဝိုင်း ရွှေ့၊ မရွှေ့ အတိအကျမပြောနိုင်သေးကြောင်း ဝန်ကြီးပြော

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ-၂၃**

မန္တလေးမဟာအောင်မြေကျောက်မျက်ရောင်းဝယ်ရေးစခန်း (မန္တလေးကျောက်ဝိုင်း) ရွှေ့ပြောင်းမည့်ကိစ္စနှင့်ပတ်သက်၍ အတိအကျမပြောနိုင်သေးဘဲမန်းကျောက်ဝိုင်း၌ လုပ်ကိုင်နေသူ ကျောက်သမားများနှင့် တွေ့ဆုံရန်ရှိကြောင်းမန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်က ပြောသည်။

ကျောက်မျက်ဈေးသစ်တည်ဆောက်ရန် လုပ်ကိုင်နေသော်လည်းဈေးသစ်တည်ဆောက်မှုမှာ မည်သည့်အချိန်တွင် ပြီးစီးမည်ကို မသိသေး၍ကျောက်ဝိုင်းရွှေ့ပြောင်းရေး၊ မရွှေ့ပြောင်းရေးမှာအသေအချာ တပ်အပ်မပြောနိုင်သေးဘဲ ပြောရန် အလွန်စောသေးကြောင်း ဝန်ကြီးကဆိုသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးစီးကာ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာ၊မြင်းမူရွာအနီးတွင် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာ ဈေးသစ်တည်ဆောက်လျက်ရှိသည်။ ယင်းကျောက်မျက်ဈေးသစ်တည်ဆောက်ပြီးစီးပါက လက်ရှိအရောင်းအဝယ်ပြုလုပ်နေသော မန္တလေး မဟာအောင်မြေ ကျောက်ဝိုင်းကို ဈေးသစ်သို့ပြောင်းရွှေ့ရမည်ဟုသတင်းများ ထွက်ပေါ်နေခြင်းအပေါ် ကျောက်ဝိုင်းတွင် အရောင်းအဝယ် ပြုလုပ်နေသူများက စိုးရိမ်နေကြသည်။

မဟာအောင်မြေကျောက်ဝိုင်း မပြောင်းရွှေ့ဘဲ အဆင့်မြှင့်တင်မည်ဆိုလျှင် လက်ရှိနေရာတွင် အဆင့်မြှင့်တင်ရန်နှင့် ကျောက်ဝိုင်းမပြောင်းရွှေ့ရရေး ယာယီကော်မတီဖွဲ့စည်းပြီးဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မန္တလေးမဟာအောင်မြေကျောက်မျက်ပရဟိတအသင်းဥက္ကဋ္ဌဦးစိန်ဝင်းကပြောသည်။

ကျောက်မျက်လုပ်ငန်းများဖြစ်သည့် ကျောက်ဖြတ်၊ ကျောက်သွေး၊ ကျောက်အချောထည်စက်ရုံစသည်များမှာ လက်ရှိ ကျောက်ဝိုင်းအနီးတွင်ရှိပြီး တည်ဆောက်နေသည့် ကျောက်မျက်ဈေးသစ်သို့ ပြောင်းရွှေ့ရမည်ဆိုလျှင် အဆင်ပြေမည်မဟုတ်ကြောင်း၊ လက်ရှိကျောက်ဝိုင်းတွင်လုပ်ကိုင်နေသူ အခြေခံလူတန်းစားများမှာလည်းဈေးသစ်သို့ပြောင်းရွှေ့ရမည်ဆိုလျှင် အဆင်ပြေမည်မဟုတ်ဘဲ သွားလာရေးမှအစ အခက်အခဲဖြစ်မည်ဟု ကျောက်ဝိုင်းတွင် လုပ်ကိုင်နေသူများက ပြောသည်။

ကျောက်ဝိုင်းရွှေ့၊မရွှေ့ကိစ္စကြောင့် အရောင်းအဝယ်လုပ်ငန်းများ ထိခိုက်နေပြီး ကျောက်ဝိုင်းမှ ဆိုင်ခန်းပိုင်ရှင်များအနေဖြင့်လည်း ဆိုင်ခန်းရောင်း၊ ဝယ်၊ ငှားလုပ်ငန်းများဆက်လက်လုပ်ဆောင်ရန် အခက်တွေ့နေကြောင်း မန္တလေးမဟာအောင်မြေကျောက်မျက်ဝိုင်း အုပ်ချုပ်ရေး အကျိုးတော်ဆောင်အဖွဲ့ ဒုဥက္ကဋ္ဌဦးဖော်ဇော်ကပြောသည်။

လက်ရှိ မန္တလေးမဟာအောင်မြေကျောက်ဝိုင်းကို အဆင့်မြှင့်တင်ရန် လိုအပ်နေပြီဟု မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီးက မှတ်ချက်ပြုထားသည်။

လက်ရှိမန္တလေးမဟာအောင်မြေ ကျောက်ဝိုင်းကို မန္တလေးစည်ပင်အခွန်ဌာန၏ စီမံခန့်ခွဲမှုအောက်တွင်သာ ထားရှိသည်။

စာ(၉)မှ

# တစ်ပတ်ရစ်အထည်များရဲ့ တန်ဖိုး

ယင်းဘေထုပ်များကို စတိုးဆိုင်များတွင် ရောင်းချမည့်သူအချို့က စတင်ဖွင့်ဖောက်ကာ စိတ်ကြိုက်ဈေးပေး ရွေးချယ်ကြသည်။ စိတ်ကြိုက်ဈေးပေး ရွေးချယ်သည့်အထည်များပြီးနောက် ကျန်အထည်များကို အရင်းအနှီး အနည်းငယ်ရှိသည့် ဆိုင်ရှင်များက ရန်ကုန်မြို့အနှံ့တွင် သင့်တင့်သောဈေးဖြင့် ရောင်းချသည်။

ယင်းနောက်တွင်မှကျန်သည့်အထည်များကို ကိုမျိုးဦးတို့လို ပုံရောင်းဈေးသည်များက ဆက်လက်ရောင်းချသည်။ ကိုမျိုးဦးတို့ကဲ့သို့ ပုံရောင်းများ ရောင်းမကုန်ပါက အရင်းအနှီးနည်းနည်းဖြင့် ဈေးဆိုင်တည်သူများက ဆက်လက်ရောင်းချသည်။

"အနည်းဆုံးက အင်္ကျီတစ်ထည်ကို၅၀ ကျပ်ပဲ။ တစ်ခါတလေ ရောင်းမကုန်ရင် ၂၀၀ ကျပ်ဖိုး ငါးထည်တောင်ရှိတယ်"ဟု ကိုမျိုးဦးက ပြောသည်။

ရန်ကုန်မြို့တွင် မင်္ဂလာဈေး၊ ကြည့်မြင်တိုင်ဈေးကြီးလမ်းဈေး၊ ဆူးလေအနော်ရထာတန်း၊ တာမွေအဝိုင်းနှင့် အင်းစိန်ဘူတာဈေးတို့ရှိဘေထုပ်အဝတ်အထည်ဆိုင်များမှာ အခြေခံ လူတန်းစားများအကြိုက်တွေ့သည့်နေရာများဖြစ်သည်။ ရန်ကုန်သာမကနယ်ဈေးကွက်မှ ဝင်ငွေနည်း လူတန်းစားများအတွက်လည်း ဘေထုပ်ထည်များသည်အကြိုက်တွေ့စရာများဖြစ်သည်။ ယခင်က ရခိုင်နှင့် ဧရာဝတီတို့သည် ဝယ်လိုအား အများဆုံးဖြစ်ကြောင်း ဘေထုပ်လက်ကားဆိုင်များကပြောသည်။ နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရပြီး နောက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးမှ ဝယ်လိုအားသိသိသာသာကျဆင်းသွားကြောင်း ဦးသန်းထွန်းစိုးက ပြောသည်။

"ကြီးကြီးမားမားရောဂါတော့ မကူးစက်နိုင်ပါဘူး။ ဖြစ်နိုင်တာက အရေပြားနဲ့ပတ်သက်တဲ့ ဝဲတို့၊ ယားနာတို့၊ ပွေးတို့တော့ဖြစ်နိုင်တယ်။ စိတ်မသန့်ရင်တော့ ရေနွေးနဲ့ပြုတ်ပြီးဝတ်ပေါ့"ဟု ကူးစက်ရောဂါ အထူးကုဆရာဝန်တစ်ဦးကလည်း ပြောသည်။

ဘေထုပ်ထည်များ၏ ဈေးကွက်သည် ၂၀၀၀ မှ ၂၀၀၅ ခုနှစ်အတွင်းတွင် ရောင်းအားအကောင်းဆုံး အနေအထားတွင် ရှိခဲ့သော်လည်းနောက်ပိုင်းတွင်တန်ဖိုးနည်း တရုတ်အထည်များကို ဈေးကွက်ဝေစု ခွဲပေးလိုက်ရကြောင်း ရောင်းချသူများက ပြောသည်။

"ဈေးတူရင် အသစ်ဆိုတော့ တရုတ်ကဝင်တာတွေကို လူစိတ်ဝင်စားတယ်။ နောက် ဘင်္ဂလားဒေ့ရှ်က အထည်ချုပ်တွေက နည်းနည်းပါးပါး ပျက်စီးတဲ့ အထည်တွေကလည်း ဝင်သေးတယ်။ ဒါပေမဲ့ အရည်အသွေးပိုင်းကျတော့ ဘေထုပ်ကို မမီဘူး။ ဝတ်နေကျလူကတော့ ဘေထုပ်ကိုပဲ ကြိုက်ကြတယ်"ဟုမင်္ဂလာဈေးမှဘေထုပ်ရောင်းသူကပြောသည်။

အချိန်ကညနေစောင်းကျော်လာကာ ည ၈ နာရီ ကျော်လာခဲ့ပြီဖြစ်သည်။ ကြည့်မြင်တိုင်မြို့နယ်ဈေးကြီးလမ်းအတွင်း တန်ဖိုးနည်းအဝတ်အထည် ရွေးချယ်သူများလည်း တဖြည်းဖြည်း လူစုကွဲသွားပြီဖြစ်သည်။ ကိုမျိုးဦးတစ်ယောက်လည်း သူ့ဆိုင်ကို သိမ်းဆည်းရန် ပြင်ဆင်လိုက်သည်။

"တစ်နှစ်လုံး ရောင်းရတာလေးစုနေတယ်။ သင်္ကြန်တော့ ရွာပြန်ဖြစ်မယ်ထင်တယ်။ အဲဒီကျရွာမှာ အထည်တွေ ယူရောင်းဖို့ စဉ်းစားထားတယ်"ဟု အောင်လံသားက ဆက်လက်ပြောသည်။


ဘေထုပ်အထည်များသည် ကိုမျိုးဦးကဲ့သို့သော ကျေးလက်များမှ ရန်ကုန်တက်လာသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းတစ်ခု ဖြစ်သလို ဝင်ငွေနည်းလူတန်းစားများအတွက်လည်း စရိတ်နည်းနည်းဖြင့် တင့်တင့်တယ်တယ် အဝတ်အစား ဝတ်ဆင်နိုင်မည့် အခွင့်အရေးများ ရရှိစေခဲ့ပြီဖြစ်သည်။


# ORIENT CLINIC အရှေ့တိုင်း ဆေးခန်း









လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း Ph : 01 226917, 01 227285



# ဆေးလိပ်မတို နေမညိုပါဘဲနဲ့

မောင်သာချို

(တစ်)

နိုင်ငံကျော်ကဗျာဆရာကြီး "တင်မိုး" က ကဗျာတစ်ပုဒ် ရေးခဲ့ဖူးပါသည်။ "ညှော့သည်ကြီး" ဆိုသည့်ကဗျာ။

"ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကို ပြန်ပို့ကြပါလေ" တဲ့။

ကဗျာတိုကလေးဖြစ်သည့်တိုင် အနက်အဓိပ္ပာယ်ကတာသွားလှပါသည်။ လူသည်ညှော့သည်။ ဤမြေကမ္ဘာပေါ်သို့ ခေတ္တခဏလာရောက်နေနားခွင့်ရသည့်ညှော့သည်။ အချိန်တန်တော့ ဘယ်မှန်းမသိသည့် အိမ်သို့ ပြန်ကြရစမြဲ။ ဩော်. . . . လူဟာ ညှော့သည်ပါတဲ့။ ဆေးလိပ်တိုကာ နေညိုချိန်ရောက်ပြီမို့ ပြန်ပို့ပေးကြပါတော့တဲ့။ သေခြင်းတရားနှင့် လိုက်ဖက်လွန်းလှသည့် ကဗျာ။

နောက်ထပ် ကဗျာဆရာကြီးတစ်ယောက်ရှိပါသေးသည်။ "ဒေါင်းနွယ်ဆွေ" . . တဲ့။ ဆရာ့ကဗျာအမည်က "နောက်ဆုံးရထား"။

အလှကိုရှာ
ဘယ်မှာမတွေ့။
တစ်နေ့အချိန်တန်တော့
ဆူညံညံငိုသံကြားရတယ်
ရထားရွေ့ရွေ့တဲ့"

လှချင်ယောင်ဆောင်ထားသည့်လောကကြီးထဲ၌ယောင်ချာချာ လျှောက်သွားနေခဲ့ကြရင်း အချိန်တန်တော့ မသာရထားပေါ်၌ ခေါင်းတလားကိုတင်ကာ တရွေ့ရွေ့တွန်းသွားခံရပြီးနောက် ငိုသံတွေ စီခနဲကြားလိုက်ရခြင်းနှင့်အတူ လူ့ဘဝသည် ဇာတ်သိမ်းရစမြဲဖြစ်ကြောင်း ဖွဲ့ဆိုထားသည့် ကဗျာကလေးပဲဖြစ်ပါသည်။

မှန်ပါသည်။ ဆေးလိပ်တိုမှ နေညိုမှဖြင့်ကျွန်တော်တို့တစ်တွေ ပြန်ဖို့ပြင်ကြရစမြဲ။ အချိန်တန်မှဖြင့်ငိုသံတို့ဝန်းရံသည့်ရထားပေါ်မှာ တွန်းရာသို့ ပါသွားကြရစမြဲ။ မဆန်းပါ။အရှေ့၊အနောက်၊တောင်၊မြောက်၊ ဝဲယာ ဘာသာမရွေး၊လူမျိုးမရွေး သေခြင်း၏ တံခါးပေါက်အဝသို့ ရောက်ကြရစမြဲပါ။

သို့သော် အခုတလောမှာ ဆန်းကြယ်နေသည်ကကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သည့် သတင်းတွေကို သတင်းစာနှင့် ဂျာနယ်စာမျက်နှာများပေါ်၌ ခပ်စိပ်စိပ် တွေ့မြင်လာရခြင်းပင်ဖြစ်ပါသည်။

ဖခင်ကြီး ကျန်းမာရေးမကောင်းသည့် သတင်းကိုကြားရာက ငွေလည်းမပို့နိုင်၊ လူလည်း မသွားနိုင်ဖြစ်သဖြင့် မိမိအလုပ်လုပ်နေသည့် ဆောက်လက်စတိုက်တစ်နေရာမှာ ဆွဲကြိုးချကာ အဆုံးစီရင်သွားသူက တစ်ယောက်။ ဇနီးဖြစ်သူနှင့် အိမ်ထောင်ရေးပြိုကွဲ၍ ဟုဆိုကာ လယ်တောထဲက တဲတစ်လုံးမှာ ဆွဲကြိုးချပြီး အဆုံးစီရင်သွားသူက တစ်ယောက်။ မိန်းမက အရက်ဖိုးမပေး၍ဟုဆိုကာ ရေတွင်းထဲသို့ခုန်ချပြီး အဆုံးစီရင်သွားသူက တစ်ယောက်။ ခုနစ်တန်းကို သုံးနှစ်ကျလောက်အောင် ဉာဏ်ထိုင်းပြီး စာကျက်၍မရလွန်းသဖြင့် အိမ်အပေါ်ထပ်က အခန်းထဲမှာ ဆွဲကြိုးချ၍ စီရင်ခဲ့သူမိန်းကလေးက တစ်ယောက်။ သူငယ်ချင်းများနှင့် ဝါဆိုပန်းခူးထွက်ရန် ချိန်းထားပြီးကာမှ အိမ်ကမသွားနှင့်ဟု ဆိုသဖြင့် ကြိုးဆွဲချသေဆုံးခဲ့သူက တစ်ယောက်။ ဇနီးနှင့် သားသမီးများက ဦးဆောင်သည့် မိသားစုစီးပွားရေးအောက်တွင် မိမိကိုယ်မိမိ လူပိုကြီးတစ်ယောက်ဟု မြင်လာကာ ရထားရှေ့မှောက်သို့ ဝင်ရောက်ပြီး ဘဝကို ဇာတ်သိမ်းခဲ့သူက တစ်ယောက်။ လောင်းကစားနွံထဲ၌ ကျွံကျကာ အကြွေးပြဿနာကို ဘယ်လိုမှမရှင်းနိုင်တော့သည့်အတွက် အဆိပ်သောက်ပြီး ရှောင်ပြေးသွားသူက တစ်ယောက်။ ယောကျ်ားပို့ပေးသမျှ ငွေအားလုံးကုန်ရုံမျှမက တိုက်ခန်းကိုပါပေါင်ပြီး ထီအမျိုးမျိုးထိုးရာက ယောကျ်ားဖြစ်သူပြန်လာသော် မည်သို့ရှင်းရမှန်းမသိသဖြင့် ကလေးများကို ယောက္ခမများဆီသို့ပို့ထားကာ ရေချိုးခန်းထဲမှာ ကိုယ့်ကိုယ်ကိုယ်စီရင်သွားသူ အမျိုးသမီးက တစ်ယောက်။ ဩော်. . . သားအိမ်ကင်ဆာဝေဒနာကို ရင်မဆိုင်လိုတော့၍ဟု ဆိုကာ တက္ကသိုလ်ကျောင်းထဲက ရေကူးကန်ထဲဆင်းပြီး အဆုံးစီရင်သွားသူ၊ ဆီးချိုရောဂါကြောင့် ခြေထောက်ကို တစ်စတစ်စ ဖြတ်ပစ်လာရာက ဆက်လက်ရင်မဆိုင်လိုတော့၍ မြစ်ဝကျွန်းပေါ်သွားသင်္ဘောပေါ်ကနေ ညအချိန်မြစ်ထဲသို့ ခုန်ချ ကျန်ရစ်နေခဲ့သူ။ လူတွေ. . . . လူတွေ။

တုန်လှုပ်ချောက်ချားစရာ ကောင်းလိုက်တာ။

ဖခင်ကြီး ကျန်းမာရေးမကောင်းသည့် သတင်းကိုကြားရာက ငွေလည်းမပို့နိုင်၊ လူလည်း မသွားနိုင်ဖြစ်သဖြင့် မိမိအလုပ်လုပ်နေသည့် ဆောက်လက်စတိုက်တစ်နေရာမှာ ဆွဲကြိုးချကာ အဆုံးစီရင်သွားသူက တစ်ယောက်။ ဇနီးဖြစ်သူနှင့် အိမ်ထောင်ရေးပြိုကွဲ၍ ဟုဆိုကာ လယ်တောထဲက တဲတစ်လုံးမှာ ဆွဲကြိုးချပြီး အဆုံးစီရင်သွားသူက တစ်ယောက်။ မိန်းမက အရက်ဖိုးမပေး၍ ဟု ဆိုကာ ရေတွင်းထဲသို့ခုန်ချပြီး အဆုံးစီရင်သွားသူက တစ်ယောက်။ ခုနစ်တန်းကိုသုံးနှစ်ကျလောက်အောင်ဉာဏ်ထိုင်းပြီးစာကျက်၍ မရလွန်းသဖြင့် အိမ်အပေါ်ထပ်က အခန်းထဲမှာ ဆွဲကြိုးချ၍ စီရင်ခဲ့သူမိန်းကလေးက တစ်ယောက်။

(နှစ်)

ကမ္ဘာပေါ်၌ မိမိကိုယ်မိမိ သတ်သေမှုများပြားသောနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပါသည်။

၁၉၉၈ တုန်းက လူပေါင်း သုံးသောင်းကျော် သတ်သေခဲ့ကြသည်ဟု ဆိုပါသည်။ ၁၉၉၇ တုန်းက သုံးသောင်းမျှသာ သတ်သေခဲ့ရာက ၁၉၉၈ တွင် ၃၂,၈၆၃ ဦးဟု ဆိုပါသည်။ ကျားက ၂၃,၀၁၃ ဦး၊ မ က ၉,၈၅၀ ဦးတဲ့။ သည်အထဲမှာ မန်နေဂျာ ၇၁၃ ဦးပါလေသတဲ့။ အလုပ်လက်မဲ့ ၁၅,၂၆၆ ဦး ပါလေသတဲ့။ အင်းလေ. . . မိမိကိုယ်မိမိ သတ်သေနည်းစာအုပ်ကိုပင် ရောင်းမလောက်၍ ဒုတိယအကြိမ် ပြန်ရိုက်ရသော နိုင်ငံဆိုတော့ သည်လောက်တော့ ရှိပေမပေါ့ဟု မှတ်ချက်ချမိပါသည်။ ဩော်. . Internet မှာပင် သတ်သေနည်းလမ်းညွှန်သော နိုင်ငံမဟုတ်လား။

စင်ကာပူနိုင်ငံသည်လည်း သတ်သေမှုများပြားသောနိုင်ငံထဲ၌ပါဝင်ပါသည်။ စင်ကာပူအတိုင်ပင်ခံအဖွဲ့ (SOS) ၏ ထုတ်ပြန်ချက်အရ ၂၀၀၈ မှာ ၃၆၄ ယောက်သတ်သေခဲ့လေသတဲ့။ ၂၀၀၉ မှာက ၄၀၀ ဦး ဝန်းကျင်သတ်သေကြရာ ကျားက ၂၄၆ ယောက်၊ မ က ၁၃၄ ယောက်တဲ့။ လူငယ် သတ်သေမှုက ၁၂ မှုကနေ ၁၉ မှုဆိုလား။ စီးပွားရေးကြောင့်က အဓိကဖြစ်ကာ အခြားအခြားသော အကြောင်းတရားတို့ကလည်း များစွာရှိပါလေသတဲ့။

အံ့ဩစရာကောင်းတာက နယ်သာလန်နှင့် ဆွစ်ဇာလန်ဖြစ်ပါသည်။ သည်နိုင်ငံတွေမှာက ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ရာအတွက် ဝန်ဆောင်မှုပေးသော လုပ်ငန်းများပင် ရှိလေသတဲ့။ ပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် အတူ ချမ်းသာကြွယ်ဝသော နိုင်ငံတွေဖြစ်ပါလျက် ဘာကြောင့်များ သေချင်နေကြရပါလိမ့်။

(သုံး)

ကမ္ဘာပေါ်၌ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားသည့် ကမ္ဘာကျော်တွေ ရှိပါသည်။

ဂျပန်စာရေးဆရာကြီး ကာဝါဘာတာ (Kawabata)၊ အမေရိကန်စာရေးဆရာကြီး ဂျက်လန်ဒန် (Jack London)၊ ပြင်သစ်ပန်းချီကျော် ဗင်းဆင့်ဗင်ဂိုး (Vincent Van Gogh)၊ အမေရိကန်စာရေးဆရာကြီး အန်နက်စ်ဟဲမင်းဝေး (Ernest Hemingway) စသည် စသည်။

လူသည် မည်သည့်အချိန်မှာ သေသင့်သလဲဆိုသည်က ပြဿနာပဲဖြစ်ပါသည်။ စာရေးဆရာမကြည်အေး၏ ဇာတ်ဆောင် "မိ" ကတော့ ပျော်တုန်းမှာပဲ သေချင်သည်ဟု ဆိုပါသည်။ ပျော်တုန်းသေရမှ လောကကို အနိုင်နှင့်ပိုင်းတာဟု ဆိုပါ၏။ ဒင်းအာချီဆန် (Dean Acheson) ကတော့ "The greatest mistake I made was not to die in office." ဟု ဆိုပါသည်။ သူလုပ်သမျှအမှားထဲတွင် အကြီးဆုံးအမှားက အလုပ်ထဲမှာ မသေခြင်းဟု ဆိုပါသည်။ ရာထူးရာခံရှိတုန်းသေတော့ သိုက်မြိုက်စည်ကားဝေဆာတာပေါ့ဟူသည့် အဓိပ္ပာယ်။ လက်ရှိ ဂျပန်ဝန်ကြီးချုပ်ကမူ သက်ကြီးရွယ်အိုများကို လူပိုဟု ယူဆကာ သေသင့်သေထိုက်တဲ့ အသက်ကိုရောက်ရင် သေဖို့သင့်တယ်ဟုပင် ဆိုပါသည်။ ဩော်. . . လူဟာ ရှင်သန်နိုင်ခွင့် လွတ်လွတ်လပ်လပ်မရှိဘူးတဲ့လား။ သေချိန်ကို ဘယ်သူက သတ်မှတ်ပေးမှာတဲ့လဲ။

စိတ်ပျက်စရာကောင်းလွန်းလှပါဘိ။

(လေး)

ကျွန်တော်ကတော့ သချ်ာပညာရှင်ကြီး ပိုက်သာဂိုရပ်စ် (Pythagoras) ၏ အဆိုကိုကြိုက်သည်။

'ခန္ဓာကိုယ်သည် ဝိညာဉ်၏ဂူ ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယ် သတ်သေခြင်းဖြင့် လွတ်မြောက်မှုကိုမရှာရ၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အပိုင်ပစ္စည်းများဖြစ်ကြပြီး ဘုရားသခင်က ထိန်းကျောင်းထားသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ အမိန့်မရဘဲ ကျွန်ုပ်တို့သည် လွတ်မြောက်မှုကို ပြုလုပ်ခွင့်မရှိ' တဲ့။

ဗုဒ္ဓဘာသာဝင်များကတော့ အဖန်ငါးရာ ငါးကမ္ဘာဟူသော အဆိုနှင့် ရင်းနှီးပါသည်။ ပါဏာတိပါတာဟူ၍ သူ့အသက်ကိုပင် မသတ်ဖို့တားမြစ်ထားသေးပေရာ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ဆိုသည်မှာကား ဟိုး. . အဝေးအဝေးမှာ။

သံသရာတွေ ဘာတွေ အသာထား၊ နောက်ဘဝတွေ ဘာတွေ အသာထား၊ ယခုတစ်ကြိမ်လူ့ဘဝကို ရရှိခိုက်တွင် တတ်စွမ်းသမျှ လောကအကျိုး၊ လူ့အကျိုးဆောင်ရွက်ကာ လူ့အဖွဲ့အစည်းအတွင်း၌ ပျော်ရွှင်စွာနှစ်မြှုပ်ထားရင်း ကြုံလာသမျှဒုက္ခကို မိတ်ဆွေသင်္ဂဟများနှင့် ဖွင့်ဟတိုင်ပင်ကာ အကျိုးရှိရှိကျော်ဖြတ်သွားနိုင်ခြင်းကသာ ဘဝ၏ အဓိပ္ပာယ်ဟု ယူဆချင်ပါသည်။ သေခြင်းတရားကိုပင် ရင်ဆိုင်ဖို့ သတ္တိရှိနေပြီဆိုမှဖြင့် ကျန်တာတွေကို ဘာကြောင့် ရင်မဆိုင်နိုင်ရမှာတဲ့လဲ။

ရှင်သန်ဖို့။ ရှင်သန်နေဖို့။ နောက်တစ်ခါပြန်ရဖို့ မသေချာသော လူ့ဘဝကို ရှင်သန်နိုင်သမျှ ရှင်သန်နေဖို့ ကြိုးစားရင်းက ရင်ဆိုင်ဖြေရှင်းသွားကြရုံသာ။ ။

7DAY NEWS JOURNAL
Vol.11, No.51 · FEBRUARY 28 , 2013

ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညာဏ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ထက်ပိုင်ဖြိုး(ဇဝန)၊ ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

**Hotline : 0973032006**

တလောလေးဆီက ကျွန်တော်ပညာရေးဌာနမှာရှိစဉ် စိတ်တူသော လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် အဝေးပြေးကားဝင်းတစ်ခုမှာ မမျှော်လင့်ဘဲ ပြန်တွေ့သည်။ သူက ကျွန်တော်အလုပ်ထွက်သည့် နှစ်မှာပဲ အခြားမြို့တစ်မြို့သို့ ရာထူးတိုးဖြင့် ပြောင်းသွားသူဖြစ်သည်။ Born Teacher ဟု ဆိုရလောက်အောင် ဆရာဘဝကို နှစ်ခြိုက်ပျော်ပိုက်သူ၊ ကျောင်းသားတွေအကြား စာသင်အလွန်ကောင်းသည်ဟု ကျော်ကြားသူဖြစ်၏။ စိတ်ချင်းတူသူမို့ငယ်ပေါင်းတွေမဟုတ်သော်လည်း သူနှင့်ကျွန်တော် အတော်တွဲဖြစ်ခဲ့သည်။ နောက်တော့ ကျွန်တော်လည်း အကြောင်းကြောင်းကြောင့် အလုပ်ကထွက်၊ သူကလည်း တခြားမြို့ကိုပြောင်းဆိုတော့ ဝေးသွားခဲ့ကြသည်။

# သူတို့တစ်တွေ ပျော်ပါစေ

**မင်းသန်းထိုက် (ဒေးဒရဲ)**



ယခု ပြန်တွေ့ကြ၍ အခုဘယ်မှာလဲ၊ ဘယ်ရာထူးရနေပြီလဲ မေးမိတော့မှ ပညာရေးဌာနထဲမှာ မရှိတော့ဘဲ ပုဂ္ဂလိက ကျောင်းတစ်ကျောင်းမှာ ရောက်နေကြောင်း သိရ၏။

"ကိုယ်လည်းမှိတ်သိပ်ပြီး နေပါသေးတယ်။ သားသမီး နှစ်ယောက်ကလည်း တက္ကသိုလ်ကျောင်းသားတွေဖြစ်ကုန်တော့ ပညာရေးစရိတ်က ရေချိန်မြင့်လာတယ်။ အပြင်မှာ ခိုးကြောင်ခိုးဝှက် ကျူရှင်လိုက်ပြရတာလည်း ဟိုလူမျက်စောင်းထိုး၊ ဒီလူမျက်စောင်းထိုးဆိုတော့ လုပ်သက် ၁၇ နှစ်ကြီး နှမြောတောတောနဲ့ပဲ ဌာနထဲထားပစ်ခဲ့ပြီး ပုဂ္ဂလိက ကျောင်းဘက် ကူးလာခဲ့ရတယ်။ ဒီမှာတော့ စားလောက်အောင် ပေးထားတော့ ကျွန်တော်ရတာပေါ့လေ"

ထိုစဉ် သူစီးမည့်ကားက မကြာမီကားထွက်တော့မည်ဖြစ်ကြောင်း သတိပေးသဖြင့် သူလည်း ကားပေါ်သို့ ကမန်းကတန်းတက်သွားသည်။ ကျွန်တော့်မှာသာ အဝေးပြေးကားဝင်းထဲက လက်ဖက်ရည်ဆိုင်လေးမှာ ငေါင်ငေါင်ငူငူ ထိုင်ရင်း ဝန်ထမ်းဘဝ အကြောင်း စဉ်းစားခန်းဝင်နေမိလေသည်။

ကျွန်တော်တို့အဘများ ရွာမှာ မူလတန်းကျောင်းအုပ်လုပ်တုန်းက လခ ၈၂ ကျပ်သာ ရသည်ဆို၏။ ဒါတောင် လကုန်ရက်ဆိုရွာကနေ ကိုယ့်လှည်းကိုယ်မောင်းပြီး လစာလာထုတ်သည်။ အပြန်တွင် တစ်လစာ စားဖို့ ဆီပုံးလိုက်၊ ငရုတ်သီးပိဿာလိုက်၊ ကြက်သွန်တင်းတောင်းလိုက်ဝယ်ပြီး ပြန်သည်။ ပိုငွေကို သုံးလစုထားလျှင် ရွှေတစ်မတ်သား ဝယ်နိုင်သေးသတဲ့။ အမေပြောပြသမျှ အဘတို့ခေတ်က ဝန်ထမ်းဘဝကို ပုံပြင်ဆန်ဆန်ကြားခဲ့ရသည်။

မျက်မှောက်ခေတ်ဝန်ထမ်းဘဝမှာတော့ လစာတစ်ခုတည်းဖြင့် ဦးစီးအရာရှိတောင် လူတန်းစေ့မနေနိုင်။ ကျွန်တော်နှင့် ဆုံခဲ့ဖူးသော မြို့နယ်အဆင့်ရှိ ဦးစီးအရာရှိတစ်ဦးက ပြောဖူးသည်။ သူ့လစာ တစ်သိန်းခွဲရသည်။ ရှစ်သောင်းကို တက္ကသိုလ်တက်နေသည့် တစ်ဦးတည်းသော သမီးထံ ပို့ပေးရသည်။ တစ်ခါ ကိုယ့်ရာထူးနှင့် လျော်ညီစွာ အသင့်အတင့်ကောင်းသည့် အိမ်ကလေးငှားနေရပြန်တော့ လေးသောင်းကုန်သွားပြီ။ မိမိတို့လင်မယားမှာ ကျန်ငွေသုံးသောင်းနှင့် တစ်လစာ ဘယ်လိုမှမလောက်။ သည်အထဲ တိုင်းအဆင့်၊ ဗဟိုအဆင့်က အရာရှိကြီးများလာလျှင် ဘုန်းကြီးပွဲလိုပြင်ဆင်ညှော်ခံမှ သူတို့မျက်နှာတွေပြုံးကြသည်။ မဟုတ်လျှင်ကား သူနှင့်တကွ တစ်ရုံးလုံး ဆူပူကြိမ်းမောင်း ခံရချေတော့မည်။ ဤသို့ မိသားစုစရိတ်၊ အထွေထွေ ကုန်ကျစရိတ်များအတွက် လာဘ်မစားချင်ပါဘဲလျက် စားရပါသည်တဲ့။ မှန်မှန်ကန်ကန်နေလိုသူ၊ အစွန်းအထင်းမခံလိုသူများကတော့ ဝန်ထမ်းဘဝမှာ ကြာကြာမနေနိုင်။ သည်လိုနှင့် ဌာနဆိုင်ရာတွေမှာ လူတော်လူကောင်းတွေ ရှားပါးလာလေသည်။

ညီငယ်တစ်ယောက်လို ခင်သည့် ဌာနဆိုင်ရာတစ်ခုက အရာရှိငယ်တစ်ဦးကျတော့ စားဝတ်နေရေးကြောင့် မပျော်ပိုက်ခြင်းမဟုတ်။ သူက လူပျိုလူလွတ်ဖြစ်သည့်အပြင် မိဘများကလည်း ပြည့်စုံသဖြင့် အရာရှိလုပ်ရင်း မိဘထံ ပိုက်ဆံပြန်ပြန်တောင်းနေရသူ။ သည်လိုတောင်းရလို့လည်း မိဘက မကြည်ဖြူမဟုတ်၊ ကြည်ဖြူသည်။ သည့်အတွက်လည်း သူ့မှာ ဘယ်လိုမှ မခံစားရ။ သို့သော် သူမပျော်ပိုက်သည်က လက်ရှိရာထူးသည် ဌာနတွင်းမှ သူတို့လို အရပ်သားအရာရှိများအတွက် အမြင့်ဆုံးရာထူး (တစ်ဦးတစ်လေမှ လွဲ၍) ဖြစ်နေ၏။ တစ်ဆင့်မြင့် ရာထူးမှန်သမျှကို "မိုးကျရွှေကိုယ်" များက အပိုင်စားယူထားလိုက်ကြ၏။ သည့်အတွက် ရာထူးတက်ရန် အခွင့်အလမ်းမရှိသော ဝန်ထမ်းဘဝမှာ ပျော်ပျော်မနေနိုင်တော့။ အလုပ်ထွက်ဖို့ပဲ စဉ်းစားနေလေတော့သည်။

လုပ်သက် ၂၀ ကျော်မှ ကုန်သွယ်လယ်ယာက ထွက်ခဲ့သည့် မန်နေဂျာဟောင်းတစ်ဦးနှင့်လည်း တွေ့ဖူးသည်။ ကုန်သွယ်လယ်ယာတွေဖျက်တော့ သူ့ကို စက္ကူစက်ရုံတစ်ခုကို ပို့လိုက်သည်။ သူက မန်နေဂျာဖြစ်တုန်းကလည်း အတယ်ပဲ ပြောရမလား၊ ရိုးတယ်ပဲဆိုရမလား မဟုတ်တာ မလုပ်ခဲ့သူဆိုတော့ နေစရာ ကိုယ်ပိုင်အိမ်တစ်လုံးတောင်မရှိ။ ဒါနဲ့ မိသားစုကိုယောက္ခမဆီပို့ထားခဲ့ပြီး စက်ရုံမှာ တစ်လလောက် အလုပ်သွားဝင်ကြည့်သည်။ ကုန်သွယ်လယ်ယာမှာတုန်းကတော့ မဟုတ်တာ မလုပ်ဘူးဆိုပေမယ့် ဟိုဒိုင်မှူးကပေး၊ ဒီဒိုင်မှူးကပေးနဲ့ ကျရာမြို့မှာ တူတူတန်တန်အိမ်ကလေးတော့ ငှားနေနိုင်သည်။ သမီးတစ်ယောက် တက္ကသိုလ်ပို့နိုင်သေးသည်။ စက္ကူစက်မှာတော့ ရတဲ့လခနှင့်မိသားစု ထမင်းစားဖို့တောင် အနိုင်နိုင်ဆိုတော့ ဝန်ထမ်းဘဝ ခဝါချလို့ ကိုယ့်ဇာတိကိုယ်ပြန်ပြီး ဈေးရောင်းစားရသည့်ဘဝ ရောက်သွားသည်။ "အစိုးရအလုပ်ကို စာရေးဘဝကတည်းက သစ္စာရှိရှိ လုပ်ခဲ့တာ နောက်ဆုံးရခဲ့တဲ့ အမြတ်ကတော့ ဈေးသည်ဘဝပဲ" ဟု သူက နာနာကြည်းကြည်း ပြောပြသည်။

ပြီးခဲ့တဲ့ ဒီဇင်ဘာလကလည်း ရန်ကုန်က တက္ကသိုလ်တစ်ခုမှာ တက်နေသည့် တပည့်မလေးတစ်ယောက် ရွာကို ခဏပြန်လာရင်း ကျွန်တော့်ဆီလာပြီး သူတို့ကျောင်းက အကြောင်းတွေ ရင်ဖွင့်သွားသည်။ ခုဆို သူတို့ကျောင်းမှာ စာအသင်အပြကောင်းတဲ့၊ တကယ်တော်တဲ့ ဆရာတွေ အတော်များများ အလုပ်ထွက်ပြီး ပုဂ္ဂလိကကျောင်းတွေဆီ ရောက်သွားကြပြီတဲ့။ အဓိကအကြောင်းကတော့ တချို့ဆရာကြီးတွေက Ph.D ဆက်မတက်ကြတော့ ပညာကောင်း လုပ်သက်များပေမယ့် ရာထူးမတက်။ နောက်လူတွေက Ph.D ရပြီး ပါမောက္ခတွေဖြစ်ကိုယ့် အပေါ်က ပြန်အုပ်ချုပ်။ သည်အထဲ ရတဲ့လစာက ပုဂ္ဂလိကကျောင်းကပေးတဲ့ လစာရဲ့ လေးပုံတစ်ပုံလောက်ဆိုတော့ တစ်ချိန်က မက်မက်မောမောရှိခဲ့သည့် တက္ကသိုလ်ဆရာဟူသော ဂုဏ်ပုဒ်တွေကို စွန့်ခွာကုန်ကြသည်။ သင်ယူနေသော ကျောင်းသားများအတွက်သာမက နိုင်ငံတော်အတွက်ပါ၊ ကြီးစွာသော ဆုံးရှုံးနစ်နာမှုများ ဖြစ်လေသည်။

ကျွန်တော့် တပည့်မလေး ပြောမှပင် စဉ်းစားမိသည်။ ကျွန်တော်တို့ ခေတ် တက္ကသိုလ်ဆရာတွေထဲမှာ တက္ကသိုလ်နယ်မြေမှာသာမက အပြင်လောကအထိ ကျော်ကြားသော ဆရာတွေ များစွာရှိသည်။ ကျွန်တော်မှတ်မိသမျှ ဆရာနန္ဒသိန်းဇံ၊ ဆရာဇော်ဇော်အောင်၊ ဆရာ တက္ကသိုလ်မင်းမော်၊ ဆရာမောင်ခင်မင် (ဓနုဖြူ)၊ ဆရာမောင်ပန်းမွှေးစသူများ။ ကျွန်တော်တို့ တက္ကသိုလ်တက်တော့ ထိုဆရာကြီးတွေ အားကျပြီး စာတွေဖတ်ဖြစ်၊ ကဗျာတွေ ရေးဖြစ်ခဲ့ရသည်။ ကျွန်တော်တို့ ရှေ့နည်းနည်းစောစောကာလတွေမှာ ဆရာဒေါက်တာ သန်းထွန်းတို့၊ ဆရာဦးဆန်းထွန်းတို့၊ ဆရာဦးဆန်းလွင်တို့၊ ဆရာဦးအောင်သင်းတို့ကို မမီလိုက်သော်လည်း ထိုဆရာများ၏ ဂုဏ်သတင်းက တက္ကသိုလ် ပရိဝုဏ်အတွင်းမှာ မွှေးပျံ့ဆဲ။ ထိုထိုသော ဆရာများသည် ကျွန်တော်တို့ ကျောင်းသားများအတွက် အားကျအတုယူစရာ စံပြများဖြစ်ခဲ့ကြ၏။ ယခုခေတ်မှာတော့ လစာနှင့်မလုံလောက်လို့ ဆရာမွန်၊ ဆရာချွန်တွေ တက္ကသိုလ်ကျောင်းကြီးကို ကျောခိုင်းကုန်ကြလေပြီ။

ပြီးခဲ့သည့် ၂၀၁၃ ဖေဖော်ဝါရီ ၁၄ ရက်ထုတ် 7Day News ဂျာနယ်မှာ "မျှော်တလင့်လင့်" ဟူသော သတင်းဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရသည်။ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်တွင် ဝန်ထမ်းများအား မဖြစ်မနေ လစာတိုးပေးရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းကိုယ်တိုင် စတုတ္ထအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် အဆို တင်သွင်းခဲ့သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင် တင်သွင်းသည့်အဆိုဖြစ်၍ ဝန်ထမ်းတွေ "မျှော်တလင့်လင့်" ဖြစ်ခဲ့ရသည်။

စာမျက်နှာ(၄၀)သို့

Business 7 DAY NEWS JOURNAL

Vol.11, No.51 • FEBRUARY 28 , 2013

# အိန္ဒိယဆွဲ၍ ပဲစင်းငုံဈေးတက်

**ပြည်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

အိန္ဒိယနိုင်ငံမှ ပဲစင်းငုံကို ဝယ်ယူနေသောကြောင့် ယခုရက်ပိုင်းတွင် တစ်တန်လျှင် ကျပ်ခုနစ်သောင်းနီးပါး ဈေးတက်လာကြောင်း ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းမှ သတင်းရရှိသည်။

ပြည်တွင်း၌ အထွက်များစွာလျော့နည်းပြီး အိန္ဒိယမှ ဝယ်ယူမှုများလာခြင်းကြောင့် ယခုကဲ့ သို့ ဈေးနှုန်းမြင့်တက်သွားခြင်းဖြစ်ကြောင်း အထက်ပါအသင်းမှ အထွေထွေအတွင်းရေးမှူးဦးမင်းကိုဦးက ရှင်းပြသည်။

"မနှစ်ကလောက်တော့ ဈေးနှုန်းတွေက ဆိုးဆိုးရွားရွား ကျစရာမရှိဘူး။ အိန္ဒိယကလည်း စီးပွားရေးပြန်မော့လာပြီ" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

လက်ရှိပြည်တွင်းဈေးကွက် ပဲစင်းငုံဈေးမှာ တစ်တန်လျှင် ကျပ်ခြောက်သိန်းလေးသောင်းမှ ကျပ်ခြောက်သိန်းတစ်သောင်းငါးထောင်ကြား ဈေးရှိသည်။ ပဲစင်းငုံဈေးနှုန်းသည် ဖေဖော်ဝါရီ လဆန်းပိုင်းက တစ်တန်လျှင် FOB ကျပ်ငါးသိန်းခုနစ်သောင်းဝန်းကျင်သာရှိကြောင်း ပြည်တွင်းပဲကုန်သည်များထံမှ စုံစမ်းသိရသည်။

"ဒီမှာတော့ တောင်သူတွေက ပဲထွက်နည်းလို့ ထိန်းရောင်းနေကြတယ်။ လိုချင်သလောက် တောင် ဝယ်မရဘူး"ဟု မုံရွာမြို့မှ ပဲကုန်သည်ကြီးတစ်ဦးက ဆိုသည်။

**စာမျက်နှာ(၃၄)သို့**

စာမျက်နှာ(၃၄)သို့




*ရာဝတီတိုင်းဒေသကြီးမှ ခိုင်းနွားအချို့*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မြဝတီမှ မှောင်ခိုသွင်းသော ကုန်စည်များတွင် စားသောက်ကုန် အများဆုံးဖြစ်

**အိမ့်မွန်ကျော်**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ - ၂၁**

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ရွေ့လျားစစ်ဆေးရေးအဖွဲ့ (Mobile Team)-၂ က မြဝတီမှ နယ်စပ်ကုန်သွယ်မှုတွင် ပညာပေးကာလနောက်ပိုင်း ကျပ်သိန်းလေးထောင်ကျော် တန်ဖိုးရှိသော တရားမဝင်ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများအား သိမ်းဆည်းအရေးယူပြီး ဖမ်းမိသော ပစ္စည်းများတွင် စားသောက်ကုန်ပစ္စည်း အများဆုံး သိမ်းဆည်းရရှိသည်ဟု Mobile Team မှ ညွှန်ကြားရေးမှူးဦးကျော်ဒွန်းက ပြောသည်။

အဆိုပါ စားသောက်ကုန်ပစ္စည်းများတွင် ထိုင်းနိုင်ငံထုတ် ဘီစကွတ်မျိုးစုံနှင့် အချိုရည်မျိုးစုံ အများဆုံးဖြစ်သည်။ ထို့အပြင် အချိုမှုန့်များ၊ သကြားလုံးများ၊ ဂျယ်လီများ၊ ခေါက်ဆွဲခြောက်များ၊ ကြာဆံထုပ်များ၊ ကျောက်ကျောမှုန့်များ၊ ငါးသေတ္တာဘူးများ၊ ကြက်အသည်းအမြစ်များ၊ ပုစွန်ဖြူများ အစရှိသည့် ပစ္စည်းများ သိမ်းဆည်းရရှိသည် ဟု ရွေ့လျားစစ်ဆေးရေးအဖွဲ့ (၂) မြဝတီမှ သတင်းရရှိသည်။

လူသုံးကုန်များ၊ အဝတ်အထည်များ၊ အလှကုန်များ၊ ကားအပိုပစ္စည်းများ၊ စိုက်ပျိုးရေးသုံးရွက်ဖျန်းအားဆေးများ၊ တိရစ္ဆာန်ဆေးဝါးများ၊ အိမ်သုံးဆေးမျိုးစုံ အစရှိသည့် ကုန်ပစ္စည်းများလည်းပါဝင်သည်။

"ကန့်သတ်ကုန်ဖြစ်ရင်တော့ ပညာပေးကာလမှာရော အရေးယူတဲ့ကာလမှာရော အပြီးသိမ်းလိုက်ပါတယ်" ဟု ဦးကျော်ဒွန်းက ပြောသည်။

အရေးယူသည့် ကာလတွင် အကောက်ခွန် လုပ်ထုံးလုပ်နည်းအတိုင်း အခွန်ဆောင်ထားသော အထောက်အထားများ ခိုင်လုံပါက ဒဏ်ငွေဆောင်၍ ပစ္စည်းပြန်ပေးသည်။ အထောက်အထား မခိုင်လုံပါက အခွန်ဆောင်ရမည့်အပြင် အရေးယူဒဏ်ငွေအဖြစ် ပစ္စည်းတန်ဖိုး နှစ်ဆအထိ ဒဏ်ငွေဆောင်ရမည်ဖြစ်သည်။ ဒဏ်ငွေ၊ အခွန် မဆောင်နိုင်ပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဟု သတင်းရရှိသည်။

"အဲဒီတော့ အခွန်လည်းဆောင်ရ၊ ဒဏ်ငွေလည်းဆောင်ရဆိုတော့ တချို့လည်း လာမရွေးတာများတယ်" ဟု ညွှန်ကြားရေးမှူးဦးကျော်ဒွန်းက ပြောသည်။

ထိုအဖွဲ့သည် မြဝတီကုန်သွယ်ရေးလမ်းကြောင်းတွင် ၂၀၁၂ နိုဝင်ဘာ ၂၀ မှ ၂၀၁၃ ဇန်နဝါရီ ၂၀ အထိ တရားမဝင်ကုန်ပစ္စည်းတင်သွင်းမှုများအား ပညာပေးကာလအဖြစ် သတ်မှတ်ခဲ့ပြီး ဇန်နဝါရီ ၂၁ ရက်မှစ၍ မှောင်ခိုတင်သွင်းမှုများကို ဖမ်းဆီးအရေးယူနေခြင်း ဖြစ်သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၉ | ၈၆၄ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၉ | ၈၆၄ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၈၈ | ၇၀၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၂၆ | ၁၁၄၄ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၈. ၈၅ | ၂၉ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၇. ၉ | ၁၃၈ | ကျပ် |

၂၀၁၃ ဖေဖော်ဝါရီ ၂၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅၉၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၃. ၄၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၃၄၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၂၆၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၆၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၅. ၀၃ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၀ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၈၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၆၉၂. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၇၂၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၅၈ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၈၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၀၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၃၇၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၇၂. ၅၀ |
| ရေနံစိမ်း | စည် | ၁၁၄. ၂၆ |
| ငွေ | ၁ အောင်စ | ၂၈. ၇၀ |
| ကြေးနီ | ပေါင် | ၃၅၃. ၇၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၂၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဖေဖော်ဝါရီ ၂၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

စာမျက်နှာ(၃၃)မှ

## အိန္ဒိယဆွဲ၍ ပဲစင်းငုံဈေးတက်



ပဲစင်းငုံ စတင်ပေါ်ချိန်က တစ်တင်းလျှင် ကျပ်တစ်သောင်းခြောက်ထောင်ဝန်းကျင်ရှိသော်လည်း ယခုရက်ပိုင်းတွင် တစ်တင်းလျှင် ကျပ်နှစ်သောင်းတစ်ထောင်ထိ ဈေးမြင့်လာသည်။

ယခုနှစ်တစ်နိုင်ငံလုံး ပဲအထွက်မှာ ရာသီဥတုကြောင့် ပဲစင်းငုံ ၄၀ ရာခိုင်နှုန်းကျော်၊ ပဲတီစိမ်း ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းကြား၊ မတ်ပဲ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကြား အထွက်လျော့မည်ဟု ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းမှ သတင်းရရှိသည်။

လက်ရှိ မတ်ပဲမှာလည်း ပဲစင်းငုံကဲ့သို့ပင် တစ်တန်လျှင် ကျပ်သုံးသောင်းကျော် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။ ဖေဖော်ဝါရီလဆန်းက တစ်တင်းလျှင် ကျပ်ငါးသိန်းလေးသောင်းဝန်းကျင်ရှိရာမှ ယခုရက်ပိုင်းတွင် ကျပ်ငါးသိန်းခုနစ်သောင်းခွဲထိ ဈေးမြင့်လာသည်။

စာမျက်နှာ(၃၃)မှ

## နွားစာနှင့်စားကျက်မြေ ရှားပါးလာ၍ တောင်သူနှင့် မွေးမြူသူများ အခက်တွေ့

**သန်းဌေး၊ အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၃**

နွားမွေးမြူရေးလုပ်ငန်းအတွက် နွားစာနှင့် စားကျက်မြေရှားပါးလာမှုကြောင့် တောင်သူများနှင့် နွားမွေးမြူရေးလုပ်ငန်းရှင်များ အခက်အခဲကြုံနေရကြောင်း သတင်းရရှိသည်။

သဘာဝအလျောက်ပေါက်ရောက်နေသော နွားစာမြက်များအား စနစ်တကျမထိန်းသိမ်းနိုင်ခြင်း၊ မြစ်ရေတိုးသောကြောင့် စားကျက်မြေများပါသွားခြင်းနှင့် စီမံကိန်းမျိုးစုံတည်ဆောက်သောကြောင့် စားကျက်မြေများဆုံးရှုံးကာ နွားမွေးမြူရေးလုပ်ငန်းများ မအောင်မမြင်ဖြစ်ရကြောင်း မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ အဆင့်မြင့်အရာရှိဟောင်းတစ်ဦးက ပြောသည်။ ထို့အပြင်ယခုနှစ်ပိုင်းအတွင်း ရာသီဥတုဖောက်ပြန်လာသောကြောင့်မိုးရွာသွန်းမှုနည်း၍ မြက်အပါအဝင်နွားစာအားလုံးယခင်ထက် ရှားပါးလာကြောင်း မန္တလေးတိုင်းဒေသကြီးမှတောင်သူများက ပြောသည်။



*အညာဒေသမှနွားအချို့ကိုတွေ့ရစဉ်*

ဓာတ်ပုံ - SSTM

"မြန်မာနိုင်ငံအနေနဲ့ သဘာဝအလျောက် ပေါက်တဲ့ မြက်တောင်ကောင်းအောင်မထိန်းနိုင်ဘဲနဲ့ ဘယ်လိုလုပ်မလဲ။ ဒါကြောင့် နွားမွေးမြူရေးစီမံကိန်းတွေ ပျက်တာပေါ့။ မြက်မရှိရင် နွားမမွေးနဲ့" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်းတွင် ရာသီဥတုဖောက်ပြန်ကာစားကျက်ရှားပါးလာသောကြောင့် နွားစာဈေးကြီးမြင့်လာ၍ လူက နွားကိုပြန်လုပ်ကျွေးနေရသကဲ့သို့ ဖြစ်နေကြောင်းသတင်းရရှိသည်။

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ငါးမြဲကြီးကျေးရွာမှ ဦးကျော်စိုး ကလည်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ဆုံတွင်ရေတိုး၍ မြေပြိုသောကြောင့် ရွာမှစားကျက်မြေများပါသွားကာနွားစာအတွက် ပြောင်းဖူးရိုးများဝယ်ကျွေးနေရကြောင်းပြောသည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် စိုက်ပျိုးမြေများချဲ့ထွင်လာခြင်း၊ ဆည်စီမံ ကိန်းကြောင့် မှန်းချောင်းရေကြောင်းပြောင်းလဲကာ မြစ်ကမ်းပါးတိုက်စားလာခြင်းတို့ကြောင့် ပွင့်ဖြူမြို့နယ်တွင် စားကျက်မြေများ ပျောက်ဆုံးရခြင်းဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဒေသခံများက ပြောသည်။

"စားကျက်မြေတွေပျောက်ကုန်တော့ နွားကျွေးဖို့လှည်းတွေ၊ ကားတွေနဲ့နွားစာကိုတကူးတက တခြားရွာတွေဆီကို သွားဝယ်ရတယ်။ နွားရှစ်ကောင်လောက်မွေးတဲ့အိမ်ထောင်စုဆိုရင် နွားစာရှာဝယ်ဖို့ နှစ်ယောက်လောက်လူပိုထားရတယ်"ဟု ပွင့်ဖြူမြို့နယ်၊ ပေတောကျောင်းကုန်းကျေးရွာမှ နွားမွေးမြူသူ ကိုသီဟထွန်း က ပြောသည်။

ထို့ကြောင့် ဌာနဆိုင်ရာမှ ဆောင်ရွက်သောနွားမွေးမြူရေးစီမံကိန်းများလည်း ပျက်စီးခဲ့ကာ ပုဂ္ဂလိက နွားမွေးမြူသူများနှင့် တောင်သူများပါ စားကျက်မြေလျော့နည်းလာမှုနှင့် နွားစာရှားပါးမှုဒဏ်ကို ခံနေကြရသောကြောင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ပညာရှင်များက စားကျက်ပင်စိုက်ပျိုးထုတ်လုပ်နည်း သင်တန်းပေးခဲ့ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါက်တာခင်လှိုင်က ပြောသည်။

"အက်ဖ်အေအို က အသေးစားနို့စားနွားမွေးမြူရေးတိုးတက်ရေးပရောဂျက်မှနို့စားနွား၊ အသားတိုးနွားမွေးမြူရေးမှာ အလွန်အရေးပါတဲ့စားကျက်တွေ စနစ်တကျစိုက်ပျိုးကျွေးမွေးတာထုတ်လုပ်မှု အရှိန်အဟုန်မကျဘဲ အစာကုန်ကျစရိတ် လျှော့ချနိုင်တဲ့ နည်းပညာတွေဖြန့်ဖြူးဖို့ ထိုင်းပညာရှင်တွေလာပြီး ဇန်နဝါရီလဆန်းမှာ သင်တန်းပေးခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။


အထက်ပါသင်တန်းတွင် စားကျက်ပင်လေးမျိုးဖြစ်သော ရူဇီ၊ ဂူနီယာ၊ ဗန်ဂိုလာ၊ နေဗီယာမြက်လေးမျိုးစိုက်ပျိုးထုတ်လုပ်နည်းနှင့် စားကျက်ပင်လေးများမှ အာဟာရဓာတ်ပြည့်ဝစွာရရှိအောင်ကျွေးမွေးနည်းကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း ၎င်းက ပြောသည်။

ရိုးရိုးမြက်စိုက်ပါက တစ်ဧကတွင်တစ်နှစ်လျှင်မက်ထရစ်တန် ၇၀ ခန့်သာရသော်လည်း နေဗီယာမြက်မျိုးအား စနစ်တကျစိုက်ပျိုးပါက မက်ထရစ်တန် ၁၇၅ တန်ခန့်ရနိုင်သောကြောင့် နွား ၁၂ ကောင်အတွက်လုံလောက်၍ နွားမွေးမြူရေးနှင့် စားကျက်မြေရှားပါးမှုကို ဖြည့်ဆည်းပေးနိုင်ကြောင်း ဒေါက်တာမြင့်သူက ပြောသည်။




7DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# Commodity Watch



ဓာတ်ပုံ-ရဲမောင်မောင်(အေပီ)

## ရွှေဈေးကျ ဝယ်အားကောင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

ကမ္ဘာ့ရွှေဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းများလည်း ဆက်တိုက်နီးပါး ကျဆင်းနေသဖြင့် ရွှေဝယ်လိုအားများမှာ သိသာစွာ မြင့်တက်လာကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ယခုလဆန်းပိုင်းတွင် ပြည်တွင်းရွှေဈေးနှုန်းများမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၆၀,၀၀၀ ကျပ်ဝန်းကျင်ရှိနေရာမှ ယခုရက်ပိုင်းတွင် ၇၃၆,၀၀၀ ကျပ်အထိ ကျဆင်းလာခဲ့သဖြင့် နှစ်ပတ်ကျော်အတွင်း၌ ၃၀,၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းများကျဆင်းလာခဲ့သည်။

"ဈေးတွေက ဆက်တိုက်ကျနေတော့ ရောင်းအားတွေကတက်လာတယ်။ အထည်ဈေးကွက်အပြင် အပိုင်းရော၊ ဖြတ်စဘက်မှာရော ရောင်းအားတွေကတော့ သိသိသာသာကို တက်လာတယ်။ ဈေးက ဝယ်စုတဲ့သူတွေကြိုက်တဲ့ဈေးကွက်ဖြစ်နေတယ်" ဟု အောင်သမာဓိရွှေဆိုင်မှ တာဝန်ခံကိုဝင်းငယ်က ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ လဆန်းပိုင်းတွင် တစ်အောင်စလျှင် ၁,၆၇၀ ဒေါ်လာဝန်းကျင် ရှိနေရာမှ ယခုရက်ပိုင်းတွင် ၁,၅၆၀ ဝန်းကျင်အထိ ကျဆင်းလာခြင်းဖြစ်သည်။

"ပြည်တွင်းဈေးက နယ်စပ်ဈေးတွေထက်စာရင် တစ်ကျပ်သားကိုကျပ်တစ်သောင်းဝန်းကျင်ဈေးများနေတာကြောင့် နယ်စပ်အဝယ်မလိုက်ဘူး။ ပြည်တွင်းက အရမ်းအဝယ်လိုက်တာကြောင့် ဈေးကွက် အရောင်းအဝယ်တော့ ကောင်းနေတယ်" ဟု အပိုင်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများကြောင့် ဈေးနှုန်းများဆက်တိုက် ကျဆင်းနေသော ပြည်တွင်းရွှေဈေးနှုန်းများမှာ လက်ရှိ ဈေးနှုန်းများထက် များစွာ ကျဆင်းခြင်းမရှိနိုင်သလို ယခုနှစ်အတွင်း၌လည်း တစ်ကျပ်သားလျှင် ကျပ် ၈၀၀,၀၀၀ ထိဈေးနှုန်းမြင့်တက်ခြင်းမရှိနိုင်ဟု ရွှေလုပ်ငန်းရှင်အများစုက ခန့်မှန်းသည်။

## ပထမအကြိမ် ကျန်းမာရေးပြပွဲကျင်းပ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

မြန်မာ့ကျန်းမာရေးပြပွဲ ၂၀၁၃ အားပြည်တွင်း၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ပြီး ပြခန်းပေါင်းတစ်ရာကျော် ပြသခဲ့ကြောင်း သတင်းရရှိသည်။

အနောက်တိုင်း ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ပြည်တွင်း၊ ပြည်ပမှ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးပစ္စည်းနှင့် နည်းပညာများ စသည်ဖြင့် ပြသထားပြီး ပြပွဲရက်များအတွင်း ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲများလည်း ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့မှ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ ဆေးပညာရပ်များနှင့် တိုးတက်နေသည့် နည်းပညာများ၊ ဆေးရုံသုံးပစ္စည်းများအား သိရှိစေရန် ပြည်တွင်း၊ ပြည်ပမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် လုပ်ငန်းများအကြောင်းနှင့် ဆေးဝါးတင်သွင်းခြင်း လုပ်ငန်းများ လုပ်ကိုင်နေသူများ ချိတ်ဆက်မိစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ပြပွဲအားဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 342,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| EXPLORER | 114,000 |
| Desire C | 170,000 |
| Desire One V | 260,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 740,000 |
| iPhone 4S (64 GB) | 605,000 |
| iPhone 4S (32 GB) | 585,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8600 | 76,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

ဖေဖော်ဝါရီ (၂၃)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 250,000 |
| Sony (LED) | 32EX33 | 300,000 |
| **DVD** | | |
| EVD (Samsung) | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Samsung | RT2ASHMG | 220,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 140,000 |
| Samsung | WT8J | 160,000 |
| **Aircon** | | |
| Chigo | 1.0HP | 195,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 185,000 |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၂၃) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၈၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၇,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၄၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၄၅ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၅၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၂၃)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၀၅၀-၂,၂၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၅,၅၀၀-၆,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၈၀၀-၂,၂၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀-၄,၃၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၁၀၀-၂,၉၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၅၀၀-၁,၈၀၀ |

ဖေဖော်ဝါရီ(၂၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Feb(17) | 814 | 860 | 870 | 890 |
| Feb(18) | 814 | 860 | 870 | 890 |
| Feb(19) | 814 | 860 | 870 | 890 |
| Feb(20) | 814 | 860 | 870 | 890 |
| Feb(21) | 814 | 860 | 870 | 890 |
| Feb(22) | 814 | 860 | 870 | 890 |
| Feb(23) | 814 | 860 | 870 | 890 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Apple** | |
| Intel Core i5 2.5 GHz, 4GB DDR3, 500GB HDD, HD, 13.3" | 108,100 |
| Intel Core i5 1.8 GHz,4GB DDR3,128GB Flash Storage,13.3" | 1,133,000 |
| Intel Core i7 2.9 GHz, 8GB DDR3, 750GB HDD, HD, 13.3" | 1,358,000 |
| Intel Core i7 2.6 GHz, 8GB DDR3, 750GB HDD, HD,15.4" | 1,989,000 |
| **Acer** | |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD, 14" | 470,000 |
| IntelCore i3 1.9 GHz, 4GB DDR3, 500GB HDD, 14" | 500,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD, 14" | 578,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 750GB HDD, 14" | 690,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, HD, 14" | 422,000 |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 15.6" | 509,000 |
| Intel Core i5 2.5 GHz, 2GB DDR3,500GB HDD,1GB VGA,14" | 565,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB (7200RPM), 15.6" | 968,000 |

7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013



# ပန်းရောင်ကော်လာ၏ စံပြမှုခင်း

ကြည်နေဝင်းမင်း

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်မြို့ငယ်လေးတစ်မြို့မှ ဘဏ္ဍာရေးအရာရှိတစ်ဦးအား နှစ်ပေါင်း ၂၀ ကျော် ကာလအတွင်း ပြည်သူ့ဘဏ္ဍာ ကန်ဒေါ်လာ ၅၃ သန်း အပျောက်ရိုက်ခဲ့ခြင်းအတွက် တရားရုံးက ထောင်ဒဏ် အနှစ် ၂၀ နီးပါး ချမှတ်ခဲ့ပါသည်။

မစ္စစ်ရီတာခရွန်းဝဲလ်သည် လိမ်လည်မှုအတွက် အပြစ်ရှိကြောင်း ပြီးခဲ့သည့်နှစ် နိုဝင်ဘာက ဝန်ခံခဲ့ပြီး တရားရုံးက အမိန့်ချမှတ်ချိန်တွင် ဒစ်ဆင်မြို့သူမြို့သားများအား ဝန်ချတောင်းပန်ခဲ့ပါသည်။

မစ္စစ်ခရွန်းဝဲလ် (၆၀ နှစ်) သည် ငွေပေးချေမှုဘောက်ချာအတုများ အသုံးပြုခဲ့ပြီး ရရှိလာသောငွေကြေးများအား ဒေါ်လာသန်းပေါင်းများစွာတန် အိမ်များ၊ ဇိမ်ခံကားများ၊ အပန်းဖြေခရီးများ၊ မြင်းမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသည်။ ယခုအခါ တာဝန်ရှိသူများက ၎င်း၏ပိုင်ဆိုင်မှုများကို ချိတ်ပိတ်လိုက်ပြီဖြစ်သော်လည်း ယင်းတို့ကို ထုခွဲရောင်းချခြင်းမှ ကန်ဒေါ်လာ ၁၀ သန်းသာ ပြန်လည်ရရှိနိုင်မည်ဟု မျှော်လင့်ထားသည်။

နေထိုင်သူပေါင်း ၁၆,၀၀၀ သာရှိသော မြို့လေးမှာ အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်၏ ကလေးဘဝဖြတ်သန်းခဲ့ရာမြို့လေးအဖြစ် ကျော်ကြားပြီး လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း မြို့လေး၏ နှစ်စဉ်ဘတ်ဂျက်ငွေမှာ ကန်ဒေါ်လာ ၁၀ သန်းပင် မပြည့်ပေ။

ဒစ်ဆင်မြို့မှာ ဘတ်ဂျက်လိုငွေအတွက် တိုက်ပွဲဝင်နေရပြီး အလုပ်အကိုင်များ လျှော့ချ၊ ဘဏ္ဍာရေးအရထိရောက်သော စီမံကိန်းများ လုပ်ဆောင်နေရချိန်တွင် မစ္စစ်ခရွန်းဝဲလ်က ကြီးကျယ်ခမ်းနားသော မွေးနေ့ပါတီများ ကျင်းပခြင်း၊ မြင်းဇောင်းများ တည်ဆောက်ခြင်း၊ ကမ္ဘာပတ်ခရီးသွားခြင်းများ လုပ်ဆောင်နေခဲ့ပါသည်။ တရားရုံးမှတ်တမ်းများအရ ဒစ်ဆင်မြို့တွင် အလုပ်လုပ်သော ရက်တိုင်းအတွက် မစ္စစ်ခရွန်းဝဲလ်သည် ကန်ဒေါ်လာ ၃၇,၀၀၀ ခိုးယူခဲ့သည်ဟုဆိုသည်။

အချို့သော လူများက ယခုကဲ့သို့ ကြီးမားသော ပွပေါက်ကြံမှုမျိုး၏ အလယ်တွင် အမျိုးသမီးတစ်ဦးရှိနေခြင်းအတွက် များစွာ တုန်လှုပ်ကြသည်။ သို့သော် ယင်းသို့ လိမ်လည်လှည့်ဖြားမှုများ လုပ်ဆောင်ရာတွင် အမျိုးသမီးများမှာ ပိုပြီး ပိပိရိရိ ရှိတတ်ကြပါသည်။ အမေရိကန်နိုင်ငံ၏ စီးပွားရေးနှင့် အုပ်ချုပ်ရေးပိုင်းတွင် ခေါင်းဆောင်မှုနေရာ အများအပြား၌ အမျိုးသမီးများ နေရာရလာသည်နှင့်အမျှ ယခင်က မျှော်လင့်မထားသော အဖြစ်သနစ်များ စတင်ပေါ်ထွက်လာပါသည်။ အမျိုးသမီးများ ကျူးလွန်သောပြစ်မှု (Pink-collar crime)ပင် ဖြစ်ပါသည်။

ယင်းမှာ မည်သည့်အချိန်ကမျှ လူကြိုက်များသော ခေါင်းစဉ်မဟုတ်လှ။ ၁၉၇၅ ခုနှစ်တွင် Rutgers တက္ကသိုလ် ပြစ်မှုဗေဒပညာရှင် မစ္စစ်ဖရီဒါအက်ဒလာက ယခင်က မသိရှိသေးသော အငြင်းပွားဖွယ်ရာ စာအုပ်တစ်အုပ်ရေးသားခဲ့သည်။ Sisters in Crime: The Rise of the New Female Criminal ဟူ၍။ ယင်းတွင် အမျိုးသမီးများ ပြစ်မှုကျူးလွန်တတ်ပုံကို ခွဲခြမ်းစိတ်ဖြာ သုတေသနပြုထားပါသည်။ သို့သော် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှ အခွင့်အရေး ရရှိရေး တိုက်ပွဲဝင်နေသော ခေတ်တွင် မစ္စစ်ဖရီဒါ၏ စာအုပ်မှာ အမျိုးသမီးလှုပ်ရှားမှုကို အားနည်းစေပြီး အမျိုးသမီးများပြစ်မှုကျူးလွန်နှုန်းကို လိုရာဆွဲယူထားသည်ဟု ဝေဖန်သူများက ယုံကြည်ခဲ့ကြသည်။ ယခုတော့ မစ္စစ်ဖရီဒါအက်ဒလာ မမှားခဲ့ဟု ဆိုရပါမည်။

ကော်လာပန်းရောင်ပြစ်မှုများ အဖြစ်များလာသည်ကိုဖြင့် မေးခွန်းထုတ်စရာ မလိုပေ။ ယင်းအသုံးအနှုန်းမှာ ယေဘုယျအားဖြင့် အမျိုးသမီးများသည် ကော်လာဖြူပြစ်မှုများ(အုပ်ချုပ်ရေးပိုင်းပြစ်မှုများ) ကျူးလွန်မှုများပြားလာခြင်းကို ရည်ညွှန်းပါသည်။ ထိုမျှမက အမျိုးသမီးများ ငွေကြေးအလွဲသုံးစား လုပ်မှုများ၊ ထိမ်ချန်အပျောက်ရိုက်ခြင်းများကို ရည်ညွှန်းရန်လည်း ပြစ်မှုဗေဒ ပါမောက္ခ ကက်သလင်းဒေလီက ၁၉၈၀ ခုနှစ်များတွင် စတင်သုံးစွဲခဲ့သော သီအိုရီလည်း ဖြစ်ပါသည်။

မစ္စစ်ခရွန်းဝဲလ်သည် အသက် (၁၇) နှစ်အရွယ်မှာပင် ဒစ်ဆင်မြို့ရှိ ဘဏ္ဍာရေးဌာနတွင် ဝင်ရောက် အလုပ်လုပ်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ဘဏ္ဍာရေးအရာရှိဖြစ်လာခဲ့သည်။ နောင်ခုနစ်နှစ်အကြာတွင် မြို့ငယ်လေး၏ ငွေကြေးများ ခိုးယူမှု စတင်ပါတော့သည်။ ကနဦး ခိုးယူမှုများမှာ နည်းနည်းပါးပါးပင်ဖြစ်ပါသည်။ ၁၉၉၁ ခုနှစ်တွင် ၎င်း၏လျှို့ဝှက်ငွေစာရင်းထဲသို့ ကန်ဒေါ်လာ ၁၈၁,၀၀၀ စတင်ထည့်သွင်းခဲ့သည်။ ထိုကဲ့သို့ ငွေကြေးခိုးယူမှုမှာ ၂၂ နှစ်ကြာမြင့်ခဲ့ပြီး အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေးအကျပ်အတည်း အထွတ်အထိပ်ရောက်ချိန် ၂၀၀၈ ခုနှစ်တွင် မြို့ငယ်လေး၏ ဘဏ္ဍာငွေမှ ကန်ဒေါ်လာ ၅ ဒသမ ၈ သန်း အပျောက်ရိုက်ခဲ့သည်။

ထိုနှစ်များ အတောအတွင်းမှာပင် မစ္စစ်ခရွန်းဝဲလ်သည် မြို့နယ်ကောင်စီအဖွဲ့ဝင်များနှင့်အတူ ဘတ်ဂျက်အစည်းအဝေးများ တက်ရောက်ခဲ့ပြီး ဘဏ္ဍာရေး မလုံလောက်သောကြောင့် မြို့ငယ်လေး၏ အသုံးစရိတ်များ လျှော့ချရေး ထုတ်ဖော်ပြောကြားသည်။ ဘဏ္ဍာရေးအခက်အခဲ ဖြစ်နေသောကြောင့် မြို့နယ်ရဲတပ်ဖွဲ့၏ သံချေးတက်နေသော ထရပ်ကားများ လဲလှယ်ရေး ရဲတပ်ဖွဲ့အကြီးအကဲ၏ တောင်းဆိုမှုကိုပင် မစ္စစ်ခရွန်းဝဲလ်က ပယ်ချခဲ့သည်။

"မစ္စစ်ခရွန်းဝဲလ်ဟာ သူ့ကိုကြီးကြပ်မယ့်သူမရှိဘဲ တကယ့်ကိုဩဇာအာဏာကြီးတဲ့ နေရာကို ရထားခဲ့တာပါပဲ။ လူတစ်ယောက်ကို အစစ်အဆေးမရှိ ၂၀ နှစ်တောင် လွှတ်ထားပေးတယ်ဆိုတာ အချိန်ကာလ ကြာလွန်းအားကြီးပါတယ်။ တစ်ချိန်တစ်ခါက ယုံကြည်စိတ်ချရတာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့်လည်း အချိန်ကြာလာတာနဲ့အမျှ လိမ်လည်း ဘာမှမဖြစ်ပါဘူးဆိုတဲ့ အတွေးအမြင်ပေါ်လာပြီး အခြားလူတွေရဲ့ အကျိုးစီးပွားထက် သူ့ရဲ့ကိုယ်ကျိုးစီးပွားကို ဦးစားပေးလာပါတော့တယ်"ဟု Detecting Fraud in Organizations စာအုပ်ရေးသားသူနှင့် စာရင်းကိုင်တစ်ဦးလည်း ဖြစ်သူ ဂျိုးဆက်ပက်ထရူဆယ်လီက ဆိုပါသည်။

မစ္စစ်ခရွန်းဝဲလ်၏ အကြံပက်စက်မှုကို ၂၀၁၁ ခုနှစ်တွင်မှ အစဖော်နိုင်ခဲ့ခြင်းဖြစ်သည်။ မစ္စစ်ခရွန်းဝဲလ်တစ်ယောက် အားလပ်ရက် ထပ်တိုးယူနေချိန်တွင် အစားထိုးဝင်ရောက်သော မြို့နယ်စာရေးတစ်ဦးက မစ္စစ်ခရွန်းဝဲလ် လျှို့ဝှက်ဘဏ်စာရင်း ဖွင့်ထားကြောင်း ဖော်ပြထားသော စာတစ်စောင်ကို တွေ့ရှိခဲ့ရာမှ စတင်သိရှိလာခြင်း ဖြစ်သည်။ ယင်းကို မြို့တော်ဝန်က ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို (FBI) အား အကြောင်းကြားခဲ့သည်။ ထိုအချိန်မှစ၍ FBI က သူမ၏ ငွေကြေးလွှဲပြောင်းမှုများကို စောင့်ကြည့်ခဲ့ပါသည်။

မစ္စစ်ခရွန်းဝဲလ်၏ အမှုတွင်ပါဝင်သော အစိုးရရှေ့နေတစ်ဦးဖြစ်သူ မစ္စတာဂျင်ပီဒါဆန်က ယခုကဲ့သို့ အမိအရ မဖမ်းနိုင်ခဲ့ပါက မစ္စစ်ခရွန်းဝဲလ်သည် ငွေကြေးခိုးယူမှုများ ဆက်လက်ကျူးလွန်နေဦးမည်ဖြစ်ကြောင်း တရားရုံးအား ပြောကြားပါသည်။

ဒစ်ဆင်မြို့ ဘဏ္ဍာရေးအရာရှိဟောင်းအား ၁၉ နှစ်နှင့် ခုနစ်လ ပြစ်ဒဏ်ချမှတ်သော တရားသူကြီး ဖိလစ်ရိုင်းဟတ်ကလည်း လိမ်လည်မှု၏ အတိုင်းအတာ ကြီးမားမှုကြောင့် ယခုကဲ့သို့ ပြင်းထန်သော ပြစ်ဒဏ်ချမှတ်ရခြင်းဖြစ်သည်ဟု ပြောကြားပါသည်။ အဖမ်းခံရချိန်တွင် မြင်းအကောင် ၄၀၀ အထိ မွေးမြူထားသော မစ္စစ်ခရွန်းဝဲလ်အား တရားသူကြီးက "မင်းဟာ မင်းကိုယ်စားပြုထားတဲ့ ဒစ်ဆင်မြို့သူ၊ မြို့သားတွေထက် မင်းရဲ့မြင်းတွေအပေါ် ပိုပြီးတော့ သံယောဇဉ် တွယ်နေခဲ့တယ်"ဟု ပြောကြားပါသည်။

*—Ref: BBC/Forbes/Internet*

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်
GRACE MANAGEMENT & CONSULTANCY SERVICES PTE., LTD
SINGAPORE (အသိအမှတ်ပြု)
**အောင်ချမ်းမြေ့**
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
အမှတ်(၂၄၉)၊ 2B,5B,6B,7B ထပ်၊ ဘားလမ်းကြီး
အမှတ်(၂၅၁)၊ (6B,7B ထပ်)၊ ဘားလမ်းကြီး
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
(Open 7:00 am To 7:00 pm)
www.acmmyanmar.com
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် သင်ကြားသည်။
"အောင်" ပြီး "ချမ်းမြေ့" မှုတွေရရှိရန် "အောင်ချမ်းမြေ့" ကိုလာခဲ့ပါ။

(I) ◆ တစ်လသင်တန်း(တစ်ပတ်ငါးရက်သင်)
(တနင်္လာ မှ သောကြာနေ့အထိ)
စဉ် (၂၆၇၈) ၄.၃.၁၃ — စဉ် (၂၆၈၀) ၇.၃.၁၃
စဉ် (၂၆၇၉) ၅.၃.၁၃ — စဉ် (၂၆၈၂) ၈.၃.၁၃
စဉ် (၂၆၈၀) ၆.၃.၁၃
◆ နှစ်လသင်တန်း (တစ်ပတ်နှစ်ရက်သင်)
စဉ်(၂၆၈၃) ၂.၃.၁၃ (Sat & Sun) — စဉ်(၂၆၈၆) ၆.၃.၁၃ (Wed&Thur)
စဉ်(၂၆၈၄) ၄.၃.၁၃ (Mon&Tue) — စဉ်(၂၆၈၇) ၇.၃.၁၃ (Thur&Fri)
စဉ်(၂၆၈၅) ၅.၃.၁၃ (Tue&Wed)
◆ သုံးလသင်တန်း (တစ်ပတ်တစ်ရက်သင်)
စဉ်(၂၆၈၈) ၂.၃.၁၃ (Sat Only)
စဉ်(၂၆၈၉) ၃.၃.၁၃ (Sun Only)
(II) ◆ နိုင်ငံတကာအဆင့်မီ ဒီပလိုမာ သင်တန်းများ
(တနင်္လာ မှ သောကြာနေ့ အထိ) (တစ်ပတ်ငါးရက်သင်)
(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ်၊ (V) သုံးနှစ်၊
စဉ် (၂၆၉၀) ၄.၃.၁၃ — စဉ် (၂၆၉၃) ၇.၃.၁၃
စဉ် (၂၆၉၁) ၅.၃.၁၃ — စဉ် (၂၆၉၄) ၈.၃.၁၃
စဉ် (၂၆၉၂) ၆.၃.၁၃
သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ
(I) 07:00 am to 09:00 am — (IV) 11:00 am to 02:00 pm
(II) 08:00 am to 11:00 am — (V) 01:00 pm to 04:00 pm
(III) 09:00 am to 12:00 pm — (VI) 05:30 pm to 07:30 pm

7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

စာမျက်နှာ(၄၆)မှ

## ဂျပန်၏ တစ်ကျော့ပြန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တွေ့ဆုံခြင်း

အသံပိုကျယ်လာနေပါတယ်။ ဒီတော့ ဒီဖြစ်စဉ်ထဲမှာ သူတို့စီးပွားရေးအတွက် သဘာဝအရင်းအမြစ်တွေ ရရှိနိုင်ဖို့အတွက်ဆိုရင် လယ်ထဲမှာရော၊ အရှေ့တရုတ်ပင်လယ်ထဲမှာရော အနိုင်ကျင့်ဗိုလ်ကျတာတွေ လုပ်လာနေပါတယ်။ ဒါဟာလည်း ပညာရေးစနစ်ကနေ မျိုးချစ်စိတ်ဓာတ် ရင့်သန်အောင် သင်ကြားခံထားရတဲ့ တရုတ်နိုင်ငံသားတွေက အခိုင်အမာထောက်ခံနေလို့ ထွက်လာနေတဲ့ရလဒ် ဖြစ်ပါတယ်။

ဒါဟာပဲ တရုတ်နိုင်ငံရင်ဆိုင်နေရတဲ့ အကျပ်အတည်းလည်း ဖြစ်နေပါတယ်။ ပြောရရင်တော့ တရုတ်မှာ မျိုးချစ်စိတ်အရေးပါပုံအကြောင်း သင်ကြားထားတဲ့ ပညာရေးစနစ်က ဖန်တီးလိုက်တဲ့ စိတ်ခံစားမှုနဲ့ အခြေအနေက အပြန်အလှန်အားဖြင့် သူတို့ရဲ့ ဂျပန်နဲ့မိတ်ဆွေဆက်ဆံရေးကို ပျက်စီးလာစေပြီး စီးပွားရေးတိုးတက်မှုအပေါ်ကိုလည်း ပြောင်းပြန်အကျိုးသက်ရောက် လာနေစေပါတယ်။ ခုတော့ တရုတ်အစိုးရဟာ ဒါကို ကောင်းကောင်းသတိပြုမိနေပါပြီ။

**အိုကေ။ ဒီသီအိုရီအတိုင်း ဝန်ကြီးချုပ်ဘက်က ယူဆတယ်ဆိုရင် တရုတ်နိုင်ငံမှာဖြစ်နေတဲ့ပြဿနာဟာ သိပ်ပြီးစွဲမြဲနေပြီလို့ ဆိုလိုတာလား။ ဂျပန်က ဒါကို ဘယ်လိုတန်ပြန်မလဲ။ ပြီးတော့ ပင်လယ်ရေပြင်ပိုင်နက် အငြင်းပွားမှုပြဿနာအတွက် ဖြေရှင်းချက်တစ်ခုခုကိုရော မြင်မိပါသလား။ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ပြောရရင်တော့ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံကြားက ဆက်ဆံရေးကြီးတစ်ခုလုံးကိုရော ဘယ်လိုဖြေရှင်းချက် မြင်မိပါသလဲ။**

ပထမဆုံးအနေနဲ့ အရေးကြီးတဲ့အချက်ကတော့ တရုတ်ခေါင်းဆောင်တွေရော စီးပွားရေးသမားတွေပါ ဒီကိစ္စက ဘယ်လိုပုံစံမျိုးနဲ့ စွဲမြဲနေကြပြီလဲဆိုတာ သိနားလည်နေကြပါပြီ။ ဘာကြောင့်လဲဆိုတော့ ဒီလို နားလည်သဘောပေါက်မှုမရှိဘဲ ရလဒ်ကောင်းထွက်မယ့် ဖြေရှင်းချက်တွေကို ရှာတွေ့နိုင်မှာ မဟုတ်လို့ပါ။ ဒီအပိုင်းမှာတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ကွန်မြူနစ်ပါတီလက်အောက်က ပြည်သူ ၁ ဒသမ ၃ ဘီလီယံကို သူတို့ ထိန်းချုပ်နိုင်စွမ်းရှိမှာမဟုတ်ဘူးလို့ ကျွန်တော် ထောက်ပြချင်ပါတယ်။

အရင်ဦးဆုံးအနေနဲ့တော့ အင်အားသုံးခြင်း (သို့မဟုတ်) အတင်းအကျပ် အနိုင်ကျင့်ခြင်းအားဖြင့် အခြားသူတွေရဲ့ ရေပိုင်နက်တွေ၊ နယ်မြေတွေကို ရယူတာမျိုး၊ စည်းမျဉ်းဥပဒေတွေကို ပြောင်းလဲလို့ မရတာမျိုးကို သူတို့နားလည်သဘောပေါက်အောင် လုပ်ဖို့ပါ။ ဒါနဲ့သင့်လျော်အောင်ပဲ ၁၁ နှစ်အတွင်း ပထမဆုံးအနေနဲ့ ကျွန်တော်ဟာ နိုင်ငံရဲ့ ကာကွယ်ရေးဘတ်ဂျက်ကို တိုးမြှင့်ထားခဲ့ပါတယ်။ ဒီကိစ္စမှာ ဂျပန်-အမေရိကန် မဟာမိတ်ဖွဲ့ထားမှုနဲ့ အမေရိကန်ရဲ့ တည်ရှိနေမှုကလည်း အရေးပါပါလိမ့်မယ်။ အရှေ့တရုတ်ပင်လယ်အတွင်းမှာသာမက တောင်တရုတ်ပင်လယ်အတွင်းမှာပါ ပင်လယ်ပြင်ရဲ့ လွတ်လပ်မှုကို အာမခံနိုင်မယ့် ဥပဒေတွေ ချမှတ်ဖို့ အရေးကြီးလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

ဂျပန်ရဲ့ ထိန်းချုပ်မှုအောက်က ဆင်ကာကူကျွန်းစုတွေကိစ္စနဲ့ပတ်သက်ရင် ခုလို ဂျပန်ရဲ့ ထိန်းချုပ်ထားမှုဟာ အနိုင်ကျင့်ဖိအားပေးခြင်းတွေကြောင့် ပြောင်းလဲသွားနိုင်မှာ မဟုတ်ဘူးဆိုတာ သူတို့ကို သိနားလည်အောင် ကျွန်တော်တို့လုပ်ဖို့လိုအပ်ပါတယ်။ ဒီအပြုအမူတွေဟာ အဆုံးတစ်နေ့ကျရင် သူတို့ရဲ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု ရှိလာပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒါဟာ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ယုံကြည်မှုကို လျော့နည်းစေပြီး တရုတ်မှာ ရင်းနှီးမြှုပ်နှံမှုနည်းတဲ့ ရလဒ်ကို ဖြစ်လာစေမှာကြောင့်ပါ။ ဒါကို သိနားလည်လာတာနဲ့ အမျှ တရုတ်အနေနဲ့ သူတို့ရဲ့ပေါ်လစီကို ပြောင်းဖို့ ဖြစ်နိုင်ခြေ အပြည့်အဝရှိတယ်လို့လည်း ကျွန်တော်ယုံကြည်နေပါတယ်။ အခုဆို ဂျပန်ဟာ တရုတ်မှာ ရင်းနှီးမြှုပ်နှံထားမှုကနေ အမြတ်တွေလည်း ရနေပြီး တရုတ်ဟာလည်း ရင်းနှီးမြှုပ်နှံမှုတွေကြောင့် အလုပ်နေရာ ၁၀ သန်းလောက် တိုးလာတာကို ခံစားနေရပါတယ်။ ဒီလိုမျိုးအနေအထားမှာ ကြီးမားတဲ့အန္တရာယ်ရှိလာပြီလို့ ခံစားမိရင် ဂျပန်ရဲ့ရင်းနှီးမြှုပ်နှံမှုတွေ စတင်ကျဆင်းလာပါမယ်။ ဒါကို သူတို့သိဖို့ အရေးကြီးတယ်လို့ ကျွန်တော် ယုံကြည်နေပါတယ်။

**အမေရိကန်ပြည်ထောင်စုဟာ ပြီးခဲ့တဲ့ နှစ်တွေအတွင်း ဂျပန်မှာ ခေါင်းဆောင်မှု အပြောင်းအလဲတွေ မြန်ခဲ့တဲ့အတွက် စိတ်ရှုပ်ခဲ့ရပါတယ်။ ဒါဟာ နှစ်နိုင်ငံဆက်ဆံရေးတွေကို ပျက်ပြားစေမယ်လို့ ဝန်ကြီးချုပ်ထင်ပါသလား။ ဝန်ကြီးချုပ်အနေနဲ့ ရာထူးမှာ တစ်နှစ်သက်တမ်းထက်ပိုပြီး ရှိနေမယ်လို့ အိုဘားမားကို ပြောပြနိုင်ပါ့မလား။**

ပထမအကြိမ်တုန်းက ဝန်ကြီးချုပ်အဖြစ်က ကျွန်တော် ဆင်းပေးပြီးနောက် အယ်လ်ဒီပီပါတီအစိုးရနှစ်ဆက်နဲ့ ဒီပီဂျေပါတီ အစိုးရသုံးဆက်ဟာလည်း အခါအားလျော်စွာ ဆင်းပေးခဲ့ရပါတယ်။ ကျွန်တော့်ကိစ္စမှာတော့ ကျန်းမာရေးပြဿနာကြောင့် ရွေးချယ်စရာမရှိဘဲ ဆင်းပေးခဲ့တာပါ။ ဒါပေမဲ့ ဆေးဝါးအသစ်တွေ ဖွံ့ဖြိုးလာမှုနဲ့အတူ ကျွန်တော်လည်း နာလန်ထလာပြီး ကျန်းမာရေး ပြန်တိုးတက်လာနေပါပြီ။ ဒါကြောင့် ကာယပိုင်းအရ ပြောရရင်လည်း ကျွန်တော့်လက်ရှိရာထူးမှာ နှစ်များစွာတာဝန်ယူပြီး ဆက်လက် ထမ်းဆောင်နိုင်စွမ်း ရှိသင့်နေပါပြီ။ တည်ငြိမ်တဲ့ပေါ်လစီ စီမံခန့်ခွဲမှုက အရေးကြီးတယ်လို့ ပြောပါရစေ။ ဒါကြောင့် ဒီနွေမှာ ကျင်းပမယ့် အထက်လွှတ်တော် ရွေးကောက်ပွဲတွေမှာ အောင်မြင်မှုရဖို့က အရေးကြီးတယ်လို့ပဲ ပြောပါရစေ။

*—Ref: Interview with Japanese Prime Minister Shinzo Abe, Washington Post: 21st. Feb.*

စာမျက်နှာ(၅၅)မှ

## လတ်ဗီးယားနိုင်ငံ ယူရိုဇုန်အဖွဲ့ဝင်ဖြစ်ရန် မတ်လတွင် လျှောက်ထားမည်

လတ်ဗီးယားပါလီမန်ကွန်ဖရင့်တစ်ရပ်တွင် ဝန်ကြီးချုပ်က ပြောကြားသည်။

လတ်ဗီးယားနိုင်ငံမှာ လွန်ခဲ့သော ၂ နှစ်ကာလအတွင်း ဥရောပသမဂ္ဂနိုင်ငံများတွင် အကောင်းဆုံးဖွံ့ဖြိုးတိုးတက်မှု ရရှိခဲ့ပြီး ယခုကျင်းပသော ကွန်ဖရင့်မှာ ယူရိုငွေစနစ် ကျင့်သုံးခြင်းကြောင့် နိုင်ငံစီးပွားရေး ရိုက်ခတ်မှုကို လျော့လာရန် ကျင်းပခြင်းဖြစ်သည်။

"မားစထရစ်အချက်အလက်တွေနဲ့ ကိုက်ညီသွားပြီလို့ ထင်ပါတယ်။ ဒါကြောင့် အခုလို အဖွဲ့ဝင်အဖြစ် လျှောက်ထားတာပါ"ဟု လတ်ဗီးယားဝန်ကြီးချုပ်က အခိုင်အမာပြောသည်။


လတ်ဗီးယားနိုင်ငံ၏ အဖွဲ့ဝင်လျှောက်လွှာအား ဥရောပကော်မရှင်က ဇွန်လတွင် ဥရောပသမဂ္ဂ ဘဏ္ဍာရေးဝန်ကြီးများနှင့် နိုင်ငံ့အကြီးအကဲများထံ တင်ပြ၍ ဥရောပဗဟိုဘဏ်က ဇူလိုင်လတွင် အတည်ပြုပေးမည်ဟု မျှော်လင့်ပါကြောင်း မစ္စတာဗယ်လ်ဒစ်ဒွန်ဘရော့စကီးက ပြောကြားသည်။ *—Ref: AFP*



7DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# 7DAY BOOK REVIEW

## တိုင်းသူပြည်သားတွေကို အမှတ်တရားပြန်ပေးပါ (ပြေလွင်မြင့်)




The Ladies News Journal တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ပြေလွင်မြင့်၏ ဆောင်းပါးစုစည်းမှုစာအုပ်ဖြစ်သည်။ စုစုပေါင်း ဆောင်းပါး (၂၉) ပုဒ် ပါဝင်ပြီး အများစုမှာ အစိုးရသစ်လက်ထက်တွင်တရားဥပဒေစီရင်ရေးကိုမီးမောင်းထိုးပြထားသော ဆောင်းပါးများဖြစ်သည်။

ဆောင်းပါးရှင်သည် ယခုစာအုပ်ပါဆောင်းပါးများရေးရာ၌ တရားဥပဒေ၊ တရားစီရင်ရေးမဏ္ဍိုင်၌ အားနည်းချက်၊ အားသာချက်များကို ဝေဖန်ဆန်းစစ်သုံးသပ်ထားသည်။ Prejudice (သို့မဟုတ်)ညစ်ပေနေတဲ့ခွက်တစ်ခွက်၊စိတ်လှုပ်ရှားမှုဖြေဖျောက်ဖို့ပြစ်ဒဏ်ပေးခြင်း ဖြစ်သလော၊တိုင်းသူပြည်သားတွေကို အမှန်တရားပြန်ပေးပါ၊လုံးဝမမှားစေရပါဘူးမင်းကြီး (ခိုင်ဖုန်းတရားစီရင်ရေး)၊မဟော်သဓာကိုကူညီခဲ့သူများ၊ မီဒီယာနှင့်တရားစီရင်မှု၊ တရားစီရင်မှုကိုတိုင်စာဖြင့်ထိန်းကျောင်း၍ရနိုင်သလော၊သတ္တုသောက်ရေခွက်တစ်ခုလို ဘယ်သူ သန့်ရှင်းခဲ့သလဲ၊ မပြီးဆုံးသေးသောမေးခွန်းများစသည် ဆောင်းပါးများ ပါဝင်သည်။ စာအုပ်တစ်နေရာတွင် စာရေးသူက "တရားစီရင်မှု အခွင့်အာဏာအပေါ် မည်သူကမှ စွက်ဖက်လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်ခြင်းမပြုသည့်အပြင် တရားစီ ရင်မှုပြုသူကိုယ်တိုင်ကလည်း အဂတိလေးပါးအနက် ဘယ်တစ်ပါးမှ တာတွယ်ကပ်ငြိခြင်းမရှိသည့်တိုင် အနိုင်အရှုံးအဆုံးအဖြတ်တို့သည် အထက်တရားရုံးတို့က ပြင်ဆင်တည့်မတ်ပေးရန်မလိုသည်အထိအခါခပ်သိမ်းမှန်ကန်မျှတနေလိမ့်မည်ဟု အာမခံချက်ပေးရန် မလွယ်ကူနိုင်ပါချေ။ အဘယ်ကြောင့်ဆိုသော် တရားသူကြီးတိုင်းသည် မဟော်သဓာမဖြစ်နိုင်ကြသောကြောင့်ဖြစ်ပါသည်"ဟူ၍ဖော်ပြထားသည်။ စာအုပ်ကို ၁,၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ရှိုင်းယန်ဂစ်ပြောတဲ့ ရှိုင်းယန်ဂစ်အကြောင်း (အောင်ဇော်လတ်–မိုးနဲ)




ကမ္ဘာကျော် မန်ချက်စတာယူနိုက်တက် ဘောလုံးအသင်းတွင် ကစားသက်တမ်းအရှည်ကြာဆုံးနှင့် အောင်မြင်မှုသရဖူအလီလီဆုပ်ကိုင်ရရှိခဲ့သူ ရှိုင်းယန်ဂစ်၏ ပင်ကိုရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။

ဝေးလ်ဘောလုံးသမား ရှိုင်းယန်ဂစ် ဘောလုံးစတင်ကစားချိန်မှစ၍ မန်ချက်စတာယူနိုက်တက်အသင်းသို့ရောက်ရှိလာပုံ၊ အသင်းတွင်အခြားသောဘောလုံးအကျော်အမော်ကြီးများနှင့် တွဲဖက်ကာကစားခဲ့ပုံ၊၎င်းနှင့် ခေတ်ပြိုင် ဒေးဗစ်ဘက်ခမ်းနှင့် ဆုံရပုံ၊ နည်းပြဆာအဲလက်စ်ဖာဂူဆန်၏ သွန်သင်မှုဖြင့် ထိပ်သီးဘောလုံးသမားဘဝရောက်ရှိလာကာ ပြည်တွင်းလိဂ်ပြိုင်ပွဲများတွင်သာမက ဥရောပတိုက်၏ အမြင့်မားဆုံး ပရော်ဖက်ရှင်နယ် ပြိုင်ပွဲဖြစ်သည့် ချန်ပီယံလိဂ်ဖလားရသည်အထိ အောင်မြင်ခဲ့ပုံ၊ မမေ့နိုင်သော ကွင်းတွင်းကွင်းပြင် ဘောလုံးအတွေ့အကြုံများနှင့် ပြိုင်ပွဲများမှ ရ ရှိလာသည့် သင်ခန်းစာများ ကိုယခုစာအုပ်၌ဝေဆာစွာ ဖတ်ရှုရပါမည်။ စာအုပ်တွင် အင်္ဂလန်အတွက်တောင်ပံတစ်ဖက်၊ ချန်ပီယံ အရသာကိုခံစားခြင်း၊ အဖိုးတန် ဟက်ထရစ်၊ ချန်ပီယံဖလားကိုပြန်လည်ဆွတ်ခူးနိုင်ခြင်း၊ အပြောင်းအလဲကာလ၊ အမှောင်ကျခဲ့တဲ့ညတစ်ည၊ အောင်မြင်မှုတွေ ဆာလောင်နေဆဲပါ စသည့် ခေါင်းစဉ်ငယ်လေးများဖြင့် ၎င်း၏ ဘဝအပိုင်းအဆစ်များကို ပေါ့ပါးသွက်လက်သော ပြောဟန်ဖြင့် ရေးသားထားသည်။ဘောလုံးအားကစားကို ချစ်မြတ်နိုးသူများ၊ မန်ချက်စတာအသင်းကို အားပေးသူများအနေဖြင့် ရှိုင်းယန်ဂစ်၏ ဘောလုံးသမား ဘဝသာမက ဘောလုံးအပေါ် ထားရှိသည့် ၎င်း၏ ခံယူချက်၊ယုံကြည်ချက်ကိုသိမြင်နိုင်သော စာအုပ်ဖြစ်သည်။ မိုးသောက် စာအုပ်တိုက်က တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ဂရင်းနစ် ကမ္ဘာ့စံချိန်များ မှတ်တမ်းစာအုပ် ဘယ်လိုပေါ်ပေါက်လာသလဲ

ကမ္ဘာပေါ် တွင် ပေါ် ပေါက်သမျှ ထူးခြားသည့်စံချိန်များ၊ မှတ်တမ်းတင်လောက်သည့် စွမ်းဆောင်မှုများကို နှစ်စဉ်ဖော်ပြကာ ထုတ်ပြန်နေသည့် Guiness Book of World Records ခေါ် ဂရင်းနစ်ကမ္ဘာ့စံချိန်များ မှတ်တမ်းစာအုပ် ထုတ်လုပ်သည့်အဖွဲ့ကြီးကို ဆာဟုချ်ဗီဘာခေါ် ဗြိတိန်လူမျိုး အင်ဂျင်နီယာတစ်ဦးကစတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၁၉၅၁ တွင်မိတ်ဆွေတစ်ဦးနှင့်ငှက်ပစ်ထွက်ရာမှဥရောပတွင် အမြန်ဆုံးငှက်ဆိုသည်မှာ မည်သည့်ငှက်ဖြစ်ကြောင်း ငြင်းခုံခဲ့ပြီး အဖြေမရဖြစ်ခဲ့ရာမှ ကမ္ဘာ့စံချိန်စာအုပ်ကဲ့သို့သော ကိုးကားရည်ညွှန်းစရာ သတင်းအချက်အလက်များ သီးသန့်စုစည်းဖော်ပြသည့်စာအုပ်တစ်အုပ်ထုတ်ဝေရန် အကြံရခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၎င်းသည် ၁၉၅၄ ခုနှစ်တွင် နောရစ်နှင့် ရော့စ်ဝစ်တာအမည်ရ အမြွှာညီအစ်ကို နှစ်ဦးနှင့်ပူးတွဲကာ ကမ္ဘာ့စံချိန်များစာအုပ်ကို ယင်းနှစ်ဩဂုတ်လတွင် စတင်ထုတ်ဝေခဲ့ပြီး အုပ်ရေတစ်ထောင်ရိုက်ကာ အခမဲ့ဝေငှခဲ့သည်။ ထို့ နောက် ၁၉၅၅ တွင် စတင်ရောင်းချရာ ခရစ္စမတ်ကာလအတွင်း ဗြိတိန်၌ အရောင်းရဆုံးစာအုပ်ဖြစ်ခဲ့ပြီး ၁၉၅၆ တွင် အမေရိကန်သို့ပါ ဖြန့်ချိကာ အုပ်ရေ ၇၀,၀၀၀ ခန့် ရောင်းချခဲ့ရပြီး အထူးအောင်မြင်သော လူသိများသည့် စာအုပ်တစ်အုပ် ဖြစ်လာသည်။ ကမ္ဘာ့စံချိန်များစာအုပ်ကို ယခုအခါ နိုင်ငံတကာဘာသာစကားပေါင်းများစွာနှင့် ဖြန့်ချိပေးနေပြီး ၎င်းကိုအခြေခံ၍ ရုပ်သံအစီအစဉ်များ၊ တီဗီဂိမ်းများလည်းထွက်ပေါ် နေပြီဖြစ်သည်။ —Ref: Wiki

# တစ်ပတ်တာကံကြမ္မာ






### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အလုပ်စီးပွားတိုးတက်မည်။ ငွေကြေးကံကောင်းမည်။ ရင်းနှီးမြှုပ်နှံမှုများမှ ကောင်းသော တိုးတက်မှုများ ရရှိမည်။ မိတ်ဆွေ အကြီးအကဲ အကူအညီရမည်။ ဥစ္စာခနတိုးပွားမည်။ မေတ္တာရေး၊ အချစ်ရေးကံကောင်းမည်။ မိမိအပါအဝင် မိသားစုအတွင်း အိမ်ထောင်မရှိသူ အိမ်ထောင်ကျမည်။ အိမ်ထောင်ရှိသူ ထပ်ဆင့်သားသမီးဝင်ကိန်းရှိသည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မိသားစုစီးပွားတိုးတက်မည်။ လုပ်ငန်းသစ်များ ချဲ့ထွင်အောင်မြင်မည်။ ၅၂၈၊ ၁၅၀၀ မေတ္တာရေးကံ နှစ်မျိုးစလုံးကောင်းသည်။ ခြံ၊ ကား၊ အခန်းအဟောင်း ထွက်၍ အသစ်ဝင်ခြင်း၊ သီးသန့်အသစ်ရခြင်းများ ကြုံမည်။ အရေးကြီးသော စာရွက်စာတန်းများ လက်မှတ်ရေးထိုးနိုင်သည်။ အိမ်ရှိသောကြာနံ အဟောင်း၊ အဆွေး၊ အပျက်အစီးများကို ဖယ်ရှား၍ အညံ့ကင်းစေမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ငွေဝင်မည်။ လာဘ်ရွှင်မည်။ လုပ်ငန်းတိုးတက်မည်။ ငွေအဖတ်တင်မည်။ လူသစ်၊ ဝန်းကျင်သစ်များနှင့် ဆက်ဆံရမည်။ ပညာအတတ်နှင့် ပတ်သက်သော ကံကောင်းသည်။ ထူးခြားသော ပညာသင်တန်းများ တက်ရောက်ရမည်။ လုပ်ငန်းခွင်အတွင်းမှ သူများပညာသင်တန်းနှင့် ပတ်သက်၍ လေ့လာသင်ယူစရာများရှိက လက်ခံသင်ကြားနိုင်သည်။ လုပ်ငန်းတစ်ဖက် ပညာတစ်ဖက်တွဲ၍ တိုးတက်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ခရီးကိစ္စ စီစဉ်ထားသည်များရှိက ခရီးသွားရမည်။ ပြည်တွင်းသာမက ပြည်ပခရီးများပါ သွားရောက်ရကိန်းရှိသည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ ပြည်ပနှင့် တွဲဖက်လုပ်ကိုင်သော လုပ်ငန်းများမှ အောင်မြင်အဆင်ပြေမည်။ ပျိုရွယ်သူများ မေတ္တာရေး ကံကောင်းသည်။ ရှိရင်းစွဲ ချစ်သူအပြင် ထပ်ဆင့်ချစ်သူတွေ့ရကိန်းရှိသည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

နေရာသစ်၊ ဝန်းကျင်သစ်များသို့ ရောက်ရှိမည်။ အိုးအိမ် နေရာထိုင်ခင်းအဟောင်း ထွက်၍ အသစ်ဝင်ခြင်း၊ သီးသန့်အသစ်ရခြင်းများ ကြုံမည်။ လက်ဆောင်ပစ္စည်းများ လက်ခံရရှိမည်။ ယာဉ်၊ စက်ပစ္စည်း အပျက်အစီး၊ အပျောက်အရှများဖြစ်တတ်သည်။ တနင်္လာနံ(ငွေ၊ ခြံ၊ကား၊ ကျောက်) လုပ်ငန်းများ လုပ်ကိုင်အကျိုးပေးမည်။




### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ပညာရေး ကံကောင်းမည်။ ပညာအတတ်ကို အသုံးချ၍ ဘဝအောင်မြင်မှုများ ရရှိမည်။ ပြည်တွင်းသာမက ပြည်ပအတတ်ပညာများ သင်ကြားတတ်မြောက်မည်။ (လူ၊ ရွှေ၊ ရေ၊ လူ)စသည့် ဗုဒ္ဓဟူးနံ လုပ်ငန်းများ မှ ကောင်းသော အကျိုးအမြတ်ရရှိမည်။ လူမှုရေးကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင် ပါဝင်ပတ်သက်ရမည်။ စုပေါင်းတွဲဖက်လုပ်ငန်း အကျိုးပေးမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အလုပ်စီးပွားတိုးတက်မည်။ မိတ်ကောင်း၊ ဆွေကောင်း အကူအညီရမည်။ ဆွေမျိုးသားချင်း မောင်နှမရေးရာကိစ္စများအတွက် ဦးနှောက်ခြောက်ရမည်။ အမေ၊ အဖွား၊ အဒေါ် အစရှိသူတို့၏ ကျန်းမာရေး အညံ့အား ဂရုစိုက်ရမည်။ အချစ်ရေး၊ မေတ္တာရေးကံကောင်းသည်။ ၅၂၈၊ ၁၅၀၀ မေတ္တာရေး ကံနှစ်မျိုးစလုံးကောင်းသည်။ အရွယ်လွန် အပျိုကြီး၊ လူပျိုကြီးများ စန်းပွင့်မည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လုပ်ငန်းခွင်မှ သူများ အလုပ်စီးပွားဝင်ငွေ တိုးတက်မည်။ အကြီးအကဲ အထောက်အကူရရှိမည်။ မိမိအပေါ် အကူအညီ ပေးသောသူများနှင့် တွေ့မည်။ ရင်းနှီးမြှုပ်နှံထားသော ငွေကြေး၊ လုပ်ငန်းများမှ ကောင်းသော အကျိုးအမြတ်ရရှိမည်။ လက်လွှန်ထားသော ငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်လည်ရရှိမည်။ ကြွေးမြီဟောင်းများ ပြန်လည်တောင်းခံနိုင်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

လူလိမ်၊ လူကောက် သတိရှိရမည်။ ပစ္စည်း အပျောက်အရှများတတ်သည်။ ငွေကြေး အပေးအယူသတိရှိရမည်။ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ ပစ္စည်းများ ဝယ်ယူက တိုက်ဆွေး၊ ဂိုဒေါင်ဆွေးများ မိတတ်သည်။ စာချုပ်စာတမ်းလက်မှတ်ထိုးခြင်း၊ ငွေကြေးကိစ္စတာဝန်ယူအာမခံခြင်းများတွင် သတိရှိရမည်။ မတော်တဆထိခိုက်မှု အန္တရာယ်သတိရှိရမည်။




### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ကျန်းမာရေး အနည်းငယ်အညံ့ရှိသည်။ အစာအိမ်၊ အဆုတ်၊ ဆီးဒုက္ခပေးတတ်သည်။ မိဘအကြီးအကဲများ သက်ရှိထင်ရှားရှိက ၎င်းတို့၏ ကျန်းမာရေးအား အထူးသတိရှိရမည်။ ကျန်းမာရေး အညံ့ကြုံက ချက်ချင်းဆေးကုသမှုခံယူပါ။ ပူလောင်ထိရှတတ်သည်။ တုတ်၊ ဓား၊ ချွန်ထက်သော အရာများနှင့် ထိခိုက်မိခြင်း ဖြစ်တတ်သည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

စိတ်ရှုပ်စရာများ ရှိမည်။ အိမ်တွင်းရေး၊ လူမှုရေး အညံ့ရှိသည်။ လုပ်ငန်းခွင်မှ သူများ အချင်းချင်း မနာလို၊ ဝေဖန်တိုက်ခိုက်မှုများအား သတိထားရမည်။ ပစ္စည်း အပျောက်အရှများတတ်သည်။ ရင်းနှီးမြှုပ်နှံမှုများမှ အရှုံးပေါ် တတ်သည်။ ငွေကြေးမြောက်မြားစွာ ရင်းနှီးရသော လုပ်ငန်းများ ရှောင်ပါ။ ညာခြေ၊ ညာလက်တွင် မတော်တဆ ထိရှတတ်သည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

လူယုံဒုက္ခပေးမည်။ ပညာရေးတွင် အနည်းငယ် အညံ့ရှိသည်။ စိတ်ပျံ့လွင့်လွယ်မည်။ အပေါင်းအသင်း အနှောင့်အယှက်ရှိမည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်း မှားယွင်းတတ်သည်။ ကြာသပတေးနံ (မုန့်၊ ပဲ၊ ပလတ်စတစ်၊ ပွဲရုံ) လုပ်ငန်းများမှ အရှုံးပေါ် တတ်သည်။ မှန်ကွဲ၊ ဖန်ကွဲများအား ရှာဖွေစွန့်ပစ်ခြင်းဖြင့် အညံ့ကင်းစင်သွားမည်။

စာမျက်နှာ(၃၂)မှ

## သူတို့တစ်တွေ ပျော်ပါစေ

သို့သော် ၂၀၁၂မတ် ၂ရက်တွင် ပြောကြားသည့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းကြောင့် မျှော်လင့်ချက်တို့ နေလာနှင်းပျောက်ဖြစ်ခဲ့ရသည်။ တစ်ခါ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လာမည့်ဘတ်ဂျက်တွင် ဝန်ထမ်းများအား လစာတိုးပေးနိုင်ရန် စီစဉ်ပေးမည်ဟု ဆိုပြန်သဖြင့် မျှော်လင့်ချက်အညွန့်အညှောက်ကလေးတွေ ပြန်လည် ထွက်ပြူလာကြပြန်သည်။ ယခုတော့ဖြင့် ဘဏ္ဍာအခွန်ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ဝန်ထမ်းများ လစာတိုးပေးရန် ယခုနှစ် ဘတ်ဂျက်တွင် ပါဝင်ခြင်း မရှိသေးကြောင်း ဆိုလိုက်သဖြင့် ဝန်ထမ်းတို့၏ မျှော်လင့်ချက်တို့ အမြစ်ပါအနုတ်ခံရသကဲ့သို့ ဖြစ်ခဲ့ရလေသည်။

လစာနှင့် မလောက်ငတော့ အလုပ်ခွင်ထဲမှာ မပျော်။ မပျော်တော့ ကိုယ့်အလုပ်ကိုယ် တန်ဖိုးမထား၊ မလေးစား။ လုပ်ငန်းခွင်တိုးတက်ရာတိုးတက်ကြောင်း၊ ကျွမ်းကျင်ရာ ကျွမ်းကျင်ကြောင်း ကြံစည်ခြင်း၊ အားထုတ်ခြင်း၊ ကြိုးစားခြင်းတွေ မလုပ်တော့။ ခိုင်းသလောက်ကိုပဲ တာဝန်ကျေကလေး လုပ်ကြတော့သည်။ ပြည်သူလူထုနှင့် ဆက်ဆံတာကအစ စက်ရုပ်တွေလို ဖြစ်နေတော့သည်။ မိတ်ဆွေတစ်ဦးနှင့်အတူ ပုဂ္ဂလိကဘဏ်တစ်ခုမှာ ငွေသွားထုတ်ဖူးသည်။ ဝန်ထမ်းတွေ၏ မျက်နှာက အပြုံးဆေးစားထားသလား ထင်ရလောက်အောင် ပြုံးချိုနေသည်။ ငွေထုတ်သူက ပုံစံစာရွက်ပေါ်မှာ ဘာတစ်ခုမှ ရေးဖြည့်စရာမလို။ အားလုံးအဆင်သင့် ဝန်ဆောင်မှုပေးသည်။ လက်မှတ်ကလေး ထိုးပေးလိုက်ရုံပဲ လုပ်လိုက်ရသည်။ အစိုးရဘဏ်များတွင်တော့တစ်ခါတစ်ရံမှ ငွေထုတ်သူများမှာ ပုံစံစာရွက်ပေါ်မှာ စမ်းတဝါးဝါးဖြင့် ဖြည့်ရသည်။ စာကောင်းကောင်း မတတ်သူများဆိုလျှင် ဟိုလူ့အကူအညီတောင်းရတော့မလို၊ သည်လူ့အကူအညီတောင်းရတော့မလို ယောင်တိယောင်နနှင့် ဖြစ်နေရှာသည်။ ဘာကြောင့် သည်လို ကွာခြားရသနည်း။ အဓိကအကြောင်းအရင်းထဲမှာ ပုဂ္ဂလိက ဝန်ထမ်းနှင့် အစိုးရဝန်ထမ်း ရသည့်လစာ နှုန်းထားချင်း ကွာခြားခြင်းသည် အကြောင်းရင်းတစ်ခုဖြစ်လေသည်။

လစာကနည်း၊ အခွင့်အလမ်းကနည်းတော့ ကျွမ်းကျင်သည့်ဝန်ထမ်း၊ တော်သည့် ဝန်ထမ်းများက ဌာနကို စွန့်ခွာသွားကြတော့သည်။ မစွန့်ခွာနိုင်သူတို့က လုပ်ပိုင်ခွင့်ကို အသုံးချပြီး ရပေါက်ရလမ်းရှာတော့သည်။ သည်လိုနှင့် လာဘ်ပေးလာဘ်ယူကိစ္စတွေက ဘယ်လို တားဆီး၍မှမရတော့ချေ။ ကြာတော့ အကျင့်ဖြစ်သွားကာ ဝန်ထမ်းအများစုမှာ စာရိတ္တမဏ္ဍိုင်တွေပါ ယိမ်းယိုင်ကုန်ရတော့သည်။ အချို့ဝန်ထမ်းများမှာ တရားဝင်လစာကို ဂရုမစိုက်တော့။ လုပ်ပိုင်ခွင့်နှင့် နေရာကိုသာ ကြည့်ပြီး ဘေးပေါက်များများ ရရှိနိုင်သော နေရာရရန် ငွေပေး၍ ဝယ်သည်အထိ ရှိလာသည်။ လုပ်ခွင့်ရသည်နှင့် တစ်ပြိုင်နက် သမ္မတဘယ်လိုပြောပြော၊ စာစောင်တွေ ဘယ်လိုရေးရေး ပျော်ပျော်ကြီး လာဘ်စားနေသည်များလည်း ရှိပါသည်။ နိုင်ငံတော်၏ ယန္တရားကြီးကို တာဝန်ခံလည်ပတ်ပေးနေရသော ဝန်ထမ်းအများစု စာရိတ္တချို့ယွင်းကုန်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် ရင်လေးစရာကောင်းလှကြောင်း သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အထူးသတိချပ်သင့်လှပါသည်။

ဝန်ထမ်းများကို လစာတိုးပေးလျှင် ကုန်ဈေးနှုန်းကြီးမြင့်လာမည့်ကိစ္စ၊ နိုင်ငံတော်ဘတ်ဂျက်မလောက်ငသည့်ကိစ္စများကို အခြားနည်းလမ်းများဖြင့် စဉ်းစားဖြေရှင်းပြီး လောလောဆယ်ကိုယ့်ဝန်ထမ်းကိုယ် လောက်လောက်ငငပေးထားပြီး လုပ်ငန်းခွင်မှာ ပျော်လာအောင် ဖန်တီးသင့်ပါသည်။ အလုပ်ကြိုးစားလာအောင် တော်လျှင် တော်သလို ချီးမြှောက်သည့် အခွင့်အလမ်းတွေ ဖန်တီးပေးသင့်ပါသည်။ မိုးကျရွှေကိုယ်တွေကြောင့် ကျွမ်းကျင်ဝန်ထမ်းတွေ အခွင့်အလမ်းပိတ်နေတာမျိုးလည်း မဖြစ်သင့်ပါ။ နိုင်ငံတော်မှာ ပုဂ္ဂလိက အခန်းကဏ္ဍတွေ ဘယ်လောက်ပဲ တွင်ကျယ်လာ တွင်ကျယ်လာ နိုင်ငံတော်၏ အဓိကမောင်းနှင်အားသည် နိုင်ငံဝန်ထမ်းများသာဖြစ်ပါသည်။

သူတို့တစ်တွေကိုယ့်လုပ်ငန်းခွင်အတွင်း ပျော်ပျော်ရွှင်ရွှင်နှင့် ပူပင်ကြောင့်ကြမှုကင်းစွာ အလုပ်လုပ်နိုင်ကြပါမှ အလုပ်လည်း ကြိုးစား၊ ကျွမ်းကျင်အောင်လည်း လေ့ကျင့်၊ တတ်အောင်လည်း လေ့လာကြပါလိမ့်မည်။ သို့မှသာ နိုင်ငံတော်က အားကိုးအားထားပြုနိုင်မည့်၊ ပြည်သူကို အမှန်တကယ် အလုပ်အကျွေးပြုနိုင်မည့် ဝန်ထမ်းကောင်းများ ဖြစ်လာကြပါလိမ့်မည်။

## JOKE

### ဆောင်ထားတယ်

မိန်းမနှင့် ယောကျ်ား စကားပြောနေကြသည်။
မိန်းမ- ရှင်ရုံးသွားရင် ကျွန်မဓာတ်ပုံကို ရှင့်အိတ်ထဲ အမြဲတမ်း ဆောင် သွားတယ်နော်။ အဲဒါ ဘာဖြစ်လို့လဲဟင်။
ယောကျ်ား- ဩော်. . . ကိုယ့်မှာ ပြဿနာတစ်ခုခုရှိတယ်ဆိုရင် ကိုယ် မင်းဓာတ်ပုံလေးကြည့်လိုက်တာနဲ့ ဘယ်လောက်ကြီးမားတဲ့ပြဿနာဖြစ်ဖြစ် ပျောက်သွားတော့တာပဲ။
မိန်းမ- ဒါပေါ့. . . ရှင်သိပြီမဟုတ်လား။ ကျွန်မဟာ ရှင့်အတွက် ဘယ်လောက်တောင် ပဥ္စလက်ဆန်တယ်၊ ခွန်အားဖြစ်စေတယ် ဆိုတာ။
ယောကျ်ား- ဟုတ်တယ် မိန်းမ။ ကိုယ် မင်းဓာတ်ပုံလေးကိုကြည့်ပြီး 'ဒီပြဿနာထက်ကြီးတဲ့ပြဿနာ ဘာရှိဦးမှာလဲ' လို့ ရေရွတ်လိုက်တာနဲ့ အားလုံးပြေလည်သွားတော့တာပဲဟု ဆိုသည်။

### စိတ်ညစ်တယ်

ကျွန်တော်ကို အရမ်းပျင်းတယ်ဆိုပြီး လူတိုင်းက လိုက်စနေကြတယ်။ ကျွန်တော်ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။ အရမ်းလည်း စိတ်ညစ်တယ်။ 'ကိုယ့်ကိုယ်ကိုယ်သတ်သေလိုက်မယ်' လို့ စဉ်းစားမိတယ်။

ဒါပေမဲ့လည်းသေနတ်ကဟိုးဘက်အခန်းထောင့်မှာရောက်နေတယ်လေ။

စာမျက်နှာ(၂၅)မှ

## ဂန္ဓလရာဇ်ခရီးသည်(၁၃)

'ထပ်ကျော့ပြန်သုံးစီးပွားရေး' ဆိုပါစို့။ ကျွန်တော်စိတ်ဝင်စားသော ဘာသာရပ်တစ်ခုပင်။

ကျွန်တော်တို့ အဖွဲ့ကို သုတေသနမှူး ပါမောက္ခ ခွန်စန်ချီက ကြိုနှင့်သည်။ မစ္စတာခွန်မှာ၊ အသက်ငါးဆယ်အတွင်း လူလတ်ပိုင်း။ အပြုံး ချိုသည်။ အပြောကောင်းသည်။ မမောမပန်းလည်း ပြောနိုင်ပါပေသည်။ သူက သူ့စာတမ်းရှည်ကြီးကို ထုတ်ပေးသည်။ ပြီးသည်နှင့် နှစ်နာရီကျော် သုံးနာရီ နီးပါးမျှ ရှင်းလင်းဖွင့်ဆိုပြပါလေတော့သည်။ တကယ့်ကို မာရသွန်ပို့ချချက်ကြီး. . . ။

ဆိုခဲ့ပြီးသည့်အတိုင်း ပါမောက္ခခွန်၏ အထူးပြုဘာသာရပ်ကို ကျွန်တော်စိတ်ဝင်စားပါသည်။ 'ထပ်ကျော့ပြန်သုံးစီးပွားရေး' ဆိုသည်မှာ ပစ္စည်းတစ်ခုကို သမားရိုးကျနည်းအတိုင်း အဆုံးစွန်အပြီးအပြတ်အသုံးပြု (Final used) သည်မဟုတ်ဘဲ နောက်ထပ်ထုတ်လုပ်မှုဖြစ်စဉ်တွင် ပြန်လည် ထပ်ကျော့သုံးစွဲခြင်းဟု ခပ်ရေးရေး နားလည်ရသည်။ ဤနည်းဖြင့် စရိတ်သက်သာသည်။ ကုန်ကြမ်းချွေတာရာရောက်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အကျိုးပြုစေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအား ပြုအပ်သည့် စီးပွားရေးပုံစံဟု ပါမောက္ခက ညွှန်းပါသည်။

သူ့စာတမ်းမှာ အထူးစိတ်ဝင်စားဖို့ကောင်းသော်လည်း ကျွန်တော့်မှာ အပြည့်အဝ မမှတ်သားနိုင်ခဲ့ပါ။ တစ်နေကုန် ခရီးနှင်ခဲ့သည်မို့ ပင်ပန်းလှပြီ။ ဟန်မဆောင်နိုင်လောက်အောင် ငိုက်မျဉ်းနေပြီ။ ဖြစ်ချင်တော့ ကျွန်တော် ထိုနေ့က ကျွန်တော့်နေရာမှာ ရှေ့ဆုံး စားပွဲတွင်ဖြစ်ရာ ကျောင်းသားတုန်းကလို ခိုးငိုက်လို့လည်း မဖြစ်။ အိပ်ချင်ပြေ ရေနွေးပူပူကိုသာ တရှူးရှူးသောက်နေရတော့သည်။

မာရသွန် လက်ချာကြီးပြီးသည်နှင့် ဟိုတယ်သို့ ကတိုက်ကရိုက်ပြန်၊ ခေတ္တနား၊ ညစာစားပွဲတက်။ တရုတ်ခရီးစဉ်၏ နောက်ဆုံးညစာ။ မတက်လို့မဖြစ်။

နောက်ဆုံးညစာတွင်ကား ဘာမိန့်ခွန်းမှ မခြွေ။ ခြွေစရာလည်း မလိုတော့။ ပြောကြဆိုကြပြီးပြီ။ ဘယ်သူ့ဘယ်သူကိုမှ မိတ်ဆက်စရာမလို။ အားလုံးသိကျွမ်းခင်မင်ပြီးပြီ။ စလိုက်သည်နှင့် ကမ်းပေ့ကြသည်။ လွတ်လွတ်လပ်လပ် ရယ်မောရွှင်ပြ သောက်ကြစားကြသည်။ နောက်ကြပြောင်ကြသည်။

မစ္စစ်လီအမှူးပြုသော ကျန်းယီ၊ ကျန်းယင်းဟွာနှင့် ရှီသုံးမေတို့က ကျွန်တော်တို့တစ်ယောက်ချင်းစီကို လာပြီး 'ကမ်းပေ့' ကြသည်။ ကျွန်တော်တို့ကလည်း ပြန် 'ကမ်းပေ့' သည်။ ကျွန်တော်တို့အချင်းချင်း သူတို့ကွယ်ရာ သုံးနှုန်းပြောဆိုခဲ့ကြသော သူတို့နာမည်ပြောင်တွေကိုပြန်ပြောကြသည်။ နေတိုး၊ မီမီဝင်းဖေ၊ သက်မွန်မြင့် စသဖြင့်။ သူတို့သုံးယောက်မှာ သဘောကျလို့မဆုံး။

ကျွန်တော့်နား ရောက်လာတော့ ကျွန်တော်က အမျိုးသမီးသုံးယောက်ကို 'သရီးမတ်စတားတီးယား' ဟု ခပ်တည်တည်နောက်လိုက်သည်။ မစ္စစ်လီက ချက်ချင်း ပြုံးသွားသည့်တိုင် အငယ်မနှစ်ယောက်က ခပ်ကြောင်ကြောင်။ အလက်ဇန်ဒါဒူးမား၏ 'သူရဲကောင်းသုံးယောက်' ဝတ္ထုကြီးကို သင်းတို့လေးတွေ ဖတ်ဖူးဟန်မတူ။ ဒါးတည်၊ ပေါလို၊ အားသိုး တို့အကြောင်း ပြောပြတော့မှ အားရပါးရပြုံးကြတော့သည်။

"ကျွန်တော်ကရော. . . ကျွန်တော်ကရော"

ကျန်းယီက အမောတကော ဝင်မေးပြန်သည်။

"ခင်ဗျားက ကာဒီနယ် လွစ်(ချ)လျူးပေါ့"

"သူက ဘာလဲ"

"ဗိုလ်ချုပ်ကြီးပေါ့ဗျာ"

ဒေါက်တာသာလှရွှေ ဝင်ရှင်းပြတော့မှ ကျန်းယီတစ်ယောက် ကျေနပ်သွားသည်။

သည်လိုနှင့် ထိုညက တော်တော်နှင့် လူစုမခွဲဖြစ်ကြပါ။ နှစ်ပတ်ကြာမျှ အတူသွား၊ အတူလာ၊ အတူစားဆိုတော့ သံယောဇဉ်လည်း တွယ်မိပြီ။ မနက်ဖြန် အိမ်ပြန်ရတော့မည်မို့ မခွဲချင်ဘဲ ခွဲခဲ့ရသည်။ မအိပ်ချင်ဘဲ အိပ်လိုက်ရသည်။ မနက်ဖြန်ဆို မပြန်ချင်ဘဲ ပြန်ရတော့မည်ကော. . . ။

*(ရှေ့အပတ်အပြီးသတ်ပါမည်)*

တစ်ကြိမ်တည်းဖြင့် လိပ်ခေါင်းရောဂါကို အမြစ်ပြတ်အထူးကုသပေးခြင်း



ဆီးချိုရောဂါအမြစ်ပြတ်ကုသပေးခြင်း

ကုသမှုအကျိုးရှိရန် အာမခံချက်ပေးသည်။
ဆေးခန်းဖွင့်ချိန် - နံနက် ၈ နာရီမှ ည ၈ နာရီထိ
ပိတ်ရက်မရှိ
နယူးဟောင်ကောင်ဆေးကုခန်း
ဖုန်း - ၀၁-၈၆၁၀၅၀၀

# Environment

7 DAY NEWS JOURNAL

Vol.11, No.51 • FEBRUARY 28 , 2013


## ကျောက်တစ်လုံးတောင် သဘာဝပတ်ဝန်းကျင်ထိခိုက်မည်ကို လွှတ်တော်အမတ်နှင့်ဒေသခံများ ပူပန်

**အိဖြူမွန်**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ - ၂၂**

ရွှေဂတ်စ်ပိုက်လိုင်း တည်ဆောက်ရာတွင် ဆောက်လုပ်ရေးလိုအပ်ချက်ကြောင့် ကျောက်တူးဖော်မှုများ ပြုလုပ်နေသော ကျောက်ဖြူမြို့အနီးရှိ ကျောက်တစ်လုံးတောင်တန်းသည် သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင် မပျက်စီးသေးသော နေရာဖြစ်သည့်အတွက် ထိန်းသိမ်းစောင့်ရှောက်သင့်သော တောင်တန်းဖြစ်ကြောင်း ကျောက်ဖြူမြို့နယ်မဲ ဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘရှိန်က ပြောသည်။

ကျောက်တစ်လုံးတောင်တန်းသည် ကျောက်ဖြူမြို့၏ အရှေ့နှင့် အနောက်ကို သွယ်တန်းထားသော တောင်တန်းဖြစ်ပြီး အမြင့်ပေ ၃၀၀ ရှိကာ မိုင်အားဖြင့် တစ်မိုင်ကျော် ရှည်လျားပြီး၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် ကျောက်တူးပါကလည်း မြို့နှင့် သုံးမိုင်ကွာဝေးသော နေရာတွင်သာ ကျောက်ထုတ်လုပ်စေလိုကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရခိုင်ဘုရင် မင်းဗာက ကောဇာသက္ကရာဇ်၈၉၈ခုနှစ်၌ကျောက်တောင်ပေါ်တွင် သမိုင်းဆိုင်ရာ တန်ဖိုးကြီးမားသော ဂူဘုရားပေါင်း ၅၄ ဆူ ထွင်းထုပူဇော်ခဲ့ပြီး၊ ယင်းဂူဘုရားများ ထိန်းသိမ်းထားရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အထောက်အထားအချက်အလက်များကို ကျေးရွာများထံမှ ရရှိပါက သမ္မတနှင့် လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

"မတန့်ရင်တော့ ဆန္ဒပြပွဲတွေ လုပ်မယ်လို့ကြားရတယ်။ မြို့ခံတွေကလည်း မကျေမနပ် ဖြစ်နေကြတယ်။ ဒီသမိုင်းဝင် ဘုရားရှိတဲ့ ကျောက်တောင်ရဲ့ ဘယ်အစိတ်အပိုင်းကိုမှ ထိတာ မကြိုက်ဘူး" ဟု ကျောက်ဖြူမြို့ခံ ဦးထွန်းလွင်က ပြောသည်။

ကျောက်တစ်လုံး တောင်တန်းတွင် ကျောက်ထုတ်လုပ်မှုနေမှုကို ကျောက်ဖြူဒေသခံများ ကျေနပ်မှု မရှိဘဲ ကျောက်ထုတ်လုပ်မှုကို ရပ်တန့်ပေးရန်အတွက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဒေသဆိုင်ရာ အာဏာပိုင်များကို တင်ပြတောင်းဆိုထားပြီး၊ ရပ်တန့် မပေးပါက ဆန္ဒပြရန် အစီအစဉ်ရှိကြောင်း ကျောက်ဖြူလူငယ်အဖွဲ့မှ သတင်းရရှိသည်။

## သယံဇာတ ကျိုန်စာပြပွဲကို မန္တလေးတွင် ဒေသခံများနှင့်အတူ ထပ်မံကျင်းပမည်

**အိဖြူမွန်**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ- ၂၁**

ဒုတိယမြောက် သယံဇာတကျိန်စာပြပွဲကို လက်ပံတောင်းတောင် အစီရင်ခံစာထွက်ပြီးနောက် မန္တလေးမြို့တွင် ဒေသခံများနှင့် ကျင်းပမည်ဖြစ်ကြောင်း ပြပွဲစီစဉ်သူ ဦးစိုးဝင်းငြိမ်းက ပြောသည်။

လက်ပံတောင်းတောင် အစီရင်ခံစာထုတ်ပြန်ပြီးနောက် မတ်လ ၁၃ နှင့် ၁၄ ရက်တွင် မန္တလေး ပဒုမ္မာခန်းမတွင် ကျေးရွာဒေသခံများနှင့် ထပ်မံကျင်းပမည်ဖြစ်သည်။

သယံဇာတ ကျိန်စာပြပွဲကို တော်ဝင်နှင်းဆီခန်းမတွင် (ယခုလ ၂၀ မှ ၂၂ရက်အထိ) သုံးရက်အကြာ ကျင်းပခဲ့သည်။

ပြပွဲတွင် မိမိအား ခွင့်ပြုချက်မတောင်းခံဘဲ ကုမ္ပဏီဝါဒဖြန့်စာများ ဖြန့်ဝေခဲ့သော မြန်မာ့ဝမ်ပေါင်ကုမ္ပဏီနှင့်ပတ်သက်ပြီး ဦးစိုးဝင်းငြိမ်းကမည်သူမဆိုလာရောက်ကြည့်ရှုနိုင်သည့် အခွင့်အရေးရှိသော်လည်း ကုမ္ပဏီအကြောင်းဝါဒဖြန့်စာများ ဖြန့်ဝေခြင်းကို မိမိအနေဖြင့် လက်မခံနိုင်ဘဲ လာဝေသော စာရွက်စာတမ်းများသည် ပြပွဲအဓိပ္ပာယ်နှင့် လွဲချော်ပြီး ဆန့်ကျင်ဘက်ဖြစ်သောကြောင့်မကျေနပ်ကြောင်း ပြောကြားသည်။

မန္တလေးတွင် ကျင်းပမည့် ပွဲတွင် မြန်မာ့ဝမ်ပေါင် ကုမ္ပဏီ စာရွက်စာတမ်းများ ဖြန့်ဝေမှုမရှိရန် ဟန့်ထားမည်ဟု ဦးစိုးဝင်းငြိမ်းက ပြောသည်။



အင်းလေးကန်တစ်နေရာကို တွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဟိုတယ်နှင့် စားသောက်ဆိုင်နေရာများကြောင့် အင်းလေးကန်ခြိမ်းခြောက်ခံနေရ

**သန်းထူး**

**နေပြည်တော်၊ ဖေဖော်ဝါရီ - ၂၃**

ယခုနှစ်အတွင်း ခရီးသွား ဧည့်သည်လာရောက်မှု သိသိသာသာ များပြားခဲ့သော အင်းလေးကန်အတွင်း ဟိုတယ်နှင့် စားသောက်ဆိုင် တည်ဆောက်လိုသူများ မြေနေရာရယူလာခြင်းကြောင့် ကန်ရေရှည်တည်တံ့ရေးကို ခြိမ်းခြောက်လာကြောင်း အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးဦးစိန်ထွန်းက ပြောသည်။

"ဒီနှစ်ထဲမှာ ခရီးသွားဧည့်သည်များလာပြီး ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ ဆောက်လိုသူတွေကြောင့် အင်းလေးကန်က ခြိမ်းခြောက်ခံနေရပါတယ်" ဟု ဖေဖော်ဝါရီ ၁၄ ရက်က နေပြည်တော်သစ်တောရေးရာဝန်ကြီးဌာနတွင်ပြုလုပ်သော "လူသားနှင့် ဇီဝကြိုးဝိုင်း" တည်ဆောက်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက ပြောကြားခဲ့သည်။

အင်းလေးဒေသအတွက် ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များ တိုးချဲ့တည်ဆောက်လိုနေခြင်းမှာ အဓိကစိန်ခေါ်မှုဖြစ်နေပြီး လယ်ဧကများလည်းနှစ်ကြာလာ၍ရေယာကျယ်လာကာ ယင်းလယ်ဧကများကို အပိုင်ပေးရန်တောင်းဆိုမှုများ ရှိနေသည်။ အပိုင်ရလျှင် စိုက်ပျိုးရေး ချေးငွေရရန်ထက်အခြားနည်းလမ်းဖြင့် အသုံးပြု(လ. န၃၉ သို့မဟုတ် ဂရန်) သွားနိုင်သည်ကို စဉ်းစားရန်လိုကြောင်း ညွှန်ကြားရေးမှူး (ဝန်းကျင်/သားငှက်) ဦးဝင်းနိုင်သော်ကလည်း ပြောကြားသည်။

အထက်ပါလုပ်ငန်းရှင်များ ကထိုလယ်များကို ပေါက်ဈေးထက်အဆမတန်ပေးဝယ်ကြပြီး ထိုသို့ဝယ်ယူကြခြင်းမှာအင်းလေးကန်အရှေ့ဘက်ခြမ်းတွင် အများအပြားရှိနေသောကြောင့် သမ္မတထံ တင်ပြထားကြောင်း သတင်းရရှိသည်။

ဒေသခံများလယ်သမားများကလည်း မြေစာရင်းက ကောက်သည့် သီးနှံအခွန်စာရွက်ကို ယူပြီး အပိုင်တွက်ကာ ရောင်းစားသည့် အပြင်ဒေသအာဏာပိုင်အချို့လည်း ပါဝင်ပတ်သက်နေ၍ ပြဿနာကြီးထွားလာခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

"နိုင်ငံတော်က စီမံကိန်းလုပ်ချင်ရင်တောင် ဘေးမဲ့တောဧရိယာမှာ မပေးချင်ပါဘူး" ဟု ဦးဝင်းနိုင်သော်က ပြောသည်။

သဘာဝနယ်မြေသည် နိုင်ငံတော်တွင် အမြင့်ဆုံးဖြစ်ပြီး ရောင်း၍၊ ငှား၍ မရကြောင်း၊ ဂရန်မြေသည်ပင် အပိုင်ရောင်းထားခြင်း မဟုတ်ဘဲ နှစ် ၃၀ ၄၀ ဖြင့်ပင်ငှားထားခြင်းသာဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါ ဆွေးနွေးပွဲသို့ လာရောက်ဆွေးနွေးသော မြေစာရင်းဌာနမှတာဝန်ရှိသူတစ်ဦးကလည်း ဟိုတယ်ကိစ္စသည် လူပြောများနေပြီး ဟိုတယ်နေရာအတွက် ဌာနက ခွင့်မပြုသောကြောင့် လုပ်ငန်းရှင်များက ဒေသခံများထံမှ မြေဝယ်ယူသွားကြခြင်းဖြစ်သည်။ အချို့ကလည်း ဝိတ်သုံးကာ လ/န ၃၉ လုပ်ကြပြီး နောက်ပိုင်းပြန်လည်စီစစ်တွေ့ရှိ၍ အဆိုပါ လ/န ၃၉ များကို ပယ်ဖျက်ခဲ့ကြောင်းရှင်းလင်းပြောကြားသည်။

အင်းလေးကန်ကို ငွေထုပ်ပိုက်ထားသူများ နေရာလုကြသည်မှာ မဆန်းတော့ကြောင်း ထိုစနစ်မျိုးဖြင့် ကြီးပွားသူ အများအပြားရှိနေ၊ ရှိခဲ့ကြောင်း အစိုးရအနေဖြင့် ညင်ညင်သာသာကိုင်တွယ်ဖြေရှင်းရန်သာလိုကြောင်း အမည်မဖော်လိုသူ အရာထမ်းတစ်ဦးက ပြောဆိုသည်။

## မကြာမီက တွေ့ရှိခဲ့သော ဒီရေတောမျိုးစိတ်သစ်ကို IUCN အသိအမှတ်ပြု

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

ရခိုင်ကမ်းရိုးတန်းတွင်တွေ့ရှိခဲ့သည့်ရှားပါးဒီရေတောမျိုးစိတ်မြိုင်ကြီးပင် (Brugiera Hainesil) ကို နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN) မှရှားပါးဒီရေတောမျိုးစိတ်အဖြစ် အသိအမှတ်ပြုလိုက်ကြောင်း ရခိုင်ကမ်းရိုးတန်းလူမှုဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများ ပြန်လည်တည်ဆောက်ရေး စီမံကိန်း (Clear)မန်နေဂျာဦးဝင်းမောင်က ပြောသည်။

ထိုမြိုင်ကြီးပင်ကို Clear မှ ရခိုင်ကမ်းရိုးတန်းဒေသတွင် တွေ့ရှိခဲ့ပြီး ဇန်နဝါရီလဆန်းပိုင်းက IUCN ကိုတင်ပြထားရာ ဖေဖော်ဝါရီလဆန်းတွင် ရှားပါးစာရင်းဝင်ဒီရေတောဖြစ်သည်ဟုအကြောင်းပြန်ခဲ့ကြောင်း ၎င်းကပြောသည်။

"ဒီအပင်ကိုတွေ့တာ အချိန်မီလေးပဲ မတွေ့ခဲ့ရင် နောက်လေးငါးနှစ်မှာ လုံးဝပျောက်ကွယ်သွားမှာ အခုဒေသခံတွေကလည်း ကြိုးစားပမ်းစား ကာကွယ်နေပါတယ်" ဟု ဦးဝင်းမောင်က ပြောသည်။

အဆိုပါဒီရေတောမျိုးစိတ်ကို ရခိုင်ပြည်နယ်ဝမ်ပိုက်ကြိုးဝိုင်းနှင့် ဗျိုင်းကျွန်းတို့တွင် တွေ့ရှိနိုင်ပြီး အပင်မှအသီးမှာလူနှင့်တိရစ္ဆာန်စားသုံး၍ရသည့်အတွက် အပင်မျိုးပြန့်ပွားရန် ခက်ခဲ၍ မျိုးသုန်းပျောက်ကွယ်လုနီးပါး အန္တရာယ်နှင့်ရင်ဆိုင်နေရကြောင်း ၎င်းကဆက်လက်ပြောသည်။

မြိုင်ကြီးပင်ကို မြန်မာနိုင်ငံတွင်အပင် ၂၀၀ ကျော်ရှိမည်ဟု ခန့်မှန်းထားပြီး ယင်းအပင်ကိုသြစတြေးလျနိုင်ငံတွင်လည်းတွေ့နိုင်သည်ဟုဦးဝင်းမောင်က ပြောသည်။

# Tourism

7Day News Journal

Vol.11, No.51 • FEBRUARY 28 , 2013


# မြို့တွင်း ခရီးသွားလုပ်ငန်း စတင်ဝန်ဆောင်မှုပေး




*ရန်ကုန်မြို့လယ်တစ်နေရာတွင် တွေ့ရသည့် မြို့တွင်းခရီးသွားကားတစ်စီး*

ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)

**ရဲနောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

ရန်ကုန်မြို့တွင် ပြီးခဲ့သည့် ရက်သတ္တပတ်မှ စတင်၍ ဟိုတယ်အချို့နှင့် ခရီးသွားကုမ္ပဏီများ ပူးပေါင်း၍ နိုင်ငံခြားခရီးသွားဧည့်သည်များအတွက် မြို့တွင်းခရီးသွားလုပ်ငန်း(City Tour) အစီအစဉ်အား ဝန်ဆောင်မှုပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကုမ္ပဏီအချို့ထံမှ သတင်းရရှိသည်။

နိုင်ငံတကာ နည်းတူ နိုင်ငံခြားခရီးသွားဧည့်သည်များအား လိုအပ်ချက်ပြည့်စုံစွာနှင့် အဆင့်အတန်းမီစွာ မြို့တွင်း၌ လေ့လာလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း Orchid ဟိုတယ်နှင့် ပူးပေါင်းဆောင်ရွက်နေသည့် Myanmar Sky Peace ခရီးသွားကုမ္ပဏီမှ ဦးသိန်းမြင့်က ပြောသည်။

ရန်ကုန်မြို့တွင်းသို့ လှည့်လည်ပို့ဆောင်ရာတွင် ရွှေတိဂုံ၊ ဗိုလ်တစ်ထောင်၊ ဆူးလေ၊ မြို့တော်ခန်းမ၊ အမျိုးသားပြတိုက်နှင့် ဗိုလ်ချုပ်ဈေးတို့အား အဓိကထား၍ ပို့ဆောင်ခြင်းဖြစ်ပြီး ဝန်ဆောင်ခအနေဖြင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာနှစ်ဆယ် ကျသင့်သည်ဟု ဦးသိန်းမြင့်က ပြောသည်။

"ဘန်ကောက်တို့၊ စင်ကာပူတို့မှာလည်း ဒီလို City Tour အစီအစဉ်တွေ ရှိတယ်" ဟု ခရီးသွားဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုညီညီက ပြောသည်။

မြို့တွင်း ခရီးသွားလုပ်ငန်း (City Tour) အစီအစဉ်အား ရန်ကုန်မြို့တွင်သာ လုပ်ဆောင်ခြင်းဖြစ်ပြီး မန္တလေးမြို့တွင် လုပ်ဆောင်နိုင်ခြင်း မရှိသေးကြောင်း မန္တလေးဟိုတယ်ဇုန်ဥက္ကဌ ဦးမြင့်အောင်က ပြောသည်။

City Tour အစီအစဉ်များကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပေါ်တွင် အကျိုးသက်ရောက်မှု ကြီးကြီးမားမား မရှိနိုင်ဟု ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခု၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးမောင်မောင်က သုံးသပ်ပြောကြားသည်။

၂၀၁၂ ခုနှစ်တွင်မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် စံချိန်တင် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ၁ ဒသမ ၅ သန်းခန့်ဝင်ရောက်နိုင်သည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

# ပုဂံဒေသရှိ ရှေးဟောင်းပစ္စည်းများ အခိုးမခံရစေရန် ပိုမိုစောင့်ကြည့်ရန် လိုဟုဆို

**နိုင်ချို**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၀**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှုကြောင့် ပုဂံဒေသရှိ ရှေးဟောင်းပစ္စည်းများ ပျက်စီးမှု၊ ခိုးယူမှုတို့ မရှိစေရန် ယဉ်ကျေးမှုဝန်ကြီးဌာန လုံခြုံရေး အဖွဲ့များ စောင့်ကြပ်ကြည့်ရှုနေသော်လည်းလုံလောက်မှုမရှိသေးကြောင်း ဧည့်လမ်းညွှန်များက ပြောသည်။

အထူးသဖြင့် နံရံဆေးရေးပန်းချီများ၊ ရှေးဟောင်းဆင်းတုတော်များနှင့် ရှေးဟောင်းပစ္စည်းများအား ခိုးယူမှုမရှိစေရန် အဓိကထား စောင့်ကြပ်ခြင်းတို့အပြင် နံရံဆေးရေးပန်းချီများကို နိုင်ငံခြားသားဧည့်သည်များအား ဓာတ်ပုံရိုက်ကူးခွင့် မပြုကြောင်း ရှေးဟောင်းသုတေသန ဦးစီးဌာနမှ သတင်းရရှိသည်။

"နံရံဆေးရေး ပန်းချီတွေ အခိုးခံရတာရှိဖူးတယ်။ အခုနောက်ပိုင်းမှာတော့ အရေးကြီးတဲ့ ဘုရားတွေမှာ ဌာနက ဝန်ထမ်းတွေကို အစောင့်ထားပါတယ်။ လုံခြုံရေးအဖွဲ့တွေလည်းထားပြီး စောင့်ကြပ်ကြည့်ရှုမှုတွေ လုပ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ဝန်ထမ်း ၂၀ လောက်ပဲရှိတော့ သိပ်တော့ လုံလောက်မှု မရှိပါဘူး" ဟု ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်ဦးက ပြောသည်။

၎င်းကပင် ဆက်လက်၍ နံရံဆေးရေးပန်းချီ ထိန်းသိမ်းမှုများကို နှစ်စဉ်ပြုလုပ်လျက်ရှိပြီး ဓာတုဗေဒနည်းပညာအား အသုံးပြုခြင်းကြောင့် ကုန်ကျစရိတ်များ ပြားသည်ဟု ဆိုသည်။ ထိုသို့နံရံဆေးရေးပန်းချီများ ထိန်းသိမ်းစောင့်ရှောက်ရာတွင် ယူနက်စကိုနှင့် ပူးပေါင်း၍ ဆောင်ရွက်ပြီး အိန္ဒိယမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည်ဟု ဦးကျော်လွင်ဦးက ဆိုသည်။

"Package Tour တွေမှာတော့ ဒီလိုနံရံဆေးရေးပန်းချီခိုးမှုတွေက မဖြစ်နိုင်ပါဘူး။ FID Tour ကတော့ သေချာမပြောတတ်ဘူး။ အခုဆို ရှေးဟောင်းသုတေသန ဦးစီးဌာနက ဝန်ထမ်းတွေ လုံခြုံရေးယူပြီး စောင့်ကြည့်တယ်။ ဒါပေမဲ့ လုံခြုံရေးစောင့်ကြည့်တဲ့ ရှေးဟောင်းဌာနက ဝန်ထမ်းအရေအတွက် တော်တော်နည်းသေးတယ်။ လုံလောက်မှု မရှိဘူး" ဟု ပုဂံဒေသမှ ဧည့်လမ်းညွှန် ကိုအောင်ငွေက ပြောသည်။

၎င်းကပင် ဆက်လက်၍ ဓာတ်ပုံရိုက်ခွင့် မပြုသော်လည်း ထိုဆေးရေးပန်းချီများအား အချို့နိုင်ငံခြားသားများမှာ ယနေ့ထက်တိုင် ဓာတ်ပုံခိုးရိုက်မှုများ ရှိနေသေးကြောင်း၊ ရှေးဟောင်းသုတေသန ဦးစီးဌာနအနေဖြင့် ဝန်ထမ်းအင်အားထပ်မံ တိုးချဲ့ချထားသင့်ကြောင်း ပြောသည်။

ပုဂံခေတ် ဆေးရေးပန်းချီများအား ၁၈၉၆ ခုနှစ် ကာလက ဝက်ကြီးအင်း၊ ဂူပြောက်ကြီးဘုရားတွင် ဂျာမန်လူမျိုး မစ္စတာ တိုမန်ကလွှဖြင့် တိုက်၍ ခိုးယူခဲ့သည်။ ထို့အပြင် ထီးလိုမင်းလိုဘုရား အနားတွင် တည်ရှိသော ဘုရားအမှတ် ၁၈၄၄ တွင် ၁၈၉၀ ခုနှစ်ခန့်က ထိုကဲ့သို့ ခိုးယူမှုများ ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ သတင်းရရှိသည်။

ပုဂံဒေသတွင် ဘုရားပေါင်း ၃,၃၀၀ ရှိသည့်အနက် ကြံ့ခိုင်မှုအားနည်းသည့် ဘုရား ၂၇ ဆူအား တက်ရောက်ခွင့်ပိတ်ထားပြီး အချို့ဘုရားများမှာ ဌာပနာကို မည်သည့်နေရာတွင် တည်ရှိမှန်း မသိရှိ၍ အဂါရဝ ဖြစ်မည်စိုးရိမ်ရသောကြောင့် ပိတ်ထားရသည်ဟု ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပုဂံဒေသသို့ ၂၀၁၁ ခုနှစ်တွင် ခရီးသွားဧည့်သည်တစ်သိန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် နေ့စဉ် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၁,၀၀၀ ဝန်းကျင် လာရောက်ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီအထိ ၂၈,၀၈၃ ဦးဝင်ရောက်ပြီးဖြစ်သည်။

# ပုဂံရှိ စေတီ၊ ပုထိုးများကြား ခရီးသွားများအတွက် ညစာစားပွဲများ ပြုလုပ်နေ

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၂**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ စေတီပုထိုးများအကြား ကမ္ဘာလှည့်ခရီးသွားများကို ညစာစားပွဲ (Tample Dinner) များ ပြုလုပ်ပေးနေကြောင်း ပုဂံရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ပြောသည်။

အဆိုပါ ညစာစားပွဲတွင် ကမ္ဘာလှည့်ခရီးသွားများအား ရှေးခေတ်ပုဂံအဝတ်အစားများ ဝတ်ဆင်ပြီး အစားအသောက်များ ကျွေးမွေးကပြဖျော်ဖြေပေးကြောင်း ပုဂံရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဦးဝင်းမောင်က ပြောသည်။

"ဘုရားတွေအခြေမှာ ညစာစားပွဲတွေ လုပ်နေတာ၊ ပုံစံမကျတဲ့ ပုဂံဝတ်စုံတွေ ဝတ်ပြီး ကပြဖျော်ဖြေနေတာ၊ ယဉ်ကျေးမှုကို တော်တော်ထိခိုက်တယ်" ဟု ဦးဝင်းမောင်က ပြောသည်။

အဆိုပါ Tample Dinner ကိုညစဉ်မပြုလုပ်ဘဲ ဧည့်သည်အပေါ်မူတည်ပြီး ပြုလုပ်ပါက ခမ်းခမ်းနားနား ပြုလုပ်လေ့ရှိကာ ပုဂံမြို့ ဆင်မောင်းဘုရားတွင် အကြီးအကျယ်ပြုလုပ်နေကြောင်း ဒေသခံများက ဆိုသည်။

ပုဂံဒေသတွင် Tample Dinner ကိုဘုရားပရိဝုဏ်အတွင်း မပြုလုပ်သင့်ဘဲ ဘုရားနှင့်ဝေးသော နေရာများတွင် နောက်ခံထားပြီး ပြုလုပ်သင့်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးတင်ထွန်းအောင်က ပြောသည်။

ပုဂံဒေသဟိုတယ် လုပ်ငန်းရှင်များ အသင်းကလည်း အဆိုပါ Tample Dinner ပြုလုပ်ရန်အတွက် ဓမ္မရံကြီးဘုရား၊ ရွှေနန်းယဉ်တော်ဘုရား၊ ရေဖြူရှင်ကျောင်းတိုက်စသည့် အနီးအနားနေရာများတွင် ပြုလုပ်ရန်အတွက် ပုဂံရှေးဟောင်းယဉ်ကျေးမှု ဌာနသို့ စာတင်ထားကြောင်း ပုဂံဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ဦးဇော်ဝိတ်က ပြောသည်။

"Tour Mandalay အနေနဲ့က ဧည့်သည်အပေါ်မူတည်ပြီး အစားအစာကျွေးပါတယ်။ Tample Dinner ပြုလုပ်ပြီးတော့ မကျွေးပါဘူး" ဟု ပုဂံမြို့ Tour Mandalay ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂံနယ်မြေတွင် ထူးထရေးဒင်းက နှစ်ရှည်ငှားရမ်းလုပ်ကိုင်နေသော နန်းတော်ရာ အဆောက်အအုံထဲတွင် ကမ္ဘာလှည့်ခရီးသွားများအား ညစာကျွေးမွေးခြင်းကို သက်ဆိုင်ရာ ခွင့်ပြုချက်ဖြင့် ဝန်ဆောင်မှုပေးနေသည်။

"ပုဂံမှာတော့ နန်းတော်ရာထဲမှာပဲ လုပ်ပါတယ်။ နန်းတော်ရာကလည်း အရက်တွေ၊ ဘီယာတွေ မပါပါဘူး" ဟု ပုဂံရှေးဟောင်းညွှန်ကြားရေးမှူးဦးနိုင်ဝင်းက ပြောကြားသည်။

၂၀၁၂ အောက်တိုဘာလတွင် ပုဂံဒေသ၌ ယခုလို Tample Dinner ပြုလုပ်နေသည့်အပေါ် ပိတ်ပင်တားမြစ်ထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးအုံးမြင့်က ပြောကြားထားသည်။

နိုင်ငံရေးအပြောင်းအလဲများကြောင့် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်လာရာ ပုဂံညောင်ဦးဒေသသို့ နေ့စဉ် ကမ္ဘာလှည့်ခရီးသွား ၁,၀၀၀ ဝန်းကျင် ဝင်ရောက်နေကြောင်း ပုဂံညောင်ဦးဟိုတယ်နှင့် ခရီးသွားလာရေး ဦးစီးအရာရှိ ဦးအောင်ဇော်မိုးက ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# Cartoon

























# ဘာသာရေးစော်ကားသည့် ဘလော့ဂ်ဂါများ သုတ်သင်ပေးရန် တောင်းဆိုဆန္ဒပြသူများအား ရဲတပ်ဖွဲ့က ဖြိုခွင်းစဉ် တစ်ဦးသေဆုံးကာ လူဦးရေ ၁၀၀ ခန့် ဒဏ်ရာရရှိ

**ဒါကာ၊ဖေဖော်ဝါရီ-၂၃**

ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့သည် အစ္စလာမ်ဘာသာနှင့် တမန်တော်မိုဟာမက်တို့အား စော်ကားသည့် အရေးအသားများ ရေးသားခဲ့သည့် ဘလော့ဂ်ဂါများကို သုတ်သင်ပေးရန် တောင်းဆိုခဲ့သည့် အစ္စလာမ်မစ်ဝါဒီများကို ယမန်နေ့က ရာဘာကျည်ဆန်များ၊ မျက်ရည်ယိုဗုံးများဖြင့် လူစုခွဲဖြိုခွင်းခဲ့ရာ လူတစ်ဦးသေဆုံးပြီး လူဦးရေ ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုင်ငံအတွင်းရှိ အစ္စလာမ်မစ်ဝါဒီပါတီ ၁၂ ခုက အစ္စလာမ်ဘာသာနှင့်တမန်တော်အား စော်ကားရေးသားသည့် ဘလော့ဂ်ဂါများကို ဆန္ဒပြကြရန် သောကြာနေ့က ဝတ်ပြုဆုတောင်းချိန်တွင် နိုင်ငံအတွင်းရှိ ဗလီပေါင်း ငါးသိန်းနီးပါးခန့်၌ နှိုးဆော်ခဲ့ပြီးနောက် ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့က ထိုဘလော့ဂ်ဂါများကို သေဒဏ်စီရင်ရန် တောင်းဆိုခဲ့ကြပြီး ရဲနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားရာတွင် လူသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြမှုများကြောင့် အနောက်ပိုင်းခရိုင် ဂျန်နီဒါတွင် သေဆုံးသူတစ်ဦးရှိခဲ့ပြီး ဆန္ဒပြသူအများအပြားမှာလည်း အာဏာရပါတီ ထောက်ခံသူများနှင့် ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပွားကာ ဒဏ်ရာရခဲ့ကြောင်း ဆိုသည်။ ခရိုင်ရဲတပ်ဖွဲ့ အကြီးအကဲက သေဆုံးသူမှာ အစ္စလာမ်ပါတီတစ်ခု၏ ထောက်ခံသူတစ်ဦးဦးဖြစ်နိုင်ပြီး ဒဏ်ရာကြောင့် ၎င်းကို ဆေးရုံသို့အပို့ လမ်း၌ သေဆုံးခဲ့ကြောင်း ပြောကြားသည်။

မြို့တော်ဒါကာတွင် ဘိုင်တူမူကာရမ်ဗလီ အပြင်ဘက်၌ အကြမ်းဖက်မှုများဖြစ်ပွားပြီး ဆန္ဒပြသူများသည် ဂျာနယ်လစ် တစ်ဒါဇင်ခန့်အား တိုက်ခိုက်ခဲ့ကြကြောင်းဆိုသည်။ ဒါကာဆေးကောလိပ်ဆေးရုံမှ ဆရာဝန်တစ်ဦးက ဒဏ်ရာရသူများမှာ ရာဘာကျည်ဆံဖြင့် ပစ်ခတ်ခံရမှုကြောင့် ဖြစ်ကြောင်း ပြောသည်။

ယခုဘာသာရေးပြဿနာများမှာ မွတ်ဆလင်အများစုကြီးစိုးရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မကြာသေးမီက အစ္စလာမ်ဆန့်ကျင်ရေး အွန်လိုင်းဘလော့ဂ်ပို့စ်များ ရေးသားသူ အာမတ်ရာဂျစ်ဟိုင်ဒါဆိုသူ ဘလော့ဂ်ဂါတစ်ဦး လုပ်ကြံခံရ၍ သေဆုံးခဲ့ရပြီးနောက် လူမှုမီဒီယာများတွင် အစ္စလာမ်ဆန့်ကျင်ရေး အရေးအသားများ၊ ဘာသာရေးဆရာများကို လှောင်ပြောင်မှုများ ပေါ်ပေါက်ခဲ့ကာ ယင်းမှ တန်ပြန်ဆန္ဒပြ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

—Ref: AFP


Photo - AFP

*ဒါကာမြို့တော်တွင် ဘင်္ဂလားဒေ့ရှ်ရဲများက အစ္စလမ်မစ်ဝါဒီ တက်ကြွလှုပ်ရှားသူများကို မျက်ရည်ယိုဗုံးဖြင့် ပစ်ခတ်ဖြိုခွဲစဉ်။ တမန်တော်မိုဟာမက်ကိုလှောင်ပြောင်စော်ကားသည့် အရေးအသားများ ရေးသားဖော်ပြသော ဘလော့ဂ်ဂါများကိုသုတ်သင်ပေးရန်ဆန္ဒပြတောင်းဆိုသူများနှင့် ရဲတပ်ဖွဲ့အကြား ထိပ်တိုက်တွေ့ဆုံမှုများကြောင့် ဆန္ဒပြသူတစ်ဦးသေဆုံးပြီး လူ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။*

## ယခုနှစ်အတွင်း တရုတ်တွင် ငှက်တုပ်ကွေးကြောင့် ဒုတိယမြောက်လူတစ်ဦး သေဆုံး

**ဘေဂျင်း၊ဖေဖော်ဝါရီ-၂၃**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် $H_5N_1$ ငှက်တုပ်ကွေးဗိုင်းရပ်စ်ကြောင့် ယမန်နေ့က လူတစ်ဦး သေဆုံးသွားခဲ့ရာ ယခုနှစ်အတွင်း ထိုရောဂါကြောင့် ဒုတိယမြောက် သေဆုံးရသူတစ်ဦးဖြစ်ကြောင်း သိရသည်။

သေဆုံးသူ အမျိုးသားမှာ အသက် ၃၁ နှစ်အရွယ်ရှိပြီး သောကြာနေ့က ဂွိယန်မြို့ရှိဆေးရုံတွင် ဆေးကုသမှုခံယူရင်း သေဆုံးခဲ့ခြင်းဖြစ်သည်။ ဂွိကျောက်ပြည်နယ် ကျန်းမာရေးအာဏာပိုင်များက ထိုအမျိုးသားအပြင် လက်ရှိ၌ ပြည်နယ်အတွင်း သေဆုံးသည့် အခြားလူ မရှိသေးကြောင်း ဆိုသည်။ သို့သော် ယခုလအစောပိုင်းတွင် ဂွိယန်မြို့မှ အမျိုးသမီးတစ်ဦးမှာ ငှက်တုပ်ကွေးရောဂါကြောင့်သေဆုံးခဲ့ရပြီးဖြစ်သည်။ တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သေဆုံးသူနှစ်ဦးစလုံးသည် ငှက်များနှင့် နီးစပ်စွာနေထိုင်လေ့ရှိကြောင်း သို့သော် ၎င်းတို့နှစ်ဦး၏ ရောဂါဖြစ်ပွားပုံ ဆက်စပ်မှု ရှိ၊ မရှိကိုမူ မသိရသေးကြောင်း ဖော်ပြသည်။

တရားဝင်ကိန်းဂဏန်းများအရ တရုတ်နိုင်ငံတွင် ငှက်တုပ်ကွေးကြောင့် သေဆုံးမှုများမှာ ၂၀၀၃ မှ ၂၀၀၉ အတွင်း ၂၅ ဦးရှိခဲ့ပြီး သေဆုံးမှုအများဆုံးနှစ်မှာ ရှစ်ဦးသေဆုံးသည့် ၂၀၀၆ ခုနှစ်ဖြစ်ကြောင်း သိရသည်။

—Ref: AFP




## အင်ဒိုနီးရှားပါတီ အကြီးအကဲ လာဘ်စားမှု မသင်္ကာသူအမည်စာရင်းတွင် ပါဝင်မှုကြောင့် ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်

**ဂျကာတာ၊ ဖေဖော်ဝါရီ-၂၃**

အင်ဒိုနီးရှား အာဏာရပါတီဥက္ကဋ္ဌ အန်နတ်စ် အာဘနင်ဂရမ်သည် နိုင်ငံ၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအဖွဲ့က ဒေါ်လာသန်းချီသည့် လာဘ်စားမှုတစ်ခုတွင် ၎င်း၏အမည်ကို သံသယရှိသူတစ်ဦးအဖြစ် ထည့်သွင်းခဲ့ပြီးနောက် ပါတီအကြီးအကဲရာထူးမှ နုတ်ထွက်သွားခဲ့သည်။ အသက်(၄၃)နှစ်အရွယ်ရှိ အာဘနင်ဂရမ်သည် သောကြာနေ့က ထုတ်ပြန်သော သတင်းအရ ဂျကာတာမြို့တော်အနီး ဟမ်ဘာလမ်အားကစားစင်တာ တည်ဆောက်ရေးနှင့် ဆက်နွယ်သော လာဘ်ပေးလာဘ်ယူမှုတစ်ခုတွင် လက်ဆောင်များရယူခဲ့သည်ဟု စွပ်စွဲခံထားရသည်။ ယင်းစီမံကိန်း တည်ဆောက်ရေးမှာ တန်ဖိုးငွေဒသမ ၁၇ ရူပီးယား(ဒေါ်လာ ၁၂၀ ဒသမ ၅ သန်း)ရှိသော လုပ်ငန်းတစ်ခုဖြစ်သည်။



Photo - AFP

*ဖေဖော်ဝါရီ ၂၃ ရက်က ဂျာကာတာရှိ အင်ဒိုနီးရှားအာဏာရပါတီ ဒီမိုကရက်တစ်ပါတီ၏ ဌာနချုပ်တွင် ပါတီဥက္ကဋ္ဌ အာဘနင်ဂရမ် ၄၃ နှစ်က ခြစားမှုတစ်ခုနှင့်ပတ်သက်၍ သံသယ အမည်စာရင်းတွင်ပါဝင်နေသောကြောင့် နုတ်ထွက်ကြောင်းမိန့်ခွန်းပြောကြား ကြေညာနေစဉ်*

မြို့တော် ဂျကာတာတွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ အာဘနင်ဂရမ်က ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌအဖြစ်မှနုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ၎င်း၏ ယခုနုတ်ထွက်မှုမှာ ဒီမိုကရက်တစ်ပါတီ အာဏာပိုင်များကြားတွင် မကြာသေးမီက လက်မှတ်ရေးထိုးသဘောတူထားခဲ့သော စာချုပ်အရခြစားမှုမသင်္ကာသူအမည်စာရင်းတွင်နာမည်ပါဝင်လာပါက ပါတီရာထူးများမှ နုတ်ထွက်ပေးရန် သတ်မှတ်ထားမှုများကြောင့် ဖြစ်ကြောင်း ဆိုသည်။

၂၀၁၄ ရွေးကောက်ပွဲများ မတိုင်ခင်တွင် အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိအာဏာရပါတီမှ ဥက္ကဋ္ဌ အာဘနင်ဂရမ် နုတ်ထွက်ပေးရခြင်းမှာ သမ္မတယူဒိုယိုနို၏ လာဘ်စားမှု တိုက်ဖျက်ရေး ကြွေးကြော်မှုအတွက် ထိုးနှက်ချက်လည်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

—Ref: AFP




# ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ အကြီးအကဲ ဟိုဆေးဂရာဇီယာနိုဒါဆေးလ်ဗား

ရဲမင်း

ဟိုဆေးဂရာဇီယာနိုဒါဆေးလ်ဗားသည် အမေရိကန်နိုင်ငံဖွား ဘရာဇီး စိုက်ပျိုးစီးပွားရေး ပညာရှင်နှင့် စာရေးဆရာတစ်ဦးဖြစ်သည်။ စိုက်ပျိုးစီးပွားရေး ပညာရှင်အဖြစ် ဘရာဇီးနိုင်ငံ စိုက်ပျိုးရေးလုပ်ငန်း ပြဿနာများနှင့် ပတ်သက်သော စာအုပ်ပေါင်းများစွာကို ရေးသားခဲ့သည်။

ဘရာဇီးသမ္မတ လူးဝစ်အင်နာစီယိုလူလာဒါဆေးလ်ဗားလက်ထက် လူပေါင်း ၂၈ သန်းအား ဆင်းရဲမှု မျဉ်းအောက်မှ ဆွဲထုတ်ခဲ့သော Fome Zero အစီအစဉ်ကို အဓိကတာဝန်ယူ အကောင်အထည်ဖော်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး (FAO)၏ ညွှန်ကြားရေးမှူးချုပ် သစ်အဖြစ် စတင်တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ဂရာဇီယာနိုအား ၁၉၄၉ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် အာဘားနားဒေသ၌ မွေးဖွားခဲ့သည်။ မိဘများမှာ အီတလီနွယ်ဖွား ဘရာဇီးနိုင်ငံသားများဖြစ်၍ ဂရာဇီယာနိုမှာ ဘရာဇီး၊ အမေရိကန်နှင့် အီတလီနိုင်ငံသားများအဖြစ် ခံယူခွင့်ရရှိထားသည်။

ဂရာဇီယာနိုသည် ၁၉၇၂ ခုနှစ်တွင် ဆာအိုပိုလိုတက္ကသိုလ်မှ စိုက်ပျိုးစီးပွားရေး ဘာသာရပ်အထူးပြုဖြင့် ဘွဲ့ရရှိခဲ့သည်။ ယင်းတက္ကသိုလ်မှပင် ၁၉၇၄ ခုနှစ်တွင် အမ်ဘီအေဘွဲ့ ရရှိခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် Campinas State University မှ ဒေါက်တာဘွဲ့ ရရှိခဲ့ပြီး ယင်းတက္ကသိုလ်မှာပင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ စီးပွားရေးပညာပါမောက္ခ ဖြစ်လာခဲ့သည်။ ကယ်လီဖိုးနီးယားတက္ကသိုလ်နှင့် လန်ဒန်တက္ကသိုလ်များမှလည်း ဒေါက်တာဘွဲ့လွန်ဘွဲ့များ ထပ်မံရရှိခဲ့သည်။

မစ္စတာဂရာဇီယာနိုသည် ၂၀၀၁ ခုနှစ်တွင် ထိုစဉ်က သမ္မတရွေးကောက်ပွဲဝင်မည့် မစ္စတာလူးဝစ်အင်ကာစီယိုလူလာဒါဆေးလ်ဗားအတွက် Fome Zero ဆိုသော ဆင်းရဲမွဲတေမှု လျှော့ချရေး အစီအစဉ်ကို ပူးပေါင်းရေးဆွဲပေးခဲ့သည်။ ၂၀၀၃ နှင့် ၂၀၀၄ မစ္စတာလူလာ၏ အစိုးရလက်ထက်တွင် စားနပ်ရိက္ခာဖူလုံရေး အထူးဝန်ကြီးအဖြစ် ယင်းအစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။ ယင်းနောက် နိုင်ငံတော်သမ္မတ၏ အထူးအကြံပေးတာဝန်ကို ထမ်းဆောင်သည်။ မစ္စတာဂရာဇီယာနို ပူးပေါင်းရေးဆွဲအကောင်အထည်ဖော်ပေးခဲ့သော Fome Zero အစီအစဉ်ကြောင့် သမ္မတ လူလာဒါဆေးလ်ဗား၏ အစိုးရလက်ထက် ရှစ်နှစ်တာကာလတွင် ဘရာဇီးနိုင်ငံသားပေါင်း ၂၈ သန်းအား အမျိုးသားဆင်းရဲမွဲတေမှု မျဉ်းအောက်မှ ဆွဲထုတ်နိုင်ခဲ့သည်။

မစ္စတာဂရာဇီယာနိုသည် ၂၀၀၆ ခုနှစ် မတ်လတွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး (FAO)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် လက်တင်အမေရိကနှင့် ကာရေဘီယံကိုယ်စားလှယ် ဖြစ်လာခဲ့သည်။ ယင်းကာလအတွင်း ၂၀၂၅ ခုနှစ်အရောက်တွင် လက်တင်အမေရိကဒေသ၌ ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေး အစီအစဉ်များ ချမှတ်ခဲ့သည်။ ကျေးလက်ဒေသ မြှင့်တင်ရေး အစီအစဉ်တစ်ရပ်ကိုလည်း အကောင်အထည်ဖော်ခဲ့သည်။

FAO ၏ ညွှန်ကြားရေးမှူးချုပ်ရာထူးအတွက် မဲခွဲဆုံးဖြတ်မှုနှစ်ကျော့ယှဉ်ပြိုင်ခဲ့ရပြီး ဒုတိယအချီတွင် စပိန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မီဂွယ်အန်ဂျယ်အပေါ် မဲပေါင်း ၁၈၀ အနက် ၉၂ မဲရရှိကာ FAO ကို ဦးဆောင်ခွင့်ရရှိသော ပထမဦးဆုံး လက်တင်အမေရိကတိုက်သား ဖြစ်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ခဲ့သော သက်တမ်းအတွက် မစ္စတာဂရာဇီယာနိုသည် FAO အကြီးအကဲအဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ ထမ်းဆောင်ခွင့်ရမည်ဖြစ်သည်။

မစ္စတာဂရာဇီယာနိုသည် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အရေးပါသော စာအုပ်စာတမ်းများ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးစီးပွားရေးပညာရပ်ဆိုင်ရာစာအုပ်များ အပါအဝင် စာအုပ်ပေါင်း ၂၅ အုပ် ရေးသားခဲ့သည်။

မစ္စတာဂရာဇီယာနိုသည် ဂျာနယ်လစ်ဇနီးသည် ပေါ်လိုလီဂါဆက်ချီနှင့် သားသမီးနှစ်ဦး၊ မြေးနှစ်ဦး ထွန်းကားထားသည်။

*—Ref: Wikipedia*

## ကျူးဘားသမ္မတ ရာဟူးကက်စထရို ၂၀၁၈ တွင် ရာထူးမှ အနားယူမည်ဟုဆို

**ဟာဗားနား၊ဖေဖော်ဝါရီ-၂၅**

ဒုတိယသက်တမ်း ကုန်ဆုံးချိန် ၂၀၁၈ ခုနှစ်တွင် ရာထူးမှ အနားယူမည်ဟု ကျူးဘားသမ္မတ ရာဟူးကက်စထရိုက ကြေညာလိုက်သည်။ စောစောပိုင်းတွင် ကျူးဘားအမျိုးသားညီလာခံက ၎င်းအား ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် ပြန်လည်ရွေးကောက် တင်မြှောက်ခဲ့သည်။

"ဒါကျွန်တော့်ရဲ့ နောက်ဆုံးသက်တမ်းဖြစ်ပါလိမ့်မယ်"ဟု အမျိုးသားညီလာခံက ၎င်းအား ရွေးကောက်တင်မြှောက်ပြီးနောက် မစ္စတာရာဟူးကက်စထရို (၈၁) နှစ်က ပြောကြားသည်။ မစ္စတာကက်စထရိုသည် ၂၀၀၈ ခုနှစ်မှစ၍ ကျူးဘားသမ္မတရာထူးကိုရယူခဲ့သည်။

အံ့အားသင့်ဖွယ်ရာ ခန့်အပ်မှုတစ်ခုမှာ ပါလီမန်သစ်က အသက်(၅၂)နှစ်အရွယ် မစ္စတာမီဂွယ်ဒေ့စ်ကာနယ်အား နံပါတ်တစ် ဒုတိယသမ္မတအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ မစ္စတာရာဟူးကက်စထရို အနေဖြင့် ၎င်း၏ ဒုတိယသက်တမ်းအပြည့် တာဝန်မထမ်းဆောင်နိုင်ပါက မစ္စတာဒေ့စ်ကာနယ်က တာဝန်လွှဲပြောင်းရယူမည့် အဓိပ္ပာယ်ဖြစ်သည်။

ကျူးဘားနိုင်ငံ မြို့တော်ဟာဗားနားတွင်ပြုလုပ်သော ညီလာခံဖွင့်ပွဲနေ့၌ ကျူးဘားတော်လှန်ရေးခေါင်းဆောင် ဖီဒယ်ကက်စထရို(၈၆)နှစ်လည်း တက်ရောက်ခဲ့သည်။ မစ္စတာကက်စထရိုသည် ၁၉၅၉ ခုနှစ် တော်လှန်ရေးတွင် အမေရိကန်က ကျောထောက်နောက်ခံပေးထားသော အာဏာရှင် ဘာတစ်စတာအစိုးရကို ဖြုတ်ချပြီးချိန်မှစ၍ ကျူးဘားနိုင်ငံအား တစ်ပါတီစနစ်ဖြင့် ဆယ်စုနှစ် ငါးစုကြာ အုပ်ချုပ်ခဲ့သည်။

*—Ref: BBC/Reuters*

## ရောမမြို့ အစည်းအဝေးသို့ တက်ရောက်ရန် ဆီးရီးယားအတိုက်အခံအဖွဲ့အား အမေရိကန်တိုက်တွန်း

**လန်ဒန်၊ဖေဖော်ဝါရီ-၂၅**

ဖေဖော်ဝါရီ ၂၈ ရက်တွင် ရောမမြို့၌ ကျင်းပရန် စီစဉ်ထားပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ တက်ရောက်မည့် နိုင်ငံတကာ အစည်းအဝေးသို့ ဆီးရီးယားအတိုက်အခံအဖွဲ့အား တက်ရောက်ရန် အမေရိကန်အဆင့်မြင့်အရာရှိကြီးတစ်ဦးက တိုက်တွန်းပြောကြားသည်။

စောစောပိုင်းတွင် ဆီးရီးယားအတိုက်အခံ အမျိုးသားညွန့်ပေါင်းအဖွဲ့ အကြီးအကဲ အာမက်မိုအက်အယ်လ်ကာတစ်က ရောမမြို့၌ ကျင်းပမည့် နိုင်ငံပေါင်း ၁၁ နိုင်ငံ ပါဝင်သော ဆီးရီးယားနိုင်ငံ၏ မိတ်ဆွေများ အစည်းအဝေးမှ နုတ်ထွက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ယင်းမှာ ဆီးရီးယားနိုင်ငံ၌ အရပ်သားများ သေဆုံးနေရခြင်းကို ကန့်ကွက်ခြင်းဖြစ်သည်ဟု ၎င်းကပြောကြားသည်။

"ရောမမြို့မှာ သူတို့အတွက် အခွင့်အရေးရှိပါတယ်။ အတိုက်အခံတွေကိုအကြီးမားဆုံးထောက်ခံခဲ့တဲ့ နိုင်ငံတွေနဲ့ တွေ့ဆုံပြီး မြေပြင်မှာ လက်တွေ့ဖြစ်ပျက်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး အခြေအနေ၊ လုံခြုံရေးနဲ့ လူသားချင်းစာနာထောက်ထားမှု အခြေအနေတွေကို တင်ပြနိုင်ပါတယ်"ဟု အမေရိကန်အရာရှိကြီးက ပြောကြားသည်။

ထို့အပြင် ယင်းအစည်းအဝေးမှာပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသစ် မစ္စတာဂျွန်ကယ်ရီနှင့် တိုက်ရိုက်တွေ့ဆုံ စကားပြောနိုင်သော အခွင့်အရေး ရရှိမည်ဟုလည်း အမေရိကန်အရာရှိကြီးက ပြောကြားသည်။

*—Ref: AFP*

နောက်ကျောဖုံး မှ

## သမိုင်းတွင်တဲ့ ဒယ်နီယယ်နဲ့ အောင်ပွဲခံတဲ့ အာဂို(Argo)ဇာတ်ကား


Life of Pi ဇာတ်ကားမှာ အကောင်းဆုံး ဒါရိုက်တာဆု၊ အကောင်းဆုံး မူရင်းဇာတ်ညွှန်းဆုနှင့် အကောင်းဆုံးရိုက်ကူးဆု၊ အကောင်းဆုံး အမြင်ဆိုင်ရာအထူးပြုလုပ်ချက်ဆုများရရှိကာ ဆုအများဆုံးရ ဇာတ်ကားအဖြစ် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။ Life of Pi ဇာတ်ကားနောက်တွင် Argo ဇာတ်ကားမှာ အကောင်းဆုံး ရုပ်ရှင်ဆု၊ အကောင်းဆုံး မှီငြမ်းဇာတ်လမ်းဆု၊ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုများ ရရှိခဲ့သည်။


ယခုနှစ် အော်စကာဆုပေးပွဲ၏ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုကို Silver Linings Playbook ဇာတ်ကားဖြင့် ဂျင်နီဖာလောရင့်စ်ကလည်းကောင်း၊ အကောင်းဆုံးဇာတ်ပို့ သရုပ်ဆောင် အမျိုးသမီးဆုကို အန်းဟတ်သဝေးက Les Miserables ဇာတ်ကားဖြင့်လည်းကောင်း ရရှိခဲ့သည်။

(၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲတွင်ရရှိခဲ့သော ဆုများ၏စာရင်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဇာတ်ကားဆု - Argo
၂။ ဒါရိုက်တာဆု - အန်းလီ (Life of Pi)
၃။ သရုပ်ဆောင်(မင်းသား)ဆု - ဒယ်နီယယ်ဒေးလူးဝစ် (Lincoln)
၄။ သရုပ်ဆောင်(မင်းသမီး)ဆု - ဂျင်နီဖာလောရင့်စ် (Silver Linings Playbook)
၅။ ဇာတ်ပို့သရုပ်ဆောင်(အမျိုးသား)ဆု - ခရစ်စတော့ဖ်ဝေါ့ဇ် (Django Unchained)
၆။ ဇာတ်ပို့သရုပ်ဆောင်(အမျိုးသမီး)ဆု - အန်းဟတ်သဝေး (Les Miserables)
၇။ မူရင်းဇာတ်လမ်းဆု - ကွင်တင်တာရန်တီနို (Django Unchained)
၈။ မှီငြမ်းဇာတ်လမ်းဆု - ခရစ်တာရီယို (Argo)
၉။ အင်န်နီမေးရှင်းဇာတ်လမ်း- Brave
၁၀။ နိုင်ငံခြားရုပ်ရှင် - Amour
၁၁။ ဇာတ်လမ်းမှတ်တမ်းရုပ်ရှင် - Searching for Sugar Man
၁၂။ မှတ်တမ်းရုပ်ရှင်ကားတို - Innocente
၁၃။ တိုက်ရိုက်ရုပ်ရှင် ဇာတ်လမ်းတို - Curfew
၁၄။ အင်န်နီမေးရှင်း ရုပ်ရှင်ကားတို - Paperman
၁၅။ မူရင်းဇာတ်ညွှန်း - မိုင်ကယ်ဒန်နာ (Life of Pi)
၁၆။ ရုပ်ရှင်ဇာတ်ဝင်သီချင်း - အဒဲလ် (Skyfall)
၁၇။ အသံတည်းဖြတ်ဆု - Zero Dark Thirty (2012) နှင့် "Skyfall"
၁၈။ အသံရောစပ်မှု - Les Miserables
၁၉။ ထုတ်လုပ်မှုဒီဇိုင်းဆု - Lincoln
၂၀။ ရိုက်ညွှန်းဆု - Life of Pi
၂၁။ မိတ်ကပ်နှင့်ဆံပင် ပြင်ဆင်မှုဆု - Les Miserables
၂၂။ အဝတ်အစားဒီဇိုင်းဆု - Anna Karenina
၂၃။ ရုပ်ရှင်တည်းဖြတ်ဆု - Argo
၂၄။ အမြင်ဆိုင်ရာ အထူးပြုလုပ်ချက်ဆု - Life of Pi

*—Ref: CNN/Eonline/ABC*


သရုပ်ဆောင်ဆုရ ဒယ်နီယယ်ဒေးလူးဝစ်


Argo ဇာတ်ကား ဒါရိုက်တာ ဘန်အက်ဖလက်

နောက်ကျောဖုံး မှ

## မြောက်ကိုရီးယားအပေါ် သည်းခံသွားမည်မဟုတ်ဟု တောင်ကိုရီးယား အမျိုးသမီးသမ္မတ ပြောကြား

"ကျွန်မတို့ နိုင်ငံရဲ့ လုံခြုံရေးနဲ့ ပြည်သူတွေရဲ့ ဘဝတွေကို ခြိမ်းခြောက်တဲ့ ဘယ်လို လုပ်ဆောင်မှုမျိုးကိုမှ ကျွန်မ သည်းခံသွားမှာ မဟုတ်ပါဘူး"ဟု ပြောကြားသည်။

ထို့အပြင် သမ္မတပတ်က တောင်ကိုရီးယား အနေဖြင့် မြောက်ကိုရီးယားနှင့် ယုံကြည်မှုတည်ဆောက်ရေး ကြိုးပမ်းသွားမည်ဖြစ်ကာ နိုင်ငံလုံခြုံရေးအတွက် ယုံကြည်လောက်သည့် တားဆီးနိုင်မှုအခြေခံပေါ်တွင် တစ်ဆင့်ချင်း ဆက်ဆံရေးကို ရှေ့တိုးဆောင်ရွက်သွားမည်ဟုပြောကြားသည်။

နိုင်ငံစီးပွားရေးနှင့်ပတ်သက်၍လည်း တိုင်းပြည်၏ အစဉ်အလာပုံစံ ကုန်ထုတ်လုပ်ရေးအခြေခံကို ကျော်လွန်၍ တီထွင်ဖန်တီးမှုရှိသောစီးပွားရေး တည်ဆောက်သွားရန် ကတိပြုခဲ့သည်။ တောင်ကိုရီးယား၏ ပထမဆုံးအမျိုးသမီးသမ္မတဖြစ်လာခဲ့သောမစ္စပတ်ဂျွန်ဟေးက ၎င်းသည် နိုင်ငံကို ကျား၊ မ တန်းတူညီမျှမှု အဆင့်သတ်မှတ်ချက်၌ ဆူရီနမ်နှင့် ယူအေအီးနိုင်ငံတို့အောက် ရောက်ရှိနေခြင်းကိုလည်း ကျော်လွန်အောင် လုပ်ဆောင်သွားမည်ဟု ကတိပေးခဲ့သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို နှစ်နာရီခွဲကြာ ပြုလုပ်ခဲ့ပြီး သေနတ်(၂၁)ချက် ပစ်ဖောက်ကာ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် အလေးပြုခြင်း၊ ၂၀၁၂ အတွင်း ဂန်းနမ်းစတိုင်သီချင်းဖြင့် ကမ္ဘာကျော်ခဲ့သည့် ကိုရီးယားအဆိုတော် Psy ၏ သီဆိုဖျော်ဖြေမှုများဖြင့် တင်ဆက်ခဲ့သည်။

*—Ref: AFP*



# “ဂျပန်က ရွေးခဲ့တဲ့လမ်းကြောင်းဟာ မှန်ကန်တဲ့ လမ်းကြောင်းလို့ ကျွန်တော် ယုံကြည်ပါတယ်”

## တစ်ကျော့ပြန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တွေ့ဆုံခြင်း

### ကျော်မျိုး

ဂျပန်ဝန်ကြီးချုပ်အဖြစ် မကြာသေးမီက တက်လာတဲ့ ရှင်ဇိုအာဘေးဟာ ၎င်းရဲ့နိုင်ငံရေးသက်တမ်းမှာ ဒုတိယအကြိမ်အဖြစ် ဝန်ကြီးချုပ်သက်တမ်းကို ပြီးခဲ့တဲ့ ဒီဇင်ဘာမှာ စတင်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၎င်းဟာ ဝန်ကြီးချုပ်ရာထူး စတင်ရယူပြီးနောက်မကြာမီကဘဲအရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံတို့ကို အလည်အပတ်ခရီးထွက်ကာ အာရှနိုင်ငံတွေနဲ့ ဂျပန်နိုင်ငံရဲ့ ဆက်ဆံရေးတိုးမြှင့်မှုကို ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ရှင်ဇိုအာဘေးဟာ၎င်းရဲ့နိုင်ငံခြားရေးပေါ်လစီကို လွတ်လပ်မှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေး စတဲ့ တန်ဖိုးတွေကို လက်ခံတဲ့ “တန်ဖိုးအခြေပြုသံတမန်ရေး” Value-oriented Diplomacy ကို ကိုင်စွဲပြီး ဂျပန်ရဲ့ စီးပွားရေးနဲ့ နိုင်ငံခြား ဆက်ဆံရေးတို့ကို ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားသွားမယ်လို့ပြောကြားထားပါတယ်။ ဒါကြောင့် အမေရိကန်မှာဝါရှင်တန်ပို့စ်သတင်းစာကြီးဟာ ဒီအပတ်အတွင်း အမေရိကန်နိုင်ငံကိုလာရောက်မည့် ၂၀၀၆-၀၇ ခုနှစ်ကာလမှာဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး ယခုတစ်ကျော့ပြန်ရာထူးရရှိလာပြန်တဲ့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ တွေ့ဆုံမေးမြန်းခဲ့တဲ့ အင်တာဗျူးကို ကောက်နုတ် ဖော်ပြပေးလိုက်ရပါတယ်။

**ဝန်ကြီးချုပ်ရဲ့ အမေရိကန်ခရီးစဉ်ကို ဘယ်အရာက အောင်မြင်မှုရစေမလဲ။ ဝါရှင်တန်မှာ ဝန်ကြီးချုပ်အနေနဲ့ အောင်မြင်မှုရဖို့ မျှော်လင့်ထားတဲ့ သီးသန့်အရာတစ်ခုခုများ ရှိပါသလား။**

သီးသန့်ပြောရရင် ပထမဆုံးအနေနဲ့ မကြာသေးမီက မြောက်ကိုရီးယားက ပြုလုပ်ခဲ့တဲ့ ချူစမ်းသပ်မှုနဲ့ ဒုံးကျည်ပစ်လွှတ်မှု၊ စွမ်းရည် တိုးတက်အောင် ကြိုးစားမှုတွေနဲ့ဆက်နွယ်ပြီး သမ္မတအိုဘားမားနဲ့ ဆွေးနွေးသွားချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ (မြောက်ကိုရီးယားရဲ့) ဒီဖြစ်ပေါ်တိုးတက်မှုတွေကို ဘယ်လိုစစ်ဆေးရပ်တန့်နိုင်မလဲပေါ့။ ပြီးတော့လည်း မြောက်ကိုရီးယားရဲ့ ပေါ်လစီတွေကို ကျွန်တော်တို့ ဘယ်လိုပြောင်းလဲနိုင်မလဲပေါ့။

ဒီကိစ္စနဲ့ပတ်သက်လို့တော့ ကျွန်တော်နဲ့ သမ္မတအိုဘားမားတို့ကြားမှာ ဆွေးနွေးပွဲတစ်ခုလုပ်သွားဖို့ဆန္ဒရှိနေပါတယ်။ တစ်ချိန်တည်းမှာပဲ အာရှ-ပစိဖိတ်ဒေသအတွင်းကြီးကြီးမားမားပြောင်းလဲလာနေတဲ့ လုံခြုံရေးပတ်ဝန်းကျင်နဲ့ ပတ်သက်လို့လည်း ဂျပန်နဲ့ အမေရိကန်တို့ကြားက မဟာမိတ်ဆက်ဆံရေးဟာ ဒေသတွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို အထောက်အကူပြုနိုင်စွမ်းရှိတယ်လို့ ဖော်ပြလိုပါတယ်။

ကုန်သွယ်ရေးကိစ္စနဲ့ ပတ်သက်ရင်လည်း လွတ်လပ်တဲ့ကုန်သွယ်ရေး ပတ်ဝန်းကျင်ဟာ ဂျပန်ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဂျပန်ရှေ့ဆက်တိုးတက်ရေးအတွက် အာရှ-ပစိဖိတ်ဒေသတွင်းမှာ တိုးတက်မှု အလားအလာတွေကို ပူးပေါင်းဆောင်ရွက်သွားဖို့ဖမ်းဆုပ်နိုင်ဖို့လိုအပ်တယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်။ ဒ့ါအပြင် သင့်တော်သလိုပဲ ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု (TPP- Trans-Pacific Partnership)ကိစ္စကိုလည်း သမ္မတအိုဘားမားနဲ့ ကျွန်တော် ဆွေးနွေးသွားမှာပါ။

**(ဂျပန်)ဝန်ကြီးချုပ်တော်တော်များများဟာ ဒုတိယသက်တမ်းအတွက် အခွင့်အရေးမရကြဘူးလို့ လူကြီးမင်း ပြောဖူးတယ်နော်။ ဒီတစ်ကြိမ်မှာ ဝန်ကြီးချုပ် ဘယ်လိုဖြစ်လာခဲ့ပါသလဲ။ ဒီလပိုင်းတွေအတွင်း ဝန်ကြီးချုပ် ဘယ်လိုအောင်မြင်အောင် လုပ်နိုင်ခဲ့တယ်လို့ရော ထင်မြင်မိပါသလဲ။**

ပြီးဆုံးသွားတဲ့ ရွေးကောက်ပွဲကာလတွေအတွင်းရော အယ်လ်ဒီပီပါတီရဲ့ ဥက္ကဋ္ဌရွေးကောက်ပွဲဝင်ချိန်တွေမှာရော စီးပွားရေးကိစ္စဟာ အဓိကခေါင်းစဉ်တွေထဲကတစ်ခုပါ။ ဒီထဲမှာ ကျွန်တော်က ဂျပန်ဗဟိုဘဏ်နဲ့ ငွေကြေးပေါ်လစီကိုင်တွယ်သူတွေကြားမှာ ပင်မရေစီးကြောင်းလိုဖြစ်နေတဲ့ ပေါ်လစီထက် ပိုထူးခြားကွဲပြားတဲ့ ငွေကြေးပေါ်လစီကို တင်ပြခဲ့ပါတယ်။ အဲဒီ ပေါ်လစီဟာ ကျွန်တော်တို့အနေနဲ့ လက်ရှိအနေအထားကို ပြောင်းလဲဖို့ လိုနေပြီလို့ ခံစားမိတဲ့လူတွေရဲ့ထောက်ခံမှုကို ရရှိခဲ့ပါတယ်။

ဒ့ါအပြင် လုံခြုံရေးအပိုင်းမှာလည်း ဥပမာအနေနဲ့ကြည့်ရင် ကျွန်တော်တို့မှာ တရုတ်အစိုးရသင်္ဘောတွေက ဂျပန်ရေပိုင်နက်ထဲ ဝင်ရောက်ပြီး နယ်နိမိတ်ချိုးဖောက်မှု ပြဿနာတွေ ကြုံတွေ့နေရပါတယ်။ ဂျပန်ရဲ့ လေကြောင်းကာကွယ်ရေးနဲ့ လေပိုင်နက်ဇုန်ထဲ ဝင်ရောက်ကျူးကျော်မှုတွေကိုလည်း ကျွန်တော်တို့ ကြုံတွေ့နေရပါတယ်။ ဒါကြောင့်ပဲ ကျွန်တော့်ရဲ့ ခိုင်မာတဲ့ ရပ်တည်ချက်ဖြစ်တဲ့ ဂျပန်ရေပိုင်နက်၊ လေပိုင်နက်နဲ့ မြေပိုင်နက် နယ်နိမိတ်တွေကို ပြတ်သားတဲ့ သံန္နိဋ္ဌာန်နဲ့ ကာကွယ်သင့်တယ်ဆိုတဲ့ အချက်ကို ထောက်ခံမှုတွေရအောင် ဆွဲဆောင်နိုင်ခဲ့တာပါ။ ပြီးတော့ တစ်ချိန်တည်းမှာပဲဂျပန်-တရုတ်ဆက်ဆံရေးမှာ တိုးတက်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ကျွန်တော့်ရဲ့ အတိတ်တုန်းကမှတ်တမ်းကောင်းကလည်း ခုလို ပြန်လည်ရွေးချယ်ခံရဖို့မှာ အချက်တစ်ချက်လည်း ဖြစ်ကောင်းဖြစ်ခဲ့မှာပါ။ ကျွန်တော်တို့ဟာ ဂျပန်နဲ့ တရုတ်အကြား ဘုံတူညီတဲ့ မဟာဗျူဟာအကျိုးစီးပွားတွေကို အခြေခံပြီး အပြန်အလှန် အကျိုးဖြစ်ထွန်းတဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့တာ ရှင်ဇိုအာဘေးအစိုးရက ပထမဆုံးဖြစ်ခဲ့တာပါ။ ဒါကြောင့် ဒီအချက်တွေအားလုံးက ရွေးကောက်ပွဲတွေမှာ ကျွန်တော့်အတွက် ထောက်ခံအားပေးမှုတွေ ရရှိစေခဲ့တာလို့ ယုံကြည်ပါတယ်။

**ဒါပေမဲ့ ကျွန်တော် ထပ်ပြောရရင် ပထမအကြိမ် ဝန်ကြီးချုပ်သက်တမ်းကာလကနေ သင်ယူခဲ့တာများရှိပါသလား။ ပြီးတော့ ၂၀၀၆-၀၇ တုန်းက ရှင်ဇိုအာဘေးထက် အခု ရှင်ဇိုအာဘေးက ကွာခြားသွားပါပြီလား။**

အများတွေ အများကြီးကနေ ကျွန်တော် သင်ယူခဲ့တာပေ့ါ။ အရင်ဦးဆုံးအနေနဲ့ဆိုရင် အယ်လ်ဒီပီပါတီတွင်းမှာ ကျယ်ပြန့်တဲ့ ထောက်ခံမှု ဖန်တီးဖို့ အရေးကြီးတယ်ဆိုတာ ကျွန်တော် သင်ယူခဲ့တယ်။ ဒီတစ်ကြိမ် ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းတဲ့အခါမှာ ကျွန်တော်ဟာ ပါတီဥက္ကဋ္ဌ ရွေးကောက်ပွဲအတွင်း ကျွန်တော်နဲ့ ယှဉ်ပြိုင်ခဲ့တဲ့ အယ်လ်ဒီပီပါတီဝင် အများစုနီးပါး ပါဝင်အောင် ထည့်သွင်းခဲ့ပါတယ်။

ဒ့ါအပြင် ကျွန်တော်ရခဲ့တဲ့ သင်ခန်းစာတွေအရ ဒီတစ်ကြိမ်မှာ ကျွန်တော့်ရဲ့ ပေါ်လစီဦးစားပေးတွေဟာ အလွန်ရှင်းလင်းပြတ်သားလာခဲ့ပါတယ်။ ဒီပေါ်လစီတွေထဲမှာ အားကောင်းတဲ့စီးပွားရေးကို အရင်ဆုံး ဦးစားပေးဆောင်ရွက်ဖို့ ပါဝင်လာပါတယ်။ ဒီတစ်ချက်ကပဲ ပြည်သူတွေဆီက ခိုင်မာတဲ့ ထောက်ခံမှုကို ရခဲ့တာလို့ ကျွန်တော် ယုံကြည်ပါတယ်။

**လူတော်တော်များများက ဝန်ကြီးချုပ်ရဲ့ စီးပွားရေးကို အခိုင်အမာအာရုံစိုက်ထားမှုအပေါ် မှတ်ချက်ပေးကြသလို ဝန်ကြီးချုပ်ရဲ့ နှလုံးသားထဲက သမိုင်းရေးရာကိစ္စတွေကိုလည်း ပြောကြလေ့ရှိပါတယ်။ ဂျပန်ကို (လူတွေက)သမိုင်းအရ ဘယ်လိုမြင်ထားကြသလဲဆိုတာပေ့ါ။ ဒါက ဝန်ကြီးချုပ်အတွက်လည်း အရေးကြီးပါတယ်။ ဒီကိစ္စတွေဟာလည်း ဝန်ကြီးချုပ်ရဲ့ ရာထူးသက်တမ်းကာလအတွင်း အခါအားလျော်စွာ ထွက်ပေါ်လာနေတာ ဆိုတော့လေ။ ဒါနဲ့ပတ်သက်လို့မှတ်ချက်များ ပေးနိုင်မလား သိချင်ပါတယ်။**

အတိတ်တုန်းက ဖြစ်ခဲ့တာတွေနဲ့ပတ်သက်လို့ ညွှန်းရရင်တော့ ကျွန်တော့်ရှေ့က ဝန်ကြီးချုပ်ဟောင်းတွေလိုပါပဲ။ ကျွန်တော်တို့ဟာ အာရှနိုင်ငံတွေကို ဒုက္ခရောက်စေခဲ့ပြီး ထိခိုက်ပျက်စီးမှုတွေ ဖြစ်စေခဲ့တယ်ဆိုတာကို ယုံကြည်ပါတယ်။ ဒါကြောင့်ပဲ ဂျပန်နိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံဘဝတုန်းကတောင်မှ အာရှနိုင်ငံတွေကို ကူညီထောက်ပံ့မှုတွေ လုပ်ခဲ့တာပါ။ ဂျပန်က ရွေးခဲ့တဲ့ လမ်းကြောင်းဟာ မှန်ကန်တဲ့ လမ်းကြောင်းလို့ကျွန်တော် ယုံကြည်ပါတယ်။ စစ်ပြီးခေတ်ကာလမှာကျွန်တော်တို့ဟာ လွတ်လပ်မှု၊ ဒီမိုကရေစီ၊ အခြေခံလူ့အခွင့်အရေးတွေနဲ့ တရားဥပဒေစိုးမိုးရေး သဘောတရားတွေကို ရရှိဖို့ အရေးကြီးတယ်လို့ သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် အရင်က ကျွန်တော်ပြောခဲ့သလိုပဲ ကျွန်တော်တို့ဟာ ဒီတန်ဖိုးတွေကို မြှင့်တင်ဖို့ ကြိုးစားနေတာပါ။

သမိုင်းရေးအရ သိမှတ်မှုကိစ္စတွေနဲ့ ပတ်သက်လို့တော့ ကျွန်တော့်အမြင်ကတော့ ဒါဟာ သမိုင်းဆရာတွေနဲ့ ကျွမ်းကျင်သူတွေလက်ထဲ ထားသင့်တဲ့ကိစ္စလို့ မြင်ပါတယ်။ ဒီအနေအထားက ပထမအကြိမ် ကျွန်တော်အစိုးရအဖွဲ့ကို ဦးဆောင်ခဲ့စဉ်ကပဲ တစိုက်မတ်မတ်ကျင့်သုံးလာခဲ့တာပါ။

**(ဂျပန်ရဲ့ သမိုင်းကိစ္စကို) သမိုင်းဆရာတွေလက်ထဲထားတော့မယ်ဆိုရင် ၁၉၉၃ နဲ့ ၁၉၉၅ ခုနှစ်တုန်းက (ဂျပန်ဝန်ကြီးချုပ်တွေ ထုတ်ပြန်ခဲ့တဲ့) ကြေညာချက်တွေကို အဲဒီအတိုင်းထားဖို့ ဆိုလိုတာလား။ ဒါမှမဟုတ် အဲဒါတွေကို ပြန်သုံးသပ်ချက်တစ်ရပ် မရှိသင့်တော့ဘူးလား။**

၁၉၉၅မှာထုတ်တဲ့ မူရာယာမကြေညာချက်က စစ်ကြီးပြီးဆုံးတဲ့ နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်တာပါ။ ဒုတိယကမ္ဘာစစ် နှစ်ခြောက်ဆယ်အထိမ်းအမှတ်မှာလည်း (အဲဒီတုန်းက)ဝန်ကြီးချုပ်ကိုအိဇုမိကလည်း ကြေညာချက်တစ်စောင် ထုတ်ခဲ့ပါသေးတယ်။ ကျွန်တော်လည်း သင့်တော်တဲ့အချိန် ကြေညာချက်တစ်စောင်လောက် ထုတ်ချင်ပါသေးတယ်။ ဒါပေမဲ့ အရင်က ကျွန်တော် ပြောဖူးသလိုပါပဲ။ နိုင်ငံရေးသမားတွေဟာ သမိုင်းနယ်ထဲ မဝင်သင့်ဘူးဆိုတာ ကျွန်တော့်ယုံကြည်မှုပါ။ အဲဒီအစား နိုင်ငံရေးသမားတွေဟာ အနာဂတ်ကို ဦးတည်တဲ့ အမြင်မျိုးရှိသင့်ပါတယ်။ ဒီအမြင်မျိုးနဲ့ သင့်တော်တဲ့တစ်ချိန်မှာ ကြေညာချက်ထုတ်ပြန်ဖို့ ကျွန်တော် ရည်ရွယ်ထားပါတယ်။

**“အနာဂတ်ကို ဦးတည်”တယ်ဆိုတာ ဘယ်လိုမျိုးပါလဲ။**

ကျွန်တော်ဆိုလိုတာက ဂျပန်ဟာ အာရှနဲ့ဆက်ဆံရေးမှာ ကိုယ်ရပ်တည်သင့်တဲ့ အခန်းကဏ္ဍအကြောင်းပဲပြောသင့်တယ်လို့ ဆိုလိုတာပါ။

**ဒါဆို သူတို့ရဲ့ ပိုကြီးမားတဲ့ ရည်ရွယ်ချက်က ဘာလို့ထင်ပါသလဲ။ တရုတ်နိုင်ငံဟာ ဆင်ကာကူကျွန်းစုတွေကိစ္စမှာ ဘာကိုအောင်မြင်ဖို့ ကြိုးစားနေပါသလဲ။**

တရုတ်နိုင်ငံဟာ နိုင်ငံတစ်ခုအနေနဲ့ဆိုရင် ကွန်မြူနစ်ပါတီရဲ့ တစ်ပါတီစနစ် အုပ်ချုပ်မှုအောက်မှာ ရှိနေတာပါ။ ဒါပေမဲ့ ဈေးကွက်စီးပွားရေးကို ဖော်ဆောင်ထားတယ်။ တစ်ပါတီစနစ်အောက်က နိုင်ငံတစ်ခုအနေနဲ့ဆိုရင် သူတို့ဟာ ပုံမှန်အားဖြင့်တော့ ရလဒ်တွေ ညီမျှမှုကို ရှာဖွေနေသင့်တယ်။ ဒါပေမဲ့ ဈေးကွက်စီးပွားရေးကို မိတ်ဆက်ထားတဲ့ ရလဒ်အနေနဲ့ တရုတ်နိုင်ငံဟာ သူ့ကွန်မြူနစ်ပါတီရဲ့ တရားဝင်မှုအတွက် ဒေါက်တိုင်တစ်ခုဖြစ်တဲ့ ပြည်သူအားလုံးအတွက် သာတူညီမျှရလဒ်တွေ ထွက်ပေါ်ရေးဆိုတာကို စွန့်ပစ်ထားခဲ့ရတယ်။ ဒီအချက်က သူတို့ကို နောက်ထပ် ကွဲပြားခြားနားတဲ့ ဒေါက်တိုင်တွေ ရှိထားဖို့ လိုအပ်လာစေတယ်။ အဲဒါတွေထဲက တစ်ခုကတော့ မြင့်မားတဲ့ စီးပွားရေး တိုးတက်မှုနှုန်းပေ့ါ။

နောက်တစ်ခုကတော့ မျိုးချစ်စိတ်ဓာတ်အမြင်ရှိရေးပေ့ါ။ သူတို့ရဲ့မြင့်မားလာတဲ့ စီးပွားရေးတိုးတက်မှုနှုန်းအတွက် လိုအပ်လာတဲ့ သဘာဝအရင်းအမြစ်တွေကို ရှာဖွေဖို့ ကြိုးစားတဲ့အနေနဲ့ သူတို့ဟာ ပင်လယ်ပြင်(ပိုင်ဆိုင်မှု)ဘက်ကို ရွှေ့လာတယ်လို့ ကျွန်တော် ယုံကြည်မိပါတယ်။

နောက်တစ်ခု သူတို့ရှာနေတဲ့ ဒေါက်တိုင်တစ်ခုကတော့ သူတို့ ပညာရေးစနစ်မှာ မျိုးချစ်စိတ်ဓာတ်ကို သင်ကြားရေးပေ့ါ။ ဒါပေမဲ့လည်း တရုတ်နိုင်ငံမှာ ဖြစ်တဲ့ကိစ္စမှာ ကံမကောင်းတာက မျိုးချစ်စိတ်ဓာတ်ရှိရေး သင်ကြားတာဟာ ဂျပန်ဆန့်ကျင်ရေးစိတ်ထားသင်ကြားတာ ဖြစ်လာနေတယ်။ တစ်နည်းပြောရရင် သူတို့ရဲ့ပညာရေးပေါ်လစီမှာ မျိုးချစ်စိတ်ဓာတ်သင်ကြားရေးဆိုတာဟာ အရင်က သူတို့အနေနဲ့ ပွင့်လင်းတဲ့ပေါ်လစီနဲ့ပြုပြင်ပြောင်းလဲရေးကို စတင်ကြဖို့ ကြွေးကြော်ခဲ့တာထက်ပိုပြီး

စာမျက်နှာ(၃၇)သို့

7DAY NEWS JOURNAL

# Entertainment

Vol.11, No.51 • FEBRUARY 28 , 2013

## သင်္ကြန်တေးစီးရီးနှင့် ဇာတ်ကားများ အထွက်နည်းမည်

**အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃**

ယခုနှစ် သင်္ကြန်ကာလအတွက် ခါတော်မီတေးစီးရီးဗီစီဒီများနှင့် ဗီဒီယို ဇာတ်ကား ထွက်ရှိမှုမှာ ယခင်နှစ်များကထက် လျော့နည်းမည်ဖြစ်ကြောင်း တေးစီးရီးထုတ်လုပ်သူများနှင့် ဇာတ်ကားရိုက်ကူးသူများက ပြောသည်။

နှစ်စဉ်နှစ်တိုင်းလိုလို သင်္ကြန်စီးရီးသစ်များ ထွက်ရှိလေ့ရှိသည့် မာစတာတေးသံသွင်းမှာ ယခုနှစ်တွင် ထွက်ရှိနိုင်မည်မဟုတ်ကြောင်း မာစတာတေးသံသွင်းမှ မဝေကပြောသည်။

“မာစတာ သင်္ကြန် ၂၀၁၂ခွေကိုပဲပြန်ရောင်းမယ်။ သင်္ကြန်ခွေသစ်ကတော့ ဒီနှစ်မှာ ဈေးကွက်ကြောင့်ရော တခြားအကြောင်းကြောင်းတွေကြောင့်ရော မထွက်နိုင်တော့ဘူး” ဟု ၎င်းကပြောသည်။

တေးစီးရီးများဖြန့်ချိရာတွင် နာမည်ကျော်သည့် ဘိုဘိုတေးထုတ်လုပ်ဖြန့်ချိရေးကလည်း ယခုနှစ်သင်္ကြန်အတွက် တေးစီးရီးအသစ်ထုတ်လုပ်မည်မဟုတ်ဘဲ ဖြန့်ချိရေးသာ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“သင်္ကြန်ခွေက ထုတ်တိုင်းရှုံးနေတာ။ ဒီနှစ်တော့ ထုတ်တဲ့ဘက်ရပ်ပြီး သူများခွေနှစ်ခွေပဲဖြန့်မယ်”ဟု ကိုဘိုဆန်းက ပြောသည်။

သင်္ကြန်တေးစီးရီး ဈေးကွက်မှာ ယခုနှစ်တွင် သိသာစွာ ခွေထွက်နှုန်း ကျဆင်းဖွယ်ရှိပြီး ရာသီစာ သင်္ကြန်ဗီဒီယိုဈေးကွက်မှာမူ လွန်ခဲ့သည့် ငါးနှစ်ခန့်ကတည်းက ဇာတ်ကားသစ်ထွက်ရှိမှု မရှိသလောက် ကျဆင်းခဲ့ပြီဖြစ်သည်။



*ဒါရိုက်တာမောင်မောင်ဦးရိုက်ကူးနေသည့် ‘တန်ခူးရင်ခွင်’ရိုက်ကွင်း*

ဓာတ်ပုံ-ပွင့်သစ်ချို

**စာ(၄၉)သို့**

## ကားပြန်ရိုက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုတော့ ပြင်မှာမဟုတ်ပါဘူး

### မယ်လိုဒီနှင့်တွေ့ဆုံခြင်း

**ကြူကြူဟန်**

လွန်ခဲ့သော တစ်နှစ်ကျော်လောက်ကတည်းက ဇာတ်ကားများရိုက်ကူးမှုပြုလုပ်ခြင်းမရှိတော့သည့် မယ်လိုဒီ ကို “ထာဝရအလင်းတန်းများ” ရုပ်ရှင်ဇာတ်ကားနဲ့အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု ရရှိခဲ့ပြီးနောက် ဇာတ်ကားများ ပြန်လည်ရိုက်ကူးခြင်း ရှိ၊မရှိကို ပရိသတ်အများစုက စိတ်ဝင်စားလျက်ရှိပါတယ်။ သူမကအဖြူရောင်သက်တံက စီစဉ်ပေးမှုကြောင့် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် သုခရိပ်မြုံဂေဟာနှင့် AGAPE စောင့်ရှောက်မှုဂေဟာမှ မိဘမဲ့ကလေး ၁၅၀ ကျော်နှင့် အတူဂိမ်းကစားပေးကာ နေ့လယ်စာ ခေါက်ဆွဲကြော်နဲ့ အလှူပြုလုပ်ခဲ့ပါတယ်။ အကယ်ဒမီရရှိခဲ့ပေမယ့်လည်း ဇာတ်ကားများရိုက်ကူးရန်မရှိဘဲ ပရဟိတအကျိုးပြုဇာတ်ကားများကိုသာရိုက်ကူးလိုပြီး “သက်ငယ်” မသန်စွမ်းအဖွဲ့က မယ်လိုဒီကို သံတမန်အဖြစ်ခန့်အပ်ထားကာ အဖွဲ့ရဲ့ လူကြီးများက ရွေးချယ်ခြင်းမဟုတ်ဘဲ ကလေးများကရွေးချယ် ခန့်အပ်ထားခြင်းဖြစ်ပါတယ်။ ကလေးသူငယ်နှင့်ပတ်သက်ပြီး လူမှုရေးလုပ်ငန်းများမှာ ကူညီနေတဲ့ မယ်လိုဒီကို တွေ့ဆုံမေးမြန်းထားပါတယ်။



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

**အကယ်ဒမီဆုက မျိုးမျိုးကို ရုပ်ရှင်ပြန်ရိုက်ချင်တဲ့ ဆန္ဒကို မဖြစ်ပေါ်စေခဲ့ဘူးလား။**

မဖြစ်ပေါ်ဘူး။ အဓိကအားလုံးကို နားလည်ပေးတာပေါ့။ မျက်စိက အဆင်မပြေဘူး၊ လမ်းမှာကိုယ့်ကို ချစ်တဲ့သူနဲ့တွေ့ရင် ဓာတ်ပုံအရိုက်ခံရင်တောင်မှ ရိုက်တော့မယ်ဆိုမှ မျက်စိဖွင့်ရတယ်။ ပုံမှန်အားဖြင့် မျက်စိက နေဒဏ်မခံနိုင်လို့ပါ။ အဲဒါကြောင့်မို့ပါ။ ပုဂ္ဂိုလ်ရေးခံစားချက်ကြောင့် မဟုတ်ပါဘူး။

**စာ(၄၉)သို့**



## မိသားစုဘဝအတွက် သရုပ်ဆောင်အလုပ်ကို စွန့်လွှတ်ကောင်းစွန့်လွှတ်မယ့် မီလာကူးနစ်

**လော့စ်အိန်ဂျလိစ်၊**
**ဖေဖော်ဝါရီ-၂၃**

ဟောလိဝုဒ်သရုပ်ဆောင် မင်းသားအက်ရှ်တန်ကုချာနှင့် လက်တွဲနေသော မင်းသမီးချော မီလာကူးနစ်က သူမသည် မကြာမီ အနာဂတ်ကာလအတွင်း သာမန်ဘဝကို လိုချင်သည့်အတွက် မိသားစုဘဝကိုရွေးချယ်ကာ သရုပ်ဆောင်ဘဝမှ နုတ်ထွက်ကောင်း နုတ်ထွက်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အသက် ၂၉ နှစ်အရွယ်ရှိ မင်းသမီးကူးနစ်က သရုပ်ဆောင်ဘဝမှ နုတ်ထွက်လိုခြင်းနှင့်ပတ်သက်၍ “ကျွန်မ အိမ်မှာနေတဲ့ မိခင်တစ်ဦးပဲ ဖြစ်ချင်နေတာပါ။ ကျွန်မဟာ အချိန်ပြည့်အလုပ်လုပ်နေတဲ့ အဖေ၊ အမေ နှစ်ယောက်နဲ့ ကြီးပြင်းလာရတာပါ”ဟု ငယ်ဘဝအကြောင်း ရည်ညွှန်းပြောကြားရင်း ရုပ်ရှင်လောကမှ ထွက်လိုကြောင်း ပြောသည်။ သူမက ဆက်လက်၍ “ကိုယ်ပိုင်ဘဝကို လိုချင်သလား။ ဒါမှမဟုတ် အလုပ်လုပ်ချင်သလားမေးရင် ဒီရုပ်ရှင်လောကမှာက ပျော်ရွှင်မှုရတာရှားပါတယ်။ ဒါကြောင့် ကိုယ်ပိုင်လွတ်လပ်မှုနဲ့ အလုပ်ကို ရွေးချယ်ရမှာပါပဲ”ဟုဆိုသည်။

မီလာကူးနစ်သည် ယမန်နှစ်မှစတင်၍ သူမနှင့် 70's Show ဇာတ်ကားတွင် ပူးတွဲသရုပ်ဆောင်ခဲ့သူ မင်းသားအက်ရှ်တန်ကူချာနှင့် လက်တွဲခဲ့သူဖြစ်သည်။

—Ref: Showbizspy

7DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# T-ARA ၏ အယ်လ်ဘမ်သစ် ဂျပန်နိုင်ငံ၌ ဖြန့်ချိ



**ဆိုးလ်၊ဖေဖော်ဝါရီ-၂၃**

တောင်ကိုရီးယားအမျိုးသမီး ကေပေါ့ပ်ဂီတအဖွဲ့တစ်ခုဖြစ်သော T-ARA သည် ၎င်းတို့၏ Bunny Style အမည်ရ တစ်ကိုယ်တော်အယ်လ်ဘမ်အသစ်ကို လာမည့်မတ်လတွင် ဂျပန်နိုင်ငံ၌ ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့၏ စီမံခန့်ခွဲရေးအေဂျင်စီ Core Contents မှ သတင်းထုတ်ပြန်ချက်အရ အဆိုပါအယ်လ်ဘမ်ကို သီဆိုမှုပုံစံကွဲ ဗားရှင်း ၁၀ မျိုးဖြင့် ဖြန့်ချိဖွယ်ရှိပြီး ခုနစ်မျိုးတွင် အဖွဲ့ဝင်အားလုံးပါဝင်၍ သုံးမျိုးတွင် အဖွဲ့ငယ်များခွဲ၍ သီဆိုသွားမည်ဟု ဆိုသည်။

T-ARA အဖွဲ့သည် လာမည့်မတ်လ အယ်လ်ဘမ်သစ် မထွက်ခင်ကပင် ဖျော်ဖြေပွဲများ ပြုလုပ်ရန် ဂျပန်နိုင်ငံသို့ ကြိုတင်ထွက်သွားခဲ့သည်။ အဖွဲ့သည် ဂျပန်တွင် အိုဆာကာ၊ နာဂိုယာ၊ ဆတ်ပိုရိုအပါအဝင်နေရာပေါင်း ၁၅နေရာ၌ အယ်လ်ဘမ်သစ်အတွက် အရောင်းမြှင့်တင်ရေးဖျော်ဖြေပွဲများ ပြုလုပ်သွားမည်ဟု သိရသည်။

—Ref: KBS

# ပြသခွင့်မရခဲ့သော ဒွေးပါဝင်သည့် သရဲကားပြန်လည်ပြသခွင့်ရ

**ဖွဲ့ညက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

လွန်ခဲ့သောခုနစ်နှစ်ခန့်က အကယ်ဒမီဒွေးပါဝင်သရုပ်ဆောင်ထားခဲ့သော ဆင်ဆာခွင့်ပြုချက် မရသဖြင့် ပြသခွင့်မရခဲ့သော ကြန့်ကြာနေသည့် “ပုဏ္ဏကတိုက်တဲ့ည” ဒီဗီဒီဇာတ်ကားကို ပြန်လည်ပြသခွင့် ရသွားပြီဖြစ်ကြောင်း လပ်ကီးဆဲဗင်း ထုတ်လုပ်ရေးမှ မအေးအေးဝင်း က ပြောသည်။

အဆိုပါဒီဗီဒီကို ၂၀၀၆ ခုနှစ် သရဲကားများ ခေတ်မစားမီကတည်းက ရိုက်ကူးခဲ့ပြီး ဆင်ဆာခွင့်ပြုချက် မရရှိသောကြောင့် ယခုအချိန်မှ ပြသခွင့်ရကြောင်း ၎င်းက ပြောသည်။

ဒွေးကွယ်လွန်ချိန်တွင် ရိုက်ကူးပြီး ဇာတ်ကားနှစ်ဆယ်ကျော်ကျန်ရှိရာ ယခုဇာတ်ကားမှာမူ လွန်ခဲ့သည့် ၃ နှစ်ခန့်ကတည်းက ဆင်ဆာခွင့်ပြုချက်ကြောင့် ကြန့်ကြာနေခြင်းဖြစ်ပြီး ဒွေးပါဝင်သရုပ်ဆောင်ခဲ့သည့် နောက်ဆုံးလက်ကျန် ဇာတ်ကားဖြစ်ကြောင်း ၎င်းကပြောသည်။

“လူအများကို ကြောက်လန့်စေတယ်ဆိုပြီး ဆင်ဆာက ခွင့်မပြုခဲ့တာပါ” ဟု ယင်းဒီဗီဒီ၏ ဒါရိုက်တာဦးမျိုးမင်းက ပြောသည်။

ပုဏ္ဏကတိုက်ခြင်း ဆိုသည်နှင့် လူအများက သရဲကားဟုထင် ကြသော်လည်း ဤဒီဗီဒီမှာ သရဲဇာတ်ကားမဟုတ်ဘဲ စိတ်စွမ်းအင်ကို အသုံးပြု၍ အရာဝတ္ထုများကိုရွေ့လျားစေခြင်း(Psycho-kinesis)နှင့် အိမ်ခေါင်မိုးပေါ်သို့ ခဲများကျခြင်းစသည့်အကြောင်းအရာများ ပါဝင်ကြောင်း ၎င်းကဆိုသည်။

“ပုဏ္ဏက တိုက်တဲ့ည” ဒီဗီဒီဇာတ်ကားကိုဖေဖော်ဝါရီ ၂၂ရက်တွင် နဝဒေးရုံ၌ စတင်ပြသလျက်ရှိသည်။










7DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013



စာ(၄၇)မှ

## မယ်လိုဒီနှင့်တွေ့ဆုံခြင်း

**ဒီလိုဆုံးဖြတ်ပြီးမှအကယ်ဒမီရခဲ့တော့ မမျိုးအနေနဲ့ နောင်တရမိတာမျိုးဖြစ်မိလား။**

မဖြစ်ဘူး။အကယ်ဒမီကအစကတည်းကမျှော်လင့်လဲမထားဘူး။ မမျှော်လင့်ဘဲရတဲ့အရာတွေကပိုပြီးတော့စိတ်လှုပ်ရှားစရာကောင်းတယ်။ဝမ်းသာစရာကောင်းတယ်။ ဆုံးဖြတ်ချက်ကတော့ ဆုံးဖြတ်ချက်သက်သက်ပါ။ မျိုးက အဲဒါကိုပြင်မှာမဟုတ်ဘူး။မျိုးနောင်တလည်းမရဘူး။ဘာလို့လဲဆိုတော့ ဘဝမှာရှေ့လျှောက်လုပ်ဆောင်စရာတွေ အများကြီးရှိသေးတယ်လေ။

**အစ်မအကယ်ဒမီပွဲမှာရည်ညွှန်းခဲ့တဲ့ "ကို" ကို ပရိသတ်တွေ တော်တော်စိတ်ဝင်စားကြပါတယ်။ ပြီးတော့ အစ်မ ဖေ့စ်ဘွတ်ခ်မှာ "အကယ်ဒမီရတဲ့သူတွေ ချစ်သူကို ကျေးဇူးတင်စကားပြောပြီးရင် ကွဲတတ်တာ စတိုင်လား" လို့ ရေးထားတာလည်းတွေ့ခဲ့ရတယ်။အဲဒါနဲ့ပတ်သက်ပြီးတော့ရောပရိတ်သတ်ကိုအသိပေးချင်တာများရှိလား။**

Personal နဲ့ပတ်သက်ပြီးတော့ မပြောချင်တော့ဘူး။ မပြောချင်ဘူးဆိုတာတောင် မြန်မာပြည်က မင်းသမီးတွေထဲမှာ မျိုး အပြောဆုံးပါပဲ။ နောက်ပိုင်းဘာလို့မပြောလဲဆိုတဲ့အခါကျတော့ တစ်ခါတလေကြရင် လူတွေကအဲဒါတွေကို အညှီအဟောက် လို့ပြောကြတယ်။အညှီအဟောက်နဲ့ နာမည်ကြီးတယ်လို့ပြောကြတယ်။ တကယ်တမ်းကျ အခုမျိုး ရခဲ့တဲ့ အကယ်ဒမီကလည်းအညှီအဟောက်နဲ့ရခဲ့ တာမဟုတ်ဘူး။ အချစ်ရေးအချစ်ရာက အခမ်းနားဆုံးလို့ထင်ရင်အခမ်းနားဆုံးပေ့ါ။အဲဒါကို အခမ်းနားဆုံးမဟုတ်ဘူးလို့ထင်တဲ့ သူလည်း ရှိတာပဲ။ မျိုးကတော့ အချစ်ကို လေးစားတယ်။ မိဘအချစ်၊သားသမီးအချစ်၊သူငယ်ချင်းအချစ်၊ မိတ်ဆွေအပေါင်းအသင်းအချစ်၊ ရှိသမျှအချစ်တွေအားလုံးကို တန်ဖိုးထားတယ်။

**ဖေ့စ်ဘွတ်ခ်ကပရိတ်သတ်တွေအကြောင်းပြောတာအမြဲတွေ့နေရတော့ အစ်မရဲ့နေ့စဉ်ဖြတ်သန်းမှုမှာFBကဘယ်လောက်အရေးပါနေပြီလဲ။**

အရေးပါပါတယ်။ Facebook ကဒါတောင်အမြဲတမ်းမသုံးဖြစ်ဘူး။ သုံးဖြစ်ခဲ့ရင် အတတ်နိုင်ဆုံး စာပြန်နိုင်အောင်လုပ်တယ်။

**အစ်မက ကျန်းမာရေးနဲ့ပတ်သက်ရင်ချူချာလား။ အစ်မနေမကောင်းတာ ခဏခဏ သိရတယ်။ အခုရောနေကောင်းသွားပြီလား။**

ကျန်းမာရေးကတော့ ချူချာတယ်။ အားကစားလုပ်မယ်ကြံလိုက် ချူချာလိုက်၊ဂေါက်(ဖ်)ရိုက်မယ်လုပ်လိုက် ဖျားလိုက်၊ သူငယ်ချင်းတွေနဲ့ ယောဂ ကစားမယ်ကြံတိုင်း တစ်ခုခု အမြဲတမ်းဖြစ်တယ် ။ အဓိက မျက်စိဖြစ်တယ်။ အခုကျတော့ ကိုယ်ပူတယ်၊ နှာစီး၊ ချောင်းဆိုးတွေဖြစ်တယ်။ တော်တော်ထိတယ်။ ကျန်တာတော့ထွေထွေထူးထူးမရှိပါဘူး။ အရင်ထက်လည်း ပိုပြီးတော့နေလို့ကောင်းပါတယ်။

**အစ်မကိုကြည့်လိုက်ရင် အမြဲပွင့်ပွင့်လင်းလင်းနေတတ်တဲ့သူလို့ မှတ်ချက်ပေးကြတယ်။ အစ်မရဲ့ပွင့်လင်းမှုကိုအခွင့်ကောင်းယူပြီး စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်ခံရတာမျိုးကြုံဖူးလား ။အဲဒါကို ဘယ်လိုဖြေသိမ့်မလဲ။**

မျိုး က တစ်ခါတလေကျရင် ထိခိုက်လွယ်တယ်။ အဲဒါတွေက မကောင်းဘူးပေ့ါနော်။ တစ်ခါတစ်လေကိုယ့်ကို အပြုသဘောနဲ့ပြောတာရှိမယ်။ အပြစ်သဘောနဲ့ပြောတာရှိမယ်။ ကိုယ်စိတ်အားငယ်တဲ့အချိန်မှာ တစ်ခါတစ်လေ အပြုသဘောနဲ့ပြောတာတောင် အပြစ်သဘောနဲ့မြင်တတ်တယ်လေ။ အဲလိုဆိုတော့ ကိုယ့်အပေါ် စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်တာ၊ မလုပ်တာလားဆိုတာကိုယ့်အပေါ်မှာမူတည်တယ်။ ကိုယ်လက်ခံလိုက်တဲ့အပေါ်မှာမူတည်တယ်။ကိုယ့်ကိုစိတ်အနှောင့်အယှက် ဖြစ်အောင်လုပ်တယ်လို့လက်ခံလိုက်ရင်စိတ်အနှောင့်အယှက်ဖြစ်တာပေ့ါ။ ဒါမှမဟုတ် သူက အကြောင်းတစ်ခုရှိတယ် အဲဒါကြောင့်မို့ပြောတာလား။ မသိဘူးဆိုရင် အဲဒါကစိတ်အနှောင့်အယှက်မဖြစ်တော့ဘူးဆိုတော့ ကိုယ့်စိတ်ခံစားမှုနဲ့အချို့ကိစ္စတွေအများကြီး ဆိုင်ပါတယ်။

**လူမှုရေးလုပ်တဲ့အခါ ဘယ်အဖွဲ့အစည်းတွေနဲ့ လတ်တလောလုပ်ဖြစ်နေသလဲ။**

မျိုးက အဲဒါတော့သီးခြားမရှိပါဘူး ။ အဖြူရောင်သက်တံနဲ့လုပ်ဖြစ်တယ်ဆိုတာကလဲ ရှင်းရှင်းပြောရင်ဦးစောဝေတို့ကလည်း ကိုယ့်မိဘ လိုဖြစ်နေတာပေ့ါနော်။ သမီး ဒါလေးလုပ်ချင်တယ်ဆိုရင် အကုန် ဝိုင်းလုပ်ပေးတယ်။ မျိုးက နောက်လိုက်ပဲလုပ်ချင်တာပါ။ ခေါင်းဆောင်မလုပ်ချင်ဘူး။ နောက်လိုက်လုပ်ရတာ ရှင်းရှင်းပြောရရင်နောက်လိုက်ကောင်းပီသဖို့ပဲလိုတာလေ။ခေါင်းဆောင်ကောင်းဆိုတာကြတော့ တော်တော်ကြိုး စားပြီးတော့နောက်လိုက်တွေ အကုန်လုံးကိုကောင်းကောင်းထိန်းနိုင်မှ ရှေ့ဆောင်သွားက ဖြောင့်ဖြောင့်သွားမှနောက်သွားက ဖြောင့်ဖြောင့်လိုက်မှာလေ။ ပိုခက်တယ်။အစွဲမရှိဘူး။ ဘာသာမတူလို့ဘာလို့မရှိပါဘူး။ လူဟာအတူတူပါပဲ၊ အားငယ်တဲ့ဘက်ကိုတော့ပိုပြီးတော့ အားကြီး အောင်လုပ်ပေးရမှာပေ့ါ။အားလုံး အင်အားတွေကြီးနေရင် ပိုမကောင်းဘူးလား။သမာဓိချိန်ခွင်လိုပဲညီညီမျှမျှရှိနေတဲ့ အားလုံးဝဝလင်လင်စားနေရတဲ့ ပျော်ပျော် ရွှင်ရွှင်နေရတဲ့ ပညာကောင်းကောင်းမွန်မွန်သင်နေရတာမျိုး လိုချင်တာပါ။

**မိဘမဲ့ကလေးတွေလူကုန်ကူးခံရတဲ့ ကလေးတွေအတွက် လုပ်ဆောင်နေတယ်ဆိုတော့ ကလေးတွေနဲ့ပတ်သက်ပြီးတော့ အဓိကလုပ်ကိုင်ဖြစ်နေတာ ဘာကြောင့်ပါလဲ။**

ကလေးဆိုတာ တကယ်တော့ အနာဂတ်ခေါင်းဆောင်တွေပဲလေ။ သူတို့ကို မျိုး တို့က မျှော်လင့်ချက်အများကြီးထားရတယ်လေ။ သူတို့က တစ်ချိန်မှာနိုင်ငံခေါင်းဆောင်မဖြစ်ဘူးလို့မပြောနိုင်ဘူး။ သူတို့တွေအကုန်လုံးကို လုပ်ပေးတယ်ဆိုတာ စိတ်ဓာတ်ပိုင်းဆိုင်ရာမြှင့်ပေးတာရောမြန်မာနိုင်ငံအတွက်ပဲ မြန်မာနိုင်ငံကြီးလှဖို့ သာယာဝပြောဖို့ ဆင်းရဲငတ်ပြတ်နေတဲ့သူတွေနည်းပါးသွားဖို့လက်လှမ်းမီတာရှိတယ်။ မမီတာရှိတယ်။မျိုးကတော့ ကိုယ့်ဘက်ကလက် လှမ်းမီသလောက်လုပ်တာပေ့ါ။ အဓိက မြန်မာပြည်မှာလိုနေတာပညာရေးနဲ့ကျန်းမာရေးပေ့ါ။

**ဒါရိုက်တာဦးထွန်းအောင်ဇော် နဲ့ အကျိုးပြုဇာတ်ကားရိုက်ဖို့စီစဉ်နေတယ်လို့ သိရပါတယ်။အဲဒါ ဘယ်အခြေအနေရောက်နေပြီလဲ။**

အဲဒါကရိုက်ဖြစ်ရင် နောင်နောင်နဲ့ပဲဖြစ်မလားမသိဘူး။ ဦးထွန်းအောင်ဇော်နဲ့လည်း သေချာမတွေ့ရသေးဘူး။ ကလေးတွေအတွက်ပဲအကျိုးပြုမယ်ဆိုရင် ရိုက်သွားမှာပါ ဦးထွန်းအောင်ဇော် ကို မျိုး ပြောထားတယ်။ အကယ်ဒမီရရင် တစ်ကားစာအလကားရိုက်ပေးမယ်လို့ပြောထားပြီးသား။ သူကသစိန်ခေါ်တယ်။ အဲကား စရိုက်ကတည်းကနင်အကယ်ဒမီရမှာ ။ မျိုး က အဓိပ္ပာယ်မရှိတာ မပြောပါနဲ့ဆရာရယ်လို့။ အဲဒီလောက်ကြီး မဟုတ်ပါဘူးလို့ ။ သူက မဟုတ်ဘူးတဲ့ ဒီမှာ ငါ့သမီး နင်အဲဒီကားနဲ့ အကယ်ဒမီရရင် တစ်ကားအလကားရိုက်ပေးရမယ်နော်တဲ့ ။ ဟုတ်ကဲ့ လို့ဆိုပြီးပြောခဲ့တယ်။ အဲဒါတော့ အကြွေးတင်နေတာပေ့ါနော်။ အကျိုးပြုပဲရိုက်မှာပါ။

**"ထာဝရအလင်းတန်းများ" ဇာတ်ကားတစ်ကားထဲမှာ အတူတူအကယ်ဒမီရခဲ့တဲ့ ဦးမော့စ် ကွယ်လွန်သွားပါတယ်။ သူ့အတွက် အမှတ်တရအဖြစ်အပျက်လေးရှိပါသလား။**

တော်တော်ဝမ်းနည်းတယ်။ သူနဲ့မျိုး လုံးဝမတည့်ဘူးလေ။ ရှုတင်မှာတကျက်ကျက်ရန်ဖြစ်နေကြ ။ မျိုးကိုနောက်ရင် ဘယ်လိုခေါ်မလဲကလေးနောက်တာမဟုတ်ဘူး။ လူကြီးနောက်တဲ့ စကားတွေဆိုတော့ သိပ်သည်းမခံတတ်ဘူး။ စိတ်ဆိုးပြီးရှုတင်မှာ ရန်ဖြစ်တယ်။ တော်ပါသေးတယ် ဦးထွန်းအောင်ဇော်ဒင်နာကျတော့ပြန်တည့်သွားပြီလေ။ အခုအချိန်ထိသာ မတည့်ဘဲစိတ်ကောက်နေရမယ်ဆိုရင် ဒီထက်ပိုပြီး ရင်ကျိုးရမှာလေ။အခု တော့ တော်ပါသေးတယ်။ ပြန်အဆင်ပြေသွားလို့။ ဘာပဲပြောပြော သူ့အစားဂုဏ်ယူပါတယ်။ သူမသွားခင်မှာ အကယ်ဒမီရအောင် ယူသွားနိုင်တယ်။ ချစ်စရာလည်းကောင်းတယ်။ ဟာသလဲအရမ်းပြောတယ်။ ပွဲဆူအောင်လုပ်တယ်။ အဲဒီလိုအနုပညာရှင်ကြီးတစ်ယောက် ဆုံးရှုံးသွားတာ စိတ်မကောင်းပါဘူး။ မျိုး တို့ငယ်ငယ်ထဲက ကြည့်ပြီး ကြိုက်ခဲ့ရတာလေ။

စာ(၄၇)မှ

## သကြၤန်တေးစီးရီးနှင့် ဇာတ်ကားများ အထွက်နည်းမည်

သို့သော်ယခုနှစ်တွင်မူသကြၤန်၏အရသာကိုပေးစွမ်းနိုင်မည့်သကြၤန်နောက်ခံဇာတ်ကားတစ်ကားကိုဒါရိုက်တာမောင်တင်ဦးနှင့် ဆာတိုရီထုတ်လုပ်ရေးက ရိုက်ကူးနေကြောင်း ယင်းထုတ်လုပ်ရေးမှ ဒါရိုက်တာရီဇော်က ပြောသည်။ "ဈေးကွက်ကတော့ ရှုံးမှာပဲ။ ဒါပေမဲ့ သကြၤန်အရသာ တစ်ခု ပီပီပြင်ပြင်ဖြစ်အောင် ပါပါကြီး(ဒါရိုက်တာမောင်တင်ဦး)လည်း ကျန်းကျန်းမာမာရှိတုန်း သကြၤန်ကားတစ်ကား ရိုက်ချင်လို့ ရိုက်တာပါ။ သကြၤန်ဆိုတာ မူးရူးရမ်းကားနေတာမဟုတ်ဘဲ မြန်မာ့ရိုးရာသကြၤန်ကို ပီပီပြင်ပြင်ပုံဖော်ချင်လို့ပါ"ဟု ၎င်းကပြောသည်။

သကြၤန်တေးစီးရီးနှင့် ဗီဒီယိုဇာတ်ကားထွက်ရှိမှု နည်းပါးဖွယ် ရှိသော်လည်း ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နိုင်သည့် သံချပ်ပြိုင်ပွဲများ၊ သကြၤန်အကြိုအငြိမ့်ဖျော်ဖြေပွဲများကိုပြုလုပ်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | A Good Day to Die Hard | 20th Century Fox Distribution | ၃၆,၈၇၉,၈၀၀ | ၁ |
| ၂။ | Identity Thief | Universal Pictures | ၇၄,၇၄၄,၃၀၀ | ၂ |
| ၃။ | Safe Haven | Relativity Media Distribution Group | ၃၃,၂၉၈,၁၀၀ | ၁ |
| ၄။ | Escape From Planet Earth | The Weinstein Company | ၂၁,၁၀၂,၀၀၀ | ၁ |
| ၅။ | Warm Bodies | Summit Entertainment,LLC | ၅၁,၇၇၀,၆၀၀ | ၃ |
| ၆။ | Beautiful Creatures | Warner Bros. Pictures Distribution | ၁၁,၄၈၇,၆၀၀ | ၁ |
| ၇။ | Silver Linings Playbook | The Weinstein Company | ၉၉,၇၈၈,၂၀၀ | ၁၄ |
| ၈။ | Side Effects | Open Road Films | ၂၀,၁၂၀,၀၀၀ | ၂ |
| ၉။ | Hansel and Gretel: Witch Hunters | Paramount Pictures | ၅၀,၄၀၅,၃၀၀ | ၄ |
| ၁၀။ | Zero Dark Thirty | Sony Pictures Releasing | ၈၈,၅၃၁,၀၀၀ | ၉ |

## Movie Review

### Jack the Giant Slayer




ကမ္ဘာကြီးနှင့် ကြောက်မက်ဖွယ်ရာ လူ့ဘီလူးကြီးများဆက်သွယ်ထားသောဂိတ်ပေါက်တစ်ခုကိုJack ဆိုသည့်လူငယ်လယ်သမားတစ်ဦးက မထင်မှတ်ဘဲဖွင့်မိလိုက်ရာတွင် ရှေးပဝေသဏီက စစ်ပွဲတစ်ရပ်ကိုစတင်လိုက်မိပါတော့သည်။ လူ့ဘီလူးကြီးများက သူတို့တစ်ချိန်က ဆုံးရှုံးသွားသော နယ်မြေကို ပြန်ယူရန် ကြိုးစားသောအခါ Jackလည်း သူ့နိုင်ငံ၊ သူ့လူမျိုး၊ သူချစ်သော မင်းသမီးလေးအတွက် အသက်ကိုပင်ပေးရန် ဆုံးဖြတ်ထားသောအခါ Jack တစ်ယောက် သူ့ဇာတ်သူနိုင်အောင်ကနိုင်မည်လားဆိုတာ. . . ။

စွန့်စားခန်း၊ စိတ်ကူးယဉ်၊ အက်ရှင် ပေါင်းစပ်ထားသော ဇာတ်ကားအား ဒါရိုက်တာ Bryan Singer က ရိုက်ကူးထားပြီး Nicholas Hoult, Eleanor Tomlinson, Ewan Mcgregor တို့ ဦးဆောင် ပါဝင်ထားကာ Warner Bros. က မတ်လ ၁ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

## ကျော်ကိုကိုအရေး ညှိနှိုင်းအဖြေရှာရန် ကျွမ်းကျင်သူများ အကြံပြု

**ဗိုလ်ဗိုလ်ဝင်း၊ ခန့်ထက်**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ-၂၅**

လက်ရွေးစင်ဘောလုံးအသင်းမှ ထုတ်ပယ်ခံရသည့် တိုက်စစ်မှူး ကျော်ကိုကိုကိစ္စနှင့် ပတ်သက်၍ နိုင်ငံအသင်း၊ ကစားသမားရှေ့ရေး၊ မြန်မာဘောလုံးအနာဂတ်အတွက် သက်ဆိုင်သူများအနေဖြင့် ညှိနှိုင်းဖြေရှင်းရန်လိုအပ်ကြောင်း အားကစားလေ့လာသူများနှင့် ဘောလုံးသမားဟောင်းများက အကြံပြုပြောကြားသည်။

ကျော်ကိုကိုသည် အသင်းအုပ်ချုပ်သူနှင့် နည်းပြအဖွဲ့ဝင်များအား ရိုင်းပျစွာ ပြုမူစော်ကားမှုကြောင့် ဖေဖော်ဝါရီ ၂၀ ရက်က ပဏာမလက်ရွေးစင်အသင်းမှပြန်လည်စေလွှတ်ခဲ့ကြောင်း ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ၎င်းသည် အဆိုးဆုံးအပြုအမူအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်း လေ့ကျင့်ရေးကွင်းမှပြန်လာချိန်တွင် နည်းပြများ ရေးဆွဲထားသည့် တစ်နေ့တာ၊ အချိန်ဇယားပေါ်၌ အုပ်ချုပ်သူနည်းပြများအပေါ် ရိုင်းပျစော်ကားသည့် အဓိပ္ပာယ်သက်ရောက်သောစကားလုံးများကို ရေးသားခဲ့ခြင်းကြောင့် နည်းပြချုပ်က ယခုကဲ့သို့အသင်းမှ ပြန်လည်စေလွှတ်ခဲ့ကြောင်း ဖော်ပြထားသည်။

"ခေတ်စကားနဲ့ ပြောရရင် စားပွဲဝိုင်းပေါ်မှာ ညှိနှိုင်းအဖြေရှာကြရင် အကောင်းဆုံးအဖြေတစ်ခု ထွက်လာမှာပါ။ ကစားသမားဘက်ကလည်း ငါမှမပါရင် ရမှာမဟုတ်ဘူး၊ ငါ့ကိုအောက်ကျို့ရမယ်ဆိုတဲ့ မာနတွေ မထားသင့်သလို နည်းပြကလည်း ဆရာမို့လို့ ငါကြိုက်တာလုပ်မယ်ဆိုတဲ့ အာဏာရှင်စနစ် မသုံးသင့်ဘူး" ဟု ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး (ပျဉ်းမနား) က ပြောသည်။

ကျော်ကိုကိုလက်ရှိကစားနေသည့် ရန်ကုန်ယူနိုက်တက် အသင်းက ယင်းကိစ္စနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကစားသမားဘက်မှ ပြန်လည်တောင်းပန်ကြောင်းစာကို ထုတ်ပြန်ခဲ့သည်။ ကျော်ကိုကိုဘက်မှ ပြန်လည်တောင်းပန်သည့်သတင်းစာရှင်းလင်းပွဲကိုပြုလုပ်ခဲ့ကြောင်းဆိုခဲ့သော်လည်း ၎င်းရှင်းလင်းပွဲ ပြုလုပ်ခြင်းကို မီဒီယာအများစု သိရှိခဲ့ခြင်းမရှိပေ။

"ကလပ်အသင်းအနေနဲ့ကလည်း အရေးယူမှုနဲ့ပတ်သက်ပြီး ကစားသမားရဲ့ဖြစ်စဉ်ကိုသေချာသုံးသပ်ပြီး ဖြစ်သင့်တဲ့ပြစ်ဒဏ်ပေးမှုမျိုးကိုပြုလုပ်သွားမှာပါ" ဟု ရန်ကုန်ယူနိုက်တက်အသင်း အုပ်ချုပ်သူ ဦးအောင်ကျော်လွင်က ဆိုသည်။ လက်ရွေးစင်နည်းပြအဖွဲ့မှ ကျော်ကိုကိုအား အရေးယူမှုကို လက်ခံပါကြောင်း၊ ကလပ်အသင်းအနေဖြင့်လည်းကစားသမားအား နောင်မမှားအောင် ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဦးအောင်ကျော်လွင်က ဆက်လက်ပြောသည်။

"ကျော်ကိုကိုဘက်ကနေပြီးတော့ အမှားကိုတောင်းပန်မယ်ဆိုရင်တော့ ပတ်ဆောင်ဟွာအနေနဲ့ လက်ခံသင့်ပါတယ်။ သူ့ရဲ့ အနာဂတ်အတွက် ဘယ်လိုကောင်းအောင်လုပ်ရမလဲဆိုတာကိုကြည့်ပြီးတော့ လက်ခံပေးသင့်ပါတယ်။ လူဆိုတာ အမှားတော့ ရှိကြတာပေါ့"ဟု လက်ရွေးစင်ကစားသမားဟောင်း ကိုအောင်ကျော်မိုးက ပြောသည်။

"ကျော်ကိုကိုဘက်ကလည်း အချိန်တန်လို့ ပြိုင်ပွဲကျရင် ငါ့ကိုခေါ်မှာပါဆိုတဲ့ စိတ်မျိုး ထားမနေမိပါစေနဲ့လို့ ဆုတောင်းနေပါတယ်။ တာဝန်ရှိသူတွေ၊ နည်းပြတွေက ခွင့်လွှတ်နားလည်ပေးရင်လည်း ဒီလိုအမှားမျိုး နောက်ထပ် မကျူးလွန်မိဖို့နဲ့ စိတ်ဓာတ်ရင့်ကျက်လာဖို့စိတ်ဓာတ်ကောင်းတဲ့ ရှေ့ကစီနီယာကစားသမားကြီးတွေဆီက အတုယူစေချင်တယ်" ဟု မြန်မာဘောလုံးပရိသတ်တစ်ဦးကလည်း ပြောသည်။

ဘဏ္ဍာအခွန်အသင်းအား ၁၅ နှစ်တိုင် နည်းပြခဲ့သည့် ဦးခင်မောင်ကြိုင်ကလည်း ကျော်ကိုကိုတွင် အရည်အချင်းကောင်းများ ရှိသည့်အတွက် အမှားကို အရေးယူမှုပြုလုပ်ရန်လိုသော်လည်း နိုင်ငံအသင်းနှင့် ကစားသမား၏ အနာဂတ်အတွက် ၎င်းအား ပစ်ပယ်ခြင်းမပြုဘဲ လက်တွဲခေါ်ယူသင့်ကြောင်း ၎င်း၏အမြင်ကို ပြောသည်။

နိုင်ငံလက်ရွေးစင်အသင်း အောင်မြင်မှုမရရှိသေးသည့်အတွက် ဘောလုံးသမားများ ခံစားခွင့်လစာ တိုးမြှင့်လာသော်လည်း စိတ်ကြီးမဝင်ရန်အတွက် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်က ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်တွင် သတိပေးခဲ့သည်။

"ဘဏ္ဍာအခွန်အသင်းမှာ ကစားတုန်းက ပွဲစဉ်တစ်ခုမှာ ရှေ့တန်းမှာကစားတဲ့ ကျွန်တော်က ဂိုးမသွင်းနိုင်ဘူးဖြစ်နေတယ်။ နည်းပြက ဒေါသထွက်တော့ အဆဲခံရတာပေါ့။ အဲဒီအချိန်က ကျွန်တော်ကလည်း ငယ်သေးတော့ ဒေါသထွက်ပြီးပြန်ပြောမိတာတွေလည်း ရှိခဲ့တယ်။ ဒုတိယပိုင်းလည်း ဆက်မကစားချင်တော့ဘူး။ ဒါပေမဲ့ အသင်းအုပ်ချုပ်သူက ကျွန်တော့်ကို ဖျောင်းဖျလို့ ဆက်ကစားတော့ ဒုတိယပိုင်းမှာ ဂိုးသွင်းနိုင်ပြီး အသင်းလည်း နိုင်ပွဲရခဲ့ပါတယ်" ဟု မြန်မာ့လက်ရွေးစင် တိုက်စစ်မှူးဟောင်း ဦးမျိုးလှိုင်ဝင်းက ၎င်း၏ အတွေ့အကြုံတစ်ခုကို ပြောပြသည်။

ဘောလုံးသမားတစ်ဦးအနေဖြင့် အမြဲတမ်း ကြိုးစားနေရမည်ဖြစ်ပြီး ဖြစ်ပေါ်လေ့ရှိသည့် နည်းပြ၏ အပြစ်ပေးမှု၊ ဆူပူမှုကိုလည်း မိမိအတွက် တွန်းအားတစ်ခုအဖြစ် သုံးတတ်ရန် လိုအပ်မည်ဖြစ်ကြောင်း ဦးမျိုးလှိုင်ဝင်းက ဆက်ပြောသည်။

"ကျွန်တော့်အနေနဲ့ ဘောလုံးပညာပိုင်းတင်မကဘဲ ကစားသမားတွေကို အုပ်ချုပ်မှုပိုင်းမှာလည်း အတွေ့အကြုံအများကြီး ရှိထားပါတယ်။ လူတစ်ယောက်ရဲ့ အကျင့်ကိုပြင်တဲ့အခါမှာ ဆုပေး၊ ဒဏ်ပေးစနစ်ကို ကျင့်သုံးရပါမယ်။ အခု ဒီမှာက ဒဏ်မပေးဘဲ ဆုချည်းပေးပြီး အလိုလိုက်တာများနေတယ်" ဟု မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာက မှတ်ချက်ပြုသည်။

နှစ်ပေါင်းများစွာ မျိုးဆက်ပြတ်လပ်မှုဒဏ်ကို ခံစားခဲ့ရသည့် မြန်မာဘောလုံးကစားသမား ရင်းမြစ်ရှားပါးမှုဒဏ်ကြောင့်ရှိသည့် လူနည်းစုကစားသမားများပေါ်တွင် မှီခိုနေရခြင်းက အထက်ပါအခြေအနေကို ဖန်တီးနေခြင်းဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

## လက်ရှိချန်ပီယံ ထုတ်ပယ်ခံရသော ဇေကမ္ဘာမြန်မာအိုးပင်း ထိုင်းနိုင်ငံသား ဗိုလ်စွဲ

**ခန့်ထက်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၄**

လက်ရှိချန်ပီယံမှာ ပြိုင်ပွဲဝင်နေရာသို့ အချိန်မီမရောက်၍ ထုတ်ပယ်ခြင်း ခံရသော ဇေကမ္ဘာမြန်မာအိုးပင်း ၂၀၁၃ ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ထိုင်းနိုင်ငံသား ပလက်ဖော်က သတ်မှတ်ရိုက်ချက် ၁၈ ချက် လျှော့ရိုက်ပြီး ဗိုလ်စွဲခဲ့သည်။

လေးရက်အကြာ ယှဉ်ပြိုင်ရသော ပြိုင်ပွဲ၌ လက်ရှိချန်ပီယံ ပရတ်(သြစတြေးလျ)သည် ဒုတိယနေ့၌ ပွဲထွက်ချိန်တွင် တီခုံသို့ အချိန်မီရောက်မလာခြင်းကြောင့် ပြိုင်ပွဲစည်းကမ်းအရ ထုတ်ပယ်ခြင်းခံရသည်။

"သူက လေ့ကျင့်ရေးကွင်းမှာ လေ့ကျင့်နေရာမှ စထွက်မယ့် တီခုံကို အချိန်မီမရောက်နိုင်တော့ ပြိုင်ပွဲက ထုတ်ပစ်လိုက်ရတာ။ သူမိနစ်ပိုင်းလောက်ပဲ နောက်ကျခဲ့တယ်"ဟု မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ကိုဂျေဂျေက ပြောသည်။

ဖလက်ဖော်သည် ပြိုင်ပွဲ၌ ချန်ပီယံဆုအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပြီး နောက်ဆုံးကျင်း၌ ပြိုင်ဘက်အား တစ်ချက်လျှော့ရိုက်နိုင်ခဲ့ကာ ပြိုင်ပွဲတစ်လျှောက်ရိုက်ချက်(၂၇၀)ဖြင့်ဗိုလ်စွဲခဲ့သည်။ ဒုတိယနေရာတွင် သီရိလက်ာမှ ပါရီရာက (၁၇) ချက်လျှော့ရိုက်၍လည်းကောင်း၊ တတိယနေရာတွင် ထိုင်းနိုင်ငံသား အဖီဘာရတ်က(၁၆)ချက်လျှော့ရိုက်ပြီး ရရှိခဲ့ကြသည်။

ပထမဆုရရှိခဲ့သော ပလက်ဖော်က ဆုကြေးအဖြစ် ကန်ဒေါ်လာ ၅၄,၀၀၀၊ ဒုတိယဆုအဖြစ် ကန်ဒေါ်လာ ၃၃,၀၀၀ နှင့် တတိယဆုအဖြစ် အမေရိကန်ဒေါ်လာ ၁၈,၉၀၀ ရရှိခဲ့ပြီး အဆင့်တစ်မှ ၆၅ အထိ ဆုကြေးငွေ ချီးမြှင့်ခဲ့သည်။

မြန်မာအိုးပင်း ၂၀၁၃ ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာဂေါက်သီးရိုက်ကစားသမား ၂၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယင်းတို့ထဲတွင် အပျော်တမ်းကစားသမားခြောက်ဦးပါဝင်ခဲ့သည်။



ဓာတ်ပုံ - AFP

မြန်မာအားကစားသမားထဲမှ အမြင့်ဆုံး အဆင့်ရပ်တည်နိုင်သူမှာ စိုးကျော်နိုင်ဖြစ်ပြီး သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ပြီး အဆင့် ၄၉ နေရာတွင်သာ ချိတ်ခဲ့သည်။

အပျော်တမ်းကစားသမားခြောက်ဦးထဲမှ သိန်းနိုင်စိုးသည် တစ်ချက်တည်း ကျင်းဝင် (Hole in One)ဆုကို ရရှိခဲ့သည်။

ဖေဖော်ဝါရီ ၂၁ မှ ၂၄ ရက်အထိ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကစားသမားပေါင်း ၁၄၀ ကျော်ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

## အာရှဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလား မြန်မာအသင်းပွဲစဉ်များ MRTV-4 မှ တိုက်ရိုက်ပြမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၅**

ရန်ကုန်မြို့တွင် လက်ခံကျင်းပမည့် ၂၀၁၄ အာရှဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလား AFC Challenge Cup ခြေစစ်ပွဲစဉ်များအနက် မြန်မာအသင်း ယှဉ်ပြိုင်သည့် ပွဲစဉ်များကို MRTV-4 ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဟု သတင်းရရှိသည်။

ခြေစစ်ပွဲအုပ်စု(က)တွင် ပါဝင်သည့်မြန်မာအသင်းသည်မတ် ၂ ရက်တွင် ဂူအမ်အသင်းနှင့်လည်းကောင်း၊ မတ် ၄ ရက်တွင် တရုတ် (တိုင်ပေ) အသင်းနှင့်လည်းကောင်း၊ မတ် ၆ ရက်တွင် အိန္ဒိယအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တစ်ရက်လျှင်နှစ်ပွဲ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပွဲစဉ်များကို အခမဲ့ရုပ်သံလိုင်းဖြစ်သည့် MRTV-4 မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကာ ကျန်ပွဲစဉ်များကို For Sport ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။ ပထမပွဲစဉ်ကို ညနေ ၄ နာရီအချိန်တွင် စတင်မည်ဖြစ်ပြီး မြန်မာအသင်းပွဲစဉ်အားလုံးသည် ဒုတိယပွဲစဉ်ဖြစ်သည့် ညနေ ၆ နာရီ ၄၅ မိနစ်အချိန်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များအတွက် ဝင်ကြေးအဖြစ် အထူးတန်း ကျပ်တစ်ထောင်နှင့် ရိုးရိုးတန်း ကျပ်ငါးရာသတ်မှတ်ထားကြောင်း သတင်းရရှိသည်။

# ချစ်ကြည်ရေးပွဲများတွင် ရလဒ်ထက် ကစားသမားများ၏ ခြေစွမ်းကိုသာ အဓိကစမ်းသပ်ခဲ့ဟုဆို



ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)

**ခန့်ထက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၂**

ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ချစ်ကြည်ရေးပွဲစဉ်များ ကစားရာတွင် အနိုင်ရလဒ်ထက် ကစားသမားတစ်ဦးချင်းစီ၏ ခြေစွမ်းကို စမ်းသပ်ကစားခဲ့ကြောင်း မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာက ပြောသည်။

AFC Challenge Cup အတွက် ပြင်ဆင်လေ့ကျင့်နေသော မြန်မာအသင်း ကစားခဲ့သော ချစ်ကြည်ရေးပွဲစဉ်များတွင် ကစားသမားများအား နေရာစုံပြောင်းလဲ၍ ကစားစေခဲ့ကြောင်း ပတ်ဆောင်ဟွာက ဆိုသည်။

ဖေဖော်ဝါရီ ၂၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သော မြန်မာယူ-၂၃ နှင့် မလေးရှားယူ-၂၃ ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူခြင်းမရှိဘဲ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။

မြန်မာအသင်းသည် တစ်ဖက်အသင်း၏ ဂိုးပေါက်အား ခုနစ်ကြိမ်ကျော် ခြိမ်းခြောက်နိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိပေ။

ယင်းပွဲစဉ်တွင် မြန်မာအသင်း၏ နည်းပြချုပ်သည် ရဲဇော်၊ ထက်အောင်၊ စိုးကျော်ကျော်၊ စည်သူအောင်၊ အောင်ဇော်စသော ကစားသမားများကို လူစားလဲပြီး ကစားစေခဲ့သည်။

ယင်းခြေစမ်းပွဲသည် ရာသီဥတုကြောင့် ပွဲကောင်းတစ်ပွဲ မဖြစ်ခဲ့သော်လည်း နှစ်ဖက်အသင်းမှ ကစားသမားများက ကြိုးစားပြီး ကစားခဲ့ကြောင်း မလေးရှားယူ-၂၃ နည်းပြချုပ် အွန်ကင်ဆွီးက ပြောသည်။

တိုက်စစ်မှူးကျော်ကိုကို မပါဝင်ခဲ့သော်လည်း ယင်းပွဲစဉ်တွင် စိုးကျော်ကျော်ကဲ့သို့ ကစားသမားများ ထည့်သွင်းကစားရာတွင် အဆင်ပြေမှုရှိပြီး မိမိအနေဖြင့် ပွဲအား ကျေနပ်မှုရှိခဲ့ကြောင်း နည်းပြချုပ် ပတ်ဆောင်ဟွာက ပြောသည်။

ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၆ ရက်တွင် ကစားခဲ့သော ဖိလစ်ပိုင်ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပွဲစဉ်တွင်လည်း တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

"ဒီလို ချစ်ကြည်ရေးပွဲတွေမှာ အနိုင်ကို အဓိကထားပြီးတော့ ကစားမယ်ဆိုရင် ကစားသမားတွေရဲ့ နေရာလိုက်ခြေစွမ်းတွေကို မြင်ခွင့်ရမှာ မဟုတ်ပါဘူး" ဟု မြန်မာအသင်း နည်းပြချုပ်က ဆိုသည်။

# ဆီးဂိမ်း လက်ရှိချန်ပီယံမလေးရှား ချန်ပီယံဘွဲ့ကာကွယ်ရန် ခက်ခဲမည်ဟု မလေးရှားလက်ထောက်နည်းပြ ပြော

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၁**



ဆီးဂိမ်းနှစ်ကြိမ်ဆက် ၂၀၀၉၊ ၂၀၁၁ ချန်ပီယံဖြစ်သည့် မလေးရှားဘောလုံးအသင်းအနေဖြင့် ယခုနှစ်တွင် လက်ရှိချန်ပီယံဆုအား ဆက်လက်ထိန်းသိမ်းရန်အတွက် အလွန်ခက်ခဲမည်ဖြစ်ကြောင်း မလေးရှားယူ-၂၃ အသင်း လက်ထောက်နည်းပြ ဆာဇလီက ပြောသည်။

"မလေးရှားအသင်းဟာ လက်ရှိ ဆီးဂိမ်းချန်ပီယံအသင်းဖြစ်ပေမယ့် လာမယ့်ဒီဇင်ဘာမှာ ပြုလုပ်မယ့် ဆီးဂိမ်းပြိုင်ပွဲမှာတော့ ချန်ပီယံကာကွယ်ဖို့အတွက် အရမ်းခက်ခဲမယ်လို့ ထင်ပါတယ်။ သက်တမ်းအလိုက် ပြိုင်ပွဲတွေတောင် ချန်ပီယံဆုကာကွယ်ဖို့ ခက်ခဲတာ ဆီးဂိမ်း(ယူ-၂၃)နဲ့ ဆူဇူကီးပြိုင်ပွဲလို လက်ရွေးစင်အသင်းတွေ ယှဉ်ပြိုင်ရမယ့် ပြိုင်ပွဲတွေဆို ပိုခက်ခဲပါတယ်"ဟု ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့သည့် မြန်မာ-မလေးရှား ယူ-၂၃ ခြေစမ်းပွဲ အကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် နှစ်လခန့်မှ စတင်ကာ ဆီးဂိမ်းအတွက် ပြင်ဆင်နေသော မလေးရှားယူ-၂၃ အသင်းသည် မြန်မာယူ-၂၃ အသင်းနှင့် ခြေစမ်းပွဲမတိုင်ခင်က ဩစတြေးလျနိုင်ငံသို့သွားရောက်၍ ကလပ်အသင်းများနှင့် ခြေစမ်းကစားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းမတိုင်မီ ဆလိုဗက်ကီးယား၊ ဟန်ဂေရီနှင့် ဩစတြေးလျနိုင်ငံများသို့ သွားရောက်၍ ခြေစမ်းပွဲများနှင့် ပူးတွဲ လေ့ကျင့်မှု များ သွားရောက်ပြုလုပ်မည်ဖြစ်ကြောင်းလည်း နည်းပြချုပ် အွန်ကင်ဆွီးက ပြောသည်။

"ဒေသတွင်းပြိုင်ပွဲတွေမှာ ဗီယက်နမ်၊ထိုင်း၊စင်ကာပူအသင်းတို့ကို မေ့ထားလို့ မရပါဘူး။ သူတို့ဟာ အရမ်းကောင်းတဲ့ အသင်းတွေဖြစ်ပါတယ်။ မြန်မာကလည်း အိမ်ရှင်ဖြစ်ပြီး ကျွန်တော်တို့အသင်း(မလေးရှား)ကလည်း လက်ရှိချန်ပီယံအသင်းပါ။ မြန်မာအသင်းအနေနဲ့လည်း ဆီးဂိမ်းမတိုင်ခင် ကြားကာလမှာ ဒီထက်ပိုကောင်းလာမယ်လို့ ထင်ထားပါတယ်"ဟု မလေးရှားယူ-၂၃ နည်းပြချုပ်က ဂိုးမရှိသရေရလဒ်ဖြစ်ပေါ်ခဲ့သည့် မြန်မာ-မလေးရှား(ယူ-၂၃)ခြေစမ်းပွဲအပြီးတွင် ပြောသည်။

ပြီးခဲ့သည့် ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းသည် မလေးရှားအသင်းအား အကြိုဗိုလ်လုပွဲတွင်(၀-၁)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး တတိယနေရာလုပွဲတွင် ဗီယက်နမ်အသင်းအား အနိုင်ရရှိကာ တတိယနေရာ ရရှိခဲ့သည်။



7DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# စပါး–အာဆင်နယ် လန်ဒန်ဒါဘီ၊ နာပိုလီ–ဂျူဗင်တပ်၊ ရီးရဲလ်–ဘာစီလိုနာ ပွဲကောင်းတွေနဲ့ဖြတ်သန်းရမယ့် ဥရောပလိဂ် ပွဲစဉ်များ



**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်တွေကတော့ပွဲကောင်းတွေပြည့်နေပါတယ်။ အင်္ဂလန် ပရီးမီးယားလိဂ်မှာ စပါး-အာဆင်နယ် လန်ဒန်ဒါဘီပွဲတွေ ပါဝင်နေသလို ဗီလာကို အဝေးကွင်းမှာ ရင်ဆိုင်ရမယ့် မန်စီးတီးရဲ့ပွဲကလည်း ကြည့်ကောင်းမှာပါ။ စီးရီးအေပွဲတွေထဲမှာတော့ ဇယားထိပ်က နာပိုလီ-ဂျူဗင်တပ်ပွဲ၊ မီလန်-လာဇီယိုပွဲတွေ ပါဝင်နေတယ်။ စပိန်လာလီဂါမှာတော့ ရီးရဲလ်-ဘာစီလိုနာ၊ မာလာဂါ-အက်သလက်တီကို ပွဲတွေက စိတ်လှုပ်ရှားမှု အပြည့်ပေးနိုင်မယ့် ပွဲတွေဖြစ်လာပါလိမ့်မယ်။

**ပရီးမီးယားလိဂ် (၂ မတ်၊ စနေ။)**
**ချယ်လ်ဆီး-ဝက်စ်ဘရွန်း**
**(ည ၉း၃၀ နာရီ)**
ပကျော့ရလဒ် (၁-၂)

ပထမ အကျော့တုန်းက ချယ်လ်ဆီးတို့ မထင်မှတ်ဘဲ ရှုံးထားတာကြောင့် အိမ်ကွင်းနိုင်ပွဲရအောင် ကစားသွားမှာပါ။ ဝက်စ်ဘရွန်းရှုံးပွဲ များနေတာကြောင့် ချယ်လ်ဆီးတို့ အိမ်ကွင်းမှာ နှစ်ဂိုးလောက်ရနိုင်တယ်။ သရေဖြစ်နိုင်ခြေ နည်းနေပါတယ်။

**မန်ယူ-နော့ဝစ်ချ် (ည ၉း၃၀ နာရီ)**
ပကျော့ရလဒ် (ဝ-၁)

မန်ယူတို့လည်း ဒီပွဲမှာ အိမ်ကွင်းနိုင်ပွဲ ရှာရမှာပါ။ နော့ဝစ်ချ် အိမ်ကွင်း မာကျောပေမယ့် အဝေးကွင်း ရလဒ်ပိုင်း အကောင်းဆုံးမှာရှိမနေပါဘူး။ မန်ယူတို့ ချန်ပီယံလိဂ် ခြေစွမ်းမျိုးနဲ့ ရင်ဆိုင်ရင် အနည်းဆုံး တစ်ဂိုးအသာနဲ့နိုင်ဖို့ သေချာနေတယ်။ နှစ်ဂိုးလည်းရနိုင်ပါတယ်။

**<u>၃၊ မတ်၊ တနင်္ဂနွေ။</u>**
**စပါး-အာဆင်နယ်**
**(ည ၁၀း၃၀ နာရီ)**
ပကျော့ရလဒ် (၂-၅)

အာဆင်နယ်နဲ့ အိမ်ကွင်းမှာ တွေ့တိုင်း စပါးတို့ ရလဒ်အကောင်းဆုံး ရှိမနေခဲ့ပါဘူး။ လန်ဒန်ဒါဘီပွဲဖြစ်လို့ အကြိတ်အနယ်ရှိလာနိုင်ပေမယ့်စပါးတို့ဒီနောက်ပိုင်း သရေပွဲများနေတတ်တာ ရှိတာကြောင့် စိတ်မချရဘူး။ အာဆင်နယ် နိုင်ခြေရှိပြီး ဂိုးနည်းတဲ့ပွဲဖြစ်လာနိုင်ပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ အာဆင်နယ် ကပ်နိုင်သွားမှာပါ။

**<u>၅၊ မတ်၊ အင်္ဂါ။</u>**
**ဗီလာ-မန်စီးတီး**
**(နံနက် ၂း၃၀ နာရီ)**
ပကျော့ရလဒ် (ဝ-၅)

ပြည်တွင်းလိဂ်ကို အာရုံစိုက်ဖို့ ကြိုးစားမယ့် မန်စီးတီးတို့ အဝေးကွင်းခြေစွမ်းပြနိုင်တယ်။ ဗီလာ-မန်စီးတီး ထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်မှာ မန်စီးတီးကချည်းနိုင်ထားတယ်။ ညှော့သည်မန်စီးတီးက နှစ်ဂိုးအသာလောက်နဲ့နေသင့်ပါတယ်။

**စီးရီးအေ (<u>၂ မတ်၊ စနေ။</u>)**
**နာပိုလီ-ဂျူဗင်တပ်**
**(နံနက် ၂း၁၅ နာရီ)**
ပကျော့ရလဒ် (ဝ-၂)

နာပိုလီ ဒီပွဲနိုင်ရန် အမှတ်ကွာဟမှု ကျဉ်းမြောင်းသွားမှာပါ။ ဒါပေမဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေ အရဂျူဗင်တပ်ကပိုသာနေတယ်။ နာပိုလီအိမ်ကွင်းရှုံးပွဲနည်းပြီး သရေပွဲများနေတယ်။ ညှော့သည်ဂျူဗင်တပ်ကို ပိုကြိုက်ပေမယ့် နာပိုလီ ကပ်နိုင်ခြေလည်းရှိတယ်။ သရေ(သို့မဟုတ်)နာပိုလီကပ်အနိုင်ရဖို့ များနေပါတယ်။

**<u>၃၊ မတ်၊ တနင်္ဂနွေ။</u>**
**မီလန်-လာဇီယို**
**(နံနက် ၂း၁၅ နာရီ)**
ပကျော့ရလဒ် (၂-၃)

အိမ်ကွင်းရောက်တိုင်း အပြန်အလှန်နိုင်နေကျနှစ်သင်းတွေ့တဲ့ပွဲပါ။ မီလန်တို့ ဒီနောက်ပိုင်းနိုင်ပွဲဆက်လာနေပေမယ့် အိမ်ကွင်းရလဒ်ပိုင်း မသေချာတာတော့ ရှိတယ်။ တောက်လျှောက်ခြေတက်လာနေတဲ့ မီလန်ကိုပဲ ရွေးရမှာပါ။ မီလန် နှစ်ဂိုးအသာ (သို့မဟုတ်) ကပ်နိုင်သွားဖို့ ရှိနေပါတယ်။

**ကာတာနီးယား-အင်တာ**
**(ည ၈း၃၀ နာရီ)**
ပကျော့ရလဒ် (ဝ-၂)

အင်တာတို့ ခြေမငြိမ်သေးတာနဲ့ အဝေးကွင်းနိုင်ပွဲ အားနည်းတတ်တာတွေကြောင့် ဂိုးအနည်းနဲ့ ကပ်နိုင်ရင်ပဲ ကျေနပ်ရမှာပါ။ ကာတာနီးယား အများဆုံးသရေရနိုင်ခြေပဲရှိနေပြီး အင်တာတို့နိုင်ခြေပိုများတယ်။ ဂိုးပေါင်းနည်းမယ့်ပွဲပါ။

**လာလီဂါ**
**ရီးရဲလ်-ဘာစီလိုနာ**
**(ည ၉း၃၀ နာရီ)**
ပကျော့ရလဒ် (၁-၁)

လာလီဂါရဲ့ ထိပ်တိုက်တွေ့ဆုံပွဲတွေမှာ နှစ်သင်းလုံး ဂိုးပြတ်မနိုင်တာကြာပါပြီ။ ရီးရဲလ်တို့ အိမ်ကွင်းအားကောင်းတတ်တာကြောင့် အိမ်ရှင်ဘက် နည်းနည်းအရေးသာနေတယ်။ ဒါ့အပြင် ဘာကာတို့ရီးရဲလ်ကို အဝေးကွင်းနိုင်ပွဲ မရတာကြာနေပါပြီ။ ရီးရဲလ်တစ်ဂိုးအသာလောက်နဲ့ နိုင်ခြေများတယ်။ သရေလည်းဖြစ်နိုင်ပါသေးတယ်။

**<u>၃၊ မတ်၊ တနင်္ဂနွေ။</u>**
**ဗလင်စီယာ-လီဗန်တေး**
**(နံနက် ၃း၃၀ နာရီ)**
ပကျော့ရလဒ် (ဝ-၁)

ဗလင်စီယာ အိမ်ကွင်းအခြေအနေ ကောင်းမယ့်ပွဲပါ။ ဒီနောက်ပိုင်း နိုင်ပွဲဆက်နေတဲ့ ဗလင်စီယာတို့ပဲ ဂိုးအနည်းနဲ့ ကပ်နိုင်သွားနိုင်ပါတယ်။ လီဗန်တေး သရေရရင်ပဲ ကျေနပ်ရမှာပါ။

**<u>၄၊ မတ်၊ တနင်္လာ။</u>**
**မာလာဂါ-အက်သလက်တီကို**
**(နံနက် ဝဝး၃၀ နာရီ)**
ပကျော့ရလဒ် (၁-၂)

ဇယားမှာ ရပ်တည်မှု မကွာတဲ့ နှစ်သင်းတွေ့တဲ့ပွဲပါပဲ။ အက်သလက်တီကိုတို့ရီးရဲလ်ကို အမှတ်ဖြတ်ထားနိုင်ဖို့ ဒီအဝေးကွင်းပွဲ အနိုင်လိုအပ်နေပါတယ်။ ဒါပေမဲ့ မာလာဂါ ခြေမှန်နေတာကြောင့် ခက်ခဲနိုင်ပြီး အက်သလက်တီကို အမြင့်ဆုံးသရေပါပဲ။ မာလာဂါဘက်က တစ်ဂိုးအသာလောက်နဲ့ နေသင့်ပါတယ်။



7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# အမေရိကန် နျူကလီးယား စွန့်ပစ်ပစ္စည်း သိုလှောင်ကန်များ ယိုစိမ့်နေ

**ဝါရှင်တန်၊ ဖေဖော်ဝါရီ– ၂၃**
အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်ရှိ ရေဒီယိုသတ္တိကြွ နျူစွန့်ပစ်ပစ္စည်းများ သိုလှောင်ထားရာ မြေအောက်သိုလှောင်ကန် ခြောက်ကန်ယိုစိမ့်နေကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဟန်ဖို့ဒ်နျူကလီးယား သိုလှောင်ထိန်းသိမ်းနယ်မြေ အခြေအနေမှာ စိတ်အနှောင့်အယှက်ဖြစ်စရာသတင်းဖြစ်သည်ဟုပြည်နယ်အုပ်ချုပ်ရေးမှူး ဂျေအင်စလီက ပြောသည်။ သို့သော် လတ်တလောတွင် လူထုကျန်းမာရေးအတွက် အန္တရာယ် မရှိဟု ၎င်းက အလေးအနက်ပြောကြားသည်။

ဟန်ဖို့ဒ်နျူကလီးယားနယ်မြေတွင် သက်တမ်းကြာမြင့်နေပြီဖြစ်သော သိုလှောင်ကန် ၂၀၀ နီးပါးရှိပြီး နျူလက်နက်များအတွက်ပလူတိုနီယမ်ထုတ်လုပ်ရာမှ ထွက်ရှိလာသောရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်း လီတာသန်းပေါင်းများစွာ သိုလှောင်ထားသည်။



ယင်းယိုစိမ့်မှုများမှာ လတ်တလော အခြေအနေတွင် ကျန်းမာရေး အန္တရာယ်မရှိဘဲ ကိုလံဘီယာမြစ်မှ ငါးမိုင်ကွာဝေးကြောင်း ဝါရှင်တန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျေအင်စလီက ပြောသည်။ သို့သော် ယင်းမှာ ဝါရှင်တန် ပြည်သူများအားလုံးအတွက် အနှောင့်အယှက်ဖြစ်စရာ သတင်းဟု ၎င်းက ပြောကြားသည်။

ယခင်ရက်သတ္တပတ်အတွင်း သိုလှောင်ကန်တစ်ခုတွင် ယိုစိမ့်မှုဖြစ်ပေါ်နေခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး တစ်နှစ်လျှင် ဂါလန်သုံးရာခန့် ယိုစိမ့်နေသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

သို့သော် အမေရိကန်စွမ်းအင်ဝန်ကြီးနှင့် ဝါရှင်တန်အုပ်ချုပ်ရေးမှူးတို့ တွေ့ဆုံ၍ နောက်ဆုံးအခြေအနေများ သိရှိချိန်တွင် သိုလှောင်ကန် ခြောက်ကန်၌ ယိုစိမ့်မှုများ ဖြစ်ပေါ်နေကြောင်း သိရှိလာသည်။

ယင်းအခြေအနေကို ပြန်လည်ကောင်းမွန်လာစေရန်မှာလည်း အချိန်ငါးနှစ်ခန့်ကြာမြင့်နိုင်ကြောင်း သိရသည်။ ယိုစိမ့်မှုပမာဏမှာ တစ်ကန်နှင့် တစ်ကန် မတူကြောင်း မစ္စတာဂျေအင်စလီက ပြောသည်။

ဟန်ဖို့ဒ် နျူကလီးယား နယ်မြေအား ၁၉၄၃ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော ပလူတိုနီယမ် အပြည့်အဝထုတ်လုပ်သောဒေသဖြစ်သည်။ —*Ref:BBC/UPI*



Photo - AFP
*အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း နိုင်ငံတောင်ပိုင်း ဟိုင်ဒရာဘတ်မြို့ ဗုံးပေါက်ကွဲခဲ့ရာဒေသသို့ဖေဖော်ဝါရီလ ၂၄ ရက်က သွားရောက်ကြည့်ရှုစဉ်။ မစ္စတာ မန်မိုဟန်ဆင်းသည် လေယာဉ်ခရီးစဉ်ဖြင့် ရောက်ရှိလာပြီး ဆေးကုသမှုခံယူနေသော ဒဏ်ရာရရှိသူများဆီသို့လည်း လည်ပတ်ခဲ့သည်။*

# ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာမြို့သို့ အိန္ဒိယဝန်ကြီးချုပ် သွားရောက်

**နယူးဒေလီ၊ ဖေဖော်ဝါရီ – ၂၄**
အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် ယခုလရက်သတ္တပတ်အတွင်းဗုံးပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာဟိုင်ဒရာဘတ်မြို့သို့သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဗုံးပေါက်ကွဲမှုနှစ်ခုကြောင့်လူ ၁၆ ဦးသေဆုံးပြီး ၁၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။

မစ္စတာဆင်းသည် ဟိုင်ဒရာဘတ်မြို့သို့နံနက်ပိုင်းတွင်ရောက်ရှိပြီးဒဏ်ရာရရှိသူများကို ဆေးကုသပေးနေသော ဆေးရုံများသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံနိုင်ငံရေးသမားများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လက်ထောက်အကူတစ်ဦးက ပြောသည်။

ဗုံးဖောက်ခွဲမှုကျူးလွန်သူများကို တရားဥပဒေနှင့်အညီဖမ်းဆီးအပြစ်ပေးမည်ဟု အိန္ဒိယဝန်ကြီးချုပ်က ကြုံးဝါးထားသည်။ စက်ဘီးများတွင်တပ်ဆင်ထားသော ဗုံးနှစ်လုံးမှာ ရုပ်ရှင်ရုံနှင့် ဘတ်စ်ကားမှတ်တိုင်တစ်ခု၌မိနစ်အနည်းငယ်သာခြား၍ပေါက်ကွဲခဲ့သည်။

ယင်းဗုံးပေါက်ကွဲမှုများအတွက် အတိုက်အခံများက နိုင်ငံတွင်လုံခြုံရေးတိုးမြှင့်ထားစဉ်ဖြစ်ပွားခဲ့၍ အစိုးရ၏လုံခြုံရေးအစီအမံပျက်ကွက်မှုများကိုပြစ်တင်ပြောကြားသည်။

ပြစ်မှုကျူးလွန်သူများအား ခြေရာခံရန်အပျက်အစီးများအတွင်း စုံစမ်းစစ်ဆေးရေးမှူးများက စူးစမ်းမှုများလုပ်နေချိန်မှာပင် အန်ဒရာပရာဒက်ရှ်ပြည်နယ်ပြည်ထဲရေးဝန်ကြီး ကအရေးပါသော သဲလွန်စများတွေ့ရှိထားသည်ဟုပြောကြားသည်။သို့သော် အသေးစိတ် အချက်အလက်များကိုမူ ၎င်းကထုတ်ဖော်ပြောကြားခြင်းမရှိပေ။ယခုဗုံးပေါက်ကွဲမှုခြေရာလက်ရာများမှာ ယခင်ကလည်းဗုံးဖောက်ခွဲမှုများလုပ်ဆောင်ခဲ့သောအိန္ဒိယအခြေစိုက် အိန္ဒိယမူဂျာဟစ်ဒင် အဖွဲ့ ဖြစ်နိုင်ကြောင်း မီဒီယာသတင်းများက ဆိုသည်။

—*Ref: AFP*

# အမေရိကန်–ဂျပန်လုံခြုံရေးမဟာမိတ်ပေါင်းစည်းမှု အိုဘားမားနှင့် ရှင်ဇိုအာဘေး ထပ်မံအတည်ပြု

**ဝါရှင်တန်၊ ဖေဖော်ဝါရီ – ၂၃**
အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် ၎င်းတို့နှစ်နိုင်ငံကြား လုံခြုံရေးမဟာဗျူဟာပေါင်းစည်းမှုကိုထပ်မံအတည်ပြုလိုက်ကြပြီး မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်၍လည်း အခိုင်အမာရပ်တည်သွားရန် အာမခံပြောကြားသည်။

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့သည် ဒေသတွင်းတည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမို၍ ပူးပေါင်းဆောင်ရွက်သွားမည်ဟု အိမ်ဖြူတော်တွင် ပြောကြားသည်။

၂၀၁၂ ဒီဇင်ဘာလအတွင်း ဂျပန်ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ရွေးချယ်ခံခဲ့ရသော မစ္စတာရှင်ဇိုအာဘေး က တရုတ်နိုင်ငံနှင့် နယ်မြေအငြင်းပွားမှုတွင်လည်း အေးဆေးတည်ငြိမ်စွာဆက်လက်လုပ်ဆောင်သွားမည်ဟု ပြောသည်။

အမေရိကန် -ဂျပန်မဟာမိတ်ပေါင်းစည်းမှု၏ယုံကြည်စိတ်ချမှုနှင့် နှောင်ဖွဲ့မှုကိုပြန်လည်ခိုင်မာစေခဲ့ပြီဟု လည်း မစ္စတာအာဘေး က ပြောကြားသည်။မစ္စတာအိုဘားမားကလည်း အိမ်ဖြူတော် အစည်းအဝေးအပြီးမီဒီယာများအား စကားပြောကြားရာ၌ အမေရိကန် -ဂျပန်မဟာမိတ်ပေါင်းစည်းမှုမှာ ဒေသတွင်းလုံခြုံရေးအဓိကကျသောအခြေခံအုတ်မြစ်ဖြစ်ပြီး ပစိဖိတ်ဒေသအမေရိကန် လှုပ်ရှားမှုများ၏ကြီးမားသောအစိတ်အပိုင်းဟု ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံနှင့်ပြတ်သားသောဆက်ဆံရေးတွင် နှစ်နိုင်ငံပူးပေါင်းဆောက်ရွက်ရန် သဘောတူညီခဲ့ကြသည်ဟုလည်း မစ္စတာအာဘေးက ပြောကြားသည်။ —*Ref: BBC*



Photo - AFP
*ဖေဖော်ဝါရီ ၂၂ ရက်က ဝါရှင်တန်မြို့၊ အိမ်ဖြူတော်ရှိ ဘဲဥပုံရုံးခန်းတွင် နှစ်နိုင်ငံအစည်းအဝေးပွဲအပြီး အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ဂျပန်ဝန်ကြီးချုပ်သစ် ရှင်ဇိုအာဘေးတို့လက်ဆွဲနှုတ်ဆက်ကြစဉ်*

# မစ္စတာ စီကျင်ပင်း ရုရှားသို့ အလည်အပတ်ခရီးမတိုင်မီ နှစ်နိုင်ငံစည်းလုံးမှုရှိကြောင်းပြောကြား

**မော်စကို၊ဖေဖော်ဝါရီ– ၂၃**
ယခုနှစ်နှောင်းပိုင်း တရုတ်ခေါင်းဆောင်သစ် မစ္စတာစီကျင်ပင်း၏ အလည်အပတ်ခရီးအတွက် ပြင်ဆင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် မော်စကိုမြို့သို့ ရောက်ရှိနေစဉ် ဆီးရီးယားပဋိပက္ခ အပါအဝင် ကမ္ဘာ့ပြဿနာများတွင် ၎င်းတို့နှစ်နိုင်ငံ အမြင်တူညီကြကြောင်း ရုရှားနှင့် တရုတ်နိုင်ငံတို့က ပြောကြားသည်။

ကွန်မြူနစ်ပါတီအကြီးအကဲ မစ္စတာစီကျင်ပင်းအား နိုင်ငံ့ခေါင်းဆောင်အဖြစ် မတ်လအတွင်းအတည်ပြုပြီးပါက ၎င်းအနေဖြင့် ရုရှားနိုင်ငံသို့ လည်ပတ်မည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့နှင့်တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာယန်ဂျေချီက အတည်ပြုပြောကြားသည်။

သို့သော် ရုရှားနိုင်ငံ၏ ခရီးစဉ်မှာ ခေါင်းဆောင်သစ် မစ္စတာစီကျင်ပင်း၏ ပထမဦးဆုံး နိုင်ငံခြားခရီးစဉ်ဖြစ်မည်ဆိုသော သတင်းများကိုမူ မစ္စတာယန်ဂျေချီက တိုက်ရိုက်အတည်ပြုခြင်း မရှိပေ။

သို့သော် မတ် ၂၆၊ ၂၇ ရက်များတွင် တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌ ကျင်းပမည့် ကမ္ဘာ့ထိပ်တန်း ဖွံ့ဖြိုးဆဲနိုင်ငံ ငါးနိုင်ငံဖြစ်သော ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ပါဝင်သည့် BRICS ထိပ်သီးဆွေးနွေးပွဲသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်အတူ တရုတ်ခေါင်းဆောင် မစ္စတာစီကျင်ပင်းလည်း တက်ရောက်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးက ရှင်းလင်းစွာ ပြောကြားသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

## ကန်နိုင်ငံခြားရေးဝန်ကြီးသစ် ဂျွန်ကယ်ရီ လန်ဒန် သွားရောက်ခြင်းဖြင့် ပြည်ပခရီးစဉ်စတင်



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့ လန်ဒန်မြို့၊ ဒေါင်းနင်းလမ်း၊ အိမ်အမှတ်(၁၀) တွင် တွေ့ဆုံစဉ်
Photo - AFP

**လန်ဒန်၊ဖေဖော်ဝါရီ-၂၅**

အမေရိကန်နိုင်ငံ၏ ထိပ်တန်းသံတမန်ရာထူးအား ယခုလ အစောပိုင်းက လွှဲပြောင်းရယူပြီးနောက် ၎င်း၏ပထမဆုံးသော နိုင်ငံရပ်ခြားခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် လန်ဒန်မြို့သို့ ရောက်ရှိလာသည်။

မစ္စတာကယ်ရီသည် လန်ဒန်တွင်ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း၊ နိုင်ငံခြားရေးဝန်ကြီး ဝီလီယံဟေ့ဂ်တို့နှင့် တွေ့ဆုံပြီးနောက် ဂျာမနီ၊ပြင်သစ်၊ အီတလီ၊ တူရကီ၊ အီဂျစ်၊ ဆော်ဒီအာရေးဗီးယား၊ ယူအေအီးနှင့် ကာတာ နိုင်ငံများသို့ ခရီးဆက်မည်ဖြစ်သည်။

နိုင်ငံတကာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးချိန်တွင် မစ္စတာကယ်ရီသည် ဆီးရီးယားအရေးကို အဓိကထား ပြောကြားမည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ယခုခရီးစဉ်ကို မစ္စတာကယ်ရီက 'နားထောင်သောခရီးစဉ်' 'Listening Tour'ဟု ပြောကြားသည်။ မစ္စတာကယ်ရီသည် ယခုခရီးစဉ်အတွင်း မှာပင် ဆီးရီးယားအတိုက်အခံညွန့်ပေါင်းခေါင်းဆောင်ပိုင်းနှင့်လည်းတွေ့ဆုံရန်စီစဉ်ထားသည်။

မစ္စတာကယ်ရီသည် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ရောက်ရှိစဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့နှင့်လည်း တွေ့ဆုံမည်ဟု မျှော်လင့်ရသည်။ ဝါရှင်တန်နှင့် မော်စကိုသည် ဆီးရီးယားကိစ္စတွင် အမြင်မတူကြပေ။ ဥရောပတွင် အမေရိကန်၏ဒိုးကျည်ကာကွယ်ရေးတံတိုင်း အစီအစဉ်ကြောင့်လည်း နှစ်နိုင်ငံကြား ဆက်ဆံရေး အေးစက်လာသည်။

ထို့အပြင် မစ္စတာကယ်ရီသည် ပြင်သစ်နိုင်ငံသို့ ရောက်ရှိစဉ်အတွင်း အစ္စလာမ်မစ်ပုန်ကန်ထကြွမှုကြုံနေရသော မာလီနိုင်ငံ တည်ငြိမ်ရေးအတွက် အမေရိကန်၊ ပြင်သစ်နှင့် အာဖရိကနိုင်ငံများ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကိစ္စကိုလည်းဆွေးနွေးသွားမည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

အရှေ့အလယ်ပိုင်းတွင်မူ မစ္စတာကယ်ရီသည် အာရပ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဒေသအတွင်း ရင်ဆိုင်နေရသော စိန်ခေါ်မှုများအကြောင်းနှင့် ယင်းပြဿနာများဖြေရှင်းရန် ကျယ်ပြန့်သော သဘောတူညီချက်များ ရယူရေး ဆွေးနွေးသွားမည်ဖြစ်သည်။ —*Ref: VOA*

## အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာကူရိုဒါ ဂျပန်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးအဖြစ် အမည်စာရင်းတင်သွင်းခံရ

**တိုကျို၊ဖေဖော်ဝါရီ-၂၅**

ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ ဂျပန်အစိုးရသည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဟာရူဟီကိုကူရိုဒါအား ဂျပန်ဗဟိုဘဏ် (BoJ) ၏ အုပ်ချုပ်ရေးမှူးအဖြစ် အမည်စာရင်းတင်သွင်းရန်ရှိကြောင်း သိရသည်။ ဂျပန်အစိုးရသည် ယခုအပတ်အတွင်း မစ္စတာကူရိုဒါအား ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးအဖြစ် ပါလီမန်သို့အမည်စာရင်း တင်သွင်းသွားဖွယ်ရှိကြောင်း ဂျပန်နိုင်ငံထုတ် နစ်ကိုင်းနှင့် အခြားသတင်းစာများက ဖော်ပြခဲ့ပြီး ပါလီမန်၏ အတည်ပြုခြင်းခံရပါက အသက်(၆၈)နှစ်အရွယ်ရှိ ကူရိုဒါသည် မတ် ၁၉ ရက်က နုတ်ထွက်သွားသော မစ္စတာမာဆာကီရှိရာကာဝါ၏ နေရာကို ဆက်ခံရမည်ဖြစ်သည်။ နစ်ကိုင်းသတင်းတွင် ဝန်ကြီးချုပ်အာဘေးသည် ကူရိုဒါကို ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ရခြင်းမှာ ၎င်းက အာဘေး၏ ငွေကြေးပေါ်လစီများ ဖြေလျှော့ရေးနှင့် နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ကောင်းမွန်သော ဆက်ဆံရေးဆက်လက်ထားရှိရေး မူဝါဒကို ထောက်ခံခြင်းကြောင့်ဟု ခန့်မှန်းဖော်ပြထားသည်။

ဝန်ကြီးချုပ်သစ်ရှင်ဇိုအာဘေးသည် လက်ထောက်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးများအဖြစ် ဂါကူရှူအင်တက္ကသိုလ်မှ စီးပွားရေးပါမောက္ခ ကီကူယိုအီဝါတာနှင့် ဗဟိုဘဏ်အမှုဆောင်ဒါရိုက်တာ ဟီရိုရှီနာကာဆိုတို့အား ခန့်အပ်သွားရန် စီစဉ်နေသည်။

အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသော ကူရိုဒါသည် ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၉မှ ၂၀၀၃အထိဂျပန်ဘဏ္ဍာရေးဌာန နိုင်ငံတကာရေးရာနှင့် နိုင်ငံခြားငွေကြေးလဲလှယ်ရေး ပေါ်လစီပိုင်းတွင် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့နောက် ၎င်းသည် ၂၀၀၅ တွင် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့သည်။ —*Ref: AFP*



7 ရက် သတင်းဂျာနယ် DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

## နိုင်ငံအနှံ့အပြားတွင် နျူကလီးယားအားပေးစက်ရုံ ၁၆ ခုခန့် ထပ်မံတည်ဆောက်ရန်ရှိကြောင်း အီရန်ကြေညာ

**တီဟီရန်၊ဖေဖော်ဝါရီ-၂၃**

အီရန်အစိုးရသည် နိုင်ငံ၏ နေရာအနှံ့အပြားတွင် နျူကလီးယားအားပေးစက်ရုံ ၁၆ ခုခန့် ထပ်မံတည်ဆောက်သွားရန် ရှိနေကြောင်း နိုင်ငံပိုင် ပရက်စ်တီဗီ သတင်းက ဖော်ပြလိုက်သည်။ ယခုသတင်းကို အီရန်၏အနုမြူစွမ်းအင်အသင်း AEOI က ယနေ့ ကြေညာခဲ့ခြင်းဖြစ်ပြီး ထုတ်ပြန်ချက်တွင် "လပေါင်းများစွာ အားထုတ်ခဲ့ပြီးနောက် နျူစက်ရုံတည်ဆောက်မယ့် နေရာ ၁၆ ခုကို အိုမန်ပင်လယ်၊ အနောက်တောင်ပိုင်းပြည်နယ် ကူဇတ်စတန်၊ အနောက်မြောက်ပိုင်းပြည်နယ်နဲ့ ပါရှန်းပင်လယ်ကွေ့၊ ကတ်စပီယန်ပင်လယ် နေရာတွေမှာ တည်ဆောက်သွားဖို့ ရွေးချယ်ပြီးသွားပါပြီ"ဟု ဖော်ပြထားသည်။ ကြေညာချက်က ယခုစီမံကိန်းများသည် အီရန်၏ နျူစက်ရုံများမှ လျှပ်စစ်စွမ်းအင်ရရှိရေး ကြိုးပမ်းမှု ကာလရှည် စီမံကိန်းများတွင် ပါဝင်ကြောင်း နျူစွမ်းအင်များ ထုတ်လုပ်ရေးအတွက်နောက်ထပ်ယူရေနီယမ်များလည်း ရှိနေပြီဖြစ်ကြောင်း ဆိုထားသည်။

အီရန်၏ ယခုကြေညာချက်သည် P5+1 အဖွဲ့ခေါ် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှား၊ အမေရိကန်၊ ဂျာမနီတို့နှင့် အီရန်တို့၏ နျူအရေးဆွေးနွေးပွဲများ ကာဇက်စတန်တွင် စတင်ရန် ရက်သတ်မှတ်ထားမှုအပြီး ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ —*Ref: Xinhua*



Photo - AFP

*အစွလမ်မစ်သူပုန်များကို တိုက်ခိုက်နေသော မာလီတပ်ဖွဲ့များနှင့် နိုင်ငံခြားတပ်ဖွဲ့များက နိုင်ငံမြောက်ပိုင်းကို ထိန်းချုပ်ရန် ကြိုးစားနေစဉ်မှာပင် ဂါအိုမြို့၌ တိုက်ခိုက်မှုများဖြစ်ပွားစဉ် မာလီစစ်သားများကို တွေ့ရပုံ*

## မာလီတိုက်ပွဲများတွင် ချက်ဒ်တပ်ဖွဲ့ဝင် ၁၃ ဦး၊ သူပုန် ၆၅ ဦး သေဆုံး

**အန်ဂျာမီနာ၊ဖေဖော်ဝါရီ-၂၃**

ဖေဖော်ဝါရီ ၂၂ရက်က မာလီနိုင်ငံမြောက်ပိုင်း တိုက်ပွဲများတွင် ချက်ဒ်တပ်ဖွဲ့ဝင် ၁၃ ဦး သေဆုံးခဲ့ပြီး ပြင်သစ်နှင့် အာဖရိကတပ်ဖွဲ့များ၏ ထိုးစစ်တွင် အကျအဆုံး အများဆုံးဖြစ်ကြောင်း ချက်ဒ်စစ်တပ်က ပြောကြားသည်။

ယင်းမှာ လွန်ခဲ့သော ရက်သတ္တပတ် ခြောက်ပတ်က စတင်ခဲ့သော မာလီအစ္စလာမ်မစ် သူပုန်များအား နှိမ်နင်းရေးကာလအတွင်း အများဆုံးဖြစ်သည်။ မာလီနိုင်ငံမြောက်ပိုင်း အယ်လ်ဂျီးရီးယားနိုင်ငံနှင့်နယ်စပ် အက်ဒရာဒက်စ်အီဖိုဂက်စ် တောင်တန်းဒေသတွင်နေ့လယ်ခင်းမတိုင်မီက စတင်ခဲ့သော ရင်ဆိုင်တိုက်ခိုက်မှုများအတွင်း အယ်လ်ကိုင်ဒါ အဆက်အနွယ်တိုက်ခိုက်ရေးသမား ၆၅ ဦးကို သတ်ဖြတ်နိုင်ခဲ့သည်။

"ယာယီစာရင်းအရတော့ ရန်သူဘက်က မော်တော်ယာဉ်ငါးစီး ပျက်စီးပြီး အကြမ်းဖက်သမား ၆၅ ဦး သေဆုံးသွားပါတယ်။ ကျွန်တော်တို့ဘက်ကတော့ သတ္တိပြောင်မြောက်တဲ့ စစ်သား ၁၃ ဦး ဆုံးရှုံးခဲ့ပါတယ်"ဟု ချက်ဒ်တပ်ဖွဲ့ ကြည်းတပ်ဦးစီးချုပ်က နိုင်ငံတော်ရေဒီယိုမှ ကြေညာခဲ့သည်။

ကိုလိုနီနိုင်ငံဟောင်း မာလီနိုင်ငံတွင် မြောက်ပိုင်းကို သိမ်းပိုက်ထားသော အစ္စလာမ်မစ်သူပုန်များက နိုင်ငံတောင်ပိုင်းသို့ ထိုးစစ်များ ဆင်လာချိန်တွင် ပြင်သစ်နိုင်ငံက ကြားဝင်တိုက်ခိုက်ပေးခဲ့သည်။ ပြင်သစ်တပ်ဖွဲ့များက မူလစီစဉ်ထားသည့်အတိုင်း လာမည့်မတ်လတွင် မာလီနိုင်ငံမှ ရုပ်သိမ်းခဲ့ပါက ချက်ဒ်တပ်ဖွဲ့ဝင် ၂,၀၀၀ အပါအဝင် အာဖရိကတပ်ဖွဲ့များက ခေါင်းဆောင်မှုလွှဲပြောင်းရယူသွားမည်ဖြစ်သည်။

—*Ref: Reuters*

## ဆီးရီးယားအတိုက်အခံအဖွဲ့ က လွတ်မြောက်နယ်မြေများတွင် အစိုးရဖွဲ့ မည်

**ဒမတ်စကပ်စ်၊ဖေဖော်ဝါရီ-၂၃**

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့တွင် ဒုံးကျည်တိုက်ခိုက်မှုများကြောင့် အဆောက်အအုံများ ပြိုကျကာ လူပေါင်း ၁၂ဦး သေဆုံးခဲ့ကြောင်း စောင့်ကြည့်လေ့လာသူများက ပြောကြားစဉ်မှာပင် ဆီးရီးယားနိုင်ငံ လွတ်မြောက်နယ်မြေများကို အုပ်ချုပ်ရန် အစိုးရတစ်ရပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အတိုက်အခံအဖွဲ့ အမျိုးသားညွန့်ပေါင်းအဖွဲ့က ပြောကြားသည်။

ထိုအတောအတွင်း နိုင်ငံတကာငြိမ်းချမ်းရေး ကိုယ်စားလှယ် လက်ဒါဘရာဟီမီက ဒမတ်စကပ်စ်မြို့တွင်လူပေါင်း၁၀၀ကျော် သေဆုံးစေခဲ့သည့် ဖေဖော်ဝါရီ ၂၁ ရက်က ဖြစ်ပွားခဲ့သော ကြီးမားသည့် ဗုံးပေါက်ကွဲမှုမှာ စစ်အတွင်း ပြစ်မှုကျူးလွန်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

"လွတ်မြောက်လာတဲ့ဒေသတွေမှာ စီမံခန့်ခွဲရေးတွေ လုပ်ဖို့ရာ အစိုးရတစ်ရပ် ဖွဲ့စည်းဖို့ ကျွန်တော်တို့ သဘောတူညီခဲ့ကြပါတယ်"ဟု ကိုင်ရိုမြို့တွင် အစည်းအဝေးပြုလုပ်ပြီးနောက် ညွန့်ပေါင်းအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဝါလစ်အယ်လ်ဘန်နီက ပြောကြားသည်။ ၎င်းတို့၏ အစိုးရအဖွဲ့ခေါင်းဆောင် ရွေးချယ်ရန်နှင့် ဖွဲ့စည်းပုံအတွက်လည်း မတ်လ ၂ရက်တွင် ထပ်မံအစည်းအဝေး ပြုလုပ်သွားမည်ဟုလည်း ၎င်းကထပ်လောင်း ပြောကြားသည်။

ယင်းအစည်းအဝေးကို တူရကီနိုင်ငံ အစ္စတန်ဘူးလ်မြို့တွင် ကျင်းပမည်ဟု အတိုက်အခံအဖွဲ့ဝင်များက ပြောကြားပြီး အဆိုပါ အစိုးရအား သူပုန်များ ထိန်းချုပ်ထားသော ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် အခြေစိုက်မည်ဟု မျှော်လင့်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

—*Ref: AFP*

## ကွက်တာတွင် ဗုံးပေါက်ကွဲမှုများနှင့်ပတ်သက်၍ ဆွန်နီ အစွန်းရောက်အဖွဲ့ခေါင်းဆောင်ကို ပါကစ္စတန်ရဲထိန်းသိမ်း

**လာဟိုး၊ဖေဖော်ဝါရီ-၂၃**

ပါကစ္စတန်အစိုးရသည် မကြာမီက နိုင်ငံတောင်ပိုင်းမြို့ ကွက်တာတွင် ဗုံးဖောက်ခွဲခဲ့မှုများနှင့် ပတ်သက်၍ တာဝန်ရှိသည်ဟု ကြေညာထားခဲ့သော ဆွန်နီမွတ်ဆလင် အစွန်းရောက်အဖွဲ့တစ်ခု၏ ခေါင်းဆောင် မာလစ်အီရှက်ဆိုသူအား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အီရှက်ကို ၎င်း၏နေအိမ်ရှိရာ နိုင်ငံအလယ်ပိုင်းမြို့ ရာဟင်းယာခမ်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

ဆွန်နီဘာသာရေး အစွန်းရောက်အဖွဲ့ လက်ရှ်ကာဂျန်ဗီ ခေါင်းဆောင် အီရှက်သည် လူသတ်မှုစွဲချက်များဖြင့် ၂၀၁၁ ဇူလိုင်တွင် ရဲတပ်ဖွဲ့က အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သူဖြစ်သည်။ ထို့နောက် ၎င်းကို လူမျိုးရေးလှုံ့ဆော်မှု စွဲချက်များဖြင့် ၂၀၁၂ တွင် ခေတ္တထိန်းသိမ်းခဲ့သေးသည်။ ၎င်းသည် ၂၀၀၉ က လာဟိုးမြို့တွင် သီရိလင်္ကာ ခရစ်ကတ်အသင်းအား လုပ်ကြံတိုက်ခိုက်မှုကို စီစဉ်ခဲ့မှုဖြင့် စွပ်စွဲခံထားရပြီး ထိုစဉ်က ပါကစ္စတန်နိုင်ငံသား ရှစ်ဦးနှင့် သီရိလင်္ကာနည်းပြတစ်ဦး သေဆုံးကာ၊ ခရစ်ကတ်အသင်းသား ခုနစ်ဦး ဒဏ်ရာရခဲ့သည်။

ပြီးခဲ့သည့်အပတ်က ကွက်တာမြို့တွင် ဖြစ်ပေါ်ခဲ့သည့် ဗုံးပေါက်ကွဲမှုများတွင် သေဆုံးသူ ၈၉ ဦးအထိ ရှိခဲ့သည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ Human Rights Watch က ပါကစ္စတန်တွင် လူနည်းစု ရှီးဟိုက်များကို ဦးတည်တိုက်ခိုက်မှုများကြောင့် ၂၀၁၂တွင် ရှီးဟိုက်လူမျိုး ၄၀၀ ကျော် သေဆုံးခဲ့ရကြောင်း ဖော်ပြထားပြီး ယင်းမှာ စံချိန်တင် အရေအတွက်ဖြစ်ကြောင်း သိရသည်။ —*Ref: AP*

## ကာကွယ်ရေးအသုံးစရိတ် လျှော့ချမှု နေတိုးစွမ်းရည်ကို ထိခိုက်နိုင်ဟု ကန်ကာကွယ်ရေးဝန်ကြီး သတိပေး

**ဘရပ်ဆဲလ်၊ဖေဖော်ဝါရီ-၂၃**

ဥရောပတွင် ကာကွယ်ရေးအသုံးစရိတ်များ လျှော့ချမှုနှင့် အမေရိကန်တွင် ဘဏ္ဍာရေးလိပ်ခဲတည်းလည်း အခြေအနေများက နေတိုးအဖွဲ့၏စွမ်းဆောင်ရည်ထိရောက်မှုကို ထိခိုက်ယိုယွင်းစေနိုင်ကြောင်း ရာထူးမှ နုတ်ထွက်တော့မည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး လီယွန်ပါနက်တာက သတိပေးပြောကြားသည်။

ဘရပ်ဆဲလ်မြို့တွင် ကျင်းပသော ဝန်ကြီးအဆင့် အစည်းအဝေးတွင် နောက်ဆုံးအကြိမ် တက်ရောက်ခဲ့သော မစ္စတာပါနက်တာသည် အနောက်နိုင်ငံများက ကာကွယ်ရေးအသုံးစရိတ် လျှော့ချမှု သတိပေးသူများတွင် ပါဝင်လာပြီး အမေရိကန်ကွန်ဂရက်က ကာကွယ်ရေးကဏ္ဍ အားလုံးတွင် အသုံးစရိတ်များ လျှော့ချဖြတ်



တောက်ခွင့် ပေးလိုက်ပါက ယင်းမှာ တာဝန်ယူမှုမရှိသော နိုင်ငံရေးအပြုအမူဖြစ်လိမ့်မည်ဟု ပြောကြားသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ဝင်နိုင်ငံ အများအပြားသည် စီးပွားရေးအကျပ်အတည်းနှင့် ဘတ်ဂျက်ဖိအားများကြောင့် ကာကွယ်ရေး အသုံးစရိတ်များ လျှော့ချခဲ့ရာ အမေရိကန်နှင့် ဥရောပတပ်ဖွဲ့ဝင်များအကြား စစ်ရေးစွမ်းရည် ကွာဟချက် ကြီးမားလာခဲ့သည်။

အမေရိကန်နိုင်ငံ ဘတ်ဂျက်မှ ကန်ဒေါ်လာ ၄၆ ဘီလီယံ လျှော့ချဖြတ်တောက်ရေး အစီအစဉ်မှာ မတ်လ ၁ ရက်တွင် စတင်အသက်ဝင်လာမည်ဖြစ်ပြီး ယင်းကို ရှောင်လွှဲနိုင်ရန် ကန်ကွန်ဂရက်က အရေးယူဆောင်ရွက်ခြင်းမရှိပါက အမေရိကန်စစ်ရေး အစီအစဉ်အားလုံးတွင် ဘဏ္ဍာရေး ဖြတ်တောက်မှုများ ရှိလာမည်ဖြစ်သည်။ —*Ref: Reuters*

## လတ်ဗီးယားနိုင်ငံ ယူရိုဇုန်အဖွဲ့ဝင် အဖြစ် မတ်လတွင် လျှောက်ထားမည်

**ရီဂါ၊ဖေဖော်ဝါရီ-၂၃**

ယူရိုဇုန်တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာရန် မတ်လတွင် လျှောက်ထားမည်ဖြစ်ကြောင်း လတ်ဗီးယားဝန်ကြီးချုပ် ဗယ်လ်ဒစ်ဒွန်ဘရော့စကီးက ပြောကြားသည်။

"မတ်လမှာ လတ်ဗီးယားနိုင်ငံက ဥရောပကော်မရှင်ဆီသွားပြီး ကျွန်တော်တို့အနေနဲ့ မားစထရစ် (သဘောတူညီချက်) အချက်အလက်တွေနဲ့ ကိုက်ညီပြီလားဆိုတာကို အစီရင်ခံစာပြင်ဆင်ဖို့တောင်းဆိုပါမယ်"ဟု

စာမျက်နှာ(၃၇)သို့




**INTERVIEW**

"ဂျပန်က ရွေးခဲ့တဲ့လမ်းကြောင်းဟာ မှန်ကန်တဲ့ လမ်းကြောင်းလို့ ကျွန်တော် ယုံကြည်ပါတယ်"

ဂျပန်၏ တစ်ကျော့ပြန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တွေ့ဆုံခြင်း

စာမျက်နှာ(၄၆)သို့ »



**NEWS ANALYSIS**

ပန်းရောင်ကော်လာ၏ စံပြမှုခင်း

စာမျက်နှာ(၃၆)သို့ »

**MALI**

မာလီတိုက်ပွဲများတွင် ချက်ဒ်တပ်ဖွဲ့ဝင် ၁၃ ဦး၊ သူပုန် ၆၅ ဦး သေဆုံး

စာမျက်နှာ(၅၅)သို့ »



# International

7DAY NEWS JOURNAL

Vol.11, No.51 • FEBRUARY 28 , 2013



Photo - AFP

*အကောင်းဆုံးသရုပ်ဆောင်မင်းသမီးဆုရ ဂျင်နီဖာလောရင့်စ်(ဝဲ)နှင့် အကောင်းဆုံးဇာတ်ပို့အမျိုးသမီးသရုပ်ဆောင်ဆုရ အန်းဟတ်သဝေး(ယာ)တို့ကို ဟောလိဝုဒ်တွင် ဖေဖော်ဝါရီ ၂၄ ရက်ကပြုလုပ်ခဲ့သော (၈၅)ကြိမ်မြောက် အော်စကာ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ၌ တွေ့ရစဉ်*

## သမိုင်းတွင်တဲ့ ဒယ်နီယယ်နဲ့ အောင်ပွဲခံတဲ့ အာဂို(Argo)ဇာတ်ကား

**လော့စ်အိန်ဂျလိစ်၊ ဖေဖော်ဝါရီ-၂၅**

ယခုနှစ်အတွက် အော်စကာဆုပေးပွဲတွင် အမေရိကန်သမ္မတ လင်ကွန်း၏ အတ္ထုပ္ပတ္တိရုပ်ရှင် လင်ကွန်းမှာ အများခန့်မှန်းထားသည့်အတိုင်း သရုပ်ဆောင်မင်းသား ဒယ်နီယယ်ဒေးလူးဝစ်အတွက် သမိုင်းဝင် တတိယမြောက် အော်စကာဆုကို ဆွတ်ခူးစေခဲ့ပြီး

သတင်းအပြည့်အစုံ စာ(၄၅)သို့ »

## အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း ကန်အထူးတပ်ဖွဲ့ များကို ဝါဒက်ခရိုင်မှ နှင်ထုတ်

**ကဘူးလ်၊ဖေဖော်ဝါရီ-၂၅**

အမေရိကန်အထူးတပ်ဖွဲ့များ အနေဖြင့် နိုင်ငံအလယ်ပိုင်း ဝါဒက်ခရိုင်မှ နှစ်ပတ်အတွင်း ထွက်ခွာသွားရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အမိန့်ပေးလိုက်သည်။

ကန်တပ်ဖွဲ့ဝင်များ အဆိုပါခရိုင်မှ နှင်ထုတ်ရေးအတွက် ဖေဖော်ဝါရီ ၂၄ ရက်တွင်ပြုလုပ်သော အာဖဂန်အမျိုးသား လုံခြုံရေးကောင်စီ အစည်းအဝေး၌ မစ္စတာကာဇိုင်းက ကာကွယ်ရေးဝန်ကြီးဌာနကို ညွှန်ကြားခဲ့သည်ဟု သမ္မတပြောရေးဆိုခွင့်ရှိသူ အာမယ်ဖိုင်ဇီက ပြောကြားသည်။

အမေရိကန်အထူးတပ်ဖွဲ့များနှင့် တွဲဖက်အလုပ်လုပ်နေသော အာဖဂန်လက်နက်ကိုင်များ၏ လုပ်ရပ်များကြောင့် ယခုကဲ့သို့ ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်း ဖြစ်သည်ဟု မစ္စတာဖိုင်ဇီက ကဘူးလ်မြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ကဘူးလ်မြို့ အနောက်ဘက်တွင် တည်ရှိသော ဝါဒက်ခရိုင်မှာ မကြာသေးမီကမှ သောင်းကျန်းထကြွမှု နှိမ်နင်းရေး အဓိက အာရုံစိုက်စရာ ဖြစ်လာသော ခရိုင်ဖြစ်သည်။

အမေရိကန် အထူးတပ်ဖွဲ့များနှင့် အာဖဂန် လက်နက်ကိုင်များသည် ယင်းခရိုင်ဒေသတွင် ဒေသခံများအတွက် မလုံခြုံမှု၊ မတည်ငြိမ်မှုများဖြစ်စေပြီး အနှောင့်အယှက်ပေးမှုများ ရှိခဲ့သည်ဟု သမ္မတပြောခွင့်ရပုဂ္ဂိုလ်က စွပ်စွဲပြောကြားသည်။ ကန်တပ်ဖွဲ့ဝင်များ လုပ်ဆောင်ခဲ့သော စစ်ဆင်ရေးတစ်ရပ်တွင် လူကိုးဦးပျောက်ဆုံးသွားခဲ့သည်ဟုလည်း ၎င်းက ပြောသည်။ သို့သော် ယင်းအဖြစ်အပျက်တွင် အချိန်နှင့် နေရာအတိအကျကိုမူ ၎င်းကမပြောပေ။

အာဖဂန် တပ်ဖွဲ့များမှာလည်း ဝါဒက်ခရိုင်တွင်တက္ကသိုလ်ကျောင်းသားတစ်ဦးအား သတ်ဖြတ်မှု၌ တာဝန်ရှိသည်ဟု ပြောခွင့်ရပုဂ္ဂိုလ်က ဆိုသည်။

—*Ref: RFE/RL*

## မြောက်ကိုရီးယားအပေါ် သည်းခံသွားမည်မဟုတ်ဟု တောင်ကိုရီးယား အမျိုးသမီးသမ္မတ ပြောကြား

**ဆိုးလ်၊ဖေဖော်ဝါရီ-၂၅**

မကြာသေးမီက ရွေးကောက်ပွဲအနိုင်ရခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးသမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည့် မစ္စပတ်ဂျွန်ဟေးသည် ယနေ့တနင်္လာနေ့(ဖေဖော်ဝါရီ ၂၅ ရက်)တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် မြောက်ကိုရီးယားအပေါ် သည်းခံသွားမည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ဆိုးလ်မြို့တော်ရှိ အမျိုးသားညီလာခံခန်းမ အဆောက်အအုံရှေ့သို့ ရောက်ရှိလာသော ပြည်သူ ၇၀,၀၀၀ ခန့်အား ကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်းပြောကြားရာတွင် မစ္စပတ်ဂျွန်ဟေးက "မြောက်ကိုရီးယားရဲ့ မကြာမီက နျူစမ်းသပ်မှုဟာ ကိုရီးယားပြည်သူတွေရဲ့ အနာဂတ်နဲ့ ရှင်သန်ရေးအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ ဖြစ်လာခဲ့ရင် အကြီးမားဆုံးသားကောင်ဖြစ်မှာ မြောက်ကိုရီးယားကလွဲလို့ အခြားမရှိဘူးဆိုတာ မမှားပါဘူး။

စာမျက်နှာ(၄၅)သို့ »



Photo - AFP

*တောင်ကိုရီးယား၏ ပထမဆုံးအမျိုးသမီးသမ္မတဖြစ်လာသော ပတ်ဂျွန်ဟေးသည် ဆိုးလ်မြို့တော်ရှိ ပါလီမန်၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျမ်းသစ္စာကျိန်ဆိုပြီး မိန့်ခွန်းပြောကြားစဉ်*



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.51 • FEBRUARY 28 , 2013

# ပွင့်လင်းအစိုးရများ မဟာမိတ်အဖွဲ့ဝင်ဖြစ်ရန် မြန်မာနိုင်ငံ ပိုမိုပွင့်လင်းရန်လို

**အောင်သူရ**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၁**

ပွင့်လင်းအစိုးရများမဟာမိတ်အဖွဲ့(Open Government Partner-ship)ဝင်ဖြစ်ရန်အတွက် ဘဏ္ဍာငွေ ရသုံးမှန်းခြေ ငွေစာရင်းရှင်းတမ်းကို ပွင့်လင်းမြင်သာအောင်ဆောင်ရွက်ရန်၊ အစိုးရအဖွဲ့နှင့်နိုင်ငံရေးပါတီများမှ အဆင့်မြင့်ဝန်ထမ်းများ၏ ပိုင်ဆိုင်မှုစာရင်းကိုပွင့်ပွင့်လင်းလင်းချပြဖို့လိုကြောင်း ဗြိတိန်အစိုးရဝန်ကြီးအဖွဲ့ဝန်ကြီး မစ္စတာ.Francis Maude က ပြောသည်။

ထို့အပြင် သမ္မတဦးသိန်းစိန်အနေဖြင့် ၂၀၁၆ ခုနှစ်တွင် ပွင့်လင်းအစိုးရများမဟာမိတ်အဖွဲ့ဝင် နိုင်ငံဖြစ်ရေးအတွက် ဆုံးဖြတ်ထားသောဆုံးဖြတ်ချက်မှာ အင်မတန်မှ ရဲရင့်ပြတ်သားသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဗြိတိန်အစိုးရဝန်ကြီးအဖွဲ့ဝန်ကြီး မစ္စတာ Francis Maude က ဆိုသည်။

“တစ်နှစ် ၂ နှစ်အတွင်းမှာ ပြုပြင်ပြောင်းလဲရေးကို အရှိန်မြှင့်ပြီး လုပ်သွားနိုင်ရင် ဖြစ်နိုင်တယ်။ ပွင့်လင်းမြင်သာမှုမရှိရင်လည်းပြုပြင် ပြောင်းလဲရေးကအရှိန်မြှင့်လို့ရမှာ မဟုတ်ဘူး” ဟု ၈၈ မျိုးဆက်သစ် ကျောင်းသားများအဖွဲ့မှ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဂျင်မီကပြောသည်။

သို့သော် ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သောလွှတ်တော်အစည်းအဝေးတွင်အစိုးရအဖွဲ့ဝင်လူကြီးများ၏ ပိုင်ဆိုင်မှုအားဖော်ပြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ လွှတ်တော်အမတ်က အဆိုတင်သွင်းခဲ့သော်လည်း မဲခွဲဆုံးဖြတ်ရာတွင် ရှုံးနိမ့်ခဲ့သည်။

ပွင့်လင်းမြင်သာမှုသည် အကျင့်ပျက်ခြစားမှု၏ ရန်သူဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် ပွင့်လင်းအစိုးရများအဖွဲ့ဝင်နိုင်ငံဖြစ်လာပါက တိုင်းပြည်အတွက် အကျိုးရှိလာမည် ဖြစ်ကြောင်း မစ္စတာ Francis က ပြောကြားသည်။

ဗြိတိန်နိုင်ငံ က နာယကအဖြစ်ဆောင်ရွက်ပြီးအဖွဲ့ဝင်နိုင်ငံပေါင်း ၅၈ နိုင်ငံဖြင့် ဖွဲ့စည်းထားသော ပွင့်လင်းအစိုးရများမဟာမိတ်အဖွဲ့ဝင်နိုင်ငံဖြစ်ရန်အတွက် ရသုံးမှန်းခြေငွေစာရင်းရှင်းတမ်းအား ပွင့်လင်းမြင်သာအောင်ဆောင်ရွက်ရန်၊ အစိုးရအဖွဲ့နှင့်နိုင်ငံရေးပါတီကြီးများမှ အကြီးတန်းအရာရှိများ၏ပိုင်ဆိုင်မှုကိုကြေညာရန်၊မီဒီယာဥပဒေပြဋ္ဌာန်းရန်နှင့် သတင်းအချက်အလက်ရယူပိုင်ခွင့်များဆောင်ရွက်ပေးရန်တို့လုပ်ဆောင်ပေးရန်လိုသည်။

ဗြိတိန်နိုင်ငံအနေဖြင့်မြန်မာနိုင်ငံအား ပွင့်လင်းအစိုးရများမဟာမိတ်အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်နိုင်စေရန်ကူညီဆောင်ရွက် ပေးမည်ဟုလည်း ဝန်ကြီးက ပြောဆိုသည်။

မြန်မာနိုင်ငံသို့နှစ်ရက်ကြာလာရောက်သော ခရီးစဉ်အတွင်း ဗြိတိန်အစိုးရဝန်ကြီးအဖွဲ့ဝန်ကြီး မစ္စတာ.Francis Maude သည် သမ္မတဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်အမတ်များနှင့် အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

# အမျိုးသားပြတိုက် (ရန်ကုန်) ကို နိုင်ငံတကာအဆင့်မီ ပြုပြင်ပြောင်းလဲမည်

**အေးသူစံ၊ ရဲနောင်**
**ရန်ကုန်၊ဖေဖော်ဝါရီ- ၂၅**

နှစ်ပေါင်း ၁၆ နှစ်ကျော် ကြာမြင့်ပြီဖြစ်သော အမျိုးသားပြတိုက်(ရန်ကုန်)ကို နိုင်ငံတကာအဆင့်မီ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည်ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောသည်။



*ရန်ကုန်မြို့၊ပြည်လမ်းရှိ အမျိုးသားပြတိုက်*
ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

ဖေဖော်ဝါရီ ၂၅ ရက် အမျိုးသားပြတိုက်(ရန်ကုန်)တွင်ပြုလုပ်သည့် ပြတိုက်အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင်ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိပြတိုက်ပေါင်း ၃၁ ခုမှ တာဝန်ရှိသူများ၊ ပညာရှင်များ ပါဝင်ဆွေးနွေးခဲ့သည်။

ပြတိုက်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရန်၊ ခင်းကျင်းပြသမှု ပုံစံများကို နိုင်ငံတကာအဆင့်မီပြုပြင်ပြောင်းလဲရန်၊ပြတိုက်ပစ္စည်းများစုဆောင်းရာတွင် မူဝါဒများ ပြောင်းလဲရေးနှင့် ပြတိုက်ပစ္စည်းလှူဒါန်းမည့် ပြည်သူများ၏ ယုံကြည်မှု ရရှိစေရန်၊ ပြတိုက်ပစ္စည်းများကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ပြတိုက်များသည် ပညာပေးသက်သက် မဟုတ်ဘဲ အပန်းဖြေနေရာများအဖြစ်ပါ ဖန်တီးပြသရန် လိုအပ်ကြောင်း သက်ဆိုင်ရာနယ်ပယ်မှ ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးခဲ့သည်။

“အိမ်နီးချင်းအာဆီယံနိုင်ငံတွေရဲ့ ပြတိုက်တွေနဲ့ယှဉ်ရင် တော်တော်လေး နောက်ကျကျန်ခဲ့ပြီ”ဟု ပြတိုက်ပစ္စည်းစုဆောင်းရေးမူဝါဒနှင့် ခင်းကျင်းပြသမှုနည်းစနစ်များတွင် ကျွမ်းကျင်သူ ဒေါ်နုမြဇံကပြောသည်။

ပြတိုက်များတွင် သီပေါမင်းပါတော်မူသည့် ခေတ်နောက်ပိုင်း ပစ္စည်းများကို စုဆောင်းပြသခြင်း မရှိတော့သောကြောင့် မျက်မှောက်ခေတ်အထိပြသနိုင်ခြင်း မရှိတော့ဟု ၎င်းကဆက်လက်ပြောသည်။

“ပြတိုက်တွေဟာ နိုင်ငံနဲ့လူမျိုးရဲ့ ယဉ်ကျေးမှု၊ ဂုဏ်သိက္ခာ၊ ပညာအတွေးအခေါ် အဆင့်အတန်းကို ပြသပါတယ်” ဟု ယဉ်ကျေးမှုဗဟိုကော်မတီဝင် ဒေါက်တာတိုးလှကပြောသည်။

အမျိုးသားပြတိုက်(ရန်ကုန်)ကို ၁၉၅၂ ခုနှစ်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌စတင်ဖွင့်လှစ်ခဲ့ပြီး နေရာပြောင်းရွှေ့မှု အကြိမ်ကြိမ်ပြုလုပ်ခဲ့ကာ ယခု ပြည်လမ်းရှိ အမျိုးသားပြတိုက်ကို ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

# တိုင်ကြားခံရသော ပဲခူးမြို့ အမျိုးသားပြတိုက် ဝန်ထမ်းနှစ်ဦးအား နေရာပြောင်း

**အေးသူစံ၊ ရဲနောင်**
**ရန်ကုန်၊ဖေဖော်ဝါရီ- ၂၅**

ပဲခူးမြို့၊ အမျိုးသားပြတိုက်ရှိ ဝန်ထမ်းနှစ်ဦးအား ပြတိုက်လေ့လာသူအချို့၏ တိုင်ကြားမှုကြောင့်နေပြည်တော်သို့ ပြောင်းရွှေ့လိုက်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၅ ရက်က အမျိုးသားပြတိုက်(ရန်ကုန်)တွင် ပြုလုပ်သည့်ပြတိုက်အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင်ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

“ပဲခူးပြတိုက်မှာ နိုင်ငံခြားသားဧည့်သည်က ဒေါ်လာပေးတာကိုပြတိုက်က လက်မခံဘူးလို့ ကျွန်တော်တို့ဆီ Complain တက်လာတယ်။ ကျွန်တော်တို့က Customer Always Right ကိုလက်ခံပါတယ်။ ဒါကြောင့်ပြတိုက်က ကလေးနှစ်ယောက်ကိုနေပြည်တော်ကို ပြောင်းရွှေ့လိုက်ပါတယ်။ ဒါကြောင့်ပြတိုက်မှာ နိုင်ငံခြားငွေနဲ့ ယူမလားဆိုတာကိုထည့်သွင်းစဉ်းစားကြစေချင်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်တွင် အမျိုးသားပြတိုက်(ရန်ကုန်)အပါအဝင် တစ်နိုင်ငံလုံး၌ ပြတိုက်ပေါင်း ၃၁ လုံးရှိပြီး ပြတိုက်ဝင်ကြေးများကို နိုင်ငံခြားသားများအား ဒေါ်လာ၊ အက်ဖ်အီးစီ၊ ယူရိုငွေတို့ဖြင့် သတ်မှတ်ထားသည်။ ပဲခူးပြတိုက်တွင် နိုင်ငံခြားသားဧည့်သည်ပေးသည့် ဒေါ်လာငွေကိုမြန်မာကျပ်ငွေနှင့် တန်ဖိုးသင့်၍ တောင်းခံသည့်အပေါ် ပြတိုက်လေ့လာသူဘက်မှ တိုင်ကြားလာခြင်းကြောင့် ဝန်ထမ်းနှစ်ဦးအားနေပြည်တော်သို့ရွှေ့ပြောင်းလိုက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်တွင်းရှိ ပြတိုက်များကို နိုင်ငံခြားသား ဧည့်သည်များက ညပိုင်းအချိန်များတွင် လာရောက်ကြည့်ရှုလိုသော်လည်း ညဘက်များတွင် ပြတိုက်ဝန်ထမ်းများ မထားရှိနိုင်သေးခြင်း၊ ယဉ်ကျေးမှုဇုန်အတွင်းသို့ လာရောက်သည့် ဧည့်သည်များအား ဇုန်ဝင်ကြေးပေးဆောင်မှု ရှိ၊ မရှိတို့ကို လိုက်လံစစ်ဆေးရခြင်းတို့မှာ အခက်အခဲရှိကြောင်း သိရသည်။

“နေရာတစ်ခုကို လာကြည့်တဲ့ဧည့်သည်ကိုဝင်ကြေးပေးထားလား၊ မပေးထားလားဆိုတာ ဖြတ်ပိုင်းကို အတင်းလိုက်ပြီး ပေးစစ်ပါလို့၊ တောင်းလို့လည်း မကောင်းဘူး။ လူတိုင်းက ဇုန်ဝင်ကြေးပေးပြီးမှ ဝင်သင့်တယ်ဆိုတဲ့ ကျင့်ဝတ်ရှိစေချင်တယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အရေးယူလိုက်သည့် ဝန်ထမ်းနှစ်ဦးအား အပြစ်ရှိသည်၊ မရှိသည်ဟု စစ်ဆေးခဲ့ခြင်း မဟုတ်ဘဲ တိုင်ကြားမှုတစ်ခုအား အရေးယူပြသည့် အနေဖြင့် ဌာနတွင်း ရွှေ့ပြောင်းမှုပြုလုပ်လိုက်ခြင်းဖြစ်ကြောင်း ဝန်ကြီးကပြောကြားသွားခဲ့သည်။

# ရောဝတီမြစ်အတွင်း ရွှေတူးသူများ ဖမ်းဆီးအရေးယူမှု အားနည်းနေဆဲ

**မရန်(ကချင်)**
**မြစ်ကြီးနား၊ ဖေဖော်ဝါရီ - ၂၅**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှ ၁၂ မိုင်အကွာရှိ အာလမ်ကျေးရွာနှင့် လမုန်ဇွပ်ကျေးရွာ ရောဝတီမြစ်ကမ်းပါးတွင် ရွှေကျင်စက်ကြီးများနှင့် တူးဖော်လျက်ရှိသော ရွှေတူးဖော်ရေးလုပ်ငန်းအချို့အား ၂၀၁၃ဖေဖော်ဝါရီ၂၂၊၂၃ရက်တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များက လာရောက်ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ဖမ်းဆီးရာတွင် ရွှေကျင်သော စက်ခေါင်းဟောင်း ကိုးလုံး ဖမ်းဆီးသိမ်းဆည်းသွားပြီး အဆိုပါအဖမ်းခံရသူ ငါးဦးမှာ ကျင်းပိုင်ရှင် ဦးလဆဲတူးနှင့် ဦးလမင်းတို့၏ ကျင်းသားများဖြစ်ပြီး ထိုငါးဦးအား ယနေ့ရုံးတင်စစ်ဆေးခဲ့သည်။

“ပြန်ကျင်ခဲ့တဲ့လူရှိရင်လည်း တစ်ခါတည်း ဖမ်းမှာပဲ ”ဟု ကချင်ပြည်နယ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက ဆိုသည်။

အာလမ်ကျေးရွာနှင့် လမုန်ဇွပ်ကျေးရွာ ရောဝတီမြစ်ကမ်းပါးတွင်ရွှေကျင်နေသော ရွှေဆိုင်းပေါင်း ၁၀၀ ကျော်ခန့်ရှိပြီး လမန်ဇွပ်ကျေးရွာတွင်မူ မြေတူးစက်ကြီးများဖြင့် ဒေသခံများ၏ စိုက်ပျိုးခြံများကိုပါ ကျူးကျော်၍ တူးဖော်မှုများရှိခဲ့သည်။ ရွှေဆိုင်းပေါင်း ၁၀၀ တွင် ကျင်းသားပေါင်း အနည်းဆုံး ၁,၂၀၀ ခန့်ရှိပြီး လုပ်သားများမှာ မြန်မာနိုင်ငံအနှံ့မှလာရောက်လုပ်ကိုင်ကြသူများဖြစ်သည်။

အာလမ်၊ လမုန်ဇွပ်ကျေးရွာ ရောဝတီမြစ်ကမ်းပါးတွင် ရွှေတူးဖော်နေသည်မှာ သုံးနှစ်ခန့် ရှိပြီဖြစ်ပြီး မြေတူးစက်ကြီးများ ယခုနှစ်ရာသီမှ အသုံးပြုကြခြင်းဖြစ်သည်။ အဆိုပါမြေတူးစက်ကြီးများဖြင့် တူးဖော်နေမှုတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှ တာဝန်ရှိသူများလည်း ပါဝင်ပတ်သက်နေကြောင်း ဒေသခံများက ပြောသည်။

“ကျွန်တော်တို့လည်း အခုလို မြေတူးစက်ကြီးတွေနဲ့ တူးဖော်နေတာကို အကြိမ်ကြိမ် ကန့်ကွက်တယ်။ ပြောတယ်။ ဒီလိုသာ ဆက်ပြီးတူးနေတုန်းပဲ။ အစိုးရဘက်က အရေးယူမှုတွေ မရှိဘူး။ အခုက ရွာကမ်းပါးမှာပဲ တူးဖော်ထားတော့ မိုးတွင်းကျရင်တော့ ရွာအရှေ့ဘက်ခြမ်း မျောပါသွားနိုင်တယ်။ ဆုံးရှုံးမှုတွေ အများကြီးဖြစ်မှာပဲ။ ကျွန်တော်တို့က အမြဲတမ်း မတူးဖော်ဖို့ပြောနေရင်လည်း သူတို့လုပ်ငန်းရှင်တွေဆိုတော့ ပိုက်ဆံတွေနဲ့ လာဘ်ထိုးတာတွေရှိရင် ရှိမှာပေ့ါ။ ဒါကြောင့် ဒီလောက်ကြာအောင် သူတို့ကို ဖမ်းဆီးမှုမရှိဘဲ တူးနိုင်တာပေ့ါ” ဟု ခြံဝင်းနားတွင် မြေတူးစက်ကြီးများဖြင့် လာရောက်တူးဖော်ခံထားရသူ စိုက်ပျိုးခြံပိုင်ရှင် ဦးဆော်ယော်က ဆိုသည်။

ယခု လာရောက်ဖမ်းဆီးမှုကြောင့် လတ်တလောတွင် ရွှေတူးဖော်ခြင်းများရပ်တန့်နေသော်လည်း သဲများ၊ မျှော်စင်များမှာ ယခုထိရှိနေဆဲဖြစ်သည်။ ထိုကဲ့သို့ သဲများ မျှော်စင်များ ရှိနေဆဲဖြစ်ခြင်းကြောင့် ရွှေတူးစက်များ မကြာမီပြန်လည်တူးဖော်လာနိုင်ကြောင်း ဒေသခံများက သုံးသပ်ပြောဆိုသည်။

7 DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013

# နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဝေဖန်ဆန်းစစ်ရန် ဘုန်းတော်ကြီး ဒတ်စမွန်တူးတူး ပြောကြား

**အိဖြူလွင်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၆**

တောင်အာဖရိကနိုင်ငံမှ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဘုန်းတော်ကြီး ဒတ်စမွန်တူးတူးက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ပြုပြင်ပြောင်းလဲမှုကို ပို၍အားပေးသင့်ပြီး ဝေဖန်ဆန်းစစ်ရန်လည်း လိုအပ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ဒေါ်အောင်ဆန်းစုကြည် နေအိမ်၌ တစ်နာရီကြာ တွေ့ဆုံမှုအပြီး သတင်းထောက်များသို့ပြောကြားသည်။

ထိုသို့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို ဝေဖန်ဆန်းစစ်ပါမှ ပိုမိုကြီးမားသော လွတ်လပ်မှုကို ရရှိမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

“စစ်မှန်တဲ့ ဒီမိုကရေစီနဲ့ လွတ်လပ်တဲ့ တိုင်းပြည်အဖြစ် လှုပ်ရှားမှုကို ကျွန်တော်တို့ မြင်ချင်ပါတယ်”ဟုလည်း ဘုန်းတော်ကြီးဒတ်စမွန်တူးတူးက ပြောကြားခဲ့သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

*ဘုန်းတော်ကြီး ဒတ်စမွန်တူးတူးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကိုတွေ့ရစဉ်*

ဘုန်းတော်ကြီးနှင့်တွေ့ဆုံရန် နေပြည်တော် လွှတ်တော်အစည်းအဝေးမှပြန်လာခဲ့သောဒေါ်အောင်ဆန်းစုကြည်က ဒတ်စမွန်တူးတူး မြန်မာနိုင်ငံသို့လာရောက်ခြင်းသည် တိုင်းပြည်အတွက် မည်ကဲ့သို့ အကျိုးရှိမည်လဲဆိုသည့် အမေးကို “ကျွန်မတို့နိုင်ငံအတွက်တော့ မသိဘူး။ သူ့အတွက်တော့ အင်မတန်မှ စိတ်ချမ်းသာစရာကောင်းပါတယ်”ဟု ဖြေကြားသွားခဲ့သည်။



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

**MV Explorer ISE** *သင်္ဘောအား သီလဝါဆိပ်ကမ်း၌တွေ့ရစဉ်*

မျက်နှာဖုံးမှ

## ဘုန်းတော်ကြီး ဒတ်စမွန်တူးတူး မြန်မာနိုင်ငံသို့ လာရောက်

ရန်ကုန်၌ရှိစဉ်ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည်နှင့် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီတွင် တက္ကသိုလ်ရိပ်သာလမ်း သူမ၏နေအိမ်၌ တွေ့ဆုံခဲ့သည်။

ထို့အပြင်အမေရိကန်စင်တာတွင်လည်း ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၃ နာရီမှ ၄ နာရီအထိ ကျောင်းသားများနှင့် တွေ့ဆုံမိန့်ခွန်းပြောမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်စင်တာ၌ မိန့်ခွန်းပြောကြားမည့် အစီအစဉ်အတွက် ပြည်တွင်းမှ နိုင်ငံရေးပါတီအချို့မှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းအချို့နှင့် ဘာသာရေးအဖွဲ့အစည်းအချို့ကို ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

၁၉၈၄ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒတ်စမွန်တူးတူးမှာ တောင်အာဖရိက အသားအရောင်ခွဲခြားမှု တိုက်ဖျက်ရေး ကာလအတွင်း အကြမ်းမဖက်သောနည်းဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများကို ဦးဆောင်ခဲ့သူဖြစ်သည်။ ထို့အပြင် နယ်လဆင်မင်ဒဲလား သမ္မတဖြစ်လာချိန်တွင် အသားအရောင်ခွဲခြားမှု တိုက်ဖျက်ရေးကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုခံရသူများအတွက် အမှန်တရားနှင့် ပြန်လည်သွေးစည်းရေး ကော်မရှင်ကို ဦးဆောင်ရန် ခန့်အပ်ခြင်းခံခဲ့ရသည်။ ငြိမ်းချမ်းရေးနိုဗယ်ဆုအပြင် နိုင်ငံတကာက ပေးအပ်ထားသော ဂုဏ်ပြု ဆုတံဆိပ်များစွာ လက်ခံရရှိထားသော ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

မြန်မာ့နိုင်ငံရေးကို အထူးစိတ်ပါဝင်စားအလေးထားသူဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ကျနေစဉ် ကာလအတွင်း သူမလွတ်မြောက်ရေးအတွက်အမြဲတစေအစိုးရအားတိုက်တွန်းပေးခဲ့သူလည်းဖြစ်သည်။

“ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာပြည်သူတွေဟာ သူတို့ရဲ့ လွတ်လပ်မှုကို ရရှိဖို့ကူညီကြိုးစားနေခဲ့တဲ့ ကျွန်ုပ်တို့ရဲ့ အပြင်းထန်ဆုံး အားထုတ်မှုတွေထက် မလျော့တဲ့ အားထုတ်မှုမျိုးနဲ့ ထိုက်တန်ပါတယ်။ နေ့တိုင်းပဲ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် မေးရပါမယ်။ ကျွန်ုပ်တို့ တတ်နိုင်တာတွေ အကုန်လုံး လုပ်ဆောင်ပြီးပြီလားလို့။ အောင်ဆန်းစုကြည်နဲ့မြန်မာပြည်သူတွေ မလွတ်မြောက်သေးသရွေ့ ကျွန်ုပ်အနားယူမယ် မဟုတ်ပါဘူး။ ကျေးဇူးပြု၍ ကျွန်ုပ်နဲ့အတူ ပူးပေါင်းကြပါ” ဟု ၂၀၀၉ ခုနှစ် ဇူလိုင် ၃၀ ရက်ထုတ် ဂါးဒီးယန်းသတင်းစာတွင် ဘုန်းတော်ကြီးက ရေးသားခဲ့သည်။

၎င်းလိုက်ပါလာသော သင်္ဘောမှာ အပျော်စီးသင်္ဘော သက်သက်မဟုတ်ဘဲ အမေရိကန်နိုင်ငံမှ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား ၈၀၀ ကျော်ပါဝင်ပြီး သင်္ဘောပေါ်တွင် ခရီးသွားရင်း စာသင်ကြားပေးသော အစီအစဉ် (Semester at Sea) တစ်ခုဖြစ်သည်။ ဒတ်စမွန်တူးတူးမှာသင်္ဘောပေါ်တွင်ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် လိုက်ပါလာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါသင်္ဘောမှာ လနှင့်ချီ၍ ကမ္ဘာပတ်ရင်း စာသင်ကြားလေ့ရှိသည်။ ယခုခရီးစဉ်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီရေဂိုမြို့မှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမရောက်မီ စင်ကာပူဆိပ်ကမ်းတွင် ဆိုက်ကပ်ခဲ့ကာ ထိုမှ ရန်ကုန်သို့လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှအပြန်တွင် အိန္ဒိယနိုင်ငံသို့ ဆက်သွားမည်ဖြစ်သည်။

ဘုန်းတော်ကြီး ဒတ်စမွန်တူးတူးမှာမတ်လ ၁၃ ရက်တွင်တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့၌ သင်္ဘောဆိုက်ချိန်တွင် သင်္ဘောပေါ်မှ ဆင်းနေရစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဘုန်းတော်ကြီးဒတ်စမွန်တူးတူးမှာ ၂၀၀၆ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့ဖူးပြီး ထိုအချိန်က မီဒီယာများ သိရှိမှုနည်းကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

# အစိုးရနှင့်ကေအိုင်အို မတ်လ ဒုတိယပတ်တွင် တွေ့ဆုံသွားရန် ကေအိုင်အိုအကြောင်းပြန်

**အေးမြကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၆**

အစိုးရနှင့်ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)နှင့် ထပ်မံတွေ့ဆုံဆွေးနွေးရန် ကေအိုင်အိုဗဟိုတွင်ပြင်ဆင်မှုအစည်းအဝေးများပြုလုပ်နေသည့်အတွက် ဖေဖော်ဝါရီလမကုန်မီအတွင်း မဖြစ်နိုင်တော့ဘဲ မတ်လ ဒုတိယပတ်တွင်သာ တွေ့ဆုံသွားရန် ဝန်ကြီးဦးအောင်မင်းထံသို့ ကေအိုင်အိုမှ တိုက်ရိုက်ဆက်သွယ်ပြောဆိုခဲ့ကြောင်း သတင်းရရှိသည်။

“ဗဟို (ကေအိုင်အို)မှာ ပြင်ဆင်မှုအစည်းအဝေးတွေ လုပ်နေတဲ့ အတွက် ရက်အနည်းငယ်နောက်ကိုရောက်နိုင်တယ်ဆိုတာကို တိုက်ရိုက်လှမ်းအကြောင်းကြားပါတယ်။ အကြောင်းပြန်တဲ့အခါမှာ အရမ်းအပြုသဘောဆောင်တယ်လို့ဝန်ကြီးက ပြောပါတယ်” ဟု ငြိမ်းချမ်းရေးအကျိုးဆောင် ဦးလှမောင်ရွှေက ဖေဖော်ဝါရီ ၂၆ ရက်တွင်ပြောကြားသည်။

“ကျွန်တော်တို့ စာနဲ့တော့ မဟုတ်ဘဲ ဖုန်းနဲ့တိုက်ရိုက်ဆက်ပြီး ဖေဖော်ဝါရီအကုန်ပိုင်းမှာ မဖြစ်နိုင်သေးတဲ့အကြောင်း မတ်လ ဒုတိယပတ်အတွင်းမှာတော့ တွေ့နိုင်လိမ့်မယ်လို့ အကြောင်းပြန်လိုက်ပါတယ်ဗျ” ဟုကေအိုင်အိုမှ ပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ဖေဖော်ဝါရီ ၂၆ရက်တွင် မေးမြန်းမှုကိုပြန်လည်ဖြေကြားသည်။

ယခုထပ်မံတွေ့ဆုံမည့်ဆွေးနွေးပွဲတွင် တပ်များ နေရာချထားရေးကိစ္စကို ဆွေးနွေးသွားနိုင်ဖွယ်ရှိကြောင်းဝန်ကြီးဦးအောင်မင်းက ဖေဖော်ဝါရီ ၂၃ ရက်တွင် မြန်မာငြိမ်းချမ်းရေးစင်တာ၌ ပြုလုပ်သော အလုပ်သမားများနှင့် တွေ့ဆုံပွဲအပြီး သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားသည်။

“ဒီတစ်ခေါက်တော့ သူတို့တပ်နေရာတွေ ပေးမယ်ထင်တာပေါ့။ တစ်ထိုင်တည်းဆုံးဖြတ်ဖို့ကတော့ မဖြစ်နိုင်သေးဘူးထင်တယ်” ဟု ပြောကြားသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးဦးအောင်မင်းက ပြီးခဲ့သောရက်ပိုင်းက ဆွေးနွေးပွဲများထပ်မံပြုလုပ်ရန် ကမ်းလှမ်းသည့် စာတစ်စောင်ကို ကေအိုင်အိုသို့ ပေးပို့ခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက်၌ ကေအိုင်အို (ဗဟို)မှ တိုက်ရိုက်အကြောင်းပြန်ခဲ့ခြင်းဖြစ်သည်။

အစိုးရတပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့ နှစ်ဖက်တိုက်ပွဲများ အပြင်းထန်ဆုံးဖြစ်ပွားခဲ့ပြီးသည့်နောက်တွင် တရုတ်အစိုးရ၏ ကြားဝင်ကူညီမှုဖြင့် ဖေဖော်ဝါရီ ၄ ရက်က တရုတ်နိုင်ငံ ရွှေလီမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကာ စစ်အရှိန်လျှော့ရေးနှင့် နှစ်ဘက်ပြန်လည်၍ ဖေဖော်ဝါရီလမကုန်မီတွေ့ဆုံရန်သဘောတူညီခဲ့ကြသည်။ ထိုဆွေးနွေးပွဲပြီး နောက်ပိုင်းတွင် ကချင်ပြည်နယ်အတွင်း၌ တိုက်ပွဲများ သိသာစွာ လျော့နည်းသွားသော်လည်း ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆော့လော်နှင့် ချီဖွေအကြားတွင် နေရာနှစ်နေရာ၌ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်ဟု ကေအိုင်အိုမှ သတင်းရရှိသည်။

# ၂၀၁၃-၁၄ ဘတ်ဂျက်တွင် ကာကွယ်ရေးဝန်ကြီးဌာနက ၂၁ ရာခိုင်နှုန်းနီးပါး တင်ပြတောင်းခံ

**သန်းထူး**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၂၆**

၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာန အသီးသီးအတွက် ဘတ်ဂျက်နှင့် စီမံကိန်းများ လျာထားချက်တွင် ကာကွယ်ရေးဝန်ကြီးဌာနက နိုင်ငံတော် အသုံးစရိတ်အားလုံး၏ ၂၁ ရာခိုင်နှုန်းနီးပါး တင်ပြတောင်းခံထားကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သတင်းရရှိသည်။

လျာထားဘတ်ဂျက်များ အသုံးစရိတ်အားလုံး ကျပ်ငွေ ဘီလီယံ ငါးထောင်ကျော်တင်ပြရာ၌ ကာကွယ်ရေးဝန်ကြီးဌာနက ၂၀ ဒသမ ၉ ရာခိုင်နှုန်း(ကျပ်ငွေဘီလီယံ ၁၀၀၀ ကျော်)ဖြင့် အများဆုံးပမာဏကိုတင်ပြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၁၁ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါဘတ်ဂျက်များ အတည်ပြုဆုံးဖြတ်ခြင်းကို ပြည်ထောင်စုလွှတ်တော် ၁၅ရက်မြောက်နေ့(မတ် ၄ ရက်)တွင် ဆောင်ရွက်မည်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနက တင်ပြတောင်းခံသော အသုံးစရိတ်အတွက် အသေးစိတ်ရှင်းပြမှုမှာ အခြားဌာနများနှင့်စာလျှင်နည်းလွန်းသည့်အတွက် ကိုယ်စားလှယ်အချို့က ဝေဖန်သည်။

“နိုင်ငံတော်လုံခြုံရေးအတွက် လျှို့ဝှက်ကိစ္စကလွဲရင် ပြောသင့်ပြောထိုက်တာတွေရှိပါတယ်။ ဥပမာ တပ်ရိက္ခာ၊ လစာ၊ စက်သုံးဆီ၊ အဆောက်အအုံ စတာတွေဟာပြောလို့ရပါတယ်။ ဒါတွေပြောမှသာ အခြားကိုယ်စားလှယ်တွေရဲ့ အထင်အမြင်လွဲမှုတွေ မကြုံရမှာ”ဟု တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက ပြောသည်။

၎င်းအပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးဖုန်းမြင့်အောင်ကလည်း “ကာကွယ်ရေးရဲ့ ဘတ်ဂျက်စာရွက်က အပါးဆုံးပဲ။ သိပ်လည်းလျှို့ဝှက်မနေပါနဲ့တော့။ သိသင့်တာတွေလည်း သိပြီးနေပါပြီ။ ဒါတွေကို လိုက်လိုက်လျောလျော ပြောဖို့တော့လိုပါပြီ” ဟု ပြောကြားသည်။

စာမျက်နှာ(၃)မှ

## မစ္စမြန်မာ အင်တာနေရှင်နယ်ဆု မန္တလေးသူ ဂုဏ်ရည်အေးကျော် ဆွတ်ခူး

အဖြေတစ်ခုတည်းထွက်ဖို့မဟုတ်ပါဘူး။ အဖွင့်မေးခွန်းတွေဖြစ်တဲ့အတွက် ကိုယ့်ရဲ့ထင်မြင်ချက်ကို ဖြေလို့ရပါတယ်။ ဖြေဆိုပုံ၊ အသံအနေအထားကိုကြည့်ပြီး လျှော့ပေါ့ပေးလို့ရပါတယ်။ အားလုံးနဲ့တစ်ပြေးညီဖြစ်ဖို့ မေးခွန်းထုတ်ရတာ ခက်ခဲပါတယ်”ဟု MTF မှ ဒိုင်အဖြစ်ဆောင်ရွက်ပေးသူဦးဖြိုးဝေရာဇာက ပြောသည်။

“ဘွဲ့ရပညာတတ်တွေဆိုပြီးတော့ အင်္ဂလိပ်စာမေးခွန်းမေးတဲ့ဟာကို သေသေချာချာ နားမလည်တာက တော်တော်ဆိုးတယ်။ မြန်မာလိုဖြေပါဆိုတာကိုတောင်မှ အင်္ဂလိပ်လိုချည်းလျှောက်ပြောနေတာက အဆိုးဆုံးပဲ။ ပြီးတော့ အပြင်ဗဟုသုတလည်းတော်တော်အားနည်းတယ်”ဟု အသက် ၂၁ နှစ်အရွယ်ပရိသတ်တစ်ဦးကပြောသည်။ ဂုဏ်ရည်အေးကျော်သည် ဆုရရှိခဲ့သည့်အတွက် ကမ္ဘာ့မယ်ပြိုင်ပွဲများ၏ အဆင့်(၃)ရှိသည့် "Miss International Beauty Pagent 2013"ပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြပွဲ၊ ပြိုင်ပွဲများသို့သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

“အဓိက Miss International ပွဲ ပြိုင်ရမှာပါ။ အခြား နိုင်ငံတကာပွဲတွေလည်း ပါဝင်နိုင်မှာပါ။ အခုပြိုင်ပွဲတွေ ပြိုင်နိုင်ဖို့ စီစဉ်နေပါပြီ။ Miss International က ဂျပန်မှာ အများဆုံး ကျင်းပမယ်။ အရင်ပြီးခဲ့တဲ့နှစ်တွေက တရုတ်နိုင်ငံမှာကျင်းပခဲ့တယ်။ ဒီနှစ်က ဖိလစ်ပိုင်မှာဖြစ်မယ် ထင်တယ်။ မသေချာသေးဘူး”ဟု စီစဉ်သူ ကိုလင်းထိန်ကပြောသည်။

ဂျပန်နိုင်ငံ အိုကီနာဝါမြို့တွင် ကျင်းပခဲ့သော "Miss International Beauty Pagent 2012" ပြိုင်ပွဲသို့ ပထမဆုံးအကြိမ် မြန်မာနိုင်ငံကိုယ်စားပြု "Miss Myanmar International" ဆုရှင် နန်းခင်ဇေယျာက ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး Miss People's Choice Award၊ Miss Internet Award ဆွတ်ခူးခဲ့သည်။

7DAY NEWS JOURNAL
Vol.11, No.51 • FEBRUARY 28 , 2013



# အမေရိကန်က မြန်မာနိုင်ငံမှ ဘဏ်လေးခုအပေါ် ပိတ်ဆို့ အရေးယူမှုအား ပယ်ဖျက်ပေး

**ယုဇနကိုကို**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၃**

အမေရိကန်နိုင်ငံက စီးပွားရေး ပိတ်ဆို့မှု ပြုလုပ်ထားခဲ့သော မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများထဲမှ ဘဏ်လေးခုကို ပိတ်ဆို့မှု ရုပ်သိမ်းလိုက်ပြီး ယင်းဘဏ်များတွင် စီးပွားရေးလုပ်ငန်းရှင် ဦးတေဇနှင့် ဦးဇော်ဇော်ပိုင် ဘဏ်များ ပါဝင်လာခဲ့သည်။

ကန်စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ကိုင်ခွင့်ရသော မြန်မာ့ဘဏ်များမှာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် ရောဝတီဘဏ်တို့ဖြစ်သည်။

အမေရိကန်၏ မြန်မာနိုင်ငံမှ ဘဏ်လေးခုအပေါ် ပိတ်ဆို့အရေးယူမှုများကို ယခုကဲ့သို့ ပယ်ဖျက်ပေးလိုက်ခြင်းနှင့် ပတ်သက်ပြီး AGD ဘဏ်က အွန်လိုင်းပေါ်ရှိ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် ထူးကုမ္ပဏီများအုပ်စုသည် လက်နက်ရောင်းဝယ်ရေး လုပ်ငန်းနှင့် ဆက်စပ်သည့် ဝင်ငွေများ မရှိခြင်း၊ မူးယစ်ဆေးဝါး ရောင်းချသည့် လုပ်ငန်းနှင့် ဆက်စပ်သည့် ဝင်ငွေများ မရှိခြင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိခြင်းအပြင် နိုင်ငံတကာဘဏ်လုပ်ငန်း အဆင့်အတန်းနှင့် ကိုက်ညီခြင်းကြောင့် စီးပွားရေး ပိတ်ဆို့မှုကို လျှော့ချပေးလိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်ဟု ဖော်ပြခဲ့သည်။

အမေရိကန်ဘဏ္ဍာရေးဌာန၏ အကြမ်းဖက်ဝါဒနှင့်ဘဏ္ဍာရေးစုံစမ်းမှုဌာနလက်ထောက်အတွင်းဝန် ဒေးဗစ်ကိုဟင်က "ကျွန်တော်တို့ရဲ့ ကုမ္ပဏီတွေနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံရဲ့ ဘဏ်စနစ်ကို ချိတ်ဆက်ဆောင်ရွက်နိုင်မှု တိုးမြှင့်လိုက်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံမှာ ဆက်လက်လုပ်ဆောင်နေဆဲ လူမှုရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ကူညီနိုင်တော့မှာပါ"ဟု ပြောကြားသည်။

# ကားအဟောင်း ရှစ်သောင်းကျော် အပ်နှံ၊ အစားထိုးကား ၇၈,၀၀၀ ကျော် မူသေနံပါတ်ထုတ်ပြီး

**အေးမြတ်သူ၊ မိုးညို**
**ရန်ကုန်၊ဖေဖော်ဝါရီ-၂၆**

ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်ဖြင့် မြန်မာ တစ်နိုင်ငံလုံးရှိ ဖျက်သိမ်းအပ်နှံပြီး ယာဉ်အစီးရေမှာ ဖေဖော်ဝါရီလ ၂၅ ရက်အထိ ရှစ်သောင်းကျော်ရှိနေပြီဖြစ်ကာ စီမံကိန်း၏ ၈၂ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးဖြစ်ကြောင်း နေပြည်တော်ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

၂၀၁၁ ခုနှစ်စက်တင်ဘာလမှစတင်၍ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုပြုလုပ်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက် အထိ ယာဉ်အစီးရေ ၈၆,၀၀၀ ကျော်ရှိပြီး သွင်းကုန်လိုင်စင်ထုတ်ပေးပြီးအစီးရေ ၈၃,၀၀၀ ကျော်ရှိသည့်အနက် လူစီးယာဉ် ၁,၇၄၃ စီးရှိပြီဖြစ်ကြောင်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ အစားထိုးတင်သွင်းမှုအတွက် ပြန်လည်မှတ်ပုံတင် (မူသေနံပါတ်) ထုတ်ပေးပြီး ကားအစီးရေ ၇၈,၀၁၄ စီး ရှိပြီဖြစ်သည်။

ထို့ပြင် ယာဉ်အိုယာဉ်ဟောင်း အပ်နှံဖျက်သိမ်းပြီး အစားထိုး တင်သွင်းမှုအတွက် ဖေဖော်ဝါရီလ ၂၈ ရက်မှစကာ 'လ' အက္ခရာ ယာဉ်များအား စတင်အပ်နှံဆောင်ရွက်မည်ဖြစ်သည်။

လက်ရှိတွင် ပြည်တွင်းသို့ တင်သွင်းမှုအများဆုံးဖြစ်လာသည့် ၁၃၀၀ စီစီ အင်ဂျင်ပါဝါ ကားများ၏ ဈေးကွက်မှာ အထူးအဝယ်လိုက်နေပြီး ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း ကားဝယ်ရောင်းတစ်ဦးက ပြောသည်။ ဟွန်ဒါဖစ်၊ ပရိုဘောက်စ်၊ အေဒီဗန် အစရှိသော ပါမစ်မလိုဘဲ တင်သွင်းသည့် ကားအများစုမှာ ၁၀ သိန်းမှ ၁၅ သိန်းဝန်းကျင်သို့ ဆက်တိုက်ကျဆင်းလျက်ရှိသည်။

# နှစ်ကျပ်ခွဲကျေးရွာ မီးလင်းရေး ဖြေရှင်းရင်း ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံအချို့ကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွား

**မင်းဟိန်းကျော်၊ငြိမ်းချမ်း**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၅**

ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာတွင် လျှပ်စစ်ဓာတ်အား သွယ်တန်းမှုနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ အချို့တို့အကြား အဓိကရုဏ်းသဏ္ဌာန် ရုန်းရင်းဆန်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။





*ရုန်းရင်းဆန်ခတ်မှုကြောင့် ပျက်စီးသွားသော NLD ရုံးနှင့်ဒဏ်ရာရသူတစ်ဦး*

အဆိုပါကျေးရွာမီးလင်းရေးအတွက် အစိုးရကဆောင်ရွက်ပေးသည့် လုပ်ငန်းကို မြောက်ကျောင်းဆရာတော် ဦးကောသလ္လမှ တားဆီးကန့်ကွက်၍ သက်ဆိုင်ရာအာဏာပိုင်များက ဖေဖော်ဝါရီ၂၄ ရက်တွင် သွားရောက်ရှင်းလင်းဆောင်ရွက်နေစဉ် ဒေသခံအချို့နှင့် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆရာတော်ဦးကောသလ္လ ဘုန်းကြီးကျောင်းပိုင် ထရန်စဖော်မာမှ သွယ်ယူထားသော အိမ်ခြေ (၁၄၅)လုံးမှ လျှပ်စစ်မီးကြိုးများကို ကျောက်ပန်းတောင်းမြို့နယ်လျှပ်စစ်ရုံးက ဖြုတ်ချပြီး အသစ်ရောက်ရှိလာသော ထရန်စဖော်မာသို့ ချိတ်ရန်အတွက် လာရောက်ပြင်ဆင်ရာမှ ဆရာတော်နှင့် အဆိုပါအိမ်ခြေ (၁၄၅)လုံးမှ လူအချို့က မကျေနပ်ဘဲ မြို့နယ်လျှပ်စစ်ရုံးကားကိုသိမ်းယူထားရာမှပြဿနာစတင်ဖြစ်ပွားကြောင်း သတင်းရရှိသည်။

ညပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များက ကားကိုပြန်ယူပြီး၊ မြောက်ကျောင်းဆရာတော်အား ခေါ်ဆောင်စဉ် အခင်းဖြစ်ပွားခဲ့သည်။ ဒေသခံများအား ရဲများက ရိုက်နှက်ခဲ့သလို ဒေသခံအချို့ကလည်း ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဖြစ်ရပ်များကြောင့် ဒေသခံပြည်သူသုံးဦးမှာ ကျောက်ပန်းတောင်းဆေးရုံသို့ တင်ပို့ထားရပြီး တစ်ဦးမှာ ညောင်ဦးပြည်သူ့ဆေးရုံသို့ တင်ထားရကြောင်း ကျောက်ပန်းတောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုအေးခိုင်ကပြောသည်။ အလားတူ ရဲတပ်ဖွဲ့ဝင်အချို့လည်း ဒဏ်ရာရရှိပြီး ဆေးရုံတင်ထားရကြောင်း တာဝန်ရှိသူကပြောသည်။

"မနေ့က ည ၁၀ နာရီခွဲလောက်မှာ ဆရာတော်ဦးကောသလ္လကို ရဲတွေက ဖမ်းတဲ့အချိန်မှာ စဖြစ်တာပဲ။ ဖြစ်တာက အင်န်အယ်လ်ဒီရုံးရှေ့မှာဆိုတော့ ရုံးကိုလည်း ဖျက်ဆီးသွားတယ်။ အနီးမှာရှိတဲ့ အိမ်တွေကိုလည်း ရဲတွေက ဝင်ရိုက်တာ တချို့တွေဆို ခေါင်းကွဲတာတွေတောင်ရှိတယ်"ဟု အဆိုပါပုဂ္ဂိုလ်ကပြောသည်။

"လုံခြုံရေးအရ သွားတာပါ။ ဒေသခံတွေက ကျောက်ပန်းတောင်းမြို့နယ်လျှပ်စစ်ရုံးကားကို လုထားတယ်။ ရဲတပ်ဖွဲ့ဝင်တွေလည်း ဒဏ်ရာရပါတယ်"ဟု မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် အောင်ဇေယျာမြင့်က ပြောသည်။

ဒီမိုကရေစီလမ်းစဉ်ကို စတင်ကျင့်သုံးနေသည့် ယနေ့ကာလတွင် ယခုကဲ့သို့ရဲတပ်ဖွဲ့ဝင်များက ပြည်သူများအား ရိုက်နှက်ခြင်း၊ မိမိတို့ကျေးရွာပါတီရုံးအား မင်းမဲ့စရိုက်ဆန်ဆန် စီးနင်းဝင်ရောက်ဖျက်ဆီးခြင်းတို့ကို ပြုလုပ်ခဲ့ခြင်းအား မိမိအနေဖြင့် လုံးဝလက်မခံနိုင်ဘဲ သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များကို တရားစွဲဆိုအရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြင်းခြံခရိုင် ဒုတိယဥက္ကဋ္ဌ ဦးရွှေခိုကပြောသည်။

"ဒီဖြစ်စဉ်ကို ကျွန်တော်တို့ မသိသေးပါဘူး။ အောက်ခြေကပါတီရုံးမှာ ဒီလိုဖြစ်သွားတဲ့အတွက် ကျွန်တော်တို့ကတော့ ဥပဒေနဲ့အညီပဲ ဆောင်ရွက်သွားမှာပါ"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောသည်။

ကျေးရွာတွင်အိမ်ခြေ(၈၀၀)ဝန်းကျင်ရှိပြီး အိမ်ခြေ (၁၄၅)လုံးမှာ ၂၀၀၀ ခုနှစ်မှစတင်၍ မြောက်ကျောင်းဆရာတော်၏ အစီအစဉ်ဖြင့် 110 KVA ဓာတ်အားလိုင်း မီးလင်းရေးကို လုပ်ဆောင်နိုင်ခဲ့ပြီး မီးရရှိခြင်းမရှိသော ကျန်နေအိမ်များ မီးလင်းရေးအတွက် တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ၃၁၅ KVA ဓာတ်အားလိုင်းသွယ်တန်းခြင်းကိစ္စကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ဒေသခံ(၁၄၅)အိမ် သုံးစွဲနေသော လျှပ်စစ်မီးမှာ မြောက်ကျောင်းဆရာတော်အတွက် လှူဒါန်းထားသည့် ဘာသာ၊ သာသနာအတွက် သုံးစွဲရန်သာ ခွင့်ပြုထားသည့် ထရန်စဖော်မာဖြစ်သည့်အတွက် အဆိုပါ(၁၄၅)အိမ်တွင် ချိတ်ဆက်ထားသည့်လျှပ်စစ်ဓာတ်အားလိုင်းများအား အစိုးရအစီအစဉ်ဖြင့် တပ်ဆင်သည့် ထရန်စဖော်မာသို့ ပြောင်းလဲရန်အတွက် ဖြုတ်ခိုင်းခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်စွမ်းအားဝန်ကြီး ဒေါက်တာမြင့်ကြူကပြောသည်။

နှစ်ကျပ်ခွဲကျေးရွာ မြောက်ကျောင်းဆရာတော်ဦးကောသလ္လအား မြို့နယ်သံဃနာယကအဖွဲ့ခွင့်ပြုချက်ဖြင့် လူဝတ်လဲပြီး ဝတ္တရားနှောင့်ယှက်မှု ပုဒ်မ(၃၃၂)၊ လုယက်မှု ပုဒ်မ(၃၉၂)ဖြင့် ကျောက်ပန်းတောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်သူနိုင်က ကျောက်ပန်းတောင်းမြို့နယ် ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း မြို့နယ်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# အစိုးရတပ်နှင့် SSA တို့ တိုက်ပွဲငယ်ဖြစ်

**ရန်မျိုးနိုင်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၂၆**

လွန်ခဲ့သည့် တစ်နှစ်ကျော်ကတည်းက အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိထားသော ရှမ်းပြည်တပ်မတော်-တောင်ပိုင်း (SSPP/SSA)နှင့် အစိုးရတပ်တို့ကြား ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် တိုက်ပွဲငယ်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ရှိ ခလရ (၆၆)နှင့် SSA တောင်ပိုင်းတပ်မတော်တို့ ဆယ်မိနစ်ခန့် ထိပ်တိုက်တွေ့ဆုံမှု ဖြစ်ပွားခဲ့သော်လည်း အထိအခိုက် အကျအဆုံး မရှိကြောင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ RCSS/SSA မှပြောရေးဆိုခွင့်ရှိသူဗိုလ်မှူးစိုင်းလကပြောသည်။ တပ်မတော်စစ်ကြောင်းက စစ်ကြောင်းချီရာတွင် ကြိုတင်အကြောင်းမကြားသည့်အတွက် တပ်နှစ်ခု ခေတ္တတိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း ၎င်းက ပြောသည်။

အဆိုပါ တိုက်ပွဲများမှာ နှစ်ဖက်နားလည်မှုလွဲမှား၍ ဖြစ်ပွားခဲ့ခြင်းသာဖြစ်ကြောင်းပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းကပြောသည်။

# သမ္မတဦးသိန်းစိန် ဥရောပသမဂ္ဂ အဖွဲ့ဝင် ငါးနိုင်ငံသို့ခရီးနှင်

**အိဖြူလွင်**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၅**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဥရောပသမဂ္ဂအဖွဲ့ဝင် ငါးနိုင်ငံခရီးစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် စတင်လိုက်သည်။

ဥရောပအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့်ဒိန်းမတ် နိုင်ငံများသို့ ၁၂ ရက်ကြာ ခရီးစဉ်အဖြစ် ဖေဖော်ဝါရီ ၂၅ရက်မှ မတ် ၈ရက်ထိ သွားရောက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများအတွက် သွားရောက်ခြင်းဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်သည်။

အဆိုပါ နိုင်ငံများတွင် နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံက ပေးရန်ရှိသည့် အမေရိကန်ဒေါ်လာ ၅၃၄သန်းကို လျှော်ပေးခဲ့သော နိုင်ငံဖြစ်သည်။ ကျန်နိုင်ငံများသည်လည်း မြန်မာနိုင်ငံ၏ မြီရှင်နိုင်ငံများဖြစ်သော ပါရီကလပ်အဖွဲ့ဝင် နိုင်ငံများတွင် ပါဝင်နေသည့် နိုင်ငံများဖြစ်ပြီး ပါရီကလပ်အဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံက ပေးရန်ရှိသော ကြွေးမြီ ၁၀ဘီလီယံကျော်၏ ထက်ဝက်ဖြစ်သည့်အမေရိကန်ဒေါ်လာ ၅ဘီလီယံကျော်ကို လျှော်ပေးခဲ့သည်။

## ပြည်ထောင်စုဝန်ကြီးသုံးဦးနှင့် အလုပ်သမားအဖွဲ့အစည်းများ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေး

အလုပ်ရှင်များက တည်ဆဲဥပဒေမလိုက်နာခြင်း၊ သမဂ္ဂများ ဖွဲ့စည်းရာတွင် အခက်အခဲများတွေ့ခြင်း စသည်တို့ကို အဓိကဆွေးနွေး

**အောင်သူရ၊ အေးမြတ်သူ**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃**

ပြည်ထောင်စုဝန်ကြီး သုံးဦးနှင့် အလုပ်သမားအဖွဲ့အစည်း ၄၈ ဖွဲ့ မှ ကိုယ်စားလှယ်များ ပထမဆုံးအကြိမ် တွေ့ဆုံရာတွင် အလုပ်ရှင်များက တည်ဆဲဥပဒေများအား မလိုက်နာခြင်း၊ သမဂ္ဂများ ဖွဲ့စည်းခြင်းများကို အသိအမှတ်မပြုခြင်းများရှိနေခြင်းတို့ကို ကိုယ်စားလှယ်များက အဓိကတင်ပြဆွေးနွေးသည်။



အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသော အောင်ကြွေပြားစက်ရုံမှ အလုပ်သမား ခေါင်းဆောင် ကိုသန့်ဇင်ဦးက "အလုပ်သမားဝန်ကြီးဌာနက ညွှန်ကြားချက်တွေ ထုတ်ပြန်ပေမယ့် အလုပ်ရှင်တွေဘက်က မလိုက်နာကြပါဘူး။ ညွှန်ကြားချက်တွေက စာရွက်တွေပဲ ဖြစ်သွားတယ်" ဟု ပြောကြားခဲ့သည်။

အစိုးရ ဝန်ထမ်းများဖြစ်သော ရန်ကုန်တက္ကသိုလ် ဆရာ၊ ဆရာမများအသင်းနှင့် မြန်မာမီးရထားအလုပ်သမား သမဂ္ဂများဖွဲ့စည်းရာတွင် သက်ဆိုင်ရာ အကြီးအကဲများက အသိအမှတ်မပြုခြင်းများ ကြုံတွေ့နေရကြောင်း တက်ရောက်လာသော တာဝန်ရှိသူများက တင်ပြခဲ့ကြသည်။

"၂၀၁၂ ခုနှစ် နှောင်းပိုင်းကစပြီး ငြိမ်းချမ်းစွာ အခွင့်အရေးတောင်းဆိုပေမယ့် အလုပ်ထုတ်ခံရတဲ့ အလုပ်သမား ၁၀၀ ကျော်ရှိနေပြီ" ဟု အလုပ်သမားများ အရေး ကူညီပေးနေသောရှေ့နေ ဦးဌေးက ပြောသည်။

ထိုကဲ့သို့ တင်ပြချက်များအား မှတ်သားထား၍ မကြာမီ အလုပ်ရှင်များနှင့် တွေ့ဆုံညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောသည်။

"ကျွန်တော်တို့နိုင်ငံမှာ တွေ့နေရတဲ့ အကြောင်းအရာ တစ်ခုက စောင့်ကြပ်စစ်ဆေးမှု မရှိတာပဲ။ ဘာပဲလုပ်လုပ် စောင့်ကြပ်စစ်ဆေးတဲ့ အစီအစဉ်မရှိတဲ့အခါကျတော့ အမိန့်တွေ ထုတ်ပေးလိုက်လည်း ဘယ်သူမှ မလိုက်နာဘူး" ဟု ဝန်ကြီးဦးစိုးသိန်းက ပြောကြားခဲ့သည်။

ထို့အပြင် အလုပ်သမားများ သမဂ္ဂများ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာမှ ခံဝန်ကတိထိုးခိုင်းခြင်း၊ လစာပေးသော စာရွက်အား ရှင်းရှင်းလင်းလင်း မရေးသားခြင်း၊ အချိန်မတော် အလုပ်ဆင်းနေရခြင်းနှင့် ခုံသမာဓိအဖွဲ့က ဆောင်ရွက်ရာတွင် မပြတ်သားခြင်းတို့ကို တင်ပြခဲ့ကြသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့နှင့် အလုပ်သမားအဖွဲ့ ၄၈ ဖွဲ့မှ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီမှ ၁၂ နာရီထိ မြန်မာငြိမ်းချမ်းရေးစင်တာတွင် တွေ့ဆုံခဲ့ပြီး တက်ရောက်လာသူများထဲမှ ကိုယ်စားလှယ် ၂၈ ဦးက ဆွေးနွေးတင်ပြခဲ့ကြသည်။

၂၀၁၂ ဧပြီလမှစ၍ အလုပ်သမား အဖွဲ့အစည်းများ တရားဝင်ဖွဲ့စည်းခွင့်ပြုခဲ့သော်လည်း ယခုအခါ အဖွဲ့အစည်း လေးရာကျော်သာ ဖွဲ့စည်းနိုင်သေးကြောင်း သတင်းရရှိသည်။

## သမဝါယမအသင်းဝင်များကို ရွာတစ်ရွာ ကျပ်သိန်းငါးရာ ထုတ်ချေးမည်ဟုဆို

**အောင်သစ်လွင်၊ အေးမြတ်သူ**
**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၃**

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သမဝါယမအသင်းဝင်များကို ကျေးရွာတစ်ရွာလျှင် ကျပ်သိန်းငါးရာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သမဝါယမဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

မြန်မာ တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၁၆,၀၀၀ ကျော် ရှိပြီး သမဝါယမဝန်ကြီးဌာနအနေဖြင့် ဗဟိုသမဝါယမဘဏ် လီမိတက်နှင့် ပြည်ပနိုင်ငံများမှ ငွေကြေးဆိုင်ရာ၊ နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုဖြင့် ကျေးရွာတိုင်း ထုတ်ချေးပေးနိုင်ရန် စီစဉ်သွားမည်ဖြစ်ပြီး စီမံကိန်း အကောင်အထည်ဖော်မည့် နေ့ရက်ကိုမူ ထုတ်ပြန်၍ မရနိုင်သေးကြောင်း နေပြည်တော်သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျေးရွာအသီးသီးသို့ ထုတ်ချေးရာတွင် အသင်းဝင်များကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် အဆိုပါ စီမံကိန်းမစတင်မီ ကျေးလက်နေပြည်သူများအား အသင်းဝင်နိုင်အောင် စီစဉ်ပေးသွားမည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ၁၉၀၅ ခုနှစ်မှစတင်၍ သမဝါယမအသင်းများ စတင်ဖွဲ့စည်းခဲ့ပြီး အစိုးရ၏ အားပေးကူညီမှုကို လိုသည်ထက်ပိုမို ရရှိခဲ့သော်လည်း သမဝါယမ အသင်းပိုင် ငွေကြေးနှင့် ပစ္စည်းများအား တလွဲအသုံးချခြင်း၊ သမဝါယမအသင်းအဖွဲ့အစည်းများတွင် ဗဟိုဦးစီးစနစ်အရ ရွေးချယ်တာဝန်ပေးခံရသော ပုဂ္ဂိုလ်များ၏ အရည်အချင်း မပြည့်မီခြင်း၊ လုပ်ပိုင်ခွင့်ကို တလွဲအသုံးချခြင်းစသော အားနည်းချက်များကြောင့် သမဝါယမ အနှစ်သာရများ တဖြည်းဖြည်း ပျောက်ကွယ်လာပြီး နောက်ဆုံးတွင် ပြည်သူလူထုမှ ယုံကြည်မှုပျက်ပြားခဲ့ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်း ဆောင်းပါးရှင် မြင့်အောင်မြင့် (ညွှန်ကြားရေးမှူး) က မြန်မာ့အလင်းသတင်းစာတွင် ရေးသားထားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံဖြစ်၍ ကျေးရွာများသို့ ထုတ်ချေးပေးသွားမည့် ငွေကြေးများသည် စိုက်ပျိုးရေးကဏ္ဍတွင်သာ အများဆုံး အသုံးပြုနိုင်သောကြောင့် သမဝါယမဝန်ကြီးဌာနအနေဖြင့် မြန်မာ့အာမခံလုပ်ငန်းနှင့် ချိတ်ဆက်၍ သဘာဝဘေးအန္တရာယ်အတွက် အာမခံလုပ်ပေးမည်ဆိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ထောက်ပံ့ကူညီမှုများ ထိရောက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို နှစ်စဉ် ကြုံတွေ့နေရပြီး ရေကြီး၊ ရေလျှံမှု၊ ပိုးမွှားအန္တရာယ်စသည်တို့ကြောင့် စပါးရော ပဲပါ အထွက်နှုန်းလျော့နည်းခဲ့ရပြီး နှစ်စဉ် အရှုံးပေါ်နေသောကြောင့် ယင်းအခြေအနေဆိုးများမှ လွတ်မြောက်နိုင်ရန်အတွက် အစိုးရအနေဖြင့် မည်သို့ကူညီဖြေရှင်းပေးမည်လဲဆိုသည်ကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက အဆိုတင်သွင်းခဲ့သည်။

## အလုပ်အကိုင်ပြပွဲတွင် အလုပ်လျှောက်ထားသူ ၁,၂၀၀ ကျော် အလုပ်ရ

**အေးမြတ်သူ**
**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၅**

အလုပ်အကိုင်ပြပွဲ Job Fair 2013 တွင် အလုပ်ရှင်မှ တိုက်ရိုက်အလုပ်ခေါ်ဆိုသွားသည့် အလုပ်သမား ၁,၂၀၀ ကျော်ရှိကြောင်း အဆိုပါပွဲတာဝန်ခံ၊ ကောင်းမြတ်သူ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာဦးစိုးမင်းက ပြောသည်။

ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းပြပွဲ၌ အလုပ်လျှောက်ထားသူ ၁၁,၆၈၀ ဦး ရှိခဲ့ပြီး အလုပ်ရှင်မှတိုက်ရိုက် အင်တာဗျူးခံရသူ ၂,၃၃၅ ဦးအနက် ၁,၂၂၇ ဦးမှာ အလုပ်အကိုင် ရရှိခဲ့သည်။ အဆိုပါပွဲတွင် ပြည်တွင်း အမည်ရ ကုမ္ပဏီများ၊ ဟိုတယ်များ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအပြင် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ(၃၅) ခုပါဝင်ခဲ့ကြောင်း သတင်းရရှိသည်။

အလုပ်အကိုင်ပြပွဲသို့ အလုပ်ရှာဖွေသူ လူငယ်အများစုမှာ လုပ်ငန်းအတွေ့အကြုံမရှိသေးသည့် ဘွဲ့ရကျောင်းဆင်းဖြစ်ကြသည့်အတွက် အလုပ်သင်အနေဖြင့် ခေါ်ဆိုသော အလုပ်များကို ဦးစားပေးလျှောက်ကြသကဲ့သို့ လုပ်ငန်းအတွေ့အကြုံရှိပြီးသားသူများလည်း လာရောက်အလုပ်လျှောက်ထားကြောင်း သတင်းရရှိသည်။

"အရင် Job Fair ပွဲတွေတော့ မလာဖူးဘူး။ အခု ဒီပွဲမှာတော့ ကုမ္ပဏီတစ်ခု၊ နှစ်ခုလောက်မှာ လျှောက်ထားတယ်။ Admin အပိုင်းနဲ့ HR ပိုင်းပေါ့။ အရင်ကတော့ NGO မှာ လုပ်ခဲ့ဖူးတယ်။ အခုလျှောက်လွှာကို လက်ခံထားတာပဲ ရှိသေးတယ်။ တကယ်ခေါ်မခေါ်တော့ နောက်မှသိမှာပေါ့" အသက် ၄၉ နှစ်အရွယ် ဦးနေမျိုးအောင်က ပြောသည်။

"အရင်တစ်ခေါက် Job Fair မှာ လျှောက်တယ်။ မရဘူး။ ကြိုတင်ပြင်ဆင်လာတာတော့ CV ဖောင်တွေအတွက် ဓာတ်ပုံတွေ ရိုက်လာတယ်။ တခြားတော့ ဘာမှ မပြင်ဆင်ပါဘူး။ အကုန်တော့ လျှောက်ထားတယ်။ အခုမှကျောင်းပြီးတာဆိုတော့ လုပ်ငန်းအတွေ့အကြုံမရှိသေးတော့ Training ခေါ်တဲ့အလုပ်ကို ပိုလျှောက်ထားတယ်" ဟု အင်ဂျင်နီယာဘွဲ့ရ အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။

အင်ဂျင်နီယာဘွဲ့ရကျောင်းဆင်းဖြစ်သူ မခိုင်သဇင်က "အလုပ်ကတော့ Training ပိုင်းတွေကို ဦးစားပေးလျှောက်ထားတယ်။ ကိုယ့်ဘက်က ဘာမှမတတ်သေးတော့ ပြည်ပအေဂျင်စီတွေတော့ မလျှောက်ခဲ့ပါဘူး။ ကိုယ်ကပြည်တွင်းမှာပဲလုပ်မှာဆိုတော့ ပြည်တွင်းကုမ္ပဏီဘက်ပဲ လျှောက်ထားတယ်" ဟု ဆိုသည်။

အလုပ်လျှောက်ထားသူ အများစုသည် ပြည်ပအလုပ်အကိုင်များထက်ပြည်တွင်းအလုပ်ကိုသာ ဦးစားပေးလျှောက်ကြသည်။ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများသို့ လျှောက်ထားသူများသည် အင်ဂျင်နီယာဘွဲ့ရကျောင်းသားများဖြစ်ပြီး စင်ကာပူနိုင်ငံသို့ ပိုမိုလျှောက်ကြကြောင်း သတင်းရရှိသည်။ ပြည်ပအလုပ်အကိုင်အေဂျင်စီများမှလည်း သွားရောက်လုပ်ကိုင်မည်ဆိုပါက ကုန်ကျစရိတ်များအား အရစ်ကျပေးသွင်းသည့် စနစ်များဖြင့် အလုပ်ခေါ်ဆိုထားကြောင်း တွေ့ရသည်။

**မျက်နှာဖုံးမှ**

### တက္ကသိုလ်အဆောင်များ ပြန်ဖွင့်ရန် စီစဉ်နေ

ဒါပေမဲ့ ကျွန်တော်တို့ ငယ်ငယ်ကလို ၄၅ ကျပ်နဲ့တော့ မဟုတ်ဘူးပေါ့ဗျာ" ဟု ဦးစိုးသိန်းက မြန်မာ့ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန (Myanmar Peace Center) ၌ အလုပ်သမား အဖွဲ့များနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်ကောလိပ်အများစုမှာ မြို့ရွာများနှင့် ဝေးရာ မြို့ပြင်၊ လူနေနည်းသောနေရာများသို့ ယခင်အစိုးရက ရွှေ့ပြောင်းပစ်ခဲ့သည်။

ပြင်ပအဆောင်များတွင် နေထိုင်ရသော ကျောင်းသား၊ ကျောင်းသူများမှာ စိတ်ဓာတ်နှင့်စာရိတ္တများမှာ ပျက်စီး၍ လွယ်ကူသည်။ ပြင်ပအဆောင်များမှာ လုံခြုံစိတ်ချရသည့် အဆောင်များရှိသလို စီးပွားရေးဆန်သည့် အဆောင်များလည်းရှိကြောင်း တက္ကသိုလ်ဆရာ၊ ဆရာမများ အသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

"အဆောင်တွေဖြစ်ဖို့က (၂) နှစ်၊ သုံးနှစ်တော့ အနည်းဆုံးစောင့်ရမယ်။ အဆောက်အအုံတွေက အသစ်ကနေ ပြန်စဆောက်ရမှာ" ဟု ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်နိုင်ငံတကာ ဆက်ဆံရေးဌာနမှ ဆရာဒေါက်တာဦးသန်းလွင်ဦးက ဆိုသည်။

တက္ကသိုလ်အဆောင်များတွင် အနယ်နယ် အရပ်ရပ်မှ ကျောင်းသားများ စုပေါင်းနေထိုင်ရသည့်အတွက် ယဉ်ကျေးမှုများ ဖလှယ်ရာတွင် လွယ်ကူသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက်လည်း များစွာအထောက်အကူရကြောင်း ဒဂုံတက္ကသိုလ် ဆရာ၊ ဆရာမအသင်းမှ အတွင်းရေးမှူး ဦးဇော်မျိုးလှိုင်က ပြောသည်။

"နယ်က ဆရာ၊ ဆရာမတွေလည်း ရန်ကုန်တက္ကသိုလ် ပြန်စရာမလိုဘူး။ အချိန်ကုန်၊ လူပင်ပန်းသက်သာတော့ သင်ကြားရေးမှာ ပိုအထောက်အကူရတာပေါ့" ဟု ဟု ဦးသန်းလွင်ဦးက ဆိုသည်။

ထို့အပြင် တက္ကသိုလ်အသီးသီးတွင် ကြုံတွေ့နေရသည့် ဖယ်ရီကားပြဿနာ၊ လိုင်းကားပြဿနာများလည်း အဆောင်များ တည်ဆောက်ပေးခြင်းဖြင့် ဖြေရှင်းပြီးဖြစ်နိုင်သည်။

"အဆောင်ထားတာက တက္ကသိုလ်ဆိုတဲ့ အနှစ်အရသာကို သိရတာပါ။ အခု တက္ကသိုလ်တွေကတော့ အထက်တန်းကျောင်းလိုပဲ" ဟု တက္ကသိုလ်အဆောင်များနှင့် ပတ်သက်၍ အဆိုတင်သွင်းခဲ့ဖူးသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါ်ဒွဲဘူက ပြောကြားသည်။

တက္ကသိုလ်များ၌ အဆောင်များထားရှိခြင်းမှာ ကျောင်းသား၊ ကျောင်းသူများ လူမှုဆက်ဆံရေးကောင်းခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကိုဖြစ်စေခြင်း၊ မိဘဆွေမျိုးများနှင့် ဝေးနေသော်လည်း ဆရာ၊ ဆရာမများက စည်းကမ်းတကျထိန်းသိမ်းထားသည့်အတွက် လေလွင့်ပျက်စီးမှုအန္တရာယ်နည်းပါးနိုင်သည်ဟု ၎င်းကဆိုသည်။

"နယ်ကအဆောင်တွေမှာဆို ကျောင်းသူတွေပျက်စီးနေတာတွေ၊ ကျောင်းသားတွေ ဆေးသမားဖြစ်နေတာတွေ အများကြီးတွေ့နေရတယ်" ဟု ဒေါ်ဒွဲဘူက ဆိုသည်။

တက္ကသိုလ်အဆောင်များတွင် နေထိုင်ရခြင်းသည် အဆောင်လှုပ်ရှားမှု၊ ကျောင်းသားလှုပ်ရှားမှု၊ အားကစားလှုပ်ရှားမှုစသည့် အခွင့်အလမ်းများလည်းရှိသည်။